www.burmeseclassic.com

မြိုင်မြို့နယ်၊ ကွမ်းတောရွာ၊ မင်္ဂလာသိရီကျောင်းတိုက်
ကျေးဇူးတော်ရှင်အရှည်ဝါသီဆရာတော်ဘုရားကြီး

ဘဒ္ဒန္တပညာသိရီ ၏

# မဟာထေရုပ္ပတ္တိမော်ကွန်း

ပြုစုသူ အရှင်ပညာဝိက သိရီ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ကွမ်းတောရွာ

မင်္ဂလာသိရီကျောင်းတိုက် ပဓါန နာယက

ကျေးဇူးတော်ရှင် အရညဝါသီဆရာတော်ဘုရားကြီး

# ဘဒ္ဒန္တပညာသိရီ

၏

# မဟာထေရုပ္ပတ္တိမော်ကွန်း

ပြုစုသူ

အရှင်ပညာဓိကသိရီ (မဟာဂန္ထဝါစကပဏ္ဍိတ)

သာသနာ-၂၅၄၂ ကောဇာ-၁၃၆၁ ခရစ် - ၂၀၀၀

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မအဆွေတော်

---------------

---------------

---------------

ဓမ္မဒါနစာအုပ်အလှူရှင်

ဦးအောင်မင်းထွေး+ဒေါ်တင်တင်နွယ်၊ သမီး သေနိမ့်မှူးစံ

အေ - တေ - မြိုင် ရွှေဆိုင်နှင့် ရွှေရတနာရောင်းဝယ်ရေး

ဆယ်ဆင်း၊ ဖားကန့်မြို့နယ်။

မြသင်္ဂီနွယ် စိန်ရွှေရတနာရောင်းဝယ်ရေး

ရွှေပန်းထိမ်နှင့် ရွှေသန့်စင်လုပ်ငန်း

သုခဝတီလမ်း၊ စက်မှုရုံ၊ မုံရွာမြို့။

❋ ❋ ❋ ❋ ❋ ❋ ❋ ❋

ဒါန၊ ပညာ၊ နှစ်ဖြာပါရမီ၊ ဂုဏ်ထူးရည်

ကြည်ဖြူသဒ္ဓါ၊ ပေးလှူပါသည်။

မြတ်သာသနာ၊ ရှည်စွာတည်စေသော်။

ကောဇာသက္ကရာဇ် - ၁၃၇၅ ခုနှစ်

ခရစ်နှစ် - ၂၀၁၃ ခုနှစ်



www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | မိတ်ဆက်နိဒါန်း | ၁ |
| ၂။ | မော်ကွန်းနိဒါန်း | ၁၃ |
| ၃။ | ပန်ကြားလွှာ | ၁၇ |
| ၄။ | ကျေးဇူးတင်မော်ကွန်း | ၁၈ |
| ၅။ | မြန်မာနိုင်ငံသာသနာတော်မော်ကွန်း | ၁၉ |
| ၆။ | မကွေးတိုင်းသာသနာတော်မော်ကွန်း | ၂၃ |
| ၇။ | ပခုက္ကူခရိုင်သာသနာတော်မော်ကွန်း | ၂၆ |
| | မြိုင်မြို့နယ်သာသနာတော်မော်ကွန်း | ၂၈ |
| | ရှေးခေတ် (အင်းဝခေတ်) | ၃၁ |
| | ကွမ်းတောရွာမော်ကွန်း | ၃၄ |
| | ရှစ်မျက်နှာကျောင်းမော်ကွန်း | ၄၀ |
| | ရှစ်မျက်နှာစေတီမော်ကွန်း | ၄၁ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| ၁၃။ | မင်္ဂလာသိရိတိုက်ကျောင်းမော်ကွန်း | ၄၄ |
| ၁၄။ | ကျောင်းထိုင်အဆက်ဆက်မော်ကွန်း | ၄၉ |
| ၁၅။ | ဘဒ္ဒန္တပညာသိရီ၏မဟာထေရုပ္ပတ္တိမော်ကွန်း | ၅၁ |
| ၁၆။ | ပဋိရူပဒေသမင်္ဂလာ | ၅၃ |
| ၁၇။ | ဝိဇာတမင်္ဂလာ | ၅၄ |
| ၁၈။ | နမကာရဏာမင်္ဂလာ | ၅၇ |
| ၁၉။ | သိပ္ပမင်္ဂလာမော်ကွန်း | ၆၀ |
| ၂၀။ | သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ | ၆၂ |
| ၂၁။ | ညောင်အုပ်ဖောင်းကွဲရွာသိပ္ပမင်္ဂလာ | ၆၅ |
| ၂၂။ | မစိုးရိမ်ဝိဇ္ဇာလယသိပ္ပမင်္ဂလာ | ၆၇ |
| ၂၃။ | ဥပသမ္ပဒမင်္ဂလာ | ၆၉ |
| ၂၄။ | စဋ္ဌက္ကနဂရသိပ္ပမင်္ဂလာ | ၇၀ |
| ၂၅။ | မဟာဝိဇယာရာမသိပ္ပမင်္ဂလာ | ၇၂ |
| ၂၆။ | ဂါမာစရိယဥပကာရမင်္ဂလာ | ၇၈ |
| ၂၇။ | အောက်အိုဂါမသိပ္ပမင်္ဂလာ | ၈၀ |
| ၂၈။ | အရှည့ဝါသိမော်ကွန်း | ၈၃ |
| ၂၉။ | တောရဆောက်တည်ရန်စိတ်အကြံ | ၈၆ |
| ၃၀။ | အရှည့ဝါသိတောရမီ | ၈၈ |
| ၃၁။ | သာယာငြိမ့်ညောင်းမကြီးကန်ကျောင်း | ၉၁ |
| ၃၂။ | မကြီးကန်ခေါ်ခြင်းတောရမော်ကွန်း | ၉၃ |
| ၃၃။ | နိဗ္ဗာတ်ဝတ်မချွတ်ပြုရာ | ၉၇ |


## မာတိကာ


| | | |
|---|---|---|
| ၃၄။ | ဝိနယဂရုကမော်ကွန်း | ၁၀၁ |
| ၃၅။ | ဝိနည်းနှင့်စပ်ရာ ဩဝါဒကထာ | ၁၀၅ |
| ၃၆။ | ပရိယတ်ကိုချစ်မြတ်နိုး | ၁၁၂ |
| ၃၇။ | မိဘနှစ်ဖြာသံဝေဂယူစရာ | ၁၁၅ |
| ၃၈။ | ကြည်ညိုဖွယ်ရာ ကိုယ်အမူအရာ | ၁၂၀ |
| ၃၉။ | ဂုဏ်တော်မေတ္တာပွားများပါ | ၁၂၅ |
| ၄၀။ | မေတ္တာအကျိုး ၁၁ မျိုး | ၁၃၂ |
| ၄၁။ | ကိလေသာကင်းစင် အကျင့်စုတင် | ၁၃၂ |
| ၄၂။ | ဆရာတော့်လက်ထက် ကျောင်းထိုင်သုံးဆက် | ၁၃၅ |
| ၄၃။ | ဝိသေသမော်ကွန်း | ၁၄၂ |
| ၄၄။ | ဝိဇ္ဇာဓော်ဂျီကပြသည် | ၁၄၅ |
| ၄၅။ | တောင်တန်းဆရာတော်ပြည့်ွန်းဖော် | ၁၄၈ |
| ၄၆။ | တန်ခိုးကြီးခြင်းအစ မန်ကျည်းပင်က | ၁၅၂ |
| ၄၇။ | ဘယ်လောက်ဟောဟော မောသည်မရှိ | ၁၅၆ |
| ၄၈။ | သောတာပန် သုံးမျိုး | ၁၆၃ |
| ၄၉။ | ချေကျင်ခရီးရှာန်ယာဥ်စီးလေသလော | ၁၆၄ |
| ၅၀။ | ဂေါပကချင်း အလုအယက်ငြင်း | ၁၆၅ |
| ၅၁။ | ဆွမ်းလောင်းလိုက်ရသည့်ဒေါ်ခင်ဝင်း | ၁၆၈ |
| ၅၂။ | ဟိတ်ဟန်မရှိ ကရုဏာအပြည့် | ၁၇၁ |
| ၅၃။ | အစစ်အဆေးခံနိုင်သော ဆရာတော် | ၁၇၄ |
| ၅၄။ | ပုံတော်ရည်မှန်းဂုဏ်တော်လွှမ်း | ၁၇၈ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၅၅။ ပုံမပေါ် အသံတော်မထွက် ၁၈၁

၅၆။ သားသတ်လွှတ်ဘုဉ်းပေးမပေး ၁၈၉

၅၇။ အမိဌာန်နှင့်စစ် ၁၉၇

၅၈။ သူတစ်ပါးစိတ်အကြံကေန်သိ ၂၀၁

၅၉။ ဆံတော်အစစ်မာတ်တော်လိုဖြစ် ၂၀၇

၆၀။ မေတ္တာရေမှ ရွှေနှင့်ငွေ ၂၁၃

၆၁။ ကျေးရှူးမော်ကွန်း ၂၁၇

၆၂။ အောင်မင်္ဂလာစေတီတော် ၂၁၇

၆၃။ ရေတွင်းတူးဖော်ကုသိုလ်တော် ၂၁၉

၆၄။ သာသနဝိသောခနီသိမ်တော် ၂၂၀

၆၅။ ပူဇော်ခံရန်ဝူဇီမာန် ၂၂၂

၆၆။ ဆေးရုံဝန်ထမ်းများစွာ ကျေးဇူးတင်လွှာ ၂၂၅

၆၇။ ခန္ဓာဝန်စွန့်ခြင်းမော်ကွန်း ၂၂၈

၆၈။ နောက်ဆုံးမိန့်မှာ ဩဝါဒကထာ ၂၃၁

၆၉။ တပေါင်းလပြည့်ကျော် ၉ ရက်နေ့ ၂၃၂

၇၀။ တပေါင်းလပြည့်ကျော် ၁၀ ရက် ၂၃၅

၇၁။ ထူးခြားနိမိတ်ပြ ခန္ဓာဝန်ချ ၂၃၇

၇၂။ နံနက် ၈ နာရီထိုးအချိန် ၂၃၈

၇၃။ နံနက် ၁၀ နာရီအချိန် ၂၃၈

၇၄။ နံနက် ၁၁ နာရီအချိန် ၂၄၀

၇၅။ နေ့ ၁ နာရီတိတိအချိန်


## မာတိကာ


၇၆။ နေ့ ၁ နာရီ ၃၅ မိနစ်အချိန် ၂၄၁

၇၇။ ဆရာစွန့်ခွာ ဖြေမဆည်သာ ၂၄၂

၇၈။ သတိသမ္ပဇဉ် ဤသို့ဆင်ခြင် ၂၄၄

၇၉။ သနားစရာ ငှက်ငယ် ၂၄၆

၈၀။ အပုပ်နံ့မပေါ်ရုပ်ကလာပ်တော် ၂၄၉

၈၁။ ရောင်တော်ကွန့်မြူးပူဇော် ၂၅၂

၈၂။ ရဟန္တာဖြစ်နိုင်မဖြစ်နိုင် ၂၅၅

၈၃။ ရဟန္တာအကြောင်းသိကောင်းစရာ ၂၆၁

၈၄။ ရဟန္တာဖြစ်နိုင်ရာသာသနာ ၂၆၅

၈၅။ ရဟန္တာဖြစ်ခြင်း အကြောင်းအရင်း ၂၆၉

၈၆။ ရဟန္တာပုဂ္ဂိုလ်မှာ စိတ်မဆင်းရဲပါ ၂၆၉

၈၇။ ရဟန္တာအဖြစ်နှင့် လူဝတ်ကြောင် ၂၇၀

၈၈။ ရဟန္တာအာပတ်မလွတ်ပါ ၂၇၀

၈၉။ ရဟန္တာဝန်ခံမှုအာပတ်မတူ ၂၇၁

၉၀။ ရဟန္တာအခေါ်ခံရအပြစ်မရှိကြ ၂၇၂

၉၁။ ရဟန္တာမပယ်နိုင်တာ ဝါသနာ ၂၇၃

၉၂။ ရဟန္တာအစ်ဖြစ်လျှင် ၂၇၄

၉၃။ ရဟန္တာဟုတ်မဟုတ် စစ်တမ်းထုတ် ၂၇၄

၉၄။ ရဟန္တာဖြစ်မဖြစ် ဤသို့စစ် ၂၇၇

၉၅။ ပူဇော်ခြင်းမော်ကွန်း ၂၈၂

၉၆။ အန္တိမပွဲမှာ သာဓုကာရနှုပူဇော ၂၈၅

၉၇။ နိဂုံးရစနာဂါထာ ၂၈၈



www.burmeseclassic.com

www.burmeseclassic.com

## ပူဇော်ပါ၏ . . .

မတတ်တာ တတ်အောင်
မသိတာ သိအောင်
မလိမ္မာတာ လိမ္မာအောင်
နေ့ည မရှောင်
တဖောင်ဖောင်ဖြင့်
အခေါင်ထိပ်ပန်း
တက်လှမ်းနိုင်ရန်
ရည်မှန်းဆန္ဒ
သွန်သင်ပြသည့်
ဆရာ့ကျေးဇူး
ဂုဏ်အထူးကို
ရည်စူးသမှု
အာရုံပြု၍
ဓမ္မာနုပတ်
အကျင့်မြတ်ဖြင့်
လေးမြတ်ကော်ရော်
ပူဇော်ရေးသားပါ၏ အရှင်ဘုရား။

စာရေးသူ



စကြံ့ ကမ္ဘာ့ဒွါန်းပွားများနေသော ဆရာတော်ကြီးဦးပညာသိရီ

www.burmeseclassic.com

www.burmeseclassic.com

# မိတ်ဆက်နိဒါန်း

## တပုဿနှင့် ဘလ္လိက

ဗုဒ္ဓသည် မဇ္ဈိမဒေသ၊ အိန္ဒိယနိုင်ငံ၌ ပွင့်ထွန်း ပေါ်ပေါက်တော်မူသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာသည် မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ပင် စတင်ထွန်းကားခြင်း ဖြစ်သည်။

သို့သော် လူဦးရေ ထူထပ်သော မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓ ပွင့်ထွန်း ပေါ်ပေါက်သော်လည်း ဗုဒ္ဓကို ရှေးဦးစွာ ဖူးတွေ့ခွင့်ရသောပုဂ္ဂိုလ်တို့ကား အိန္ဒိယလူမျိုး မဟုတ်၊ မြန်မာပြည်သား၊ မြန်မာလူမျိုး ကုန်သည်ညီနောင် တပုဿနှင့် ဘလ္လိကတို့ ဖြစ်ကြသည်။

တပုဿနှင့် ဘလ္လိကတို့သည် ကုန်သည်များ ဖြစ်ကြသည့် အလျောက် အရောင်းအဝယ်ကိစ္စဖြင့် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ ရောက်ရှိစဉ် ရှေးပါရမီအားလျော်စွာ လောက၌ ဗုဒ္ဓဟူ၍ ဘုရားပွင့်တော်မူပြီးစ၌ပင် ဗုဒ္ဓနှင့်တွေ့ကာ 'ဗုဒ္ဓ' အား ရှေးဦးစွာ ဖူးတွေ့ခွင့်ရခြင်း ဖြစ်သည်။

စင်စစ် တပုဿနှင့် ဘလ္လိကတို့ကား ဗုဒ္ဓအား ရှေးဦးစွာ ဖူးတွေ့ခွင့်ရရုံမျှမက ဆွမ်းအာဟာရအဖြစ် ဘုဉ်းပေးသုံးဆောင်ရန် မုန့်ကြွက်ကျစ်နှင့် ပျားမုန့်ဆုပ်တို့ကိုလည်း ဆက်ကပ်လှူဒါန်းခွင့်ရခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ဗုဒ္ဓအဖြစ်သို့ ရောက်ရှိပြီးနောက် လေးဆယ့်ကိုးရက်လုံးလုံး အာဟာရ မသုံးဆောင်ဘဲ အရဟတ္တဖိုလ် ချမ်းသာကိုသာ ခံစားနေသော ဗုဒ္ဓသည် တပုဿနှင့်ဘလ္လိကတို့ လှူဒါန်းသော မုန့်ကြွက်ကျစ်နှင့် ပျားမုန့်ဆုပ်တို့ကို အလှူခံ၍ ဆွမ်းအာဟာရအဖြစ် ဘုဉ်းပေး သုံးဆောင်ခြင်းကား ဗုဒ္ဓအဖြစ်နှင့် ပထမဆုံး ဆွမ်းအာဟာရ ဘုဉ်းပေးခြင်း ဖြစ်သည်။

ထို့ကြောင့် တပုဿနှင့်ဘလ္လိကတို့သည် ဗုဒ္ဓဘုရားရှင်အား ရှေးဦးစွာ လှူဒါန်းရသော ပထမဆုံး ဆွမ်းဒါယကာဟူ၍လည်း ဆိုနိုင်သည်။

ဗုဒ္ဓသည် တပုဿနှင့်ဘလ္လိကတို့အား ဆွမ်းအနုမောဒနာတရား ဟောကြား ချီးမြှင့်သောအခါ တပုဿ၊ ဘလ္လိကတို့ ဒွေဝါစိက သရဏဂုံ တည်၍ ဗုဒ္ဓဘာသာဝင်ကောင်းများ ဖြစ်လာကြသည်။

**မြန်မာပြည်သို့ အပြန်ခရီး**

တပုဿနှင့်ဘလ္လိကတို့သည် ဗုဒ္ဓဘုရားရှင်အား ဖူးတွေ့ကြည်ညိုမှု၊ ဗုဒ္ဓထံမှ ရရှိသော တရားဓမ္မ ဆံတော်၊ မာတ်တော်၊ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာတို့ကို ရင်ဝယ်ပိုက် ယူဆောင်ပြီးလျှင် မြန်မာနိုင်ငံသို့ ပြန်လာကြသည်။

မြန်မာပြည်သား၊ မြန်မာလူမျိုး တပုဿနှင့်ဘလ္လိက ကုန်သည်ညီနောင်တို့ကား ဗုဒ္ဓဘုရားရှင်အား ရှေးဦးစွာဖူးတွေ့ရခြင်း၊ ရှေးဦးစွာ ဆွမ်းအာဟာရ (မုန့်ကြွက်ကျစ်၊ ပျားမုန့်ဆုပ်) ဆက်ကပ် လှူဒါန်းရခြင်း၊



တရားနာကြားရခြင်း၊ ဒွေဝါစိက သရဏဂုံ တည်ခြင်းတို့ ကြောင့် မြန်မာလူမျိုးတို့အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ဖြစ်သည်။

ယင်းသို့ ဗုဒ္ဓပွင့်တော်မူရာ မဇ္ဈိမဒေသရောက် တပုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့၏ အပြန်ခရီးတွင် ယင်းတို့နှင့်အတူ ဗုဒ္ဓဓမ္မ၊ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာ ပါဝင်လာခြင်းကြောင့် မဇ္ဈိမဒေသမှ နိုင်ငံရပ်ခြားသို့ ဗုဒ္ဓဘာသာ သာသနာ ပျံ့နှံ့ရာ၌ မြန်မာနိုင်ငံသည် ရှေးအကျဆုံးနှင့် အထင်ရှားဆုံးနိုင်ငံ ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာသည် မြန်မာနိုင်ငံသို့ တပုဿနှင့်ဘလ္လိကတို့ ယူဆောင်လာချိန်မှစ၍ အမြစ်တွယ်ရှင်သန် ကြီးပွားလာခြင်း ဖြစ်ကြောင်း ထင်ရှားစွာ တွေ့မြင်နိုင်သည်။

ထို့နောက်တွင်မူ မြန်မာနိုင်ငံသို့ ရဟန္တာမထေရ်များ ကြွရောက်ခြင်း၊ မဇ္ဈိမဒေသ သူတော်ကောင်း ဘုရင်မင်းမြတ်တို့က သာသနာပြုစေလွှတ်ခြင်း စသော အကြောင်းအမျိုးမျိုးတို့ကြောင့် မြန်မာနိုင်ငံ၌ ထေရဝါဒသာသနာ အံ့ဖွယ်ရာကောင်းလောက်အောင် ထွန်းကားပြန့်ပွားလာခြင်း ဖြစ်သည်။

ဤနည်းဖြင့် ရောက်ရှိလာသော သာသနာတော်သည် မြန်မာနိုင်ငံတွင် သထုံ၊ ဟံသာဝတီ၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ စသော ခေတ်အဆက်ဆက်တို့၌ တည်တံ့ပြန့်ပွားပြီးလျှင် ကြီးကျယ်ပြန့်ပြောသော ထေရဝါဒသာသနာတော်ကြီးအဖြစ် နိုင်မြဲစွာ တည်ရှိနေသည်မှာ ယခုအချိန်အထိ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထေရဝါဒသာသနာဟူသည် ဗုဒ္ဓ၏ဒေသနာတော်၌ ဆည်းပူးသင်ကြားခြင်း ပရိယတ္တိသာသနာ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်း ပဋိပတ္တိသာသနာ၊ ဈာန်မဂ်ဖိုလ်တရား ထိုးထွင်း၍သိမြင်ခြင်း ပဋိဝေဓသာသနာတို့ကို ဆိုလိုသည်။

ယနေ့မြန်မာနိုင်ငံ၌ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓဟု ဆိုအပ်သော သာသနာသုံးရပ်လုံးပင် တည်တံ့ပြန့်ပွား ထွန်းကားလျက် ရှိသည်။ သို့သော် ပရိယတ္တိ၊ ပဋိပတ္တိသာသနာတည်တံ့ပြန့်ပွားမှုကား သိမြင်ရန်လွယ်ကူ၍ ပဋိဝေဓသာသနာမှုကား ထင်ရှားစွာ သိမြင်ရန် ခက်ခဲသည်။

မြို့ရွာဒေသအသီးသီးတို့၌ ပရိယတ္တိစာသင်တိုက်များ၊ ကမ္မဋ္ဌာန်းရိပ်သာများ ကြီးကျယ်ခမ်းနားစွာ တည်ရှိနေခြင်းကား ပဋိယတ္တိ၊ ပဋိပတ္တိသာသနာ တည်တံ့ပြန့်ပွားခြင်း၏ထင်ရှားသော သက်သေသာဓကများ ဖြစ်ကြသည်။ သို့သော် ပဋိဝေဓသာသနာ တည်တံ့ပြန့်ပွားမှုကိုမူ ယင်းသို့ သက်သေပြရန် ခက်ခဲသည်။

သို့သော် မြန်မာနိုင်ငံ၌ ပဋိဝေဓသာသနာ ဆိတ်သုဉ်းသွားပြီဟူ၍ကား မထင်မှတ်သင့်ပါ။ သီလ၊ သမာဓိ၊ ဝိပဿနာပညာတို့ကို ကြိုးစားအားထုတ်မှုကြောင့် ထိုးထွင်းသိမြင်ခြင်း ပဋိဝေဓအရာ၌ ပေါက်ရောက်ခံစားရသော ပါရမီရှင်ပုဂ္ဂိုလ်ထူးများလည်း ရှိနိုင်ပါသည်။ သိရန်ခက်ခဲခြင်းသာ ဖြစ်သည်။



**တောရဆရာတော်ကြီး**

ဤတွင် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပြောသော မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ကွမ်းတောကျေးရွာ၊ တောင်(မင်္ဂလာသိရိ) ကျောင်းဆရာတော်ကြီးဘဒ္ဒန္တပညာသိရီ၏ အကြောင်းကို ဖော်ပြလိုပါသည်။ ဆရာတော်ကြီးဘဒ္ဒန္တပညာသိရီသည် ငယ်ရွယ်စဉ်၌ ပခုက္ကူ၊ မန္တလေး စသော မြို့ကြီးများသို့ ကြွရောက်၍ ပရိယတ္တိစာပေများကို ပေါက်ရောက် အောင်မြင်စွာ သင်ကြား ဆည်းပူးခဲ့သည်။ ထို့နောက် မိမိဇာတိရပ်ရွာဖြစ်သော ကွမ်းတောသို့ ပြန်လာကာ တောင်(မင်္ဂလာသိရိ)ကျောင်းတိုက်၌ ကျောင်းထိုင်နာယကဆရာတော်အဖြစ် သီတင်းသုံး နေထိုင်သည်။

သို့သော် အသက်၃၇–နှစ်အရွယ်ကစ၍ ဘာသာရေးဆိုင်ရာ ဝန်ဆောင်မှုတို့ကို လျစ်လျူရှုကာ၊ ရွာကျောင်းနှင့် မိုင်ဝက်ခန့်ဝေးသော တောအုပ်တစ်နေရာသို့ ချောင်း၊ မြောင်း၊ သစ်ပင်၊ ချုံနွယ် ခင်တန်းများကို ဖြတ်ကျော်ကာ နေ့စဉ်သွားရောက်ပြီးလျှင် တောရဆောက်တည်လျက်၊ ပဋိပတ္တိသာ အစဉ်တစိုက် ကျင့်ကြံအားထုတ်တော်မူခဲ့သည်။

ယင်းသို့ တောရဆောက်တည်တရားကျင့်သုံးခဲ့ရာ နှစ်ပေါင်း ၄၀–ကျော်၊ သက်တော်၇၇–နှစ်အရွယ်ခန့် ရောက်သောအခါ၌ကား ဆရာတော်ကြီး၏ တရားထုံမွမ်းမှုသည် ရင့်ကျက်သိမ်မွေ့ပြီးလျှင် သီလ မွေ့များ မွှေးကြိုင်သန့်ရှင်း၍ အထွတ်အထိပ်သို့ ရောက်သည်ဟု ယုံကြည်ရသည့် ထူးခြားသောဖြစ်ရပ်တို့ကို ကြုံတွေ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်း၄၀–ကျော်မျှ ရှည်လျားသော ကာလတစ်လျှောက်လုံး မရပ်မနား တစိုက်မတ်မတ် တရားအားထုတ်တော်မူခြင်းကြောင့် သီလ၊ သမာဓိ၊ ပညာ၊ ဝိပဿနာတို့သည် ဖွံ့ဖြိုးအားကြီးမားလာသဖြင့် ဤသို့ ရင့်ကျက်သော တရားရှင်ဆရာတော်ကြီးနှင့် ပတ်သက်၍ အံ့ဖွယ်ထူးခြားမှု တစ်စုံတစ်ရာကား ဖြစ်နိုင်သောအရာပင် ဖြစ်သည်။

## ထူးခြားချက်များ

ဤ၌ အချို့ကိုဖော်ပြရသော် ဆရာဝန်တစ်ယောက်သည် ပြည်မြို့၊ ရွှေဆံတော်ဘုရားရင်ပြင်၌ အမှတ်မထင် ဆရာတော်ကြီး တစ်ပါးကို ဖူးတွေ့ရ၍ ကြည်ညိုသဖြင့် ဆွမ်းပင့်ကပ်၏။ ဆရာတော်ကြီးအား "အရှင်ဘုရား၊ အဘယ်အရပ်ကပါလဲဘုရား"ဟု လျှောက်ထားရာ ဆရာတော်ကြီးက မြိုင်မြို့နယ်၊ ကွမ်းတောရွာက ဟု မိန့်ကြား၏။

စင်စစ်ထိုအချိန်၌ ဆရာတော်ကြီးကား ကွမ်းတောရွာ၊ တောရကျောင်းမှ အခြားအရပ်တစ်ပါးသို့ ခရီးကြွချီခြင်း မရှိ၊ ဆရာဝန်လည်း ကွမ်းတောရွာကို မသိ၊ ရက်၊ လ အတန်ကြာမှ ကွမ်းတောရွာသို့ စုံစမ်း ရောက်ရှိလာရာ ပြည်မြို့၊ ရွှေဆံတော်ဘုရားရင်ပြင်၌ မိမိ ဆွမ်းကပ်လှူခဲ့သော ဆရာတော်ကြီးကား ဤဆရာတော်ကြီးပင် ဖြစ်ကြောင်း သေချာစွာ သိခွင့်ရခဲ့သည်။

ထိုအခါ အံ့သြခြင်း၊ ကြည်ညိုခြင်းတို့သည် အသိဉာဏ်အလင်း တန်း၌ တစ်ခဲနက် ဖြစ်ပေါ်လာကြသည်။



တစ်ဖန်"တောရဆရာတော်ဘုရားကြီး ယနေ့ ရွာကျောင်းမှာပဲ ရှိနေပါလား"ဟု ရွာကျောင်း၌ မြင်တွေ့ရသူများက ပြောကြသည်။ သို့သော် ထိုနေ့ တောရပ်ခွင်သို့ ထွန်ယက်စိုက်ပျိုးရေး အလုပ်အကိုင် သွားကြသူတို့သည်ကား ဆရာတော်ဘုရားကြီးအား တောကျောင်းမှာ ပင် တွေ့မြင်ခဲ့ကြရပြန်သည်။

တစ်ဖန်"တောရဆရာတော်ကြီး မကြွစဖူး၊ ထူးထူးခြားခြား ဟိုအခြားရွာတစ်ရွာ ဘုရားပွဲသို့ ကြွရောက်နေပါလား"ဟု အဝေးကျေးရွာ ဘုရားပွဲ၌ ဆရာတော်ကြီးအား တွေ့မြင်ကြရသူတို့က ဆိုကြပြန်သည်။ သို့သော် ထိုနေ့၌ ဆရာတော်ကြီးကား တောကျောင်းမှာပင် တစ်နေ့လုံး ငြိမ်သက်စွာ တရားအာရုံ၌ ကိန်းဝပ်လျက် ရှိသည်။

အခါတစ်ပါး၌မူ ရှင်မတောင်(သနပ်ခါးတောင်)ခြေရင်းရှိ ရွာမှ ရွာသားတစ်ယောက်နှင့် ကွမ်းတောရွာသားတစ်ယောက်တို့ အမှတ်မထင်ဆုံတွေ့ကြစဉ် ရှင်မတောင်ခြေရင်းရွာသားက "မင်းတို့ ကွမ်းတောရွာက တောရဆရာတော်ကြီး၊ လပြည့်(ဥပုသ်)နေ့၊ နံနက်ခင်းက ရှင်မတောင်(သနပ်ခါးတောင်) ဘုရားသို့ ဘုရားဖူးကြွလာတာ တွေ့ရတယ်"ဟု ပြောရာ ကွမ်းတောရွာသားက "အို မိတ်ဆွေ၊ ခင်ဗျား ပြောတာ မဖြစ်နိုင်ဘူး၊ လပြည့်နေ့(ဥပုသ်နေ့)က ကွမ်းတောရွာမှာ အလှူရှိတယ်။ အလှူ့ဒါယကာကိုယ်တိုင် တောကျောင်းသို့ သွားပြီး၊ ဆရာတော်ကြီးအား ဆွမ်းကပ်လှူတယ်ဗျ။ ဒါ့ကြောင့် ရှင်မတောင်(သနပ်ခါးတောင်)ဘုရားသို့ ဆရာတော်ကြီး၊ လပြည့်(ဥပုသ်)နေ့ နံနက်ခင်းမှာ ဘုရားဖူးကြွတယ်ဆိုတာ မဖြစ်နိုင်ပါ။"

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ စသော ထူးခြားမှု ဖြစ်ပေါ်ရာမှစ၍ ပျံ့နှံ့ကျော်ကြားသဖြင့် ရပ်ဝေးရပ်နီး မြို့ရွာဒေသ အသီးသီးမှ လူကြီး၊ လူငယ်၊ ယောက်ျား၊ မိန်းမများစွာတို့သည် နေ့စဉ်မပြတ် ဥဒဟို လာရောက်ကာ ဖူးမြော် ဆည်းကပ်၍ ပူဇော်ကန်တော့ကြသည်။

ထို့ပြင် အခြားထင်ရှားသောထူးခြားမှုကား နှစ်ပေါင်း လေးဆယ်ကျော်မျှ ဆရာတော်ကြီး တောမှီ သီတင်းသုံးရာ တောကျောင်းဝန်းကျင်၌ ပေါက်ရောက် ရှင်သန်လျက်ရှိကြသော **မန်ကျည်းပင်၊** သန်းပင်၊ သမုန်းပင်၊ ထနောင်းပင်၊ ဒဟုတ်ပင် စသော သစ်ပင်**တို့၏** အခွန်၊ အခေါက်၊ အသား၊ အပွေးတို့သည် နံ့သာဖြူ ကရမက်ကဲ့သို့ မွှေးကြိုင်သော ရနံ့များ အလိုအလျောက် ဖြစ်ပေါ်လာခြင်းပင်တည်း။ ထို့ကြောင့် အဝေးမှ လာရောက်ကြသော လူအပေါင်းတို့သည် ယင်းသစ်ပင်တို့မှ အခွံ၊ အခေါက်၊ အပွေးတို့ကို ခွာ၍ ယူဆောင်သွားကြသည်။ အမြတ်တနိုး အသုံးပြုကြသည်။ ဤထူးခြားမှုတို့ကြောင့် တောရဆရာတော်ဘုရား**ဘဒ္ဒန္တပညာသိရီ**ကို မိမိတို့ ဆန္ဒအလျောက် ယုံကြည်ဆည်းကပ်သူတို့လည်း များလှသည်။

ဤသို့ တောရဆောက်တည် ကျင့်ကြံ၍ သီလ၊ သမာဓိ၊ ပညာ ဝိပဿနာအရာ၌ ထူးခြားခြင်းကြောင့် ထင်ရှားကျော်ကြားသော ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ကွမ်းတောရွာ၊ တောရဆရာတော်ဘုရားကြီး **ဘဒ္ဒန္တ**ပညာသိရီသည် ၁၃၆၀-ပြည့်နှစ်၊ တပေါင်းလဆန်း၁၁-ရက်နေ့တွင် ဘဝဇာတ်သိမ်း **ချုပ်ငြိမ်း** ပျံလွန်တော်မူသွားပြီ ဖြစ်ပါသည်။



## မဟာထေရုပ္ပတ္တိမော်ကွန်း

သို့သော် ဝမ်းမြောက်ဖွယ်ရာကား ထိုဆရာတော်ကြီး၏ ဘဝဖြစ်စဉ်အပြည့်အစုံတို့ကို ဖော်ပြထားသော "မဟာထေရုပ္ပတ္တိမော်ကွန်း" အမည်ရှိ စာအုပ် ထွက်ပေါ်လာခြင်းပင်တည်း။

ထိုစာအုပ်ကို ရေးသားပြုစုသူကား ပဲခူးတိုင်း၊ ဝေါမြို့၊ ခွဲမစိုးရိမ်စာသင်တိုက်ဆရာတော် ဦးပညာဓိကသိရီ ဖြစ်သည်။ ဦးပညာဓိကသိရီသည် ကွမ်းတောရွာဇာတိဖြစ်၍ ယင်းတောရဆရာတော်ကြီး ဘဒ္ဒန္တပညာသိရီ၏ တပည့်ရင်းဖြစ်သည်။ တောရဆရာတော်ဘုရားကြီးထံ၌ ကျောင်းသားဘဝ၊ သာမဏေဘဝ ကို့တွင် ပညာသင်ယူဆည်းပူးခဲ့၍ တောရဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြုကာ ရှင်ရဟန်း ဖြစ်ရခြင်းကြောင့် တောရဆရာတော်ဘုရားကြီးသည် ဦးပညာဓိကသိရီ၏ ဥပဇ္ဈာယ်ဆရာရင်း ဖြစ်တော်မူသည်။

ဦးပညာဓိကသိရီသည် ငယ်ရွယ်စဉ် တောရဆရာတော်ကြီးထံ၌ ပညာသင်ယူပြီးနောက် ရဟန်းဖြစ်သောအခါ၌ကား မုံရွာမြို့၊ ဓမ္မပါရဂူ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပထမ ပဓာန နာယကဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ(အဂ္ဂမဟာပဏ္ဍိတ)၊ ဒုတိယမြောက် ပဓာန နာယကဆရာတော်ဖြစ်သော ဘဒ္ဒန္တ အရိယာလင်္ကာရ (အဂ္ဂမဟာပဏ္ဍိတ) မထေရ်တို့ထံ၌ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်း၊ ပါမိုက်၊ ပဋ္ဌာန်းမှစ၍ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းစာတို့ကို နှစ်ပေါင်းကြာမြင့်စွာ စနစ်တကျ သင်ကြားတတ်မြောက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ၌မူ ပဲခူးတိုင်း၊ ပဲခူးခရိုင်၊ ဝေါမြို့၊ ဓွဲ့မစိုးရိမ် ပရိယတ္တိစာသင်တိုက်၏ ပဓာန နာယကဆရာတော်အဖြစ် ဆောင်ရွက်ကာ စာသင်သား ရဟန်း၊ သာမဏေများစွာတို့အား စာပေပို့ချ သင်ကြားပေးလျက် ရှိသည်။

ဆရာတော် ဦးပညာဓိကသိရီသည် စာပေပို့ချမှု၊ တရားဟောကြားမှု၊ ဘာသာရေး၊ သာသနာရေး ဆောင်ရွက်မှု၊ သံဃာ့အဖွဲ့အစည်းဆိုင်ရာတို့တွင် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော်အဖြစ် ဆောင်ရွက်မှု စသော သာသနာရေးတာဝန်အရပ်ရပ်တို့ကို တက်တက်ကြွကြွ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသော ဆရာတော် ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်မှ စာချကျွဲ့တော်ဖြင့် ဆက်ကပ်လှူဒါန်းခြင်း ခံတော်မူခဲ့ရသည်။

ယင်းသို့ ပညာရေး၊ ဘာသာရေး၊ သာသနာရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိစဉ် မိမိဇာတိရပ်ရွာမှ ကျေးဇူးရှင် ဥပဇ္ဈာယ် တောရဆရာတော်ကြီး ဘဒ္ဒန္တပညာသိရီ ပျံလွန်တော်မူကြောင်း ကြားသိရသောအခါ ဆရာတော်ဦးပညာဓိကသိရီသည် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ကွမ်းတောကျေးရွာသို့ ပြန်ကြွကာ ဆရာတော်ကြီး၏ နိဗ္ဗာန်စံကျောင်းချအခမ်းအနားကို ဦးစီးကျင်းပခဲ့သည်။

ထို့နောက် ဂုဏ်သတင်းမွှေးကြိုင်ပျံ့နှံ့ကျော်ကြားသော မိမိ၏ ဥပဇ္ဈာယ်၊ ကျေးဇူးရှင် ကွမ်းတော၊ တောရဆရာတော်ဘုရားကြီးအား ပူဇော်သည့်အနေဖြင့် ထေရုပ္ပတ္တိစာအုပ် ရေးသားဖြုစုရန် တာဝန်ယူခဲ့သည်။ ထို့ကြောင့် ဝေါမြို့၊ ဓွဲ့မစိုးရိမ်ဆရာတော် ဦးပညာဓိကသိရီသည် "ဘဒ္ဒန္တပညာသိရီ၏ မဟာထေရုပ္ပတ္တိမော်ကွန်း"ဟု စာအုပ် အမည်ပေး၍ ဆရာတော်ဘုရားကြီးအကြောင်းအရာတို့ကို ဖွဲ့နွဲ့ ရေးသားခြင်း ဖြစ်သည်။ ယင်းသို့ ရေးသားရာ၌ ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်နှင့်တကွ မြန်မာနိုင်ငံ သာသနာဝင်မှတ်တမ်း၊ ဒေသဆိုင်ရာ သာသနာဝင်မှတ်တမ်းများပါမကျန် အားလုံးပြည့်ပြည့်စုံစုံ စီစဉ် ရေးသား ပြုစုထားသည်မှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။



စင်စစ် ဆရာတော်ဦးပညာဓိကသိရီသည် စာရေးဆရာဟု အမည်မခံသော်လည်း ယင်း၏ ရေးသားချက်များသည် နာမည်ကြီး စာရေးဆရာတစ်ယောက်ကဲ့သို့ပင် လက်ရာ ပြောင်မြောက်ကြောင်း တွေ့ရသည်။

သို့ဖြစ်၍ ဤစာအုပ်ကား အကျင့်သီလ၊ သမထ၊ ဝိပဿနာ အရာဝယ် အထွတ်အထိပ် ရောက်သည်ဟု ထင်ရှားကျော်ကြားသော ကွမ်းတောရွာ၊ တောရဆရာတော်ဘုရားကြီး၏အကြောင်းအရာတို့ကို ယင်းဆရာတော်ဘုရားကြီး၏တပည့်ရင်းကိုယ်တိုင် ရေးသားပြုစုထားသဖြင့် စေ့စပ်စုံလင်၍ ဓမ္မရသမြောက်သော စာအုပ်ကောင်း၊ စာအုပ်ရတနာဖြစ်ကြောင်း ရေးသားဖော်ညွှန်းအပ်ပါသည်။

ဤစာအုပ်ကို ကြည့်ရှု၍ သူတော်ကောင်းများ ဖြစ်ကြပါစေဟု ဆန္ဒပြုပါသည်။

**စိတ်မိုး**
**စိတ္တေနလောကောနီယတိ**

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဘဒ္ဒန္တပညာသိရီ
သက်တော် ၂၅-နှစ်အရွယ်ကပုံတော်

## မော်ကွန်းနိဒါန်း

ထေရုပ္ပတ္တိမော်ကွန်းဟူသည် -

ရေးသား ဖော်ညွှန်းတင်ပြမည့် ထေရ်ရှင်မြတ်၏ ဘဝ တစ်သက်တာတွင် ဖြစ်ရပ်ဖြစ်စဉ်တို့ကို နောင်ကာလကြာ ရှည်စွာ အမှတ်တရ ဖြစ်စေရန်(ဝါ) နည်းယူလိုက်နာကျင့်သုံးနိုင်ရန် မှတ်တမ်းတင်ရေးဖွဲ့သောစာအုပ်စာတမ်းကို မော်ကွန်းဟု ဆိုလိုပါသည်။

ဖြစ်ရပ်ဖြစ်စဉ် ကျင့်အပ်ကျင့်စဉ်အဖြစ် ဓာတ်အသွင်ကို ထင်ဟပ်ပေါ်လွင်အောင် ဖေါ်ညွှန်း၍ မော်ကွန်းတင်ရာတွင်လည်း အဖြစ်ကိုအဖြစ်အတိုင်း အမှန်ကိုအမှန်အတိုင်း ဖော်ညွှန်းမှသာလျှင် ဒေါသလွန်မြောက်၍ ဂုဏ်ရောက်သော မော်ကွန်းဖြစ်ပေမည်။

စာအုပ်စာတမ်းရေးဖွဲ့၍ မော်ကွန်းတင်ခြင်းခံရသော ပုဂ္ဂိုလ်ဟူသည်လည်း သာမညပုဂ္ဂိုလ်များမဟုတ်နိုင်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



"ပုဂ္ဂလ ဝိသေသသော ဇာနိတဗ္ဗော" ဟူသော အဋ္ဌကထာစကားအရ စွမ်းဆောင်ရည် ပြည့်ဝသော ပုဂ္ဂိုလ်ထူးဖြစ်ကြောင်း သိ၍သာ ထိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်၏ ဘဝတစ်လျှောက် ဝန်ဆောင်မှုအရပ်ရပ် ကျင့်ကြံမှုအထွေထွေကို နောင်လာနောက်သားမျိုးဆက်သစ်များ သိရှိမှတ်သား ကြည်ညိုသဒ္ဓါပိုကာ နည်းယူကျင့်ကြံပွားများ အားထုတ်နိုင်ရန် မျှော်မှန်း၍ မော်ကွန်းမှတ်တမ်းပြုခြင်း ဖြစ်ပေသည်။

ရှေးခေတ်အခါက ရှင်ဘုရင်များနှင့် စစ်သူရဲကောင်းများ၏ အကြောင်းအတ္တုပ္ပတ်ကို ရာဇဝင်ကျမ်းဂန်တို့၌ အထုယူ၍ နှောင်းခေတ်ပုဂ္ဂိုလ်များ တိုင်းပြည်တာဝန်စီမံခွဲခြမ်း အမှုတော်ထမ်းနိုင်ရန် မှတ်တမ်းတင်သကဲ့သို့လည်းကောင်း။

မြတ်စွာဘုရား၏ တပည့်သားကောင်း၊ အာဇာနည်သူရဲကောင်းတို့၏ အကြောင်းဖြစ်ရပ် ထေရုပ္ပတ်များကိုလည်း သာသနာဝံသစသော ကျမ်းဂန်တို့၌ မျိုးဆက်သစ်ရဟန်းရှင်လူများအတုယူ၍ ပြုမူကျင့်ကြံနိုင်ရန်နှင့် ကြည်ညိုသဒ္ဓါပွားနိုင်ရန် မှတ်တမ်းတင်သကဲ့သို့လည်းကောင်း။

ယခုလည်း စာရေးသူတို့၏ ကျေးဇူးတော်ရှင် ရဟန္တာတစ်ဆူဟူ၍ ကျော်ကြားတော်မူသော အရှည်ဝါသီ ဆရာတော်ကြီး ဘဒ္ဒန္တပညာသိရီမဟာထေရ်မြတ်ကြီး၏ ကျင့်စဉ်၊ ဖြစ်စဉ်တို့သည် နောင်လာနောက်သား မျိုးဆက်သစ် ရဟန်းရှင်လူများနည်းယူမှတ်သား၍ ကြည်ညိုသဒ္ဓါပွားကာ နေထိုင်ကျင့်ကြံတတ်ရန်နှင့် ကျင့်ကြံအားထုတ်သည့်အတိုင်း သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုနိုင်ရန်တို့ကို ရည်သန်လျက် မွန်မြတ်သော စိတ်ထားဖြင့် စာအုပ်အဖြစ်စီစဉ်ကာ မော်ကွန်းတင်အပ်ပါသည်။

မဟာထေရုပ္ပတ္တိမော်ကွန်းကို ဖော်ညွှန်းသမှု ရေးသားခြင်းပြုရာတွင် စာရေးသူအနေဖြင့် စာအုပ်စာပေဆောင်းပါးအထွေထွေကို ရေးသားလေ့ရှိသူမဟုတ်ပါ။ စာရေးသူ၏ငယ်ဆရာနှင့် ဒေါ်ပကာဒကာများ၏ တိုက်တွန်းတောင်းပန် တာဝန်ပေးအပ်နှံခြင်းကြောင့် "အာဂတော ဘာရော အဝဿံ အာဝဟိတဗ္ဗော" ဟူသော ဒေသနာသဘောအရ ကျရောက်သောတာဝန်ကို ကျေပွန်စေလိုသဖြင့်သာ ဆောင်ရွက်ရသည်ဖြစ်ပါ၍ ပညာရှိတို့အနေဖြင့် –

ဗဟုသုတ၊ ကုံလောက်စွာ၊ ပညာဝါတို့၊
ညျှမှာည၍၊ ညျှမဆိုက်စု၊ အဆိုက်အသွား၊
စကားရှေ့နောက်၊ နှိုင်းညှိထောက်၍၊
ကျရောက်မြူသွင်၊ အပြစ်မြင်က၊
တင်၍နှုတ်သာ၊ ကဲ့ရဲ့ပါနှင့်၊
လျှင်စွာလှောက်ကူ၊ ပြင်တော်မူ၊

www.burmeseclassic.com



ဟူသောအရှင်ပညာတိက္ခ၏ သုဝဏ္ဏသာမဇာတ်တော်ကို ရေးသားရာ အမှာလက်ာနှင့်အညီ ဤစာအုပ်ကို သည်းခံ ပြုပြင် ဖတ်ရှုစေချင်ပါသည်။

ဥပမာတင်၍ ညွှန်းရပါမူ ဒူးရင်းသီးမည်သည် အပေါ်ယံ အခွံအလွှာ၌ ဆူးငြောင့်အဖုအထစ်များစွာ ပါသော်လည်း အတွင်း၌ အဆင်းအနံ့အရသာတို့နှင့် အလွန်အမင်းပြည့်စုံခြင်းကြောင့် စိတ်ရှည်စွာအပေါ်ခွံကို ဖယ်ခွာ၍ အတွင်းကအနှစ်သာရကိုသာ မြိန်ယှက်စွာ စားသုံးကြသကဲ့သို့ –

ထိုနည်းတူစွာ ဤမဟာထေရုပ္ပတ္တိမော်ကွန်းလွှာသည်လည်း ဆူးငြောင့်ပမာ ကဗျာမဆန်၊ ကာရံမလှ ရေးဟန်မကျသည့်အနေအထားရှိသော်လည်း မဟာထေရုပ္ပတ္တိအရှင် ဆရာတော်ဘုရားကြီး၏ သီလတည်းဟူသော ရနံ့၊ သမာဓိတည်းဟူသောအဆင်း၊ ပညာတည်းဟူသော အနှစ်အရသာတို့သည် များစွာပြည့်စုံမှုရှိသောကြောင့် ရေးနည်းရေးဟန်ကို သည်းခံဖတ်ရှုတော်မူကြ၍ ဆရာတော်ကြီး၏ အရဟတ္တဖိုလ်ပေါက် ပန်းတိုင်ရောက်အောင် ကျင့်ကြံကျိုးကုတ် ပွားများအားထုတ်ပုံတို့ကို နည်းယူမှတ်သား ကြည်ညိုသဒ္ဓါပွားကာ ကြိုးစားအားထုတ်နိုင်ကြ၍ နိဗ္ဗာနဓာတ် အနှစ်သာရမြတ်ကို ရယူခံစားနိုင်ကြပါစေသတည်း။

အရှင်ပညာဓိကာသိရီ
ခွဲမစိုးရိမ်တိုက်၊ ဝေါမြို့။

# ပန်ကြားလွှာ

ဆရာတော်ကြီး၏ မဟာထေရုပ္ပတ္တိမော်ကွန်းကို ပြုစုရေးသားရာတွင် ပဓက္ကူခရိုင်အတွင်းမှ မျက်မှောက်ရှိသာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးများအားလည်းကောင်း၊

ဝိသေသမော်ကွန်းကဏ္ဍတွင် ကိုယ်တွေ့ထူးခြားဖွယ်ရာဖြစ်ရပ်ဆန်းများနှင့် ပတ်သက်၍ ဖော်ပြထားသော ပုဂ္ဂိုလ်များအား လည်းကောင်း၊

ထည့်သွင်းဖော်ပြသင့်ရာ အမည်နာမများနှင့် အချို့လက်တွေ့ ဖြစ်ရပ်ထူးတို့ကို ဖော်ပြသင့်ပါလျက် ကျန်ခဲ့သောပုဂ္ဂိုလ်များအားလည်းကောင်း၊

အခွင့်မကြုံ၍ ကိုယ်တိုင်တင်ပြခွင့် မတောင်းခံနိုင်ခြင်း၊ အကြောင်းမညီညွတ်၍ မထည့်သွင်းနိုင်ခြင်းတို့ကို ကျေနပ်သည်းခံကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်မော်ကွန်း

ဤမဟာထေရုပ္ပတ္တိမော်ကွန်းစာအုပ်ဖြစ်မြောက်ရေး
အတွက် အလှူတော်ငွေအားဖြင့်လည်းကောင်း၊
စာအုပ်စာတမ်း အားဖြင့်လည်းကောင်း၊
ဆရာတော်ဘုရားကြီး၏ ထူးခြားအံ့သြဖွယ်ရာကိုယ်တွေ့တို့ကို
ကိုယ်တိုင်ကိုယ်ကျပြောပြပေးခြင်းအားဖြင့်လည်းကောင်း၊
အခြားတစ်စုံတစ်ရာနည်းအားဖြင့် လည်းကောင်း၊
အဘက်ဘက်မှ အထောက်အပံ့အကူအညီပေးကြသော
ရဟန်းရှင်လူအပေါင်းတို့အား
အထူးကျေးဇူးတင်ရှိပါကြောင်း
မော်ကွန်းတင်အပ်ပါသည်။

**စာရေးသူ**

ကျေးဇူးရှင်အရှည်ဝါသီဆရာတော်ဘုရားကြီး
ဘဒ္ဒန္တပညာသိရီ ၏

## မဟာထေရုပ္ပတ္တိမော်ကွန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမောဗုဒ္ဓဿ၊ နမောဓမ္မဿ။
နမောသံဃဿ၊ နမောအာစရိယဿ။

## သာသနာတော်မော်ကွန်း

**မြန်မာနိုင်ငံသာသနာတော်မော်ကွန်း**

ဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ သီရိ လင်္ကာ စသောနိုင်ငံများ၌ အများဆုံး ကိုးကွယ်ကြလေသည်။

ထိုနိုင်ငံတို့တွင် ရှေးအခါက (သီဟိုဠ်) သီရိလင်္ကာနိုင်ငံသည် ဗုဒ္ဓသာသနာ များစွာထွန်းကားခဲ့သော နိုင်ငံဖြစ်သည်။ ယခုအခါတွင်ကား မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာ အတိုးတက် အထွန်းကားဆုံးနိုင်ငံဖြစ်ပေသည်။

မြန်မာနိုင်ငံတော်တွင် ဗုဒ္ဓသာသနာတော်သည် ယခုခေတ် ကာလရောက်မှ စတင်ပေါ်ပေါက် ထွန်းတောက်လာခဲ့သည် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်တော်ဗုဒ္ဓပွင့်ပေါ်တော်မူစ သတ္တဋ္ဌာနန္ဒ သတ္တသတ္တာဟ (လေးဆယ့်ကိုးရက်) စေ့၍ လင်းလွန်းပင်ခြေရင်း သီတင်းသုံးနေတော်မူစဉ် မြန်မာပြည် ဥက္ကလာပဇနပုဒ်သား တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် မဇ္ဈိမဒေသသို့ ကုန်ရောင်းကုန်ဝယ်သွားကြရာ၌ ဘုရားရှင် သီတင်းသုံးတော်မူရာ အနီးတောအုပ်ကြီးသို့ ရောက်ကြလေ၏။

ထိုအခါ လွန်ခဲ့သောငါးဘဝလောက်က အမိတော်ခဲ့ဖူးသော နတ်သမီး၏လက်ညှိုးညွှန်ပြ တိုက်တွန်းချက်အရ ဘုရားရှင်ရှိရာသို့ ချည်းကပ်၍ ပျားမုန့်ဆုပ် မုန့်ကြွက်ကျစ်တို့ကို ဆက်ကပ်လှူဒါန်းကာ ဒွေဝါစိကသရဏဂုံကို ဆောက်တည်ကြကုန်၏။

ထို့နောက် ကိုးကွယ်ပူဇော်ဖွယ်ရာကို တောင်းခံလတ်သော် ဘုရားရှင်ကိုယ်တော်မြတ်က လက်ျာလက်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်၍ လက်တွင်ကပ်ငြိပါလာသော ဆံတော်ရှစ်ဆူကို ချီးမြှင့်တော်မူလိုက်လေ၏။

ကုန်သည် ညီနောင်တို့သည်လည်း ဥက္ကလာပသို့ ပြန်လည် ရောက်ရှိကြသောအခါ–

ရွှေကြုတ်တွင် ဆံတော်ရှစ်ဆူကိုထည့်ပြီး ဌာပနာသွင်းကာ ဆံတော်စေတီတည်၍ ကိုးကွယ်ကြလေသည်။



ဤသို့လျှင် မြန်မာနိုင်ငံတွင် သာသနာတော်သည် ဘုရားပွင့်စ မဟာသက္ကရာဇ်–၁၀၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့လေ၏။

၁၂ (သာသနာလင်္ကာရစာတမ်း)

ထိုမှတစ်ပါး ဘုရားရှင်၏ဝါတော် (၂၀) အကျော်တွင် စူဠပုဏ္ဏ မဟာပုဏ္ဏညီနောင်ကို အကြောင်းပြု၍ မြန်မာနိုင်ငံ သုနာပရန္တတိုင်းသို့ ကြွတော်မူသည်။ လက်လေးသစ်ခန့်မျှပင် အဖိုးတစ်သိန်းထိုက်တန်သော ဂေါသီတ စန္ဒကူးနီတို့ဖြင့် ကုန်သည်ညီနောင်တို့ ဆောက်လုပ် လှူဒါန်းအပ်သော စန္ဒကူးကျောင်းတော်ကို အလှူခံ၍ အကြိမ်ကြိမ်ကြွရောက်တော်မူကာ တရားဒေသနာ ချီးမြှင့်တော်မူခြင်းကြောင့် သာသနာတော် ထွန်းလင်းတော်မူခဲ့၏။

၁၂ (ပုဏ္ဏောဝါဒသုတ်အဋ္ဌ)

ထိုအခါမှစ၍ မြန်မာနိုင်ငံသို့ သာသနာတော် သက်ဆင်းခဲ့သော်လည်း နိမ့်ချည်မြင့်ချည်အတည်မရှိသော ကြောင့် ရံဖန်ရံခါမှေး မှိန်လျှက်ရှိခဲ့သည်။ ထိုသို့ရှိရာမှ တတိယသင်္ဂါယနာတင်အပြီး အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ကြီး၏ မြော်မြင်စီစဉ်ချက်အရ ကိုးတိုင်း ကိုးဌာန သာသနာပြုစေလွှတ်ရာတွင် မြန်မာနိုင်ငံ သုနာပရန္တတိုင်း၊ သုဝဏ္ဏဘုမ္မိတိုင်းတို့ပါဝင်ခဲ့၍ သာသနာထွန်း လင်းလာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ပုဂံပြည် ရှင်အရဟံစသော မထေရ်များပေါ်ပေါက်လာ၍ သာသနာတော်သည် တဖြည်းဖြည်း စည်ကားခဲ့လေသည်။

သာသနာတော် တည်တံ့ပြန့်ပွားရေး အတွက် သင်္ဂါယနာခြောက်ကြိမ်တင်ရာတွင် မြန်မာနိုင်ငံ၌ ပဉ္စမအကြိမ် ဆဋ္ဌမအကြိမ် သင်္ဂါယနာတင်နိုင်ခွင့်ရှိခဲ့လေသည်။

သာသနာတော် သန့်ရှင်းတည်တန့် ပြန့်ပွားရေးအတွက် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးကိုလည်း ၁၃၄၂-ခုနှစ် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်တွင် ကျင်းပနိုင်ခဲ့သည်။ ယင်းစည်းဝေးပွဲကြီး၏ ရလဒ်အဖြစ်ကား သံဃာ့အဖွဲ့စည်း အသီးသီးကို ဖွဲ့စည်းတည်ထောင်ကာ သာသနာတော်ကြီး သန့်ရှင်း တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နိုင်ခြင်းကြောင့် ပို၍ ပို၍ စည်ကားတိုးတက်လာပေသည်။

အထူးအားဖြင့် ဤ(တပ်မတော်) အစိုးရလက်ထက်တွင် မကြုံစဖူး အထူးအားပေး ကြည်ညိုထောက်ပံ့ခြင်းကြောင့် တိုးတက် စည်ကား ပြန့်ပွား၍ ပရိယတ်၊ ပဋိပတ်ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ အဆက်မပြတ် ပေါ်ထွက်လျက်ရှိနေပါသည်။



**မကွေးတိုင်းသာသနာတော်မော်ကွန်း**

မြန်မာနိုင်ငံတွင်လည်း တိုင်းနှင့်ပြည်နယ်(၁၄) ခုရှိသည့်အနက် မကွေးတိုင်းသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးသဖွယ် ထင်ရှားပါဝင်သော တိုင်းတစ်တိုင်း ဖြစ်ပေသည်။

ထိုအပြင် မြန်မာနိုင်ငံအတွက် စားသုံးဆီသာမက စက်သုံးဆီအမျိုးမျိုးပါ ထွက်ရှိပြီး စက်ရုံ၊ အလုပ်ရုံကြီးများဖြင့် ထွက်ကုန် ထုတ်ကုန်အမျိုးမျိုးတို့ကို တိုးတက်အောင် ထုတ်လုပ်ပေးနေသော တိုင်းလည်း ဖြစ်ပေသည်။

မကွေးတိုင်းသည် အခြားလူမျိုးနွယ်စု ရောယှက်မှုနည်းပါးသည်။ ထို့အပြင် အခြားဘာသာကိုးကွယ်သူ ဦးရေလည်း နည်းပါးပြီး ဗုဒ္ဓဘာသာကိုသာ အများဆုံးကိုးကွယ်သော တိုင်းဖြစ်သည်။

မကွေးတိုင်းတွင် ဗုဒ္ဓဘာသာကိုးကွယ်ဆည်းကပ်မှုမှာ ယခုအချိန်မှသာ များပြားထင်ရှားခဲ့သည် မဟုတ်။

ရှင်တော်မြတ်ဘုရား သက်တော်ထင်ရှားရှိစဉ် အချိန်ကပင် ဗုဒ္ဓဘာသာဝင်များဖြစ်၍ သာသနာတော်ကို ယုံကြည်ကိုးစားသဖြင့် ထွန်းကားခဲ့လေ၏။

ဘုရားရှင်လက်ထက်တော်တွင် မကွေးတိုင်းကို တမ္ဗဒီပတိုင်း၊ သုနာပရန္တတိုင်းဟုပေါ်လွင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ကိုယ်တိုင် ကြွရောက်တော်မူခဲ့ခြင်း၊ မန်းစက်တော်၌ ခြေတော်ရာချထား ချီးမြှင့်တော်မူခဲ့ခြင်း၊ သာသနာပြုပုဂ္ဂိုလ်များ စေလွှတ်တော်မူခဲ့ခြင်းများကြောင့် သာသနာထွန်းကားလာခဲ့သည်ကို ပါဠိစာပေများအရ သိရှိရလေသည်။

မကွေးတိုင်း၏ သာသနာတော် ထွန်းကားပြန့်ပွားရေး အစ သာဓကကို ကြည့်သော် -

ဘုရားရှင်လက်ထက်တော်က အရှင်ပုဏ္ဏမထေရ်သည် တစ်ပါးတည်းဆိတ်ငြိမ်ရာသို့ကပ်လျက် နိဗ္ဗာန်သို့စေလွှတ်သော စိတ်ဖြင့် ကျင့်ကြံနေထိုင်လိုသည်။ ထို့ကြောင့် ဇေတဝန်ကျောင်းတွင် သီတင်းသုံး နေထိုင်တော်မူသော ဘုရားရှင်ထံချဉ်းကပ်၍ အဆုံးအမတရားဟောကြားရန် လျှောက်ထားတောင်းပန်သည်။ ဘုရားရှင်ထံမှ သစ္စာလေးပါးမြတ်တရားကို အကျဉ်းအားဖြင့် နာကြားပြီးနောက် သုနာပရန္တဇနပုဒ်သို့ ကြွရောက်နေထိုင်မည့်အကြောင်းလျှောက်ကြားသောအခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဤသို့ အမိန့်ရှိတော်မူသည်။

ပုဏ္ဏ–သုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် ကိုယ်ကြမ်း၊ နှုတ်ကြမ်းကြကုန်၏။

အကယ်၍ ဆဲရေးကုန်၊ ရေရွတ်ကုန်အံ့၊ သင်၏စိတ်သည် အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု မေးတော်မူ၏။



အရှင်ဘုရား၊ အကယ်၍ ဆဲရေး၊ ရေရွတ်သည်ရှိသော် ဤသုနာပရန္တတိုင်းသားတို့သည် တပည့်တော်အား လက်ဖြင့် ပုတ် ခတ်ခြင်း မပြုကုန်။ ထို့ကြောင့် သုနာပရန္တတိုင်းသားတို့သည် ကောင်းကုန်၊ အလွန်ကောင်းကုန်စွ ဟုနှလုံးသွင်းခြင်းဖြစ်သလော့ ဟု လျှောက်၏။

အကယ်၍ ထိုတိုင်းသားတို့ကား လက်ဖြင့်ပုတ်ခတ်သည်၊ ခဲဖြင့်ပစ်သည်၊ တုတ်ဖြင့်ရိုက်သည်၊ ဓားဖြင့်ခုတ်သည်ရှိခဲ့သော် ဤသို့လျှင် တစ်ခုစီမေးလတ်သောအခါ လက်ဖြင့်ပုတ်ခတ်သည်ရှိသော် ခဲဖြင့်ပေါက်သည်မဟုတ်၊ ခဲဖြင့်ပေါက်သော် တုတ်ဖြင့်ရိုက်သည်မဟုတ်၊ တုတ်ဖြင့်ရိုက်သော် ဓားဖြင့်ခုတ်သည့်မဟုတ်၊ ဓားဖြင့်ခုတ်သော် လုံဖြင့်ထိုးသည်မဟုတ်ဟူ၍ နှလုံးသွင်းပါမည်ဟုလျှောက်၏။

ထို့နောက် ဘုရားရှင်က သင့်ကိုထက်လှစွာသောလှံဖြင့် အသက်သေအောင်သတ်သော် သင်၏စိတ်သည် မည်သို့ဖြစ်လတ္တံ့နည်းဟု မေးတော်မူ၏။

အရှင်ဘုရား၊ အကယ်၍တပည့်တော်၏ အသက်ကိုသတ်လော့၊ "ဘုရားရှင်၏တပည့်တို့သည် ကိုယ်၌လည်းကောင်း၊ အသက်၌လည်းကောင်း၊ ငြီးငွေ့ကုန်သည်ဖြစ်၍ ရှက်နိုးကုန်သည်၊ စက်ဆုပ်ကုန်သည်ဖြစ်၍ ဓားလက်နက်ကို ရှာကုန်၏။ တပည့်တော်မှာ မရှာအပ်ဘဲသာလျှင် ဓားလက်နက်ကို ရအပ်ပြီ

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ နှုတ်သွင်းဆင်ခြင်ပါမည်ဘုရား” ဟု လျှောက်ထား၏
ထိုအခါဘုရားရှင်သည် ချီးမွမ်းတော်မူ၍ ဒေါသမရှိ၊ သည်းခံ
ခြင်းနှင့် ပြည့်စုံနိုင်သော အရှင်ပုဏ္ဏအား သုနာပရန္တတိုင်းသ
သာသနာပြုသွားခြင်းကို ခွင့်ပြုတော်မူ၏။

အရှင်ပုဏ္ဏမထေရ် သုနာပရန္တတိုင်းသို့ ကြွရောက်သီတင်
သုံးတော်မူသော ဝါတွင်းကာလ၌ပင် ဥပါသကာငါးရာ
ဥပါသိကာမငါးရာတို့သည် ရတနာသုံးပါးကို ကိုးကွယ်ဆည်
ကပ် ကြည်ညိုကြလေသည်။

အရှင်ပုဏ္ဏသည်လည်း ထိုဝါတွင်း၌ပင် ရဟန္တာဖြစ်တော်
မူပြီး ပရိနိဗ္ဗာန် စံတော်မူလေ၏။

ဤသို့ မကွေးတိုင်း၌ သာသနာစတင် ပျံ့နှံ့ထွန်းကာ
ခဲ့ပုံသည် ရဟန်းရှင်လူပြည်သူများ အတုယူလိုက်နာ ကျင့်သုံ
ဖွယ်ရာကောင်းသဖြင့် ကျမ်းဂန် သာဓကတစ်ရပ်ကို အကျဉ်
ထုတ်၍ တင်ပြအပ်ပါသည်။

## ပခုက္ကူခရိုင် သာသနာမော်ကွန်း

မကွေးတိုင်းသည် ခရိုင်အနေအားဖြင့် လေးခရိုင်ရှိသည်
ထိုအနက် ပခုက္ကူခရိုင်သည်လည်း အပါအဝင်ဖြစ်လေသည်
ထိုမကွေးတိုင်း၏ အထင်ရှားအကျော်ကြားဆုံးသော ခရိုင်သည်
ပခုက္ကူခရိုင်ဖြစ်၍ ပခုက္ကူမြို့ကို ရောဝတီအနောက်ဘက်မြို့တော်



အဖြစ် နိုင်ငံတော်အစိုးရမှ မြို့အဝင်တွင်ခံ့ညားထည်ဝါသော
မုခ်ဦးကြီးဖြင့် မော်ကွန်းတင်ထားလေသည်။ သာသနာအရောင်
ထွန်းပြောင်သည့်တန်ခိုးကြောင့် မြို့တော်ဂုဏ်ရောင်သည်လည်း
ထင်ရှားတောက်ပြောင်လျက်ရှိလေသည်။

သာသနာ ဘာသာ ထွန်းလင်းတောက်ပရာတွင် အဆို
တစ်ရပ်ရှိသည်ကား ဘုရားသားတော် ရဟန်းသံဃာတော်များ၏
ခရီယတ္တိလောက၌ “ပခုက္ကူမရောက်၊ စာမပေါက်၊ မန်းမှာစာစုံ၊
ပခုက္ကူမှာစာကုန်” ဟူ၍ မှတ်တမ်းပြုခဲ့ကြသည်။ ပခုက္ကူမြို့ကို
သံဃာ့တက္ကသိုလ်မြို့တော်ဟူ၍ သာသနာတော်တွင်လည်း မော်
ကွန်းတင်ထားပေသည်။

မြန်မာပြည်ရှိသမျှ ခရိုင်အားလုံးတို့တွင် ပညာရှိများစွာ
ထွက်ပေါ်ထွန်းကားသော ခရိုင်မှာ ပခုက္ကူခရိုင်ဟုဆိုလျှင်
လွန်အံ့မထင်ပေ။

ထိုစကားရပ်ကို သာဓကထောက်၍ တင်ပြရပါမူ မြန်မာ
နိုင်ငံတွင် ရဟန်းသံဃာတော် လေးသိန်းကျော်ရှိသည့်အနက်
ပဋ္ဌာန်းသုံးပုံ အာဂုံ + ရေးဖြေ အောင်မြင်တော်မူကြပြီးဖြစ်သော
သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးခြောက်ပါးရှိသည့်အနက် ပခုက္ကူ
ခရိုင်မှ သုံးပါး ပေါ်ထွက်လျက်ရှိခြင်းသည်ပင် ခိုင်လုံသော
ထောက်အထား သာဓကပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပခုက္ကူခရိုင်မှ ပရိယတ်၊ ပဋိပတ် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ရှေးယခင်မှစ၍ သာသနာတော်တွင် နေလိုလလိုပေါ်ထွန်းခဲ့သော အာဇာနည်ပုဂ္ဂိုလ်ထူးများ၏ အတ္ထုပ္ပတ္တိကို ပြဆိုသော ပခုက္ကူအရှင်ကေသလာသ၏ ပခုက္ကူသာသနာဝင်ကျမ်းက ထွက်ပေါ်ပျံ့နှံ့ပြီးဖြစ်၍ လည်းကောင်း၊ လယ်တီဦးလုပိုင်၏ ပုခန်းသာသနာဝင်ကျမ်းတွင် ထုတ်ဖော်တင်ပြထားပြီး ဖြစ်၍ လည်းကောင်း၊ ဤ၌ အထူးတင်ပြဖွယ်ရာ မလိုတော့ပေ။

## မြိုင်မြို့နယ် သာသနာမော်ကွန်း

ပခုက္ကူခရိုင်တွင် မြို့နယ်ရှစ်မြို့နယ်ရှိသည့်အနက် မြိုင်မြို့နယ်သည်လည်း ထင်ရှားသော မြို့နယ့်အဖြစ် ပါဝင်လျက်ရှိပေသည်။

**မှတ်ချက်**။ ။ ယခုအစိုးရလက်ထက်တွင် ဂန့်ဂေါမြို့နယ် ဘက်ခြမ်းကို ဂန့်ဂေါခရိုင်အဖြစ် ခွဲခြားသတ်မှတ်ထားသည်။

မြိုင်မြို့သည် တောင်စဉ် တောင်တန်းငယ်လေးများ နောက်ခံပြုပြီး တစိမ့်စိမ့်စီးဆင်းနေသော စမ်းချောင်းလေးေ တွင် အကွက်ကျကျ သာယာလှပစွာ တည်ထားသောမြို့လေ ဖြစ်သည်။ မြို့တော်ဦးတွင် ကြည်ညိုဖွယ်ရာ သပ္ပါယ်စွာသေ သမိုင်းဝင် ရွှေမြင်တင်စေတီတော်ကြီးကို ဦးခိုက်လျက်တည်ထ



ခြင်းကြောင့်လည်း ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်း ပြည့်စုံလှပေသည်။

ရှုမငြီးဖွယ်ရာ သာယာလှပသည့် မြို့ကလေးတစ်မြို့ ဖြစ်ဘိသကဲ့သို့ မြို့အမည် ရွာအမည်ဟူသမျှတွင် "မြိုင်"ဟူ၍ နာမည်တစ်လုံးတည်း ပိုင်ရှင်ဖြစ်၍ အလှဆုံးဖြစ်၏။ မြို့လေးအား လှသလို နာမည်လေးကလည်း လှပါပေသည်။

မြို့လေးငယ်သော်လည်း ကျေးရွာအုပ်စုပေါင်း (၈၄) အုပ်စုဖြင့် ဖွဲ့စည်းထားသောကြောင့် နယ်ပယ်ဧရိယာအားဖြင့် ကျယ်ဝန်းသည်ဟု ဆိုရပေမည်။

မြိုင်၏အလှ မြိုင်၏ရနံ့ကား မြန်မာပြည်တွင်မက ကမ္ဘာ တစ်ခွင်ပါ နှံ့လျက်ရှိပေသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူသားမျိုးနွယ်တို့၏ စတင်ဖြစ်ပေါ်ရာ အစောဆုံးဖြစ်သော ပရိုင်းမိတ်ရုပ်ကြွင်း တွေ့ရှိထားသော ကမ္ဘာ့နိုင်ငံများထက် မြိုင်မြို့နယ်က တွေ့ရှိရသော အင်သမြိုင်ပရိုင်းမိတ် ရုပ်ကြွင်းသည် ရှေးနှစ်ပေါင်းသန်းလေးဆယ်ကျော်ခန့်က ရုပ်ကြွင်းဖြစ်သောကြောင့် ကမ္ဘာ့ပညာရှင်များ၏ သုတေသနစမ်းသပ်ဆုံးဖြတ်ချက်အရ လူသားမျိုးနွယ်ဖြစ်ပေါ်ရာ ဒေသအစ အစောဆုံးဒေသအဖြစ် ကမ္ဘာ့သမိုင်းတွင်မော်ကွန်းတင်လျက်ရှိလေသည်။ ထို့ကြောင့် "ကမ္ဘာ့လူသားအစ၊ မြိုင်မြို့နယ်က" ဟုဆိုလျှင် မမှားနိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ရေနံသဘာဝဓာတ်ငွေ့ထွက်အားကောင်း၍ ကမ္ဘာကျော်
ကြားလျက်ရှိသော လက်ပံတိုရေနံမြေသည် မြိုင်မြို့နယ်နှင့်
ပေါက်မြို့နယ်အကြားတွင်တည်ရှိပြီး ကျောက်ခွက်ရေနံမြေသည်
မြိုင်မြို့နယ်မှ ထွက်ရှိသော ရေနံမြေဖြစ်၍ မြန်မာပြည်အတွက်
များစွာအထောက်အကူပေးလျက်ရှိသော နေရာဒေသ မြို့နယ်
တစ်ခုဖြစ်ကြောင်းသိရှိရလေသည်။

နာမည်ကျော် ရှင်မတောင်သနပ်ခါး ဆိုသည်မှာ မြိုင်မြို့
နယ်နှင့် ရေစကြိုမြို့နယ်တို့မှ ထွက်ပေါ်သော သနပ်ခါးဖြစ်ပါ
သည်။ ထိုတွင် မြိုင်နယ်ကပို၍ အထွက်များပါသည်။ အခြား
နယ်ကထွက်သော သနပ်ခါးများ ဘယ်လိုပင်ကျော်ကြားသေ
သော်လည်း ရှင်မတောင်သနပ်ခါးကို လိမ်းမိသောအမျိုးသမီး
များသည် ဘိန်းစွဲသူကဲ့သို့ပင် ဖြစ်ချေလိမ့်မည်။

နိုင်ငံတော်ခေါင်းဆောင် အကြီးအကဲများ၊ နိုင်ငံကျော်စာ
ရေးဆရာများ၊ နာမည်ကျော်သဘင်ပညာသည်များ များစွာထွက်
ပေါ်သောမြို့နယ်လေးဖြစ်သည်။

အထူးသဖြင့် ပရိယတ်၊ ပဋိပတ် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်
များ အထွန်းကားဆုံးသော မြို့နယ်တစ်နယ်ဖြစ်သည်ဟုဆိုလျှင်
မှားအံ့မထင်ပေ။ ထို့ကြောင့် ပရိယတ်အကျော် ရဟန်းတော်တို့
ကို အကျဉ်းအားဖြင့်ဖော်ပြရသော်—



**ရှေးခေတ်(အင်းဝခေတ်)**

မြိုင်မြို့နယ်၊ ပိုက်သင်ရွာဇာတိ၊ ကျော်အောင်စံထား
ဆရာတော်။ အလယ်ကန်ရွာဇာတိ၊ ပထမ ဗားကရာဆရာတော်
ဒုတိယ ဗားကရာ–သာသနာပိုင်ဆရာတော်၏ မိဘများမှာ မြိုင်
ဇာတိများ ဖြစ်ကြသည်ဟုဆိုသည်) အိုးဘိုဆိတ်ဆင်ရွာဇာတိ၊
တိလောကဂုရုဆရာတော်၊ ကြည့်ကန်ဇာတိ ကြည့်ကန်ရှင်ကြီး
မြိုင်နန္ဒမေဓ စသော ကျမ်းပြုအကျော် ဘုရင်ကိုးကွယ်သော ဆရာ
တော်များနှင့် လူ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာတွင် အင်းဝခေတ်က စာဆို
တော် ပညာရှိ ဝဏ္ဏဓမ္မကျော်ထင်၊ မဟာဓေယျသူရ နှစ်ဘွဲ့ရ
သီးရွာဇာတိ ဦးမြအောင်တို့ထင်ရှား ပေါ်ပေါက်ခဲ့လေသည်။

နာမည်ကျော် ပညာရှိအမတ်ကြီး ဦးပေါ်ဦးသည်လည်း
မြိုင်နယ်သွေး၊ မြိုင်နယ်၏ဉာဏ်ရည်မကင်းနိုင်ပေ။ ဦးပေါ်ဦး
ခင်ဇာတိအရင်းမှာ ရွှေလင်းဆွဲသူဖြစ်ကြောင်း လေ့လာသိရှိရ
သည်။

မရှေးမနှောင်းခေတ်တွင် ငွေးပင်လယ်အုပ်စု၊ ညောင်ပင်
ဇာတိ ပခုက္ကူမဟာဝိသုတာရာမ (အလယ်) တိုက်ကို တည်
ထောင်တော်မူသော ရေစကြိုဆရာတော် ဦးဂန္ထသာရနှင့် တွင်းမ
ဇာတိ ပခုက္ကူမဟာဝိပုလာရာမ (အနောက်)တိုက် ကိုတည်
ထောင်တော်မူသော ဆရာတော်ဦးပုခန်းတို့သည်လည်း ပရိယတ်
သာသနာတွင် အလွန်ထင်ရှားတော်မူလှပါသည်။ လွတ်လပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ရပြီးမှ ယခုခေတ်ကာလထိ အဆင့်မြင့်ဆုံး တိပိဋကစာမေးပွဲ ကြီးတွင် ဒုတိယမြောက် အောင်မြင်တော်မူသော တိပိဋက မမ္မာဘဏ္ဍာဂါရိက ပခုက္ကူဆရာတော် အရှင်နေမိန္ဒသည် ဘင် ကန်အုပ်စု၊ ငွေးပင်တွင်းရွာဇာတိဖြစ်သည်။ ပိဋကနှစ်ပုံအောင် ခေါင်းကွဲရွာဇာတိ အရှင်ပညာသာမိ စသောနှစ်ပုံအောင် တစ်ပုံ အောင်များလည်း များစွာပေါ်ထွန်းလျက်ရှိသည်။(ရှေးခေတ် ပုဂ္ဂိုလ်ထူးများ၏အမည်ကို ပခုက္ကူသာသနာ၀င်ကျမ်းမှ နုတ် ထုတ်တင်ပြသည်) အဂ္ဂမဟာအကျော် အောင်မြင်တော်မူရာတွင် မြိုင်မြို့ဇာတိအရှင်ဥတ္တမနှင့် ပထမကျော်အောင်မြင်တော်မူရာ တွင် ကုန်းစင်ရွာဇာတိ အရှင်သုစာရိန္ဒ၊ ကျောက်တိုင်ရွာဇာတိ ရှင်ဩဘာသ စသည်တို့ ဖြစ်ကြသည်။ ပေါင်းတည်ရွာဇာတိ ရန်ကုန်၊ သင်္ကန်းကျွန်းမြို့နယ် ချမ်းအေးမိုးကုတ်ဓမ္မရိပ်သာ ဆရာတော် အရှင်နာဂသေနာဘိဝံသ (ငါးဘွဲ့ရဓမ္မာစရိယ)သည် မြန်မာပြည်တွင် ဓမ္မာစရိယဘွဲ့ အများဆုံးစံချိန်တင် ဆွတ်ခူး ထားသော သာသနာ့အာဇာနည်ထူးပုဂ္ဂိုလ် ဖြစ်ပေသည်။

ထိုပြင် ဓမ္မာစရိယနှစ်ဘွဲ့၊ သုံးဘွဲ့ရ ပုဂ္ဂိုလ်များလည်း များစွာထွန်းကားလျက်ရှိနေပါသည်။

မှတ်ချက် ။ ။ *ထည့်သွင်းဖော်ပြသင့်သော အာဇာနည် ပုဂ္ဂိုလ်များလည်း ကျန်ရှိဦးမည်သာ ဖြစ် ပါသည်။ လေ့လာ သိရှိမိသမျှသာ ဖော်ပြ*



*ခြင်းဖြစ်၍ ကျန်ရှိသော ပုဂ္ဂိုလ်များ ခွင့် လွှတ်ပါရန် အနူးအညွတ်တောင်း ပန်ပါ သည်။*

ပရိယတ္တိ ပုဂ္ဂိုလ်ကျော်များ ထွက်ပေါ်လျက်ရှိသကဲ့သို့ ပဋိပတ္တိအကျော် ဆရာတော်ကြီးများလည်း ထွက်ပေါ်လျက်ရှိ ပါသည်။

မြိုင်မြို့နယ်၊ ခီးတောရွာမှ မြသိတာကျောင်းတိုက် ဆရာ တော်ကြီး ဦးသာဂရသည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပ နိဿယဖြင့် အကျင့်ပဋိပတ်၌ လွန်စွာ ကြိုးကုတ် အားထုတ် တော်မူသည်။

သက်တော်ထင်ရှား ရှိတော်မူစဉ်က ရဟန္တာဟူ၍မထင် မှတ်ကြ။ ရဟန္တာဟူ၍ သမုတ်ခြင်း၊ ကျော်ကြားခြင်းလည်း မရှိခဲ့ ချေ။ ထိုဆရာတော်သည် (၂၁-၅-၈၂) ရက်နေ့တွင် ခန္ဓာဝန်ချ တော်မူပါသည်။ ခန္ဓာဝန်ချမည့်ညတွင် ထူးဆန်းသော အလင်း ရောင်လုံးကြီးများ ဆရာတော်ထံရောက်ရှိလာခြင်း ရုပ်ကလာပ် တော် မတောင့်မတင်းဘဲရှိခြင်း။ ခွဲစိတ်သောအခါ သွေးငေါက် ငေါက်ပန်းထွက်ခြင်း။ မီးသင်္ဂြိုဟ် သော်အခါ ညှော်မနံခြင်း။ မီးခိုးမထွက်ဘဲ ဖယောင်းတိုင်မီးပမာ အထက်သို့တက်ခြင်း။ မီးသင်္ဂြိုဟ်သောနေရာမှာ ဓာတ်တော်များတွေ့ရခြင်း။ မီးသင်္ဂြိုဟ် ပြီး (၇၂) ရက်ပြည့်သောအခါ အလင်းရောင်တန်းများ မီးသင်္ဂြိုဟ်

www.burmeseclassic.com

www.burmeseclassic.com



သောနေရာနှင့် ကျောင်းသို့ ကူးလူးနေခြင်း စသော ထူးခြားအံ့ဘွယ်ရာများကိုတွေ့ရှိကြရသောအခါမှ ရဟန်းကိစ္စပြီးစီး သွားကြကြောင်း သိရပါသည်။

## ကွမ်းတောရွာ မော်ကွန်း

မြိုင်မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း (၈၄) အုပ်စုရှိသည့်အနက် ကွမ်းတောရွာသည်လည်း အိမ်ခြေလေးရာခန့်ရှိသော ရွာကြီးတစ်ရွာ အဖြစ်ပါဝင်ထင်ရှားလျက်ရှိပေသည်။

ကွမ်းတောရွာကို အင်းဝခေတ်၊ ရတနာပူရအဝမြို့တည် သတိုးမင်းဖျားလက်ထက်အခါ ယခုကွမ်းတောရွာ၏ အနောက်ဘက် ရွှေဂူဘုရားအနီးတွင် ရွာဟောင်းဟုခေါ်အပ်သော နေရာတစ်ဝိုက်၌ စိုကန်ရွာဟူ၍ တည်ရှိခဲ့လေသည်။

ထိုစဉ် စိုကန်ရွာဇာတိ ဦးဘဦး+ဒေါ်ရွှေရီတို့တွင်တစ်ဦးတည်းသောသမီး မစောရှင်ဟု ထွန်းပေါက်ခဲ့သည်။

သတိုးမင်းဖျားတိုင်းခန်းလှည့်လည်သောအခါ စိုကန်ရွာသို့အရောက် ကွမ်း ဆေး လက်ဖက်တို့ဖြင့် ဧည့်ဝတ်ပြုဆက်သရသော အပျိုတော်ချော မစောရှင်အား ဘုရင်တော် ကောက်တော်မူသွားပြီး နန်းတော်တွင် အမြဲထာဝရပင် ကွမ်းတော် ဆက်သရလေသည်။



နောင်အခါ သတိုးမင်းဖျား ကံတော်ကုန်ပြီးနောက် မစောရှင် ရွာပြန်ရောက်သောအခါ ဆွေမျိုးညာတကာများနှင့်အတူ ယခုကွမ်းတောရွာနေရာတွင် နေထိုင်ကြ၍ ကွမ်းတော်ဆက်ခဲ့ရသော မစောရှင်စတင်နေထိုင်ရွာတည်ခြင်းကို အစွဲပြုပြီး ကွမ်းတော်ဆက်ရွာဟု ခေါ်ဝေါ်မော်ကွန်းတင်ထားခြင်း ဖြစ်သည်။

တဖြည်းဖြည်း ကာလရွေ့လျော လာသောအခါ ကွမ်းတော်ဆက်ရွာမှ ကွမ်းတောရွာဟုခေါ်ဝေါ်ခဲ့ကြပြီး နောင်တွင် ခေါ်ဝေါ်လွယ်ကူစွာ ကွမ်းတောရွာဟူ၍ပင် ယခုအချိန်ထိ ခေါ်တွင်လျက် ရှိပေသည်။

ကွမ်းတောရွာသည် မြိုင်မြို့မှ မုံရွာ+မန္တလေးသို့သွားသော ကားလမ်းမဘေးတွင် တည်ရှိ၍ မြိုင်မြို့နှင့်ကိုးမိုင်ခန့်ကွာဝေးသည်။

မြိုင်မြို့မှအထွက် (၈) မိုင်အလွန် လမ်းဘေးဝဲယာတစ်ခွင်ရွာတွင်းသို့ဝင်ခါနီးတွင် ဦးစွာသိမ်ကုန်းဘုရား၊ ရွှေဂူဘုရား၊ ဘုရားနီဘုရား စေတီတို့အား ဖူးတွေ့ရပြီး ဆည်၊ တံတား၊ ဇရပ်တို့ဖြင့် ပန့်သင့်လျက် ကားလမ်းမ အရှေ့ဘက်တွင် ရွာတည်ရှိပါသည်။

ကားလမ်းမ၏ အနောက်ဘက်တွင် ကျေးရွာများ၏ ခင်သွေးငယ်များအား အတတ်ပညာပေး လျက်ရှိသော အစိုးရ

www.burmeseclassic.com



အလယ်တန်းကျောင်းတို့ဖြင့် သာယာတင့်ဆန်း ရွှင်လန်းဖွယ် ကောင်းလှသော ရွာကြီးဖြစ်ပေသည်။

အလယ်တန်းကျောင်းနှင့်တစ်ဆက်တည်းပင် တစ်ရွာလုံးသောက်သုံးနေသော ရေကန်ကြီးနှင့်အတူ အာရုံခံတိုက်နှင့်တွဲလျက်ရှိသော ထုံးဖြူဖြူစေတီတော်ကြီး တစ်ဆူသည် ကန်ပေါင်နဖူးပေါ်တွင် အထူးပင်ဖူးမြင်ကြည်ညိုဖွယ်ရာ ကောင်းလှပါသည်။

ယင်းစေတီတော်ကြီးကို အမရပူရမြို့၊ နန်းတည်ဘိုးတော်မင်းတရားကြီး လက်ထက်တွင် စိုကန်ရွာဇာတိ ဖြစ်သော ဝန်မင်းကြီး ဦးချင်းတုတ်သည် အမှုထမ်းကောင်းသောကြောင့် ဘုရင်က ဆုလာဘ်တော် ချီးမြှင့် ပေးသနားတော်မူသဖြင့် ဇနီးသည်ဒေါ်မယ်သနှင့် တိုင်ပင်ကာ မိမိရပ်ရွာ (စိုကန်ရွာမှ ပြောင်းရွှေ့ထားသော ကွမ်းတောရွာ) သို့ပြန်လာ၍ မင်း၊ မိဖုရားတို့ ကိုးကွယ်တည်ထားသည့်ပုံတော်အတိုင်း (၃၆) တောင်ဉာဏ်တော်အမြင့်ဆောင်သော စေတော်မြတ်ကြီးအား အရန်စေတီ စိန်တောင်ကလာပ်မုခ်ဦးလေးဘက်တို့ဖြင့် ဆန်းကြယ် သပ္ပါယ်စွာ တည်ထားပြီး လောကတန်ဆောင် ဓာတုမဥ္ဇူစေတီတော်ဟူ၍ ဘွဲ့အမည် သမုတ်ခဲ့လေသည်။

သို့သော်လည်း ရပ်ရွာသောက်သုံးသော ရေကန်ကြီးကိုအစွဲပြုပြီး ယခုအခါတွင် လွယ်လွယ်နှင့်ပင် ကန်မဘုရားဟူ၍



ဘွဲ့မည်အခေါ်တွင်ပြီး နှစ်စဉ်နတ်တော်လဆန်း (၁၁) ရက်နေ့ (၁၂) ရက်နေ့များ၌ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဇာတ်သဘင်ခသည်တို့ဖြင့် ခြိမ့်ခြိမ့် သဲသဲ ပူဇော်ကျင်းပကြလေသည်။

ထိုကန်မစေတီတော်ကြီးနှင့် ကပ်လျက်ရှိသော တစ်ရွာလုံး အားကိုးတစ်ခုအဖြစ် အသုံးပြုနေရသော သောက်ရေကန်ကြီးသည် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ခံ့ညားထယ်ဝါစွာရှိပြီး လေအဟုန်ကြောင့် ပြေး၍ ကခုန်နေကြသော ရေလှိုင်းကလေးများနှင့်အတူ နေရီရီညနေချမ်းတွင် ကွမ်းတောရွာသူ မေပျိုဖြန်းတို့က ကွမ်းတောဖြစ် ရှင်မတောင်သနပ်ခါးကို ခပ်ပါးပါး ပါးကွက်ကြားလိမ်း၍ အတွဲလိုက်၊ အတန်းလိုက် အစီအရီ ရေအိုးကိုယ်စီကိုယ်စီဖြင့် ရေခပ်နေကြသည်မှာလည်း နောက်ခံထန်းတောကန်ဘောင်တစ်ကြောနှင့်မို့ လွမ်းမောဖွယ်ရာ သာယာလှပါပေသည်။

ရွာ၏တောင်ဘက် မြိုင်မြို့ဘက်အထွက် မလှမ်းမကမ်းလမ်းဘေးကုန်းဂမူလေးတွင် စေတီတစ်ဆူနှင့် သိမ်တစ်လုံးတည်ရှိလေသည်။

ယင်းဘုရားစေတီနှင့်သိမ်တော်ကို ရှေးယခင်စိုကန်ရွာဦးသီတင်းသုံးတော်မူသော ဆရာတော်အရှင်သုမ္မသာမိ အရှင်သူမြတ်သည် ဤကုန်းမြေကား ဘူမိနက်သန်မှန်ပေ၏ဟူ၍ မြင်ကာ စိုကန်ရွာသူကြီးမင်း ဦးအောင်ဒွန်းနှင့်တိုင်ပင်၍ ပုခန်း

www.burmeseclassic.com

www.burmeseclassic.com



မြို့စားထံ ဝိသုံဂါမတောင်းခံပြီး သုဝိသောခနီ အမည်ရှိသော သိမ်တော်ကိုသမုတ်၍ စေတီတော်တစ်ဆူပါတည်ထားစေသည်။ (ယင်းစေတီတော်ကို သိမ်ကုန်းစေတီဟု အမည်တွင်လျက်နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့တွင် ဆွမ်းကြီးလောင်း လှူ ပူဇော်ပွဲ ကျင်းပလေ့ ရှိပါသည်။)

နောင်အခါ ကွမ်းတောရွာနှင့် ဂျုတ်ပင်ရွာ၊ ဥသျှစ်ကုန်း ရွာတို့မှ သံဃာတော်အရှင်သူမြတ်တို့သည် ထိုသိမ်၌ပင် ကံကြီး ကံငယ်ဆောင်ရွက်ကြလေသည်။

ထိုအခါက စိုကန်ရွာသည် ကွမ်းတောရွာနေရာသို့ ပြောင်း ရွှေ့ကြကာ ဥသျှစ်ကုန်းရွာသည် တဖြည်းဖြည်းအလိုအလျောက် ကွယ်ပျောက်ခဲ့သည်။ ဂျုတ်ပင်ရွာသည် လွတ်လပ်ရေးမရမီက ကွမ်းတောရွာသို့ ပြောင်း၍ ပေါင်းကြလေသည်။

ဂျုတ်ပင်ရွာမှ ရွှေ့ပြောင်းပေါင်းလာသော ရွာတောင်ပိုင်း ကို ဂျုတ်ပင်ပိုင်း(ဝါ) ဂျုတ်ပင်ရပ်ဟုခေါ်ဝေါ်လေသည်။

ရွာ၏အနောက်တောင်ဘက် စိုကန်ရွာနေရာ အနီးတွင် လွန်ခဲ့သောနှစ်ပေါင်း (၂၃၀၀) ကျော်လောက်က သာသနာတော် ကို ကြည်ညိုလေးစားသော သီရိဓမ္မာသောက မင်းကြီး ရေတွင်း၊ ရေကန်၊ စေတီပေါင်း (၈၄၀၀၀) စီတည်ထားရာတွင် တစ်ဆူ အပါအဝင်ဖြစ်သော စိုကန်ရွာ၏ အနီး ရွှေဂူကြီး အသောက စေတီဟူ၍ တည်ရှိလေသည်။



ယင်းစေတီတော်ကြီးသည် နှစ်ပေါင်းကြာညောင်းနေ သဖြင့် ယိုယွင်းနေသောကြောင့် ကောဇာသက္ကရာဇ် ၁၂၉၆ - ခုနှစ်တွင် အောက်ပြည်၊ ဒေးဒရဲနယ်၊ ကွန်ဒိုင်းအုပ်စု၊ ကြိုးကြာ ရွာ၌ ကျောင်းထိုင်နေသော ဆရာတော်ဦးကုမာရသည် ဇာတိရွာ ပြန်လာ၍ ဦးဆောင်ဦးရွက်ပြုကာ ပြန်လည်ပြုပြင်တည်ခဲ့သည်။ ထို့နောက် ၁၃၄၃ - ခုနှစ်အရောက်တွင်လည်း ထပ်ဆင့်မွမ်းမံ တော်မူပါသည်။

ယင်းစေတီတော်၏အနီးတွင် ကပ်ကျော်နဝင်းစေတီတော် တစ်ဆူကိုလည်း ၁၃၂၀ ပြည့်နှစ်တွင် မြစ်ဆုံဇာတိ သာသနာပြု ဦးကံရှိန်က တည်ခဲ့လေသည်။

ရွှေဂူအသောကစေတီနှင့် ကပ်ကျော်နဝင်းစေတီ နှစ် ဆူကိုနှစ်စဉ် ကဆုန်လပြည့်နေ့၌ ဗုဒ္ဓပူဇနိယ ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ကျင်းပမြဲ ဖြစ်ပါသည်။

ရွာ၏ အရှေ့ဘက်၌ ရွာရှေ့ကျောင်းနှင့် တောရကျောင်း တို့တည်ရှိပြီး စေတီဘုရား တိုက်ကျောင်းများဖြင့် ကြည်ညိုဖွယ် ရာ စည်ကားသာယာစွာရှိလှပါပေသည်။

ကွမ်းတောရွာသူ ရွာသားတို့ကလည်း စေတနာဝေဖြာ လျက် လိုက်လှဲပျူငှာဖော်ရွေစွာရှိကြသည်။ ရွာ၏အရပ်လေး မျက်နှာတွင် ထန်းပင်၊ ထန်းတောတို့ဖြင့် လွမ်းမောဖွယ်ရာနှင့် မျှိမေတိုင်း မက်မောသည့် နံ့သာတောမှ သနပ်ခါးရနံ့များ ကလည်း သင်းတပျံ့ပျံ့ ကြိုင်လှိုင်လျက်ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရှစ်မျက်နှာကျောင်း မော်ကွန်း

ကွမ်းတောရွာသူရွာသားတို့သည် စေတနာသဒ္ဓါတရား ကောင်းကြသည့်အလျောက် ဘုရားရှင် လက်ထက်တော်က ကျောင်းဒကာဗိမ္ဗိသာရမင်းကြီးသည် ဝေဠုဝန်ကျောင်းတော်ကြီး ကို ဆောက်လုပ်လှူဒါန်းရန်အတွက် ကျောင်းမြေနေရာ ရွေးချယ် ရာတွင်–

၁။ မြို့နှင့် မနီးလွန်း မဝေးလွန်းခြင်း၊
၂။ သွားရေးလာရေး လွယ်ကူစေခြင်း၊
၃။ နေ့အခါလူသူတို့နှင့် မရောပြွမ်းစေခြင်း၊
၄။ ညအခါမြို့ရွာအသံ ဆူဆူညံညံမကြားနိုင်ခြင်း၊

စသော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံစွာသော ကျောင်းနေရာ ကိုရွေးချယ်သည့်နည်းတူ–

ကျောင်းဒကာ အနာထပိဏ် သူဌေးကြီး သည်လည်း သာဝတ္ထိမြို့ တောင်ဘက်၌ ဇေတဝန်ကျောင်းတော်ကြီး ကို ဆောက်လုပ် လှူဒါန်းသကဲ့သို့–

ဗိမ္ဗိသာရမင်းကြီးနှင့် အနာထပိဏ်သူဌေးကြီးတို့၏ နည်းလမ်းနှစ်ရပ်ကို ပေါင်းစပ်၍ စေတနာ သဒ္ဓါဝေဖြာကြသော ရွာသူရွာသားတို့သည်လည်း ရွာတောင်ဘက်၌ မွေ့လျော်ဖွယ် ရာကောင်း၊ ရွာသံအပေါင်းကင်းကွာ၊ မကောင်းအနံ့မလာဘဲ ကိန်းအောင်း ကြည်နူးစရာလည်းကောင်းသဖြင့် မင်္ဂလာအပေါင်



ပေါင်း ပြည့်စုံလှစွာသော ရှေးယခင်ရှစ်မျက်နှာကျောင်းခေါ် မင်္ဂလာသိရီကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းကြလေသည်။

ရှေးယခင်က ရှစ်မျက်နှာကျောင်းဟူသော အမည်သည် ရှစ်မျက်နှာစေတီတော်ကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်ပေ၏။

ရွာတောင်ဘက်၌ တည်ရှိသောကြောင့် အလွယ်တကူ တောင်ကျောင်းဟူ၍သာ အမည်တော်တွင်လေသည်။

## ရှစ်မျက်နှာစေတီမော်ကွန်း

တောင်ကျောင်းခေါ် မင်္ဂလာသိရီကျောင်းတိုက်အတွင်း၌ [illegible]ရှစ်နှာ ဘုရားဆင်းတုတော်ရှစ်ဆူတို့ဖြင့် အထူးသပ္ပါယ်တော် [illegible]သော ရှစ်မျက်နှာ စေတီတော်တစ်ဆူ ရှိတော်မူသည်။

ယင်းရှစ်မျက်နှာစေတီတော်မြတ်ကို အင်းဝခေတ် သတိုး [illegible]လက်ထက် ဘုရင်ကွမ်းတော်ဆက် မိဖုရားဖြစ်ခဲ့သော [illegible]ရှင်သည် သားလှရွှေစင် ဖွားသန့်မြင်ခဲ့သဖြင့် မင်းရိပ် [illegible] မင်းမွေးတဲ့သား လူလားမြောက်ခဲ့သော် မင်းစိုးရာဇာ [illegible]ဖြစ်လာနိုင်ပေ၏ဟူ၍ မျှော်လင့်ပီတိတအိအိဖြစ်ရှိသည့် [illegible] ဦးစွာပထမ ပညာရအောင် ဗုဒ္ဓသာသနာထေရ်ဆရာ [illegible] အပ်နှံ၍ ဖန်ဝါဆင်မြန်း မြတ်သင်္ကန်းဖြင့် ပဗ္ဗဇ္ဇမင်္ဂလာ [illegible]င်ထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာဇာတိရရှိကြသူမှန်သမျှ ကြီး၊ လတ်၊ အငယ်၊ အရွ
သုံးပါးလုံးသေခြင်းတရားကို မလွန်ဆန်နိုင်။ အယုတ်၊ အလ
အမြတ်မရွေး၊ သေခြင်းဘေးမှ မကင်းဝေးနိုင်ကြသည့်အလျော
ဒေါ်စောရှင်တစ်ယောက်၏ ရင်နှစ်သည်းချာ တစ်ဦးတည်းသ
ရတနာ ရှင်သာမဏေခများသည် လူတို့၏ကြည်ညိုခြင်းထ
နတ်တို့၏ကြည်ညိုမှုကို နှစ်သက်သောအလား တာဝတိံန
ဒေဝါတို့ပင့်ရာသို့ လိုက်ပါကြွရာတော်မူလေ၏။

"အိုဘေး၊ နာဘေး၊ သေဘေးဟု ဤဘေးသုံးပါး၊ လွ
ကြီးမားကား၊ သားနှင့်အမိ၊ ဖြစ်တုံဘိလည်း၊ မျက်
အောက်တွင်၊ ရင်ခွင် တင်လျက်၊ သက်သက် ရေးပို
မကယ် နိုင်ဘူး၊ လက်မှိုင် ချကာ၊ နေရစ္စာရှင့်"

ဟူသော မဃဒေဝပညာရှင်၏ စာဆိုနှင့်အညီ ဒေါ်
ရှင်ခများ မဖြေသာ မဆည်သာ သောကကုဋ္ဌေကဋ္ဌာဖြင့် ပရိဒေ
ဝေဖြာလျက် မလန်းသောနှလုံး၊ မပြုံးနိုင်သောမျက်နှာ မခ
သောမျက်ရည်ဇလာတို့ဖြင့် မပြတ်ခါခါရှိနေရာသောကြေ
ကိုးကွယ်အားထားရာ ဆရာသခင်ထေရ်အရှင်တို့က "သ
သတ္တာ မရဏဓမ္မာ၊ မရဏပရိယောသာနာ" အစဖြာသော ဒေ
နာတို့ဖြင့် ကျမ်းဂန်မွှေနှောက် သံဝေဂပေါက်အောင် အခေါ
ခေါက်အခါခါ ဟောပြောကြသောအခါ ဒေါ်စောရှင် သ
သံဝေဂဉာဏ်အမြင်မှန်ရလျက် မိမိလည်းသောကပြေ ပျော



ဗ္ဗာန်မျက်မှောက်ပြုနိုင်ရန် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့လည်း
သမ္ဗုဒ္ဓတို့ဖွံ့ဖြိုးလိုအပ်သောအကျိုးကိုပြည့်စုံစေခြင်းငှာ ဘုရင်ထီး
ဘုရား ဆုလာဘ်ပေးသနားထားသော အသပြာငွေသုံးပိဿာ
တီ စားလည်းစား၊ ဘုရားလည်းတည်ဆိုသော သဘောဖြင့် သား
ရတနာကို လွမ်းကာ တ,နေမည့်အစား၊ ဘုရားရတနာကိုမှန်းဆ
သော ပူဇော်နေတော့မည်ဟူ၍ မီး(၁၁) ပါးငြိမ်း စေသောအားဖြင့်
ညာဏ်တော် (၁၁) တောင် အမြင့်ဆောင်သော ရှစ်မျက်နှာစေတီ
တော်ကို သားကိုရင်လေးနှင့်ပုံဟန်သဏ္ဌာန်တူစွာ ရွှေကိုယ်တော်
လေး၊ ငွေကိုယ်တော်လေး၊ ရုပ်တုများသွန်းပြု၍ ဌာပနာသွင်းပြီး
ခံရှစ်မှခ်၊ ဆင်းတုတော် ရှစ်ဆူ၊ အရပ်ရှစ်မျက်နှာ မျက်နှာမူ
မျက်ပုံစံဖြစ်သော ရှစ်မျက်နှာစေတီတော်ကို တည်ထားကိုး
ကွယ်လေသည်။

ဒေါ်စောရှင်၏ကောင်းမှုဖြစ်သော ရှစ်မျက်နှာစေတီတော်
နှင့်တစ်ဆက်တည်းပင် ဒေါ်စောရှင်၏ဆွေစဉ်မျိုးဆက်များဖြစ်
ကြသော–

"ဦးစံထွန်းတည်ထားခဲ့သောစေတီတော်၊ ဒေါ်ခဲမိသားစု
တည်ထားခဲ့သောစေတီတော်၊ သူကြီးဦးအုန်းမြိုင် + ဒေါ်ရွှေမြင့်
မိသားစုတည်ခဲ့သော စေတီတော်"

ဦးဣန္ဒက ဦးဆောင်၍ ရွာသူရွာသားများ၏ စေတနာဖြင့်
ပျံလွန်တော်မူပြီးသော ဆရာတော်ကြီးများ၏ အရိုးများကိုသည့်

www.burmeseclassic.com

www.burmeseclassic.com



သွင်း၍ တည်ထားသော အရိုးအိုးစေတီတော်တို့ကို ကျောင်းဝိုင်
ကြီးအတွင်း၌ အုတ်တံတိုင်းများ သီးခြားကာရံပြီး အသီးသီ
တည်ထားကြသည်။ ထိုသို့တည်ထားကြသဖြင့် ဤဘဒ္ဒကမ္ဘာ
တွင် ဘုရားငါးဆူပွင့်တော်မူသည်ကို ရည်ရွယ်သောအလားသ
ငါးဆူသော စေတီတော်တို့သည် ဆွဲလည်းသံ တစ်ညံ့ညံ့ နာ
ဝင်ပီယံစိမ့်အောင် ကြည်နူးဖွယ် တစ်သိမ့်မှိမ့်ဖြင့် သဒ္ဓါယိုဖိ
လျက် တင့်တယ်သပ္ပါယ် ကြည်ညိုဖွယ်ရာ ဖူးမြော်ခွင့်ရကြ
သည်။

## မင်္ဂလာသိရီတိုက်ကျောင်း မော်ကွန်း

သဒ္ဓါပြန့်ပြောကြသော ရွာသူရွာသားများကလည်း
ယခင် ဤကျေးရွာတွင် ဘုန်းကြီးကျောင်းမရှိသေးသဖြင့် ရဟ
သံဃာများ၏ ဆုံးမဒေသနာများကို အမြဲနာကြားနိုင်ရန် စာ
ကျမ်းဂန်နှံ့စပ်တော်မူသော ဆရာတော်များကိုပင့်၍ ကျော
ဆောက်ကိုးကွယ်လိုကြသော စေတနာဖြင့် ရှစ်မျက်နှာစေ
တော်၏ခြေရင်း၌ ကျောင်းစတင်ဆောက်လုပ်ကြလေသည်။

ယင်းကျောင်းကိုလည်း ရှစ်မျက်နှာဘုရား အနီးတွ
ဆောက်လုပ်ခြင်းကြောင့် ရှစ်မျက်နှာဘုရားကို အစွဲပြုပြီး
မျက်နှာကျောင်းဟူ၍ စတင် မော်ကွန်းတင်ခဲ့ကြလေ၏။



ရွာသူရွာသားများကလည်း ဆက်ကာဆက်ကာ လက်
ကမ်း၍ ခေတ်နှင့်လျော်ညီသော ကျောင်းဒကာ၊ ကျောင်း
အမအဖြစ်ကိုခံယူလာခဲ့ကြရာ နောက်ဆုံးတွင် မြိုင်မြို့အထက်
း ကျောင်းအုပ်ဆရာကြီး ဦးရုံး+ဒေါ်သိမ်သားစု ကွမ်းတောရွာ
ဖြစ်သူတို့က ဆောက်လုပ် လှူဒါန်းခဲ့သော သစ်သား
င်းတော်ကြီးကို ဖျက်၍ ပခုက္ကူမြို့၊ နေနတ်သားဆေးတိုက်
ရှင် ဦးအောင်ရင်+ဒေါ်ချစ်မိသားစုတို့က အများဆုံး လှူဒါန်း
ပြု၍ ရွာသူရွာသား၊ ပြည်သူလူထုများ၏ စုပေါင်းစေတနာ
အလျား (၉၀)ပေ၊ အနံ (၃၆) ပေရှိသော ထည်ဝါသော
ပ်တိုက်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းကြသည်။
[illegible]၅၇ ခုနှစ် တပို့တွဲလဆန်း ၇၊ ရက်နေ့တွင် ပြီးစီးအောင်မြင်
င်းလွှတ် သဘင်ကိုပွဲကြီးဆင်၍ စေတနာကြည်ဖြူ ရေစက်
ကြလေသည်။

ထိုတိုက်ကျောင်းတော်ကြီးသည် ထီးထီးမားမား ထည်
ဝါဝါ ခံ့ခံ့ညားညားဖြင့် မင်္ဂလာကျက်သရေအပေါင်း
င်း ပြည့်စုံသောကြောင့် "မင်္ဂလာသိရီ" တိုက်ကျောင်းဟူ၍
တော် မော်ကွန်းသစ်ဖြင့် မှတ်တမ်းတွင်ရစ်စေ၏။

"မင်္ဂလာသိရီ" ဟူသော တိုက်ကျောင်း အမည်တော်ကို
ပါယ်ဖော်ကြည့်သော် –

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဟူသော ပါဠိ၊ သိရီဟူသောပါဠိ၊ ထိုပါဠိနှစ်ရပ်ကို
ပေါင်းစပ်ထားခြင်းဖြစ်သည်။ ထိုနှစ်ရပ်၌ မင်္ဂလာဟူသော ပါဠိ
ကား –

မင်္ဂလန္တိ မဟန္တိ ဣမေဟိ သတ္တာတိ မင်္ဂလာနိ။

ဣမေဟိ– ဤတရားတို့ဖြင့်။ သတ္တာ– သတ္တဝါတို့သည်
မင်္ဂလန္တိ မဟန္တိ – တိုးတက်ကြီးပွားကြကုန်၏။ ဣတိတသ္မာ–
ထိုသို့ တိုးတက်ကြီးပွားကြောင်း ဖြစ်စေသောကြောင့်။ မင်္ဂလာ
နိ–မင်္ဂလာတို့မည်ကုန်၏–ဟူ၍ပြဆိုထားသောကြောင့် တိုးတက်
ပြီးမြောက် ကြီးပွားခြင်းသို့ရောက်၍ စည်းစိမ်ချမ်းသာ အဖြာဖြာ
နှင့် ပြည့်စုံခြင်းသည် မင်္ဂလာမည်၏ဟု အဓိပ္ပါယ်ရလေသည်
(တစ်နည်း) မင်္ပါပံ လုနာတိ ဆိန္ဒတီတိမင်္ဂလံ၊ မင်္ပါပံ –
မကောင်းမှုဟူသမျှကို။ လုနာတိ ဆိန္ဒတိ – ရိတ်ဖြတ်တတ်၏
ဣတိတသ္မာ– ထို့ကြောင့်။ မင်္ဂလံ –မင်္ဂလာမည်၏ဟူသည်နှင့်
အညီ မကောင်းမှုတွေ ပယ်ပျောက်၊ ကောင်းမှုတွေ ကျရောက်
ခြင်းကို မင်္ဂလာဟု ဆိုရပေသည်။

အရပ်အခေါ်၊ အများခေါ်ဝေါ် သုံးစွဲနေကြသော သိရီ
၏ပါဠိအမှန်မှာ သိရီ ဖြစ်၏။

သိရီဟူသော ပါဠိအဓိပ္ပါယ်ကို ကျက်သရေဟုခေါ်ဆိုကြ
သော်လည်း မူလဋီကာဆရာ ဖွင့်ပြပေးသည်မှာ–

"သိရီတိ ပညာ ပုညာနံ အဓိဝစနန္တိ ဝဒန္တိ"



သိရီတိ– သိရီဟူသည်မှာ။ ပညာ ပုညာနံ– ပညာနှင့်
ကောင်းမှုတို့၏။ အဓိဝစနန္တိ–အမည်ဟူ၍။ ဝဒန္တိ–ဆိုကုန်၏။

"အထဝါ ပုည နိဗ္ဗတ္တာ သရီရသောဘဂ္ဂါဒိ သမ္ပတ္တိ ကတ
ပုညေဟိဝါ နိဿယတီတိ သိရီတိ ဝုစ္စတိ။"

(အနက်) အထဝါ–တစ်နည်းသော်ကား၊ ပုညနိဗ္ဗတ္တာ–
ကောင်းမှုကြောင့်ဖြစ်လာရသော၊ သရီရသောဘဂ္ဂါဒိသမ္ပတ္တိ–
ကိုယ်၏ တင့်တယ်ခြင်း စသောပြည့်စုံမှုကို ကတပုညေ
နိဿယတီတိ– ကောင်းမှုပြုခဲ့သူကို မှီတတ်သောကြောင့်လည်း
ကောင်း၊ ကတပုညေဟိဝါနိဿယတီတိ– ကောင်းမှုပြုသူတို့က
မှီဝဲသောကြောင့်လည်းကောင်း။ သိရီတိဝုစ္စတိ– သိရီဟူ၍ဆို
အပ်၏။

ထို့ကြောင့် ရှေးကောင်းမှုကြောင့် ဖြစ်ရသော ကိုယ်ရေ
ကောင်းလှပတင့်တယ်ခြင်း၊ အစိုးရခြင်း၊ အခြွေအရံများခြင်း၊
ဉာဏ်ပေါ များခြင်း၊ ပညာကြီးခြင်းစသော၊ သမ္ပတ္တိအမျိုးမျိုးကို
သိရီဟု ခေါ်ပါသည်။

ယင်းပါဠိနှစ်ရပ်ကို တိုတိုကျဉ်းကျဉ်း လိုရင်းပြန်လည်
ပေါင်းစပ်ကြည့်လျှင်–

"မကောင်းမှုဝေးကွာ စည်းစိမ် ဥစ္စာအဖြာဖြာနှင့် ပြည့်စုံ
ခြင်းဟု ဆိုလိုပေသည်။"

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော အနက်အဓိပ္ပာယ် ဂုဏ်ဒြပ်တို့ဖြင့် ပြည့်ဝ ထည်ဝါသော မင်္ဂလာသိရီ တိုက်ကျောင်းတော်သစ်ကြီး ဘုန်းကြီး ဦးစာရိတ္တ၏ ဦးဆောင်မှုဖြင့် သာသနာတစ်ခေ သမိုင်းသစ်ဖြ[redacted]သည်။

ထိုမင်္ဂလာသိရီ တိုက်ကျောင်းကြီး၏ ခြေတော်ရင်းတွ ၁၃၅၂–ခုနှစ်က အရှင်သုစိတ္တဦးဆောင်၍ ၎င်း၏ရဟန်းအမကြီ ဒေါ်ဂျစ်ထောင်၏ မ,တည်လှူဒါန်းငွေဖြင့် ရွာသူရွာသားမျာ စုပေါင်း လှူဒါန်းဆောက်လုပ်အပ်သော ဆွမ်းစားဆောင်တ ထပ်တိုက်ကျောင်း။

မုံရွာမြို့၊ သစ္စာဆီစက်ပိုင် ဦးညွန့်သောင်း +ဒေါ်မိမိ မိသားစုတို့ မတည်၍ အများကောင်းမှုဖြစ်သော သီရီသစ္စ တိုက်ကျောင်း။

ကျောက်ခွက်ရေနံမြေ ကာယ၊ ဉာဏ လုပ်သားမျာ စုပေါင်း ဆောက်လုပ်လှူဒါန်းအပ်သော သာသနဝိသောဓနီသိ ကျောင်း။

ဤသို့စသည် စသည်ဖြင့် တိုက်ကျောင်းကြီးပတ်လည် တွင် ကျောင်းငယ်အသွယ်သွယ်ခြံရံလျက် လူနေဇရပ် ရေတွင်း ရေကန်အရပ်ရပ်နှင့် မုခ်ဦးနှစ်ဖက် အုတ်တံတိုင်းကာရံပတ်လျက် မင်္ဂလာကျက်သရေ အထွေထွေဖြင့် တင့်တယ်ပေတောင်း။ မွေ့ လျော်ဖွယ်ကောင်းသော ကျောင်းတိုက်ကြီးဖြစ်ပေသည်။



## ကျောင်းထိုင်အဆက်ဆက် မော်ကွန်း

ရှေးယခင် ရှစ်မျက်နှာကျောင်းခေါ် မင်္ဂလာသိရီတောင် ကျောင်းတိုက်၌ သီတင်းသုံးခဲ့ကြသော ကျောင်းထိုင်ဆရာတော် အဆက်ဆက်များမှာ–

၁။ အလယ်ကန်ရွာဇာတိ ဆရာတော်ဦးဥတ္တမ၊
၂။ စပေရွာဇာတိ ဆရာတော်ဦးသိရီမာလာ၊ (လူအမည်ဦးအပ်)။
၃။ ဦးသိရီမာလာ၏(ညီ) ဦးဒေဝိန္ဒ၊ (လူအမည်ဦးထပ်)။
၄။ ဇာတိနှင့်ဘွဲ့အမည်မမှတ်မိတော့သော လူအမည် ဦးအောင်ကြီး။
၅။ ဂေါင်းကွဲရွာဇာတိဆရာတော် ဦးသီလာစာရ၊ (လူအမည်ဦးစိန်၊ ရေစကြိုဆရာတော် ဦးဂန္ဓသာရ၏ တပည့်အရင်း)။
၆။ ဦးသီလာစာရ၏(ညီ)ဆရာတော်ဦးနန္ဒမာလာ၊
၇။ ကွမ်းတောရွာဇာတိ ဆရာတော်ဦးဣန္ဒက၊ (လူအမည်ဦးချစ်)။

**မှတ်ချက်** ။ ။ ဦးနန္ဒမာလာ ပျံလွန်တော်မူသောအခါ ကွမ်း တောရွာဇာတိ ဆရာတော် ဦးဉာဏဝံသအား လွှဲအပ်ထားရာ ဆရာတော် ဦးဉာဏဝံသကို

www.burmeseclassic.com

www.burmeseclassic.com



လက်ယက်မရွာ ဒကာ၊ ဒယကာမ များကလာ ရောက် ပင့်လျှောက်ကြသဖြင့် လက်ယက်မရွာ စံပယ်ရုံ မြောက်ကျောင်းသို့ ရွှေ့ပြောင်း ကျောင်းထိုင်သဖြင့် ဦးကုမာရ နှင့် ဦးကဏ္ဍက တို့နှစ်ပါးအား လွှဲအပ်ထားခဲ့ရာ ဦးကုမာရ သည် ဒေးဒရဲမြို့နယ်၊ကွန်ဒိုင်းအုပ်စု ကြီးကြာ ရွာ၌ ကျောင်းထိုင် သီတင်းသုံးနေသဖြင့် ဦးကဏ္ဍကသာ ကျောင်းထိုင်ဖြစ်သည်။

၈။ ကွမ်းတောရွာဇာတိ ဦးကဏ္ဍသိရီ၊
(လူအမည်ဦးဘကွန်း)။

၉။ မြိုင်နယ်ကျွဲပုတ်ဇာတိ ဦးကုသလ၊
(လူအမည်ဦးကျော်ဝ)။

၁၀။ ယခုထေရုပ္ပတ္တိရှင် ဦးပညာသိရီ၊

ဆရာတော် ဦးပညာသိရီသည် တောရဆောက်တည် လိုသဖြင့် ကျောင်းပိုင်ဖြစ်သော်လည်း ကျောင်းထိုင်တော်မမူခဲ့။

၁၀။ (က) ကိုရင်ကြီးရှင်ကဏ္ဍက၊
(လူအမည်ဆရာချစ်)။

(ခ) ဦးဥတ္တမ၊
(လူအမည်ဦးချစ်ခင်- ပရိသုဒ္ဓပြု)။

(ဂ) ဦးစာရိတ္တ

ယခုကျောင်းထိုင်တို့အား ကျောင်းကိစ္စအရပ်ရပ်တို့ကို တာဝန်ပေး အပ်နှင်းထားလေသည်။

⊙ ⊙ ⊙

# ကျေးစုးရှင်အရည်ဝါသီဆရာတော်ဘုရားကြီး ဘဒ္ဒန္တပညာသိရီ ၏ မဟာထေရုပ္ပတ္တိမော်ကွန်း

## အာစရိယဝန္ဒနာမင်္ဂလာ

"သီလာဒိဂုဏသမ္ပန္နံ၊ ဝါသစုရံသူပါကဋံ။
ပညာသိရိမဟာထေရံ၊ အရည်သို့နမာမဟံ။"

အရည်သို့- ကုတ်လုပ်လေးတာ အပြန်ငါးရာမျှ အကွာ [illegible]မ်းဆေး တောငှက်ကျေးတို့၏ ဟစ်ကြွေးသံရှာ ရေကန်သာနှင့် [illegible]ပန်းစုံ မန်းကျည်းကန်ဝေတာရဂုံ၌။ ဝါသစုရံ- နှစ်ပေါင်း [illegible]သော် လေးဆယ်ကျော်၍ အဖော်မမှီး တစ်ကိုယ်တော်တည်း [illegible] ငြီးကြည်ဖြူ အောင်လံတော်ထူဖို့တမူထူးခြား ချိန်မနား[illegible] [illegible] အလုပ် ပွားများအားထုတ်တော်မူသော။ သီလာ[illegible]ဂုဏ

www.burmeseclassic.com

www.burmeseclassic.com



သမ္ဗန္ဓ– သီလစသည် ဂုဏ်ပေါင်းတည်လျက် စုံညီဥသုံ ပြည့်စုံတော်မူပါပေသော။ သုပါကဋ္ဌ–တောရထေရ်ကျော် (ရဟန္တာ) ဆရာတော်ဟု ဂုဏ်တော်သတ်မှတ် တန်ခိုးဇာတ်တို့ ဖြစ်ရပ်အံ့ဖွယ် အသွယ်သွယ်ကြောင့် နယ်နယ်ရပ်ရပ် ကြည်ညိုကြပ်၍ မပြတ်မစဲ တစ်သဲသဲလျှင် အမြဲဖူးမြော် ဂုဏ်ရောင်ကျော်လျက် တိုင်းတော် တစ်လွှား ကောင်းစွာ ထင်ရှား ကျော်ကြားတော်မူသော။ ပညာ သိရီမဟာထေရ်– ဘဒ္ဒန္တပညာသိရီ ရွှေဘွဲ့ချီသည့်၊ ဂုဏ်ရည် မြင့်ကျော်ပြည့်စုံတော်မူသော မဟာထေရ်မြတ်ကြီးကို။ အဟံ– မဟာထေရ်မြတ်ကြီး၏ ဂုဏ်အင်ဖြစ်ရပ် ထေရုပ္ပတ်ကို လုပ်ဇာတ် မထွင် မော်ကွန်းဝင်မည့် ပေါ်လွင်ခြင်းရာ အဖြာဖြာကို စုကာ ရေးသည့် ပညာဓိကခေါ် ဘုရားတပည့်တော်သည်။ နမာမိ–ဆရာ့ဂုဏ်တော် စိတ်မှာမျှော်၍ ပူဇော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

သီလ စသည် ဂုဏ်ရည်ဒြပ် ထူးမြတ်အထွေထွေ ပြည့်စုံတော်မူပေသော ဆရာတော်အရှင်သူမြတ်ကြီး၏ ဖြစ်စဉ်ဖြစ်ရင်ကျင့်စဉ်ကျင့်အပ် ထေရုပ္ပတ်ခေါ် ဘဝမော်ကွန်းကို ဖော်ညွှန်းတင်ပြရသော် –



**ပဋိရူပဒေသမင်္ဂလာ**

"ဒုလ္လဘော ပုရိသဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ။
ယတ္ထသော ဇာယတိ ဓိရော၊ တံ ကုလံ သုခ မေဓတိ။"

ယောက်ျားအာဇာနည်ကိုရခဲ၏။ ထိုယောက်ျားအာဇာနည်သည် နေရာတိုင်း၊ ဒေသတိုင်း၊ အမျိုးတိုင်း၌မဖြစ်။ အကယ်၍ ဖြစ်ခဲ့လျှင် ထိုယောက်ျားအာဇာနည်ဖြစ်ထွန်းရာဌာန၊ ဒေသ အမျိုးအနွယ်သည် ချမ်းသာနိုင်၏ဟု ဟောဖော်ညွှန်ပြအပ်သော ဒေသနာသာဓကနှင့်အညီ နေရာတိုင်း၊ ဒေသတိုင်း၊ အမျိုးတိုင်း မဖြစ်နိုင်သော ယောက်ျားအာဇာနည်ခေါ် ပုဂ္ဂိုလ်ကျော်တစ်ပါးကို ရှားရှားပါးပါး၊ ထူးထူးခြားခြား ပေါ်ပေါက်လာသော ပဋိရူပ အရပ်တစ်ခုကား–

မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ ကွမ်းတောရွာ ဖြင့်၏။

ကွမ်းတောရွာရှိ အမျိုးအနွယ်များနှင့်တစ်ကွ မြို့နယ်သူ မြို့နယ်သားများမှအစ ချဉ်းကပ်ခိုဝင် သူတော်စင်အပေါင်း တို့အား သမ္ပတ္တိဖွံ့ဖြိုး ချမ်းသာအမျိုးမျိုးကို ပေးစွမ်းနိုင်သော အမြတ်တစ်ပါး၊ ပတ္တမြားတစ်ပွင့်၊ စန္ဒကူးအနှစ်နှင့် ပုံတူပြုအပ်သော ပညာအမော် အာဇာနည်ကျော် မဟာထေရ်တော် ဖြစ်မည့်လောင်းလျာတော်ကို–

"သဒ္ဓါဓနံ သီလဓနံ၊ ဟိရီဩတ္တပ္ပိယံဓနံ။
သုတာနဉ္စ စာဂေါစ၊ ပညာဝေ သတ္တမံ ဓနံ။"

(အံ–သတ္တနိပါတ် ဓနဝဂ်)

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဂါထာဒေသနာလာ သူတော်ကောင်းဥစ္စာ (၇) ဖြာနှင့် မှန်စွာပြည့်စုံ၍ ရတနာသုံးရပ် အမြဲမပြတ်ဆည်းကပ်ကြပြီး နတ်သမီး၊ နတ်သားစုံဖက်ထားသော ဇနီးမောင်နှံအလားသို့။

"လူမြေရပ်ခွင်၊ အိမ်ရှင်အိမ်သူ၊ မြတ်ရည်တူလျက်၊ ဆုယူ
ညီမျှ၊ လှူဒါနနှင့်၊ သီလမယိုင်၊ သဒ္ဓါပြိုင်မူ၊ ဘုန်းလှိုင်
ကျော်ကြား၊ မိုးနတ်သားနှင့်၊ ဆွေဝါးဇနီး၊ နတ်သမီးသို့"

ဟူသည်နှင့် ထပ်တူညီလှသော သဒ္ဓါပန်းခိုင် အမြဲလက်ကိုင်ရှိသော ဦးဘိုးလှိုင်နှင့် သဒ္ဓါပြန့်ပြောအလှူရက်ရောသော ဒေါ်စောတို့ဟူသည် ကွမ်းတောရွာကြီးတွင် နေထိုင်ခဲ့ကြလေသည်။

**ဝိဓာတာမင်္ဂလာ**

ဦးဘိုးလှိုင်+ဒေါ်စောတို့သည် ရိုးသားဖော်ရွေသူများ ဖြစ်ကြသည့်အလျောက်-

"သမ္မာအာဇီဝေါ သေဝိတဗ္ဗော၊
မိစ္ဆာအာဇီဝေါ နသေဝိတဗ္ဗော။"
(အံ၊ ဋ္ဌ၊ တ)

ဟူသော ဒေသနာနှင့်လျော်ညီစွာ သမ္မာအာဇီဝ ကျကျ ပရိယေသန ရှာမှီးကြ၍ သမ္မာအာဇီဝမကျသော မိစ္ဆာဇီဝဖြင့် အသက်မွေးဝမ်းကြောင်း မရှာမှီးမူဘဲ တောသူ၊ တောင်သားပီပီ



မိဘရိုးရာ တောင်သူလယ်ယာ အလုပ်ဖြင့်သာ မိသားစု၏ စားဝတ်နေရေးကို ဖြည့်ဆည်း၍ စွမ်းအားရှိသလောက်သော ဒါန၊ သီလ၊ ဘာဝနာ တို့ဖြင့်မွေ့လျော်ကာ နေကြလေသည်။

ဦးဘိုးလှိုင်တို့မိသားစုတွင် မနွယ်ဟူသော သမီးတစ်ယောက် ထွန်းပေါက်ပြီးနောက်တွင် ဒေါ်စောတစ်ယောက်သည် ဒုတိယအကြိမ်မြောက် ကိုယ်ဝန်ဆောင်သည့်ဘဝသို့ရောက်သောအခါ ပထမအကြိမ် ကိုယ်ဝန်ဆောင်စဉ်ကနှင့်လည်း မတူ၊ အခြားကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် တစ်မူခြားနားလျက် သီလဆောက်တည်လိုခြင်း၊ သံဃာတော်များကို မကြာမကြာ ဖူးမြင်လိုခြင်း၊ တောထူရာ သစ်ပင်အောက်၌သာ အေးအေးလူလူ နေလိုခြင်းများ တဖွားဖွားဖြစ်ပေါ်ခဲ့သည် ဟူ၏။

လောက၌ ကိုယ်ဝန်သည်မိခင်များသည် သားသမီး မမွေးဖွားမီ ချင်ခြင်းအမျိုးမျိုးဖြစ်ကြသည်မှာ ဓမ္မတာပင်ဖြစ်၏။

ကိုယ်ဝန်ရှိစဉ် တချို့ ဆေးလိပ်ဖြာလျက်ချင် ကြ၏။ တစ်ချို့အချဉ်စားချင် ကြ၏။ ဝေဒေဟီ မိဖုရားကြီးသည် အဇာတသတ် မင်းသားလောင်းကို ကိုယ်ဝန်ဆောင်ထားစဉ်က ခမည်းတော်ဘုရင် ဗိမ္ဗိသာရမင်းကြီး၏ လက်မောင်းသွေးကို သောက်၍သောက်လိုသော အာသာချင်ခြင်းဖြစ်ခဲ့၏။ အဇာတသတ်မင်းသား ကြီးပြင်းလာသောအခါ အဖသတ်သားဖြစ်လာသည်။ မိခင်လောင်းများသည် မိမိတို့ချင်ခြင်းဖြစ်သည်ကို

www.burmeseclassic.com



ဆင်ခြင်၍ မွေးလာမည့် သားသမီးရတနာကို ဝေဖန်နိုင်းချိန်နိုင်ရာ၏။

မယ်တော်ဒေါ်စော ချင်ခြင်းတပ်သော သဘောသည် ဗုဒ္ဓမြတ်စွာသာသနာအတွက် အားတက်ဖွယ်ရာပင် ဖြစ်ချေသည်။

မိခင်ဒေါ်စော ကိုယ်ဝန်သည် ကိုးလလွယ်၍ ဆယ်လဘက်သို့အရောက်တွင် ရဟန်းရှင်လူ သူတော်စင်တို့ အတုယူကျင့်သုံးလိုက်နာဖွယ်ရာ ဖြစ်လတ္တံ့သော ဆရာတော်လောင်းလျာကို ၁၂၇၆ ခုနှစ်၊ တန်ခူးလဆုတ် (၇) ရက် ကြာသပတေးနေ့ နံနက် (၇) နာရီ သုနက္ခတ္တ သုမင်္ဂလာ သုပ္ပဘာတ အချိန်တွင် အတိဇာတ သားလုရတနာကို ဝမ်းသာကြည်နူးစွာ မီးရှူးသန့်စင် ဖွားမြင်လေသည်။

ဦးဘိုးလှိုင်+ ဒေါ်စောတို့၏ ရင်နှစ်သည်းချာ သားရတနာသည်-

ထွန်းထွန်းကားကား
ယောက်ျားတစ်ဆူ
ထိုသ,သူလျှင်
လူ့ဌသော်လည်း
ရနိုင်ခဲ၏။
နက်နဲသိမြော်
ကြီးမြင့်သော်မူ



လေးဖော်မျိုးစစ်
မှီရာဖြစ်လိမ့်။။
(ကိုးခန်းပျို့)
ဟူသည်နှင့်ညီပေလတ္တံ့။

အဘေဒရဏမင်္ဂလာ

လောကဋ္ဌသား (၃) မျိုးရှိကြောင်း ဣတိဝုတ်ပါဠိတော်
ချင်း-

"အတိဇာတံ အနုဇာတံ၊ ပုတ္တံ ဣစ္ဆန္တိ ပဏ္ဍိတာ။
အဝဇာတံ နဣစ္ဆန္တိ၊ ယော ဟောတိ ကုလဂန္ဓနော။"
ဟူ၍ ဟောပြဆိုထား၏။

၁။ မိဘတို့ထက် သီလ၊ သမာဓိ၊ ပညာ သာသော အတိဇာတသားမျိုး။
၂။ မိဘတို့နှင့် သီလ၊ သမာဓိ၊ ပညာ တူညီမျှသော အနုဇာတသားမျိုး။
၃။ မိဘတို့အောက် သီလ၊ သမာဓိ၊ ပညာ ယုတ်လျော့သော အဝဇာတသားမျိုး။

ဟူ၍ (၃) မျိုးရှိသည်။ ထို (၃) မျိုးတွင် မိဘတို့အောက် ...လျော့သော အဝဇာတသားမျိုးကို မည်သည့်မိဘမျှ အလို ...ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း မည်သည့်သားမျိုးဖြစ်စေကာမူ မိဘတို့ မေတ္တာမှာ ကြီးမားကြပါသည်။ "ဗြဟ္မာတိ မာတာပိတရော" ဟူသော ဘုရားဟောနှင့်အညီ ဗြဟ္မာကြီးများသည် မေတ္တာ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရား အမြဲပွား များကြသကဲ့သို့ မိဘတို့သည်လည်း သားသမီးတို့အား ဗြဟ္မစိုရ် တရား အမြဲထားကြလေသည်။

မိဘတို့သည် သားသမီးများအပေါ်၌ မည်မျှချစ်ကြသည် ကို သောတာပန်ဖြစ်နေသော သုဒ္ဓေါဒနမင်းကြီးက သားတော် ဘုရားအား လျှောက်ထားသော စကားတစ်ရပ်ကို အကျဉ်းချုပ် ထုတ်ဖော် တင်ပြရသော် -

"သားသမီးတို့၏အပေါ်၌ မိဘတို့၏ချစ်ခြင်းမေတ္တာ သည် အရေပါးကိုဖောက်၍ အရေထူပေါက်အောင်၊ အရေထူကို ဖောက်၍ အကြောစိမ့်အောင်၊ အကြောကိုဖောက်ထွင်း၍ အသား ရောက်အောင်၊ အသားကို ဖောက်ထွင်း၍ အရိုးရောက်အောင် အရိုးကို ဖောက်ထွင်း၍ ရိုးတွင်းခြင်ဆီ၌ ပျံ့နှံ့တည်အောင် ချစ်ကြပါသည်ဘုရား" ဟူ၍ လျှောက်ထားဖူးလေသည်။

ဦးဘိုးလှိုင် + ဒေါ်စောတို့သည်လည်း ရင်သွေးဟူ ချစ်မဝသို့ ပုထုဇဉ်အဆင့်မို့ ပို၍ပို၍ပင် ချစ်ပေလိမ့်ဦးမည်။

သားဟို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ ဘစ်ပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်းဟူဘိသို့ မိမိတို့သည် သားရတနာကို တစ်ဖဝါးမခွာ ကြည့်ရင်း နှောင်တစ်ချိန် ဘုရား



သနာတွင် သာသနာ့ဝန်ဆောင် ရဟန်းဘောင် ရောက်လျှင် ခံနိုး အရိုန်အဝါတန်ဆောင်နှင့် ပြည့်စုံစေအောင် အတိတ် ဆောင်ဖြင့် နိမိတ်ဆောင်၍ သားရတနာ၏အမည်သညာကို ခင်ရိုန် ဟူ၍ပင် **နာမ ကာ**ရဏာမင်္ဂလာပြုကြလေသည်။

သို့သော်လည်း ငယ်စဉ် အခါက မိဘများ၏တစ်ဦး ည်းသော သားရတနာမို့ တစ်ဖဝါးမခွာပွေ့ချီကြကာ အလို ပါထားသောကြောင့် အဘိုး၊ အဘွား၊ ဆွေမျိုးများက ဆိုး ဆိုးလေမလားဟူ၍ အထင်မျိုးဖြင့် မောင်ဖိုးဆိုး ဟူ၍ပင် ည်တွင်ခဲ့လေသည်။

နာမည်မောင်ဖိုးဆိုးဟုခေါ်သော်လည်း စိတ်ထားမှာနူးညံ့ ဖွေ့လှပါသည်။ နာမည်ဆိုးသော်လည်း စိတ်ဓာတ် မဆိုး ကြောင်းကို ကာဠကဏ္ဏိဇာတ်တွင် နာမည်ကောင်းဖို့ထက် စိတ် ကောင်းဖို့က အရေးကြီးကြောင်း မိန့်ဆိုထားလေသည်။

⊕ ⊕ ⊕

www.burmeseclassic.com

www.burmeseclassic.com

## သိပ္ပမင်္ဂလာ မော်ကွန်း

### သိပ္ပံသိက္ခာပေဿိမင်္ဂလာ

ပညာ နရာနံ ရတနာနံ– ပညာဟူသည် လူတို့၏အတ
ဘယ်ဆုံးသော ရတနာဖြစ်သောကြောင့် မိဘနှစ်ပါးရင်ခွင်ကြ
မှ တစ်စတစ်စကြီးထွားလာသော သားကောင်းတစ်ယော
ကျောက်ကောင်းတစ်စေ့ဖြစ်မည့် မောင်ဖိုးဆိုးအား လောကတွ
ဘန်ဖိုးအရှိဆုံးအတတ်ပညာများကို သင်ကြားဆင်မြန်းပေးရ
အချိန်တန်လေပြီ။

အသက်အရွယ်အားဖြင့် (၇) နှစ်အရွယ်သို့ ချဉ်းနင်း
ရောက်လာသည့်အလျောက်–

*အတတ်ပညာ၊ အလိမ္မာကို၊ ငယ်ခါကလျှင်၊*
*မသင်စေငြား၊ မိဘများက၊ သား၏ရန်သူ၊*
*မည်သောဟူရှင့်။*

(မဃ ၁၃၀)



ဆိုသည်နှင့်အညီ၊ ရန်သူတစ်ယောက်သည် တစ်ဖက်ရန်
ကို ဆင်းရဲအောင်သာ လုပ်၏။ ချမ်းသာမှုကို မဖြစ်စေနိုင်။
မသင်စေသော မိဘများသည်လည်း သားသမီးများကို
ဆင်းရဲရဲနေရအောင်ပြုရာရောက်သည်။ မချမ်းသာစေနိုင်။
ကြောင့် ပညာမသင်စေသော မိဘများသည် သားသမီးများ၏
ပင်ဖြစ်သည်ဟု ဆိုရိုးစကားဖြင့်ဆုံးမထားခြင်းသည်လည်း
သာကြောင့် ဦးဘိုးလှိုင်+ဒေါ်စောတို့သည် တောက်မည့်မီးခဲ
နှန်. ရဲရဲပမာသော သားရတနာ မောင်ဖိုးဆိုးကို ဖခင်
ဦးဘိုးလှိုင်က သား၏ရွှေလက်တော်ကို လက်ဆွဲခေါ်လျက် မိခင်
ဒေါ်စောက ဆွမ်းအုပ်နီနီအမေရွက်လို့ ဆိုသည့်အတိုင်း ရွာ၏
ဘက် ရွှေကျောင်းတော်ထက်ဆီသို့ ဦးတည်ကြပြီး –

*ငါ့သားမောင်ပု ငယ်ရွယ်နုက၊ ဗဟုသိပွ၊ ဟူသမျှကို*
*တတ်လှလေအောင်၊ မောင်ငယ်ပျို့ထွား၊ ကျောင်းသို့သွား၍*
*ရွှင်အားရရ၊ စာပေကျမ်း၊ လှလှလက်ရေး၊ ငါ့ရင်သွေးသည်*
*သားတွေးရင်နှး၊ သင်ချေဦး။*

ဟူသော ပုတ္တောဝါဒ ပညာရှင်၏ စာလင်္ကာနှင့်အညီ
ဆွာသင်ကြားတတ်မြောက်ရန်၊ ကောင်းမွန်စွာနေထိုင်ကျင့်
ရန် ထိုစဉ်က ရှစ်မျက်နှာကျောင်းခေါ် တောင်ကျောင်း၌
လေးလီ မှုညီရွှင်ပြုံးသီတင်းသုံးတော်မူသော ကိုးကွယ်
ကပ်မြဲ ဆရာတော် ဦးသီလစာရထံ အပ်နှံကြလေသည်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဦးသီလစာရသည် ကျောင်းသားလေ
မောင်ဖိုးဆိုးအား ဇာတိသွေးမာန် ရှင်သန်ထက်မြက် ဉာဏ်ရ
လက်သော လူရည်ချွန်တစ်ယောက်ဖြစ်လောက်သော အရိ
လက္ခဏာကိုမြင်၍ နမောဗုဒ္ဓါယသိဒ္ဓမ်မှအစ သင်ပုန်းကြ
ပရိတ်ကြီး၊ လောကနီတိ၊ ဇာတ်ကြီးဆယ်ဘွဲ့နှင့်တကွ အခေ
အဖတ်အတွက်တို့ကို ချက်ချက်ချာချာကျွမ်းကျင်အောင်–

ဗဟုံစ ဂဏှာတိ – များများလည်းသင်ပေး၏။
လဟုံစ ဂဏှာတိ – မြန်မြန်လည်းသင်ပေး၏။
သုဋ္ဌုစ ဥပကရောတိ – ကောင်းစွာလည်း အရအမိ ဆော
ထား (စေ) ၏။
ဂဟိတဥ္စသ နမုဿတိ – သင်ပြီးသား စာကိုလည်း မ
မပျောက်အောင် ဆောင်ထား (စေ
၏။

ဤသို့ (များ၊ မြန်၊ မိ၊ မ) ဟူသော နည်းစနစ်ဖြင့်ပညာ
သင်ပေးလေ၏။

**သာမဏေရ ပဗ္ဗဇ္ဇမင်္ဂလာ**

ကျောင်းသားလေး မောင်ဖိုးဆိုး (၁၃) နှစ်အရွယ်သ
ရောက်စ ရှင်လောင်းလှချိန်တွင် ဦးဘိုးလှိုင် + ဒေါ်စော တို့သည်
. . .



အဇ္ဇေဝကိစ္စံ အာတပ္ပံ၊ ကောဇညာ မရဏံသုဝေ။
နဟိနော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

ငါတို့သည် စစ်သည်တပ်သားများစွာရှိသော ရှင်သေမင်း
နှင့် အချိန်းအချက်မရှိကြဘူး။ မနက်ဖြန် သဘက် သေမည့်ရက်
ကိုလည်း မသိနိုင်ကြဘူး။ လုပ်သင့် လုပ်ထိုက်သော ကုသိုလ်
ကောင်းမှုများကို ယနေ့ကစ၍ သားရှင်ပြုခြင်းကိစ္စကို အားထုတ်
ကြလုပ်ကြစို့ဟု ခေါင်းချင်းဆိုင်တိုင်ပင်ကြပြီးလျှင် ကြိုးစားပန်း
စား လယ်ထဲယာထဲက ရှာဖွေရထားသော ဓမ္မိယလဒ္ဓ ဥစ္စာမြတ်
ဖြင့် ထမင်းရည်ချောင်းစီး ဗြောသံ စည်သံတစ်ညံညံဖြင့် ပရိက္ခ
ရာပန်း စီကာတန်းလျက် ရှင်လောင်းလှည့်ကာ ကျောင်းတော်
သာမှ ထေရ်ဆရာ အရှင်မြတ်ထံ ရှင်လောင်းအပ်နှံကြလေ၏။

ယခုခေတ်အခါ မြင်းဖြင့် ရှင်လောင်းလှည့်ခြင်းသည် မြင်း
စီး၍ တောထွက်တော်မူသော ဘုရားလောင်းကို အတုယူဟန်
ခြင်း ဖြစ်ပေမည်။

ဝေါယာဉ်ဖြင့် ရှင်လောင်းလှည့်ခြင်းသည် ဝေါယာဉ်တော်
ကိုစီး၍ တောထွက်တော်မူသော ဘုရားလောင်းကို အတုယူဟန်
ခြင်းဖြစ်ပေမည်။

ဆရာတော် ဦးသီလာစာရသည်လည်း ရှင်လောင်းမောင်
ဖိုးဆိုးအား မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ကျောင်းသား
အဆင်ကိုပယ်ဖျောက် သာမဏေအသွင်ရောက်အောင် တစ

www.burmeseclassic.com

www.burmeseclassic.com



ပဉ္စက ကမ္မဋ္ဌာန်းကို စီးဖြန်းစေလျက် ဦးခေါင်းပေါ်က ဆံပ
သင်တုန်းတင်ပယ်ချခြင်း၊ ဖန်ဝါဆင်မြန်း အဝတ်သင်္ကန်းက
လွှမ်းခြင်း၊ ရဟန်းကျိုးမခက်၊ ရှင်ကျိုးခက်၏ဟူသော ပညာ
တို့၏ ဆိုစကားကို နှလုံးသွင်းထားလျက် သရဏဂုံသုံးပါးအ
ကို ဆရာတပည့် ဌာန်ကရိုဏ်းမိအောင် ရွတ်ဆိုကြခြင်းဖြ
သာသနာ့ဘောင်အတွင်း သွတ်သွင်းချီးမြှင့်ကာ ပဗ္ဗဇ္ဇမင်္ဂလာပ
ပြည့်စုံစွာ ဆင်မြန်းပေးလေ၏။

**မှတ်ချက်** ။ ။ ရဟန်းကျိုးမခက်၊ ရှင်ကျိုးခက်၏ဟူသည
ရဟန်းလောင်းကို ရဟန်းပြုပေးရာ၌ ရဟန်းလောင်းက ဌာ
ကရိုဏ်းပီသစွာ ရွတ်ဆိုရသော ပါဠိမပါ၊ ကမ္မဝါဆရာများ
သာ ဗျဉ္ဇနဗုဒ္ဓိဆယ်ဖြာညီ၍ ဌာန်ကရိုဏ်းမိအောင် ရွတ်ဆို
ပါက ရဟန်းဖြစ်၏။

ရှင်လောင်းမှာမူ ထိုသို့မဟုတ် ရှင်လောင်းရော၊ ရှင်ပြု
သူဆရာပါ နှစ်ဦးနှစ်ဖက် သရဏဂုံသုံးပါးကို ဌာန်ကရိုဏ်
ပီသစွာ ရွတ်ဆိုနိုင်ကြမှသာ ရှင်ဖြစ်၏။

ဤသည်ကိုရည်၍ "ရဟန်းကျိုးမခက် ရှင်ကျိုးခက်၏"
ဟုဆိုခြင်းဖြစ်၏။

လူအသွင်ကွယ်ပျောက်၊ သာမဏေအသွင်ရောက်လ
သော မောင်ဖိုးဆိုးအား ကြာသပတေးသားဖြစ်၍ ဥပဇ္ဈာယ်ဆရ
ဦးသီလာစာရက ဤသာမဏေသည်ကား အလားအလ



ကောင်းစွာ ရှိနိုင်သောကြောင့် သာသနာ့အာဇာနည် ရှင်ပညာ
သိရီဟူ၍ ကင်ပွန်းတပ်ဆင် ဘွဲ့အမည်သစ်ဖြင့် မော်ကွန်း
တွင်ရစ်စေပါတော့သည်။

### "ညောင်အုပ်ဖောင်းကွဲရှာ သိပ္ပမင်္ဂလာ"

ဆရာတော် ဦးသီလာစာရသည် သာမဏေရှင်ပညာသိရီ
အား ရှင်ကျင့်ဝတ်၊ သဒ္ဒါသုတ်စဉ်၊ သင်္ဂြိုဟ်၊ ဝိနည်း စသော
အခြေခံကျမ်းစာများကို သင်ကြားပေးသောအခါ ရှင်ပညာသိရီ
၏ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်ပုံ၊ သာသနာတော်တွင်
သင်္ကန်းဝတ်ဖြင့် မြဲသွားနိုင်ပုံ၊ သာသနာတွင် စံတင်ရမည့် အာဇာ
နည်ပုဂ္ဂိုလ်ထူးတစ်ပါး ဖြစ်နိုင်ပုံတို့ကို အပွေးမြင်အပင်သိလျက်
ကြီးပြင်း ထွားကျိုင်းနိုင်သော သစ်ပင်ပျိုကို ထွားကျိုင်းနိုင်သော
အချိန်က မြေတောင်မြှောက်ပေးမှ ထွားကျိုင်းသည့်ပမာ ဉာဏ်
ခွမ်းဉာဏ်စ ထက်မြက်သော ဤသာမဏေငယ်အား . . .

*ပထမအရွယ်၊ ငယ်သော်ကတည်း*
*သိပ္ပခေါင်ဖျား၊ တတ်မြောက်များမှ*
*တောသားရန်ရှောင်၊ ခြင်္သေ့ဘောင်သို့*
*မရှောင်ပညာ၊ တင်းတင်းမာ၍*
*ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်။*

(ကိုးခန်းပျို့)

ဟူ၏သို့ တပည့်သာမဏေငယ်ငယ်အား . . .

www.burmeseclassic.com

www.burmeseclassic.com



၁။ ပိဋကတ်ပင်လယ်ကို လွယ်ကူစွာကူးခတ်နိုင်ရန်၊

၂။ ဗဟုသုတပြည့်စုံကြွယ်ဝစေရန်၊

၃။ နောင်အခါ သာသနာတွင် မှန်ကင်းသရဖူ လွှင့်ထူနိုင်ရန်၊

သင့်ရာအပ်ပို့ဆရာတို့ဟူသော အင်္ဂါဝတ္တရားနှင့်အညီ သာမဏေငယ်ငယ် (၁၄)နှစ်အရွယ် စိတ်အားတော်မငယ်ရအောင် နီးနီးနားနား ပညာသင်ရာမှာ တော်ပါပေသည်ဟု ကျော်ကြားတော်မူသော မြိုင်မြို့နယ် ဖောင်းကွဲရွာ သိမ်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တသာဂရထံ ပညာသင်ရန် အပ်နှံလိုက်လေ၏။

သိမ်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တသာဂရသည် စာတတ် ပေတတ် မထေရ်မြတ်တစ်ပါးဖြစ်သော်လည်း မြို့ကြီးပြကြီးတွင် ပျော်ရွှင်တော်မမူဘဲ သမ္ပတ္တိ စက်လည်ပတ်လျက်ရှိရာကံဓာတပါသည့် ဖောင်းကွဲရွာ၌ပင် သီတင်းသုံးတော်မူကာ "ပရိယတ္တိယေဝ သာသနဿ မူလံ ဟောတိ" ဟူသော အဋ္ဌကထာစကားနှင့်အညီ သာသနာတော်၏ မူလဘူတအခြေခံကျသော စာသင်စာချအလုပ်ဖြင့် စာသင်တိုက်ဖွင့်၍ စာသင်နေစ သောတုဇနတို့အား . . .

*အခြေပါဒ၊ သင်ဦးစဉ်၊ ချနည်းမကျယ်၊*
*မိပ္ပါယ်ကောင်းစွာ၊ လိုရုံသာဖြင့်၊ အပ်ရာမသည်း*
*နားထွင်းနည်းသို့၊ ညှံ့ဖြည်းမွေ့မွေ့၊*



*တရွေ့ရွေ့လျှင်၊ တစ်နေ့တထူး၊*
*ကျေးဇူးချဲ့ထွင်၊ ကျမ်းရိုးငင်လျက်*

ဟူ၍ စပ်ဆိုအပ်သော အင်းဝခေတ်စာဆိုအကျော် အရှင်မဟာရဋ္ဌသာရဆရာတော်၏ စာသင်နည်းနှင့်အညီ သင်ကြားပို့ချပေးလေသည်။

ရှင်ပညာသိရီသည်လည်း အရွယ်နှင့်မလိုက်အောင် စရိုက်ဝါသနာ ပညာအထုံပါသည့်အလျောက် ကြိုးစားချိန်မှန်၊ သင်အံလေ့ကျက်၊ ဇယ်ထောင်သောင်းကိုချေဖျက်နိုင်သော ဒိုးကောင်းစက်ကဲ့သို့ စာမရ သဘောမပေါက်၊ နားမလည်၊ ဟာကွက်မရှိရအောင် ဆရာသင်ပြသည့်အတိုင်း ကျေညက်စွာ အားသစ်တော်မူ၍ ပိဋကတ်အခြေခံကျမ်းများကို ဖောင်းကွဲရွာတွင် သုံးနှစ်တိုင်တိုင် ပညာဆီမီးတိုင် ထွန်းပိုင်နိုင်ခဲ့၏။

**ခေါ်ရိမ်ဝိဇ္ဇာလယ သိပ္ပမင်္ဂလာ**

ပညာမီးပန်း၊ ဉာဏ်ရည်ပွင့်လန်းစဖြစ်သော သာမဏေရှင်ပညာသိရီသည် ပိဋကတ်ရတနာသိုက်၏ အဖိုးထိုက်တန်စွာကျယ်ဝန်းနက်ရှိုင်းဖွယ်ရာကို တစ်စတစ်စ အမြင်ရလာသောအခါ စာမေးပွဲအောင်ပန်းပါ ဆင်မြန်းနိုင်ရန်ဟူသော စိတ်ကူးညည်ရွယ်ချက်ဖြင့် ဖောင်းကွဲရွာဆရာတော် ဘဒ္ဒန္တသာဂရ မထေရ်မြတ်ထံ ခွင့်ပန်ခဲ့ပြီးနောက် (၁၂၉၃) ခုနှစ်သို့အရောက်

www.burmeseclassic.com

www.burmeseclassic.com



တွင် စိန်ကြောင် နီလာ မြသား ပတ္တမြား ပုလဲ ထူးကဲများစွာ အဖိုးတန်ရတနာများကို တူးဖော်ရှာဖွေရာ ရတနာသိုက်ကြီးပမာ ဖြစ်သော ရတနာပုံမြို့တော် မစိုးရိမ်တိုက် ဘဒ္ဒန္တကောသလ္လာဘိဝံသ မထေရ်မြတ်၏ထံတော်သို့ ပိဋကတ်ရတနာသိုက် တူးဖော်ရှာမှီးရန် ချဉ်းကပ်ခိုဝင် တပည့်ခံ၏။

ထိုဆရာတော် အရှင်သူမြတ်၏ထံတော်တွင် . . .

ရှိသေကြည်စွာ၊ မြတ်ဆရာ၌
မကွာထံပါး၊ ပျပ်ဝပ်တွားလျက်
သိပြားကြုံ့ကြုံ့၊ မယွင်းရှုံ့၍
နှုတ်တုံ့မပြန်၊ ပန်းဆုပ်ပန်ပြီး
နေဟန်ကျစ်လျစ်၊ ချစ်ကြောက်ရှိသေ
လုပ်ကြွေးထွေဖြင့် ဟုစပ်ဆိုထားခဲ့သော . . .

ပုဏ္ဏောဝါဒပျို့ရှင်၏ ဆန္ဒမွန်နှင့်ညီစွာ ပညာရှာလေ၏။

မစိုးရိမ်တိုက် နာယက စာချဆရာတော်များ၏ထံတော် မျက်မှောက် ရင်ခွင်အောက်၌ "ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ် ဆန်း၊ ကျမ်းလတ်ဓာတုကထာ" ဟူသည်နှင့်အညီ အခက်တွင် ရာဇဝင်စာတင်ထားသော အဘိဓာန်၊ အလင်္ကာ၊ဆန်း၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ပဋ္ဌာန်းနှင့် သီလက္ခန်၊ ပါရာဇိကဏ် စသော ကျမ်းဂန်အထွေထွေကို သင်ယူဆည်းပူးလေသည်။

ကျောက်သွေးကောင်းသော ကျောက်သွေးသမားလက်သို့ ရောက်သော ကျောက်ကောင်းပမာ သံသယအညစ်အကြေးပယ်ပျောက် ပိဋကတ်အရည်အသွေး တောက်ပြောင်၍လာပေ၏။



အရည်အသွေးတောက်ပြောင်အောင်လည်း "ယေတပ္ပါဒ ရဓောကိဏ္ဏာ၊ တေဝသာမှု ဝိဝေကိနော" ဟူသော အလင်္ကာကျမ်းဆရာ၏ အာဘော်နှင့်အညီ သူတော်ကောင်းစာသင်သားပီပီ ကြိုးစားခဲ့လေသည်။

ထို့ပြင် ရေပန်းတိုက်တွင် ခိုဝင်၍ စာချအကျော် ဦးတေဇ၊ ဦးသုမန၊ ဦးသိရိန္ဒ အရှင်မြတ်တို့၏အထံတော်တွင်လည်း ပါဠိ၊ အဋ္ဌကထာတို့ကို ကျမ်းပေါက်အောင် သင်ယူတတ်မြောက်ခဲ့ပါသည်။

## "ဥပသမ္ပဒမင်္ဂလာ"

မန္တလေးမြို့အရောက် သုံးနှစ်ပြည့်မြောက်တွင် ရှင်ပညာသိရိ၏ အရွယ်တော်(၁၉)နှစ်ကျော်နှင့် (၂၀)တွင်းသို့ ဝင်ရောက်နေပေပြီ။

ပဉ္စဇုဒ္ဒလ္လဘကို ဧကန်ရရန်အတွက် ငယ်ဆရာဦးဣန္ဒကနှင့်မိဘနှစ်ပါးတို့၏ ပင့်လျှောက်ခေါ်ဆောင်ချက်အရ ရဟန်းခံရန် ရွာသို့ ပြန်လာ၏။

ထိုစဉ်က ဩဇာအာဏာညောင်းသော ရွာကျောင်းဆရာတော် ဦးဣန္ဒကသည် ရဟန်းလောင်းရှင်ပညာသိရိအား အပွေးမြင် အပင်သိပြီးသားဖြစ်၍ ရဟန်းခံခွင့်ကို ဘယ်ဒကာ+ဒကာမမှ မပေးမူဘဲ မိမိကိုယ်တိုင်သာ ပစ္စယာနုဂ္ဂဟခံယူကာ သာသနာ

www.burmeseclassic.com



နှစ် ၂၄၇၈ ခု၊ ကောဇာသက္ကရာဇ် ၁၂၉၆ ခုနှစ်၊ ဂိမ္ဗန္တဥတု၊ တပေါင်းလဆန်း(၁၀)ရက်နေ့၊ နေ့လယ် (၁) နာရီ (၂၀) မိနစ်အချိန်တွင် မြိုင်မြို့နယ်၊ ကွမ်းတောရွာ (ရှစ်မျက်နှာ) တောင်ကျောင်း ခဏ္ဍာသိမ်တော်မြတ်၌ လက်ယက်မရွာ စမ္ပါယ်ရုံမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တကဝိန္ဒာစာရ မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ကမ္မဝါဆရာ ကာရကသံဃာအရှင်မြတ်တို့က ဝိုင်းဝန်းချီးမြှင့် ထောက်ပင့်ကြသဖြင့် သာမဏေ ရှင်ပညာသိရီသည်မြင့်မြတ်တက်လှမ်း အထက်တန်းရဟန်းမြတ် အဖြစ်သို့ ရောက်ရှိအပ်ပါသည်။

ဤသို့လျှင် ရဟန်းတော်ဦးပညာသိရီအဖို့ ရခဲလှစွာသော လူ့ဘဝကြီးတွင် ဘုရားပွင့်ရာသာသနာကြီးအတွင်း၌ ဖြစ်ခဲလှသော ရှင်ရဟန်းဘဝကို ကောင်းမွန်စွာ ရရှိရပြီး ဘုရားဟောဒေသနာတော် ပိဋကတ်တရားတော်တို့ကို ကြားနာသင်ယူခွင့်ရကာ ဖြစ်ပွားနိုင်ခဲသော သဒ္ဓါတရားများစွာ တိုးပွားရရှိထားခြင်းကြောင့် ဒုလ္လဘတရားငါးပါးနှင့် မုချဧကန် အမှန်ပြည့်စုံသောပုဂ္ဂိုလ်ထူးဖြစ်ပေတော့သည်။

## စဉ့်ကူနဂရ၊ သိပ္ပမင်္ဂလာ

တက်သစ်စရဟန်းတော် အရှင်ပညာသိရီအား ငယ်ဆရာရဟန်းဒကာဖြစ်သော ဆရာတော်ဦးဣန္ဒက သည် . . .



၁။ ကောင်းစွာဆုံးမသင့်သောအရာကို ဆုံးမကုန်၏။
၂။ ကောင်းစွာသင်သင့်သောအရာကို သင်စေကုန်၏။
၃။ အလုံးစုံအတတ်ကို ပြောကြားသင်ကြားကုန်၏။
၄။ ကောင်းသော အဆွေခင်ပွန်းတို့ထံ၌ အပ်နှင်းကုန်၏။
၅။ ခပ်သိမ်းသောအရပ်တို့၌ အစောင့်အရှောက်ကို ပြုကုန်၏။

ဟူသော ပါထိကဝဂ်လာ ဆရာတို့အင်္ဂါငါးဖြာနှင့်အညီကောင်းစွာ သင်စေအပ်သော ပရိယတ်ကို ဆက်လက်သင်စေရန်အတွက် အဆွေခင်ပွန်းကောင်း ဖြစ်ခဲ့ဖူးသော စဉ့်ကူမြို့ ဦးဓိနကျောင်းတိုက်ဆရာတော် ဦးဓိနထံ ပညာရင်နို့ သောက်စို့စေရန်အပ်နှံလိုက်ပြန်၏။

ဆရာတော်ဦးဓိနထံတော်ရင်းတွင် ရဟန်းတော်အရှင်ပညာသိရီသည်လည်း . . .

ပညာရှာမှီး၊ မကြီးသက်ရွယ်
အငယ်သော်က၊ ကြိုးလုလ္လလျက်
တုပ်ကွပုဆစ်၊ ဆရာစစ်၌
ချစ်ကြောက်ရိုသေ၊ လုပ်ကြွေးထွေဖြင့် . . .

စသည်ဖြင့် စပ်ဆိုထားသော လော်ကသာရပျို့ရှင်၏ညွှန်းဆိုချက်နှင့်အညီ ဆရာသမားအထံ ချစ်ကြောက်ရိုသေစွာအနှံ့အနာခံ၍ တက်စရာ ကျက်စရာ၊ သင်စရာ ကျန်နေသေးသော ပါဠိ အဋ္ဌကထာဋီကာတို့ကို နေ့စဉ်နေ့စဉ် အမှတ်သညာ

www.burmeseclassic.com

www.burmeseclassic.com



တွင် စွဲဝင်အောင် မှတ်ကျောက်တင်ခဲ့လေ၏။

ထိုသို့ စဥ့်ကူမြို့တွင် နှစ်နှစ် နှစ်ဝါ ပညာရှာမိသောအခါ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ ထုံးလိုချေ ရေလိုနှောက်လိုသော အလိုဆန္ဒဖြစ်ပေါ်သောကြောင့် သံဃာ့တက္ကသိုလ်တွင်ခေါ် ပခုက္ကူမြို့တော်သို့ ပြောင်းရွှေ့ရန် ဆရာတော်ဦးဇိနထံခွင့်ပန်ယူ၍ မြို့စဥ့်ကူမှ ဖယ်ခွာခဲ့လေသည်။

**မဟာဝိဇယာရာမ သိပ္ပမင်္ဂလာ**

တတ်သင့်တတ်ထိုက်သော အတတ်ပညာမှန်သမျှတတ်အောင်သင်ရမည်ဟူသော ဇာတကပါဠိတော်လာ ညွှန်ကြားလွှာနှင့်ညီစွာ သင်စရာ တတ်စရာကျန်သော ကျမ်းကြီးကျမ်းခိုင်တို့ကို ပိုင်ပိုင်နိုင်နိုင် မွှေနှောက်တတ်မြောက်စေရန် ရဟန်း(၂)ဝါအရ၊ (၁၂၉၈)ခုနှစ်တွင် ပခုက္ကူမြို့ အရှေ့တိုက်ခေါ် မဟာဝိဇယာရာမ ပါဠိတက္ကသိုလ်တိုက်တော် နာမည်ကျော် ဆရာတော်ဘဒ္ဒန္တဇဝန(အဂ္ဂမဟာပဏ္ဍိတ၊အဘိဓဇမဟာရဋ္ဌဂုရု) မဟာထေရ်[...] တော်ကြီး၏ ခြေတော်ရင်းတွင် ဝပ်စင်းဆည်းကပ် တုပ်ဝပ်ခွင့်ရလေသည်။

ချောင်းသာ၊ ငပလီ စသည်ဖြင့် ပင်လယ်ကမ်းဆီသို့ရောက်၍ ပင်လယ်ရေတစ်ပေါက်ကို သောက်မိသော ပုဂ္ဂိုလ်တစ်ယောက်သည် ပင်လယ်ရေ၏ငန်သောအရသာရှိသည်ကို သိရ[...]



[...]နှင့် ကမ်းမမြင် လမ်းမမြင် များပြောင်ကျယ်ဝန်းလှသော [...]ယ်ရေပြင်ကြီးတစ်ခုလုံး ငန်သောအရသာရှိသည်ကို ခန့်[...]နိုင်သကဲ့သို့ ပိဋကတ်ပြင်ကျယ် နိကာယ်ကမ်းစပ်ရောက်သော ရဟန်းတော်အရှင်ပညာသိရီသည်လည်းမြတ်စွာဘုရား [...]ရေးရေစင်သည် ဆင်းရဲဒုက္ခမှ လွတ်ငြိမ်းအေးခြင်း အရသာ[...]သည်ကို ဉာဏ်မီသလောက် ဆင်ခြင်သဘောပေါက်မိပြီး [...]တ်ပြင်ကျယ် နိကာယ်သမုဒ္ဒရာတစ်ဖက်ကမ်းအရောက် [...]ောက်နိုင်ရန် ဆရာတော် ဘဒ္ဒန္တဇဝနမဟာထေရ်မြတ်ကြီး၏ [...]တော်တွင် . . .

"ဝါယမထေဝ ပုရိသော နနိဗ္ဗိန္ဒေယျပဏ္ဍိတော" ဟူ၍ [...]သော ဒေသနာသဘောနှင့်အညီ နိကာယ်ငါးရပ် ပိဋက[...]စွာ ပါဠိအဋ္ဌကထာ ဋီကာ အနုမဋီကာ အစရှိ အထွေ[...] ကျမ်းကြီးတွေကို သင်ကြားပေးသည်။

[...] အရှေ့တိုက်ဆရာတော်ကြီးနှင့်တကွ၊ နာယက [...]တော်များကလည်း တိုက်တာခိုမှီ ပညာနို့ရည်သောက် [...]သော၊ သောတုဇနပျိုစင် ရဟန်းရှင်တို့အား . . .

- [...]ဒ်ဒွိလိမ္မာသည့် ပဒကောသလ္လဉာဏ်၊
- [...]ကားဝါကျဒွိလိမ္မာသည့် ဝါကျကောသလ္လဉာဏ်၊
- အဆုံးအဖြတ်ဒွိလိမ္မာသည့် ဝိနိစ္ဆယကောသလ္လဉာဏ်တို့ [...]ဖြင့် အဆင့်သုံးဆင့်ခွဲခြား၍ အာပေါင်အာရင်း ရှင်းရှင်း

www.burmeseclassic.com

www.burmeseclassic.com



တိတိလင်းလင်း နိုင်နိုင်နင်းနင်း ပို့ချပေးလေ့ရှိသည်ဟု
ဆိုသည်။

ထိုတွင် ပဒကောသလ္လဉာဏ်ရအောင် ပုဒ်နေ၊ ပုဒ်ထား ပုဒ်သွား၊ ပုဒ်လာပုံတို့နှင့် ပုဒ်တစ်ခုပေါ်မှ ပုဒ်တစ်ခုထပ်နေ စပ်သင့်ရာနှင့်တွဲ၍ ပုဒ်အနက်ဟောပုံတို့ကို ခွဲခြားပို့ချပေးသည်

ဝါကျကောသလ္လဉာဏ်ရအောင် မူလ မူလီဝါကျများ ထောက်ဆ၍ အကျဉ်းအကျယ် အကြောင်းအကျိုး ဆန့်ကျ ဘက် စသောဝါကျတို့၌ ဓုဒ် ဓောဒနာ အတက် အထွက် ဒေါ သွင်း ဒေါသဖြေ စသည်တို့ကို ဆိုင်ရာနိယံများဖြည့်စွက်က မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ပို့ချပေးသည်။ ဝိနိစ္ဆယကောသလ္လဉာဏ် အောင် ပါဠိတော်အဋ္ဌကထာဝါကျတို့၌ အနက်အဓိပ္ပါယ်အကျ ရှင်းပြီး ဆိုလိုရင်းကို ကောက်ပြ၍ အာစရိယဝါဒအသီးသီး ရှင်းပြခြင်း၊ မိမိယူဆချက်ကို ကျမ်းဂန်နှင့်ညှိ၍ မိမိရရပြော ခြင်း၊ ထုံးပုံနည်းနာ ဥပမာတို့ဖြင့် စိတ်ရှည်လက်ရှည်ရှင်းပြခြ စသော နည်းအသွယ်သွယ်တို့ဖြင့် လက်ထပ်ရအောင်ပို့ချ လေ့ရှိပါသည်။

ထိုသို့သော နည်းအသွယ်သွယ်တို့ဖြင့် သင်ကြားပို့ချ ခြင်းကို ရဟန်းတော်အရှင်ပညာသိရီကလည်း . . .

၁။ ဆရာသမားတို့အပေါ်၌ အလေးအနက်ယုံကြည်ခြ

၂။ ရိုသေကျိုးနွံစွာသင်ကြားခြင်း၊



၃။ သင်ပြီးသားစာများကို မမေ့မပျောက်အောင် စာပြန်ခြင်း၊

၄။ အနက်အဓိပ္ပာယ်များကို အဖန်ဖန်ကြံခြင်း၊

ဟူသော သံယုတ်ပါဠိတော်လာ စာသင်နည်းလေးမျိုးတို့ဖြင့် ကြိုးစားသင်ကြားခဲ့၏။

"မောဃကာလံ နခိပ္ပယေ" ဆိုသည့်အတိုင်း အချိန်ကို ညီးနှီး၊ အလဟဿအကုန်မခံဘဲ စာထဲ၌သာ စိတ်နှစ်ထား ည်ဟု ဆို၏။

ရဟန်းတော်အရှင်ပညာသိရီ စာအတော် ပေါက်ပေါက် ောက်ရောက် နှံ့နှံ့စပ်စပ်ဖြစ်လာသောအခါ နေ့ပရိယတ်၊ ည တ်ဆိုသလို နေ့ပိုင်းတွင် စာတက်စာကျက် ပရိယတ်အလုပ် အားထုတ်သကဲ့သို့ ညပိုင်းတွင် ဆရာတော်ကြီး၏ ဓာတ် – ပါး ပုတီးစိပ်နည်း ပွားများအားထုတ်နည်းတို့ဖြင့် လက်ထပ် င်ယူ ဆည်းပူးအားထုတ်ကာ ပဋိပတ်လုပ်ငန်းဖြင့်လည်း ရက် အချိန်ကာလတို့ကို ကုန်လွန်စေခဲ့၏။

ဤသို့ဖြင့် ပခုက္ကူမြို့တွင် ပညာသင်နေစဉ် လေးနှစ်ကျော် ာ် ငါးနှစ်အတွင်းသို့ ဝင်ရောက်စအချိန်တွင် အနောက်နိုင်ငံ ား၌ မီးပုံ မီးလျှံ လက်နက်ကျည်ဆန်တို့ဖြင့် အပြန်အလှန် ်ခတ်ကြကာ၊ တစ်စတစ်စနှင့် ဒုတိယကမ္ဘာစစ်မီးကြီးက ညီးညီးနှင့် တောက်လောင်လျက် ရှိနေပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်သို့ပါ တဖြည်းဖြည်း ကူးစက်လောင်ကျွမ်း
လာရာ ရန်ကုန် မန္တလေး စသောမြို့ကြီးများမှစ၍ တစ်နိုင်ငံလုံး
မကျန် စစ်ဘေးစစ်ဒဏ်ခံကြရ၏။

ထိုအချိန်တွင် ပခုက္ကူမြို့၌လည်း ဗုံးသံ၊ အမြောက်သံ
လေယာဉ်သံတို့ဖြင့် ဆူညံနေလေ၏။

ခေတ်ပျက်လာသဖြင့် စာသင်သား သံဃာများလည်း
အသုတ်လိုက် အသုတ်လိုက် ဇာတိရပ်ထံ ပြန်သူများက ပြန်ကြ
ကုန်၏။

အရှင်ပညာသိရီကမူ ရွာသို့ပြန်ကြွတော်မမူဘဲ လေယာဉ်
ဗုံး၊ စက်သေနတ်သံတို့ကို ပုန်းရင်းရှောင်ရင်းဖြင့် ပုလဲကျောင်း
တွင် တစာစာ စာအံနေသည် ဟူ၏။

ထိုအခါ ဆရာတော်ကြီးက ဒီခေတ်ဒီအခါခေတ်ပျက်နေ
တာထဲ စာအံသံမစဲဘဲရှိနေဆဲဖြစ်နေတာ စာသင်တိုက် မပျက်
သေးဘူးဟုဆိုကာ ဝမ်းမြောက်ဝမ်းသာ သင်းပိုင်တစ်ထည်လ
ရောက်ဆုချသည်ဟု မိန့်ကြားဖူး၏။

တဖြည်းဖြည်း စစ်အေးစပြုလာသောအခါ ခမည်းတော်
ဦးဘိုးလှိုင်+မယ်တော် ဒေါ်စောတို့က သားရဟန်းတော် ပြ
လာပုံထောက်တော့ ပျံလွန်တော်မူများနေလေရော့သလားပ
တ်ထင်ကာ ဒေါ်စောမှာမူ ငိုကာရိုကာ တစာစာနှင့် "မိသ
မတ္တာ ထိုအရာကား ဘယ်ဟာမှ တုနှိုင်းမမီ" ဆိုသလို ပူဆွေး
သာက မျက်ရည်စနှင့်နေလေ၏။



ဦးဘိုးလှိုင်ကမူ စိတ်ကိုတင်းကာ သုဒ္ဓေါဒနမင်းကြီးထုံး
ကို နှလုံးမူထားဟန်ရှိ၏။

သုဒ္ဓေါဒနမင်းကြီးသည် သားတော်ဘုရား ဒုက္ကရစရိယာ
ကျင့်စဉ် စင်္ကြံဦးတွင် မူးမေ့လဲကျသွားရာ သေပါပြီဟု ထင်မှတ်
သော နတ်သားက အလောင်းတော် သိဒ္ဓတ္ထမင်းသား စင်္ကြံဦးမှာ
မူးလဲသွားကာ သေပြီဟု သုဒ္ဓေါဒနမင်းကြီးအား လာပြောငြား
သော်လည်း တို့သား ဘုရားမဖြစ်သမျှ ဘယ်တော့ကမှ မသေ
ဘူးကွဟု ယုံကြည်လက်ခံထားသကဲ့သို့ နေချေသည်။

မိခင်ကြီးဒေါ်စော ခမျာမှာ တစ်ဦးတည်းသောသားမို့
ထောက်မအေးဘဲ ပူဆွေးကာ သားရဟန်းကို သွားရောက်ရှာပေး
ရန် အတန်တန်ပူဆာနေ၏။

မီးသည်လောင်ပြီးစဖြစ်သော်လည်း မီးကြွင်းမီးစ ကျန်နိုင်
သေး၏။ စစ်ကြီးလည်း ငြိမ်းစဖြစ်သော်လည်း ရန်သူတစ်စွန်း
တစ်စ ကျန်နိုင်သေး၏။

ထိုအချက်အလက်ကို ဦးဘိုးလှိုင် ရိပ်စားမိ၏။

သို့သော်လည်း လောကတွင် နေမင်း၊ လမင်း၊ ရဟန်း
သူတော်ကောင်းများ၊ သမုဒ္ဒရာကမ်းတို့၏အားအစွမ်းထက် မိန်းမတို့၏အား
အစွမ်းက ပို၍ထက်၏ဆိုဘိသို့ မနေသာတော့သော ဦးဘိုးလှိုင်
မှာ အဖော်ရှာရပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သားရဟန်းနှင့် စာသင်ဘက်အဖြစ် အတူနေထိုင်ခဲ့
သော ဦးဘိုးလုံ(တောင်ဦးရွာနေသူ)ကိုအဖော်ပြုကာ နွားလှည်း
တစ်စီးနှင့် ခရီးနှင်ကာ ပခုက္ကူမြို့သို့ သားတော်ရတနာကို ရှာ
တော်ဖွင့်ရပါလေတော့သည်။

ထိုအခါတွင် ရဟန်းတော်အရှင်ပညာသိရီသည် မိဘမျ
နာကို သနားငဲ့ညှာသဖြင့် ငါးနှစ်တိုင်တိုင် ပညာရည်ကြွံခို
အောင် စာလိုက်စာဆို သတင်းပို့ခဲ့သော အမိမဟာဝိဓယာရ
တိုက်ကြီးနှင့် ဆွမ်းဒကာ + ဒကာမ စသော ပခုက္ကူမြို့သူမြို့သာ
တို့အား ကျေးဇူးကမ္ဘာဖြင့် ခွဲခွာခဲ့ကာ ဇာတိရွှေမြေ မွေးရပ်ဌာ
ရွှေကွမ်းမြေသို့ ပြန်ကြွခဲ့ရပေ၏။

## "ဂါမာစရိယ ဥပကာရမင်္ဂလာ"

ဝတ္တံပရိပူရေန္တော၊ သီလံ ပရိပူရတိ–ဝတ်ကြီးဝတ်င
အသွယ်သွယ်ကို ဖြည့်ကျင့်သောသူသည် သီလကိုဖြည့်ကျ
သည်မည်၏။ ၁၃၀၄ ခုနှစ်အရောက် ရဟန်းသိက္ခာ(၉)
မြောက်တွင် ပြည်တွင်းစစ်ဘေးကလည်း ကောင်းကောင်း မအေ
ချမ်းသေးသဖြင့် မိဘနှစ်ပါး ဆရာသမားတို့လည်း စိတ်ချမ်းသ
အောင် ကျေးဇူးရှင်ဆရာသခင်ကိုလည်း တစ်ဖက်တစ်လမ်း
တာဝန်ကူထမ်းရအောင် ဇာတိထံရင်း ငယ်ဆရာ၏ ခြေတေ
ဝပ်စင်း၍ ကျေးဇူးဆပ်ခြင်းဖြင့် တစ်နှစ်တစ်ဝါ သီတင်းသုံးရ
၏။



ထိုနှစ်–ဝါ ရွာမှာ သီတင်းသုံးနေစဉ် အချိန်ရ အလဟဿ
စုဒ္ဒသ ခန္ဓကဝဂ်လာ ဒေသနာနှင့်အညီ ဆရာသမား၏
ကြီးဝတ်ငယ်အသွယ်သွယ်ကို ဖြည့်ကျင့်၍နေပေ၏။ ရံဖန်
ဆရာ၏ကိုယ်စား ဥပုသ်သည်များကို သီလပေးခြင်း၊
ဟောခြင်းများလည်းပြုရ၏။ ကျောင်းသား ကိုရင်များကို
သင်ပေးခြင်း စည်းကမ်းကျကျအုပ်ချုပ်ပေးခြင်းဖြင့်လည်း
င်ရွက်ရ၏။ မိမိကိုယ်တိုင်လည်း စာကြည့်စာအံလေ့ရှိ၏။

တစ်ခါသော် ကျောင်းကြီး၏ မြောက်ဘက်ရှိ ကျောင်း
ပေါ်၌ စာအော်ကျက်နေစဉ် တောမှမြက်ရိပ်၍ပြန်လာသော
မတစ်ယောက် ကျောင်းအရှေ့ဘက်ရှိလမ်းမပေါ်၌ မြက်ထုံး
ကိုရွက်၍ စာအံသံကို နာကြားနေသည်ဟုဆို၏။

စာကျက်ရင်း မလှမ်းမကမ်းတွင် လှမ်းမြင်လိုက်မိသဖြင့်
အံသံနားထောင်နေဟန်ရှိသည်ထင်၍ စာကျက်သံကို ခေတ္တ
ဆိုင်းကြည့်လိုက်သောအခါမှ မြက်ထုံးရွက်နေသော ထိုဒကာ
သည် တစ်လှမ်းချင်း တစ်လှမ်းချင်း ရွာဘက်သို့ ခရီးဆက်မြန်း
သွားသည်ဟု မိန့်ဖူး၏။

မှန်ပါသည်။ ဆရာတော်၏အသံတော်ကား ကြားနာရသူ
တို့၏ စိတ်နှလုံးကို ယူကြုံးနှစ်သိမ့်စေနိုင်ပါသည်။ အသံတော်
သည် စူးရှကြည်မြ၏။ သက်တော်(၈၀)ကျော်သည့်ကိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



အသံတော် ဤမျှကောင်းနေသေးလျှင် ထိုစဉ် သက်တော်(၃
ခန့်အရွယ်က အသံဆိုလျှင် မြက်ထုံးရွက်၍ နာရသော်လည
ခေါင်းပေါ်တွင် လေးလံမှန်းသိနိုင်မည်မဟုတ်ပေ။

ငယ်စဉ်က ကထိန် အမေးအဖြေရှိခဲ့လျှင် ရှေ့တန်း
ပါဝင်ရ၍ တရားနာပရိသတ်တို့၏ နှလုံးဟဒယတွင် စွဲထင်
ကျန်ခဲ့သည်ဟု ပြောကြ၏။

ဆရာတော်၏ အသံတော်အကျိုးပေးကောင်းခြင်းသ
ရှေးဘဝက ကြေးစည်ခေါင်းလောင်း စသည်လှူခဲ့၍လော၊ ကြေ
စည်၊ ခေါင်းလောင်း၊ ကုလားတက်ကို အချိန်မှန်မှန် တီးခ
ဆောင်ရွက်ခဲ့ဖူးသည့် အကျိုးဆက်ကြောင့်လော၊ နို့ဗှာန်ဆေ
ဓမ္မဃောသကအဖြစ် ဆောင်ရွက်ခဲ့ဖူးသော ကုသိုလ်ထူးကြေ
ပေလော။ တစ်ခုခုသော ကောင်းမှုကြောင့် အသံတော်ကော
ခြင်းဖြစ်လိမ့်မည်ဟု ထင်မိပါသည်။

**အောက်အိုဂါမ သိပ္ပမင်္ဂလာ**

ပဏ္ဍိတော သုတ သမ္ပန္နော၊ ယတ္တအတ္ထိတိ စေ သုတော
မဟုဿာဟောန တံဌာနံ၊ ဂန္တဗ္ဗံဝ သုတေသိနာ။

စာပေဗဟုသုတ ပြည့်စုံကြွယ်ဝပြီးသော ပညာရှိတစ်ပါး
ဖြစ်နေငြားသော်လည်း အကြင်အရပ်၌ စာပေဗဟုသုတအကယ်



၍ ရှိသည်ဖြစ်အံ့၊ ထိုအရပ်သို့ ကြီးစွာသောလုံ့လဖြင့် ပညာဗဟု
သုတရှာမှီးရန် သွားအပ်သည်သာလျှင်တည်းဟူ၍ ညွှန်းဆိုအပ်
သော နီတိကျမ်းနှင့်အညီ ရဟန်းတော် ဦးပညာသိရီသည် ရွာ
တွင် တစ်နှစ်တစ်ဝါ သီတင်းသုံးနေထိုင်စဉ် ထိုချိန်အခါ အောက်
အိုရွာဆရာတော်သည် "စာချကောင်းတယ်၊ စာချကောင်းတယ်"
ဟု ပန်းသတင်းလေညှင်းဆောင်သလို ရဟန်းသတင်း ရဟန်း
ခြင်းဆောင်လျက်ရှိနေသောကြောင့်၊ ဆိုင်းသံကြားလျှင် က ချင်
တဲ့ အနုပညာသမားပမာ စာပေတွင် စိတ်ဝင်စားသူမို့ စာသင်
ချင်သေးသည့်စိတ်က တဖွားဖွား ဖြစ်ပွားလျက်ရှိနေပေ၏။

ထို့ကြောင့် "ပညာလို အိုသည်မရှိ" ဆိုဘိသကဲ့သို့ ရေ
စကြိုမြို့နယ် အောက်အိုရွာအနောက်ကျောင်းဆရာတော် ဘဒ္ဒန္တ
ဉာဏုတ္တရ မထေရ်ထံ ပညာသင်ရန် ခရီးဆန့်ပြန်၏။

အောက်အိုဆရာတော် ဘဒ္ဒန္တဉာဏုတ္တရသည် ယခင်
မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်တွင် စာချအကျော် ဆရာတော်တစ်
ပါး ဖြစ်ခဲ့ဖူးသည် ဟုဆို၏။

အောက်အိုရွာ ပြန်ကြွလာကာ ကျောင်းထိုင်သောအခါ၌
လည်း မန်းမြို့တွင် စာချနာမည်ရခဲ့ပြီးဖြစ်၍ စာသင်သံဃာများ
တဖွားဖွားကြွလာသောကြောင့် စာသင်တိုက်ကြီးပမာ ဖြစ်၍နေ
သောဟူ၏။

ရဟန်းတော်ဦးပညာသိရီသည်လည်း နာဘူးထပ်မံဆို
သည့်အတိုင်း စာချနည်းနာ စုံလင်စွာရယူ၍ အောက်အိုဆရာ
တော်၏ထံတွင် . . .

www.burmeseclassic.com

၁။ ဘဏ္ဍာဂါရိက စာသင်နည်း၊
၂။ အလ ဂဒ္ဒူပမ စာသင်နည်း၊
၃။ နိဿရဏတ္ထ စာသင်နည်း ဟူ၍ (၃)မျိုးရှိသည်တို့တွင် သူတော်ကောင်းများစာသင်နည်းဖြစ်သော ဘဏ္ဍာဂါရိက စာသင်နည်းဖြင့် ဆရာသမားထံ နည်းနာခံ၍၊ မလိမ်မာသော မြွေအလမ္ပယ်ဆရာကဲ့သို့ သင်ကြားခြင်းဟူသော အလဂဒ္ဒူပမ စာသင်နည်းမျိုးကိုဖယ်ရှားပြီး၊ သံ သရာမှ လွတ်မြောက်လို၍ သင်ကြားခြင်းဟု ဆိုအပ်သော နိဿရဏတ္ထစာသင်နည်းဖြင့်သာ သင်ကြားခြင်းဖြစ်သည်။ အထက်တန်းကျမ်း ပါဠိ၊ အဋ္ဌကထာ ဋီကာ ဂဏ္ဌိတို့ကို ထပ်ခါထပ်ခါ နည်းနာရအောင် စာဆိုတော်ဘ၀ဖြင့်ပင် ပညာမုန်သောက်၊ တန်ခွန်ဆောက်၍၊ ပညာရဲရင့် ပွဲလယ်တင့်အောင် တောက်လျှောက်မနားသင်ကြားခဲ့လေသည်။

ရေစကြိုမြို့နယ် အောက်အိုရွာလေးသည်ကား လယ်ယာကိုင်းကျွန်းတို့ဖြင့် အသက်မွေးမြူကြပြီး စီးပွားရေးပြည့်စုံသူများ၍ ရွာသူ ရွာသားအားလုံး ဖော်ရွေမှုရှိကာ သာသာယာယာ ပျော်မွေ့ဖွယ်ရာ ကောင်းလှသည်။

ရွာကျောင်းဆရာတော်များက ပညာနှင့်မေတ္တာ၊ ရွာသူရွာသားများက စေတနာနှင့် သဒ္ဓါ၊ ဆရာ+ဒကာ နှစ်ဖြာပေါင်းစပ်မိခြင်းကြောင့်သာ ဗုဒ္ဓမြတ်စွာ သာသနာဝေဖြာစွာရှိပေ၏။



ကျေးရွာတစ်ရွာတွင် စာသင်တိုက်ဖြစ်ဖို့ဆိုသည်မှာ ဆရာကလည်း ပညာတော်၊ ဒကာ ဒကာမများကလည်း သဒ္ဓါတော်ရှိသော ဆရာ၏သံဃာကို ရွာ၏စေတနာဖြင့် စာသင်သံဃာကို လက်ခံမွေးမြူနိုင်စွမ်းဖြစ်ပေ၏။

ဤသို့လျှင် ရဟန်းတော် ဦးပညာသိရီသည်လည်း လေးနှစ်တင်းတင်း ပညာသင်ခြင်းဖြင့် ပရိယတ်လည်းကုန်၊ ပဋိပတ်လည်းစုံသဖြင့် ဆရာတော်ဦးဉာဏုတ္တရထံ ခွင့်တော်ပန်၍၊ ဆွမ်းဒကာ ဒကာမတို့ထံ နှုတ်ဆက်ဟန်သို့ အောက်အိုမှ အပြန် အလဲဆစ်ရာလောက်တွင် ဘုရားလောင်းတောထွက်စဉ် ကပိလဝတ်နေပြည်တော်ကိုမျှော်ကာ ကြည့်ဘိသို့ တစ်လှမ်းချင်းလှမ်းကာလှမ်းကာဖြင့် စာအုပ်ရွေအိုးကို ထမ်းကာထမ်းကာ မျှော်မှန်းကာကြည့်မိရင်း ကျေးဇူးတင်စရာ ဆရာ+ဒကာတို့၏ ကျေးဇူးဂုဏ်မှန်းဆ မေတ္တာပို့သခဲ့ပြီး မွေးရပ်စခန်းလာလမ်းဆီမြန်း၍ ပညာတော်သင်ခန်း တစ်စခန်းရပ်ချေသတည်း။

## အရညဝါသီ မော်ကွန်း

ကွမ်းတောရွာတောင်ကျောင်းကို ဦးပညာသိရီ ရဟန်းသိက္ခာ(၃)ဝါအရဲလောက်ကပင် ရဟန်းဒကာငယ်ဆရာဖြစ်သော ဦးဣန္ဒက က ပရိသုဒ္ဓပြုလိုသဖြင့် အပ်နှံပေးထားခဲ့ပြီးဖြစ်၏။

ထိုသို့ လက်ခံရယူထားသော်လည်း အသက်အရွယ်ငယ်သေး၍ ပညာဆက်လက်ရှာမှီးနိုင်ရန် ဆရာတပည့်တို့ပင်ညှိ၍

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဦးဣန္ဒာသိရီ(ခေါ်) လူအမည် ဦးဘကွန်းအား စောင့်ရှောက်ပေးပါရန် တောင်းပန်ကြသဖြင့် ဦးဣန္ဒာသိရီက (၂)နှစ်အာမခံ၍ စောင့်ရှောက်ပေးခဲ့သည်။

ထို့နောင်မှ မကြီးကန်တောရကျောင်းလေး၏ အာဒိကမ္မိကဖြစ်သော ဦးကုသလအား ရွာကျောင်းကို စောင့်ရှောက်သိတင်းသုံးပေးရန် ပင့်လျှောက်အပ်နှံရပြန်ပါသည်။

ဦးကုသလသည် တောရကျောင်းတွင် ဘေးရန်ကလည်းများ ဦးပညာသိရီကိုလည်း ပညာရှာစေလိုသော အားဖြင့် ကြွရောက် စောင့်ရှောက် သိတင်းသုံးပေးတော်မူ၏။

ထိုသို့ ကျောင်းကိုအပ်ထားခဲ့ကာ ပညာရှာနေသော ဦးပညာသိရီသည် သက်တော်အားဖြင့်–၃၃နှစ်၊ သိက္ခာအားဖြင့် ၁၃ –ဝါ ရနေပြီဖြစ်၍၊ အသက်အရွယ် ပညာအရည်အချင်းအားဖြင့် သင့်တော်ပြည့်စုံနေပြီ ဖြစ်သည်။

ထို့ကြောင့် . . .

*ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ*
*ကမ္မာကမ္မ၊ ခန္ဓကပုဒ်*
*နှမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်*
*ကျောင်းထိုင်ငါးအင်္ဂါ*

ဟူသည်နှင့်ညီစွာ ဦးပညာသိရီအား – ၁၀ နှစ်ခန့် ကြာအောင် စောင့်ရှောက်ပေးနေရသော ဦးကုသလသည် ပြန်လည်အပ်နှင်းကာ အောက်ပြည်သို့ ကြွသွားလေသည်။



ထိုအခါမှစ၍ ကျောင်းတိုက်၏ ပဓာန နာယကဖြစ်သော ဦးပညာသည် . . .

သာရာဂ ါ အနာဂါရာစ၊ ဥဘော အညောညနိဿိတာ ဟူသော ဒေသနာနှင့်အညီ ဆရာဒကာ လက်တွဲညီစွာ ရွာကျောင်း သာသနာ စည်ကားလာအောင် ကျောင်းထိုင်ပဓာနတာဝန် ထမ်းဆောင်ရလေ၏။

ကျောင်းထိုင်ပဓာနတာဝန် ထမ်းဆောင်နေစဉ် . . .

*သိဿာနံ ဟိတသုခံ အာဘုသော စရတိပဝတ္တေတီတိ*
*အာစရိယော ဟူသော ဋီကာကျော် ဝစနတ္ထအရ*
*တပည့်တို့၏ အကျိုးစီးပွားကို လွန်စွာဖြစ်စေလိုသော*
*ကြောင့် ဆရာဟူသည်နှင့်အညီဖြင့်လည်းကောင်း။*
*နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း*
*ဝမ်းတွင်းမသို၊ ဟုတ်တိုင်းဆို၍*
*ကျိုးလိုစိတ်က၊ ဆုံးမတတ်သူ*
*ဆရာဟူလော့။*

ဟု စပ်ဆိုအပ်သော မဃဒေဝလင်္ကာရှင်၏ အဆိုအမိန့်နှင့်အညီဖြင့်လည်းကောင်း၊ တပည့်ရဟန်း/ သာမဏေ ကျောင်းသား ကျောင်းသူ ဒကာ ဒကာမတို့အား အသိပညာ အတတ်ပညာ အလိမ္မာတို့ကို ပေးကာ အကျိုးစီးပွားကို လွန်စွာဖြစ်ပွားစေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## တောရဆောက်တည်ရန် စိတ်အကြံ

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သာသနာတော်မှာ ပျော်တော်မမူသေးသော ညီတော်နန္ဒမင်းသားကို . . .

ကဒါပဟံ နန္ဒံ ပဿေယျံ၊ အရညံ ပံသုကူလိကံ၊
အညာတုဉ္ဆေန ယာပေန္တံ၊ ကာမေသု အနပေက္ခိနံ။

ညီတော်နန္ဒဟာ တောရကျောင်းမှာနေပြီး ပံ့သကူသင်္ကန်းကြီးကိုဝတ်ရုံ၍ သပိတ်ကိုလွယ်ကာ ဆွမ်းခံစားလို့ ကာမဂုဏ်တရားတို့၌ မငဲ့ကွက်ဘဲ၊ တရားဘာဝနာပွားများကာ နေမည့်အချိန်ကို ဘယ်သောအခါမှ မြင်ရပါ့မလဲဟူ၍ ငဲ့လင့်တော်မူဘိသို့ ယခုအခါ ရှင်တော်ဘုရားသာ သက်တော်ထင်ရှားရှိနေဦးမည်ဆိုလျှင် မိမိ(ဦးပညာ)ကိုလည်း သပိတ်တစ်လုံး သင်္ကန်းသုံးထည်ဖြင့် ကျောင်းကန်ကိုမငဲ့ကွက်ဘဲ တောထွက်မည့်ရက်ကိုသာ စောင့်မျှော်နေလိမ့်မလားဟူ၍ စိတ်သဏ္ဌာန်တွင် အောင်းမေ့မှတ်ထင်နေသလားမသိ တပည့်ကိုရင်ကျောင်းသားတို့အား စာမသင်ပြလိုခြင်း၊ ဒကာ ဒ ကာမတို့အား ဟောပြောဆက်ဆံမှုမပြုလိုခြင်းပင် ဖြစ်နေ၏။

မှန်ပေသည်။ ဝိသုဒ္ဓိမဂ် အစဖြာသော နက်နဲသော စာတွေကို တတ်ထားမှတ်ထားခြင်းကြောင့်သာ သံသရာမှ ငြီးငွေ့နေသည်မှာ အမှန်ပင်ဖြစ်လိမ့်မည်။

စာရေးသူ ရဟန်းဖြစ်စအချိန်လောက်က အမိန့်ရှိဖူးသည်မှာ . . .



ဝိသုဒ္ဓိမဂ်ကို အသက် (၆၀) အတွင်းမှာ မကြည့်နဲ့ဦး၊ ဝိသုဒ္ဓိမဂ်ကြည့်မိလျှင် တောထွက်လျှင်ထွက် မထွက်လျှင် လူထွက်တတ်တယ်ဟု မိန့်ဖူးပါသည်။

နိဿရဏတ္ထ စာသင်နည်းကို အလေးထားသင်ကြားခဲ့သော ဦးပညာသည် ရတနာသုံးပါးတို့၏ ပွင့်ထွန်းပေါ်ပေါက်လာရာအစ ပ ဘဝကို သဘာဝကျကျ သုံးသပ်ဆင်ခြင်သောအခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်တောထွက်၍ တရားကျင့်သဖြင့် တော၌ပင်ဘုရားဖြစ်၏။ တောမှာဘုရားဖြစ်၍ တောမှာပင် တရားဦးဒေသနာ ဓမ္မစကြာဟောတော်မူ၏။ နောက်ဆုံးတွင် တောထဲမှာပင် ပရိနိဗ္ဗာန်ဝင်စံတော်မူ၏။

ဤသို့စသည် ဆင်ခြင်ကာ တောရဆောက်တည်ရန်သာ စိတ်အကြံပြင်းထန်နေတော့၏။

မွန်မြတ်သော နှလုံးသားဖြင့် စဉ်းစားဆင်ခြင် အမြော်အမြင်ပြုလေ့ရှိသော ပုဂ္ဂိုလ်မြတ်တို့၏အလုပ်သည် သူတစ်ပါးတို့အား အမျိုးမျိုးသော ချမ်းသာများကို ဖြစ်စေနိုင်၏ဟု ဋီကာဆရာကလည်း မိန့်မှာ၏။

တောရဆောက်တည်ရန် အားယူနေသော ဘုန်းကြီးဦးပညာသည် ပလိဗောဓ ငြိမ်းငြိမ်းဖြင့် လွတ်လွတ်လပ်လပ်တရားအားထုတ်ဖို့အတွက် ဤကျောင်းဤကန် ဆက်လက်ထိန်းသိမ်းရန် ပုဂ္ဂိုလ်ရှာကြံသောအခါ ယခင်က ကျောင်းအပ်နှံပေး

www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ကာ လူပျံတော်ဘဝသို့ ရောက်နေသော ဦးဘိုးချစ် (ခေါ်) ဦးဣန္ဒကကို မြင်ယောင်လာ၏။

ဆရာလည်းဆရာ၊ ဒကာလည်းဒကာမို့ လောကုတ္တရာနည်းဟန်ဖြင့် ကျေးဇူးဆပ်ရန် စိတ်အကြံဖြစ်လေ၏။

ထို့ကြောင့် ဦးချစ်ဘဝမှ ဦးဣန္ဒကအဖြစ်သို့ တစ်ဖန်ပြောင်းလွဲစေရန် တိုက်တွန်းမြှင့်တင် သာသနာ့ဘောင်ဝင်စေပြီး ထိန်းသိမ်းစောင့်ရှောက်ပေးစေရေး စီမံကိန်းရေးဆွဲလေတော့သည်။

## အရညဝါသီ တောရမို

ပဝိဝိတ္တော အသံသဋ္ဌော၊ ပန္တသေနာသနေ ရတော။
အာရာဓယန္တော နာထဿ၊ ဝနဝါသေန မာနသံ။

ဟူသော ဒေသနာ အဆိုအမိန့်လာသည်နှင့်အညီ လူသံဆူသံ တိတ်ဆိတ်ငြိမ်သက်ပြီး လူသူမရောသော တောကျောင်း၌ မွေ့လျော်နေသော ပုဂ္ဂိုလ်သည် တောတောင်ထဲ၌ နေခြင်းဖြင့် ကိုးကွယ်အားထားရာဖြစ်သော ဘုရားရှင်၏ အလိုတော်ကို ပြည့်စေနိုင်၏ –ဟူသော ဒေသနာတော်မြတ်ကို ထပ်ခါထပ်ခါသတိရနေရှာသော ဘုန်းကြီးဦးပညာသည် ဘုရားရှင်အလိုတော်ကျ အရညဝါသီ တောရမိုရန်ကိစ္စကို ပိုင်နိုင်သော ဆုံးဖြတ်ချက်ခိုင်မြဲသော သန္နိဋ္ဌာန်ဖြင့် . . .



သုတ်သင်အာပတ်၊ ပရိဝါသ်နှင့်၊
မာနတ်ဗ္ဘာန်သွင်း၊ မကင်းစောင့်စည်း၊
သီလဆည်း၍၊ ပုလလည်းဆင်၊
ကျင့်သောသွင်သို့၊ အောင်မြင်တံခွန်၊
သာမျိုးလွန်သည်၊ နိဗ္ဗာန်ရွှေမြို့၊
ရောက်ရန်သော် . . .

ဟူသော ရှင်မဟာသီလဝံသ၏ စာသွားနှင့်အညီ ရှေးဦး (၁၅)ရက် ပရိဝါသ်ဆောက်တည်ခြင်း၊ (၆)ညဥ့်မာနတ်ကျင့် သံဃာ(၂၀)တို့ဖြင့် အဗ္ဘာန်သွင်းခြင်း စသော အာပတ်ညစ်အကြေးဟူသမျှ ခဝါချသကဲ့သို့ သုတ်သင်စင်ကြယ်စေ ပုလဲကုံးအသွင် ဖြူစင်တောက်ပြောင်သော သီလကို ပန်ဆင်၍ ဤဘဝတွင် အရဟတ္တဖ တံခွန်ထူနိုင်ရန် . . .

အရညကင်၊ တောသို့ဝင်၍၊
နတင်ရအောင်၊ ရွာကိုရှောင်မှ၊
လေးတောင်ထွာဖြတ်၊ အစွန်းလွတ်သား၊
တိုင်းညွှတ်ကွေးကွေး၊ ကုတ်လုပ်လေးတာ၊
ငါးရာဖြင့်၊ သချာမှန်လှ၊
တကောသဒ္ဒ၊ နေထကိန်းအောင်း၊
သင်္ကန်းကျောင်းလည်း၊ ညောင်စောင်းဆုံရုံ၊
တစ်စုံသင်္ကန်း၊ ဖန်ရည်စွန်းသား။

www.burmeseclassic.com


www.burmeseclassic.com



အစချီသော တောလားအတိုင်း အရှည်ကင်မတင်ဆော
ကာ တရားရှာရန်အတွက် ကျေးရွာဒကာ + ဒကာမတို့၏
ရေးနာရေး ပြောဆိုဆက်ဆံရေးတို့ကို ရှောင်ခွာ၍ ဓါးခွဲဓါးဖြ
အစပ်အရပ်မှန်သော သုံးထည်သော ဖန်ရည်ဆိုးသင်္ကန်းကို
ရုံ၍ ရွာကျောင်းနှင့်မနီးမဝေးဖြစ်သော ရွာတံခါးမှ တိုင်းတာ
ကုတ်လုပ်လေးဖြင့် အပြန်ငါးရာ(ကိုက်တစ်ထောင်) ကွာ
သော မကြီးကန်ခေါ်မည် စိတ္တဝိဝေကတောရဆီသို့ ခြေတော်
တည်လျက် . . .

*ကေစာရ၊ မာန်စောင်ချလျက်*
*လောဘမစော၊ လူမနှောသည့်*
*တစ်တောထွက်လျှင်၊ တစ်တောဝင်၍*
*တစ်ပင်ထွက်သွား၊ တစ်ပင်နားလျက်*


ဟူသကဲ့သို့ ကေစာ တစ်ကိုယ်တည်းဖြင့် အဖော်မမှီး
မာန်မာနကို နှိမ်ကာချလျက် လာဘသက္ကာရကို မဖက်စွက်
ကွက်တော့ဘဲ ဆူသံပူသံလူသံ တိတ်ဆိတ်သည့် စိတ္တဝိဝေ
ဘွဲ့တော်မည်လွှမ်း မကြီးကန်တောရစခန်း ကျောင်းသင်္ခမ်းဆီ
ဥယျာဉ်တစ်ခြံပြီးတစ်ခြံ၊ ယာတောတစ်တောပြီးတစ်တော ဖြ
ကျော် ဖြတ်ကျော်၍ မန်ကျည်းပင်အုပ်ဆိုင်း သစ်ပင်ချုံနွယ်
သိုင်းလျက်ရှိသော ဘုရားပေးသော ကျောင်းတွင် သက်တော်
၃၇- နှစ်၊ ဝါတော် ၁၇- ဝါ အရွယ်တော်မှစ၍ အရှည်ဝါ
တောရ မှီလေတော့၏။



ဆရာတော်ကြီးရွာကျောင်းမှ တောကျောင်းသို့ကြွတော်မူစဉ်

www.burmeseclassic.com

www.burmeseclassic.com





**သာယာငြိမ့်ညောင်း၊ မကြီးကန်ကျောင်း**

ဂါမေဝါ ယဒိဝါ ရညေ၊ နိန္နေဝါ ယဒိဝါ ထလေ။

ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံဘူမိ ရာမဏေယျကံ။

ရွာ၌ဖြစ်စေ၊ တော၌ဖြစ်စေ၊ နိမ့်ရာ၌ဖြစ်စေ၊ ကုန်းမြင့်ရာ ဖြစ်စေ ရဟန္တာပုဂ္ဂိုလ်တို့သည် နေကုန်၏။ ထိုပုဂ္ဂိုလ်တို့နေရာ မြေအရပ်သည် မွေ့လျော်ဖွယ်ရှိ၏ ဟူဘိသည်။ ဘုရားရှင်လက် ထက်တော်က အရှင်သာရိပုတ္တရာ၏ ညီထွေးဖြစ်သော ရှင်ရေ ဝတ၏ ရှားတော တောရကျောင်းလေးသည် မွေ့လျော်ဖွယ်ရာ ကောင်းသကဲ့သို့ ဆရာတော်ဦးပညာ၏ မန်ကျည်းကန်(ဝါ) မကြီးကန်တောရကျောင်းလေးသည်လည်း သာယာငြိမ့်ညောင်း မွေ့လျော်ဖွယ်ရာကောင်းပါသည်။

မွေ့လျော်ဖွယ်ကောင်းရုံနှ် တည်နေသဏ္ဌာန်ကား . . .

တောအထပ်ထပ် ကုန်းအတန်တန်မှ စီးကျဖန်များသော ရေတို့၏ တိုက်စားမှုကြောင့် ချောက်ကမ်းပါး(ကမ်းပါးယံ)ကြီး ဖြစ်၍နေ၏။ ထိုကမ်းပါးယံကြီးအတွင်း၌ "သစ်မ်းကျောင်း သည်း၊ ညောင်စောင်းဆံ့ရုံ" ဆိုသလို ခုတင်တစ်လုံး ဆံ့ရုံ သာကသာ ထန်းရွက်မိုး တိုက်ကျောင်းအိုလေး တစ်ကျောင်း ရှိ၏။ ထိုကျောင်းလေးထဲ၌ ခုတင်တစ်လုံးဆံ့နိုင်သော်လည်း ခုတင်တစ်လုံးမှ မထားပါ။ ပက်လက်လျှော်ကုလားထိုင်အိုလေး တစ်လုံးနှင့် ခွေးခြေခေါ် ခြေတင်ကုလားထိုင်လေးတစ်လုံးသာ

www.burmeseclassic.com

www.burmeseclassic.com



ထားရှိ၏။ ယင်းကျောင်းငယ်လေးအတွင်း၌ မိုးရွာမှသာ … အောင်းလေ့ရှိသည်။ မန်ကျည်းပင်ကြီးများ၏အောက်၌မူ …

*သူတော်တကာ၊ အရိယာတို့၊*
*နေရာသန့်ရှင်း၊ သစ်ပင်ရင်းကား၊*
*တစင်းနီးနွယ်၊ ဝါးသက်ငယ်ဖြင့်၊*
*ချည်တွယ်နှောင်တည်း၊ ပြုရနည်း၏။*

ဟူသော ဆုတောင်းခန်းပို့လာ လင်္ကာနှင့်လျော်ညီစွာ … ထန်းလက်ပြားများကို ကြမ်းခင်းပြု၍ သစ်ပင်နွယ်တို့ဖြင့် … ခုင်းခေါင်းရင်း ပုခက်အသွင် ရစ်သိုင်းပြီး မန်ကျည်းကိုင်း… ချိတ်ဆွဲထားသော ဒန်းစင်ဖြင့်ပင် သီတင်းသုံး တရားရှုမှတ်လေ… ရှိ၏။

အကြီးဆုံး မန်ကျည်းပင် ဖြစ်သော ကျောင်းဥပစာ၏ … အရှေ့ပိုင်း ကန်ဘောင်စောင်းတွင် ဒန်းတစ်စင်နှင့် အနောက်ပိုင်… ကုန်းစောင်းတွင် ဒန်းတစ်စင် ပေါင်းနှစ်စင်ပြုလုပ်ထား၏။

ဒန်းစင်၏အမြင့်မှာ မြေမှ (၃)ပေခန့်မြင့်၍ တစ်ပါးစာ… လျောင်းစက်၍ ရရုံသာဖြစ်သည်။

အဘယ့်ကြောင့် ဒန်းစင်ဖြင့် သီတင်းသုံးသနည်းဟု… လျှောက်ထားကြည့်သောအခါ တရားအားထုတ်စဉ် မတော်တဆ… ငိုက်မျဉ်းမှုဖြစ်သော် နိုးလွယ်သည်ဟု မိန့်ကြားတော်မူ၏။



တောရကျောင်းလေးဝန်းကျင်တွင် မန်ကျည်းပင်၊ ရှားပင်၊ …ပင်၊ ထန်းပင် စသော အပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်း… ကာရံအုပ်ဆိုင်းနေသောကြောင့် ငြိမ်ညောင်းသာယာမွေ့… …ဖွယ်ရာကောင်းခြင်း ဖြစ်ပါသည်။

ကျောင်းဝင်းလေးနှင့် ယှဉ်ကပ်လျက် ထန်းပင်ပတ်လည် …နေသော သောက်ရေကန်ကြီးလည်း ထီးထီးမားမား တည်ရှိ …သောကြောင့် ပို၍ပင် တင့်တယ်ကြည်နူးဖွယ်ရာ ဖြစ်လှ…သည်။

ယင်းသို့ ငြိမ်ညောင်းသာယာဖွယ်ကောင်းသော တောရ …ကျောင်းလေး၌ ဆရာရင်းဖြစ်သော စကုဏ္ဏမြို့ အရှေ့ (မဟာဝိဇယာ…)တိုက် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ပထမ …ဆရာတော်ဘုရားကြီး၏ ဝိပဿနာပုတီးစိပ်နည်း၊ နာမရူပဝိပ…နာပုတီးစိပ်နည်း၊ ခန္ဓာငါးပါးပုတီးစိပ်နည်း၊ ဓာတ်(၆)ပါး …တီးစိပ်နည်း လက္ခဏာရေးသုံးပါး ထင်မြင်နိုင်ပုံနည်းတို့နှင့် …ဋ္ဌာန်းထိုင်ပုံထိုင်နည်းတို့ဖြင့် ဝိသုဒ္ဓိ(၇)ပါးဉာဏ်စဉ်များ ဆင့် …၍ မနေမနား အားထုတ်နေခြင်းဖြစ်ပါသည်။

**…ကြီးတန်ခေါ်ခြင်း တောရမော်ကွန်း**

ရမဏီယာနိ အရညာနိ၊ ယတ္ထ န ရမတိ ဇနော။
ဝီတရာဂါ ရမိဿန္တိ၊ န တေ ကာမ ဂဝေသိနော။

တောတို့သည် မွေ့လျော်ဖွယ်ရာရှိကုန်၏။ ယင်းတောတို့… ကာမရှာမှီးသူ လူအပေါင်းသည်ကား မမွေ့လျော်နိုင်။ ရာဂ

www.burmeseclassic.com



ကင်းသော ပုဂ္ဂိုလ်တို့သည်သာ (ဝါ) ရာဂကင်းအောင် ကျင့်သော ပုဂ္ဂိုလ်တို့သည်သာ မွေ့လျော်ကြကုန်လတ္တံ့။

ထိုရာဂကင်းသော (ဝါ) ရာဂကင်းအောင်ကျင့်သော ပုဂ္ဂိုလ်တို့သည် ကာမကိုမရှာမှီးကုန်(ဝါ) တရားကိုသာ ရှာမှီးကြကုန်၏။

ဖော်ပြပါ ဓမ္မပဒ၊ အရဟန္တဝဂ်၊ အညတရက္ကတ္ထိ ဝတ္ထုလာ ဒေသနာနှင့်ညီစွာသော တရားရှာမှီးရာ ပုဂ္ဂိုလ်မြတ်တို့၏ မွေ့လျော်အပ်သော တောအုပ်အရပ်တစ်ခုအဖြစ် ကွမ်းတောရွာ မကြီးကန်တောလည်း အပါအဝင် ဖြစ်ပေ၏။

ထိုမကြီးကန်တောဟူသော အမည်ဖြစ်ပေါ်ခြင်းသည်—

ရှေးယခင်က ရှစ်မျက်နှာကျောင်းခေါ် ကျောင်း၏တောင်ဘက် တခေါ်နီးနီးတွင် ဂျုတ်ပင့်ရွာဟူ၍တည်ရှိခဲ့ဘူးလေသည်။

ထိုရွာတွင် မင်းတုန်းမင်းကြီးလက်ထက်တော်က ရဲရင့်သော အမှုထမ်းကောင်း သွေးသောက်ဦးရွှေစင်ဆိုသူ တစ်ယောက် ထင်ရှားပေါ်ပေါက်ခဲ့လေသတတ်။

ထိုဦးရွှေစင်တို့မိသားစုတွင် မယ်အိမ်စည်ဟူသော သမီးတစ်ယောက်ထွန်းပေါက်ခဲ့၏။ မယ်အိမ်စည်ဆိုသူ အချိန်တန် အရွယ်ရောက် လူလားမြောက်သောအခါ သီပေါမင်း၏အမှုထမ်း ဦးမြတ်ရေးနှင့် လက်ဆက်ခဲ့သဖြင့် ဒေါ်သော့၊ ဒေါ်မယ်ဆိုး၊ ဖိုးအုန်းမြိုင်ဟူသော သားသမီး (၃) ယောက် ထွန်းပေါက်ခဲ့လေသည်။



ထိုတွင် သားဖြစ်သူ ဦးအုန်းမြိုင်သည် ဗြိတိသျှအင်္ဂလိပ်မင်း လက်ထက်က ငွေမားလွယ်ဆုနှင့် အထူးအာဏာတော်ရသူကြီးမင်းဖြစ်၍ ရွာတောင်ကျောင်း၌ ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့ခြင်း၊ ဘုရားဝင်းအတွင်း၌ (၉)တောင်ပြည့် ကျောက်စီစေတီတော်တစ်ဆူ တည်ထားကိုးကွယ်ခြင်းများ ပြုခဲ့သူဖြစ်လေသည်။

မယ်အိမ်စည်၏သမီးအကြီးဖြစ်သူ ဒေါ်သော့မှ –

၁။ မယ်ဝါမှီ

၂။ မယ်ရွှေရီ

၃။ မယ်ကံဥ

၄။ မယ်ဖြူ

ဟူသော ညီမအကြီးလေးယောက်ရှိခဲ့၏။

ထိုညီမအကြီး (၄) ယောက်တို့သည် မိဘများအမွေအနှစ် ယာမြေတစ်နေရာကို ခွဲဝေခြင်းမပြုမူ၍ အင်္ဂလိပ်မင်းလက်ထက်တွင် သာသနာတော်အတွက် လိုအပ်သလို အသုံးပြုနိုင်ရန် တောင်ကျောင်းဆရာတော် ဦးသိရီမာလာ (ခေါ်) လူအမည် ဦးအပ်အား စေတနာသုံးတန်ပြဌာန်းကာ လှူဒါန်းခဲ့လေသည်။

ဦးသိရီမာလာသည် အလှူခံရရှိအပ်သော ယာမြေအား ရွာသူရွာသားများနှင့် ယာတဲ၊ ထန်းတဲတို့၌ လုပ်ကိုင်နေထိုင်ကြသောသူတို့အား ရေအခက်အခဲမဖြစ်ရအောင် ရည်ရွယ်ချက်ဖြင့် ဦးဆောင်လျက် ရေကန်တူးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုရေကန်ကို ညီအမအကြီးလေးယောက်တို့က လှူဒါန်းသော မြေပေါ်၌ ၎င်းလေးယောက်တို့ကပင် မတည်၍ ရေကန်ကြီး တူးဖော်လှူဒါန်းခဲ့ခြင်းကို အစွဲပြု၍ မ,လေးမ၊ ကြီး,လေးကြီး ဟူသော စကားဖြင့် မ,ကြီးကန်ဟု ခေါ်ဆိုလိုရင်း ဖြစ်ပေသည်။

ယင်းရေကန်ကြီးအနီး တောရကျောင်းဆောက်တည်ထားခြင်းကြောင့် "မ, ကြီးကန်တောရ" ဟူ၍ပင်ဖြစ်သတည်း။

သို့သော်လည်း ယင်းမကြီးကန်တောရ၌ မန်ကျည်းပင်ကြီး အုံ့ဆိုင်းနေသောကြောင့် မန်ကျည်းကန်တောရဟု ခေါ်ဆိုလျှင်လည်း သင့်မြတ်ပါပေသည်။

ထိုခေတ်အခါက ဂျူတ်ပင်ရှာသည် လွတ်လပ်ရေး မရမီ အချိန်ကာလအတွင်းတွင် နီးစပ်ရာ ရွာချင်းပေါင်းစုကြရသောကြောင့် ကွမ်းတောရွာတောင်ပိုင်းသို့ ပြောင်း ကာ ကွမ်းတောရွာဟူ၍သာ တစ်သွေးတည်းတစ်သားတည်း ပေါင်းစည်းညီညွတ်စွာ နေထိုင်ကြလေ၏။ ကွမ်းတောရွာတောင်ပိုင်းကို ဂျူတ်ပင်ပိုင်းဟူ၍ ခေါ်ဝေါ်သုံးစွဲခြင်းမျိုးလည်း ယခုအခါ လုံးလုံးကွယ်ပျောက်လေပြီ။

မကြီးကန်၏ ကန်ပေါင်ပတ်လည်တွင် ဦးသိရိမာလာသည် ထန်းပင်များကို စိုက်ပျိုးခဲ့သဖြင့် ယခုအခါ ထန်းပင်တန်းတောတို့ဖြင့် လွမ်းမောဖွယ်ရာလည်းကောင်းလှပါသည်။

ဦးသိရိမာလာ ပျံလွန်ပြီးတောက် မြင်းမြို့နယ်၊ ကျွဲပုတ်ရွာဇာတိ ဦးကုသလခေါ် ဦးကျော်ဝဆရာတော် ကြွရောက်လာသောအခါ မကြီးကန်တောရ၌ တောရဆောက်တည်ရန် ဆန္ဒရှိသဖြင့် ကောဇာသက္ကရာဇ် ၁၃၀၂ ခုနှစ်တွင် ကွမ်းတောရွာနေဦးဘိုးခင်+ဒေါ်အေးညို မိသားစုတို့က စိတ္တဝိဝေကချောင်ဟူ၍ အမွည်းတင်ကာ သောက်ရေကန်ပါ တွဲလျက်ပါရှိသော အုတ်တိုက်ကျောင်းငယ်လေးတစ်ဆောင် ဆောက်လုပ်လှူဒါန်းပေးသဖြင့် ဦးကုသလဆရာတော် စတင်သီတင်းသုံးတော်မူခဲ့၏။



## မိန့်မှာတော်ဝတ်မချွတ်ပြုရာ

ယုဝါ စရေ ဗြဟ္မ စရိယံ၊ ဗြဟ္မစာရီ ယုဝါ သိယာ။
မြတ်သောအကျင့်ကို ငယ်စဉ်ကပင် ကျင့်ရာ၏။ မြတ်သောအကျင့်ကိုကျင့်သောသူသည် အသက်နုနယ်ငယ်ရွယ်သောသူဖြစ်ရာ၏။

(တေမိယဇာတ်)

ဆရာတော်ဦးပညာသည် သက်တော် (၃၇) နှစ်၊ သိက္ခာတော် (၂၇) ဝါမှ စတင်၍ တောထွက်တော်မူ၏။ ပခုက္ကူအရှေ့တိုက်ဆရာတော်ကြီး၏နည်းနာနိဿယအတိုင်း ကျင့်ကြံတော်

www.burmeseclassic.com



မှုလေ၏။

နေ့စဉ် တောသို့မကြွမီ အရဏ်ယာဂုဆွမ်းကိုသာ ဘုဉ်းပေးတော်မူ၏။

ယင်းယာဂုဆွမ်းကို ဦးကြီးမောင်+ ဒေါ်လွန်းမိသားစု။ ဦးလုံးတီး+ဒေါ်မယ်ကျန်မိသားစု။ဦးသန်း+ဒေါ်တင်မြိုင်မိသားစုတို့က လက်ဆင့်ကမ်းကာ နေ့စဉ် ချက်ပြုတ်လှူဒါန်းခဲ့ကြ၏။

သက်တော် (၈၀) အရွယ်မှစ၍ ဦးချစ်မောင်+ဒေါ်လှမြိုင်။ ဦးချစ်ဦး+ဒေါ်မြကျင်တို့ မိသားစုတို့က ဆရာတော်နှင့် တကွကျောင်းရှိသံဃာများပါ ဘုန်းပေးနိုင်အောင် လှူဒါန်းလျက်ရှိနေကြ၏။

ဤသို့ ယာဂုဆွမ်း လှူဒါန်းသော အလှူရှင်တို့အား အောက်ပါ အကျိုးတရား (၁၀) မျိုးရရှိနိုင်ကြောင်း ဝိနည်းမဟာဝါတွင် ပြဆိုထား၏။

ယာဂုလှူသူသည် အသက်ကိုလှူသည်မည်၏။ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ပညာဉာဏ်ကြီးခြင်းတို့ကိုလှူသည်မည်၏။ဆာလောင်ခြင်း ကိုပယ်ဖျောက်၏။ မွတ်သိပ်ခြင်းကို ပယ်ဖျောက်၏။ လေကိုစုန်ဆင်းစေ၏။ ဆီးအိမ်ကို စင်ကြယ်စေ၏။ အစာသစ်အကြွင်းကို ကြေညက်စေ၏။ ဟူ၍ဖြစ်ပါသည်။ ဆရာတော်အတွက် နိစ္စပတ်ဝတ်ကိုမူ ပစ္စည်းလေးပါးဒကာခံလှူဒါန်းကြသော ဦးကံညွှန့်+ ဒေါ်သိန်းရင်။ ဦးဘိုးဆံယ်+ ဒေါ်အေးတုတ် မိသားစုတို့က အမြဲချက်အုပ်



သော မောင်းထောင်ဆန်ဆွမ်းကို အခြေခံ၍အာရုံပုံမှန်ချက်ပေးလှူရှိသော ဆွမ်းဒကာများ၏ ဆွမ်း+ ဆွမ်းဟင်းတို့ဖြင့် ကျောင်းသား ကိုရင်တို့က သင့်လျော်အောင် စီမံ၍ သပိတ်ဖြင့် နေ့ဆွမ်းဆက်ကပ်လိုက်ရ၏။ အာရုံဆွမ်းဘုဉ်းပေးပြီး နံနက် (၆)နာရီလောက်တွင် ဆွမ်းသပိတ်ကိုလွယ်ကာ နှစ်ထပ်သင်္ကန်းကြီးကိုရစ်သိုင်းလျက် ထီးတစ်လက်ကို အဖော်ပြုပြီး တစ်တောဝင်လျက် တစ်ကုန်းတက်၍ တစ်ကုန်းတက်၍ တစ်တောင်ကျော်ဆိုသလို မဂ်ဖိုဂ်နိဗ္ဗာန်ကို ရလိမ့်မည်ဟူသော မျှော်ကိုးယုံကြည်ချက်ဖြင့် နေ့စဉ်မပျက်တောသို့ ထွက်ခဲ့ပါသည်။

တောကျောင်းသို့ရောက်လျှင်ရောက်ချင်း တရားနှလုံးသွင်း၍ နေအမှတ်အသားပြုထားသော (၁၀) နာရီအချိန်လောက်တွင် နေ့ဆွမ်းဘုဉ်းပေးတော်မူ၏။ ဆွမ်း၏ ငါးဖို့ကို သုံးဖို့မျှလောက်သာ ဘုဉ်းပေးတော်မူ၍ ကျန်နှစ်ဖို့မျှကို တိရစ္ဆာန်လေးများအား ဒါနပြုတော်မူ၏။

ဆွမ်းဘုဉ်းပေးပြီးသောအခါ အရန်သင့်ပြုလုပ် ချိတ်ဆွဲထားသော သံပြားခေါက်လေးနှင့် ထန်းသီးမှုတ်ကုလားတက် (တုံး)လေးကို ခေါက်လိုက်သောအခါ တောကြက် တောငှက်ငယ်များသည် တွန်ကာမြူးကာဖြင့် အစုလိုက်အပြုလိုက် အလျှိုအလျှိုရောက်လာကြ၏။ တောကြက်အုပ်အဖွဲ့ကလည်း သူ့နေရာနှင့်သူစားကြ၏။ တောငှက်အုပ်အဖွဲ့ကလည်း သူ့နေရာနှင့်သူစားကြ၏။ တစ်ကောင်နှင့်တစ်ကောင်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရန်မရှာ

www.burmeseclassic.com

www.burmeseclassic.com



ကြဘဲ ချစ်ကြည်စွာ စားသောက်ကြသည်ကို ကြုံကြိုက်သူတိုင်း မြင်တွေ့ကြရ၏။ ရှေးယခင်က ချေ၊ သမင်၊ ယုန်များပါ တစ်ခါတစ်ခါရောက်လာကြ၏။

ထန်းလက်လျှော်ကို လက်ကိုင်ဆွဲကိုင်းသဖွယ် ပြုထားသော ရေအိုးငယ်လေးဖြင့် ကိုယ်တိုင်ရေခပ်အသုံးပြု၏။ ကျေးငှက်သာရကာတို့အား (၃) နေရာခွဲ၍ တစ်နေ့ (၃) ကြိမ် ရေတိုက်တော်မူ၏။ နွေအခါအနီးရှိ ရေကန်ကြီးမှ ရေပြတ်လျှင် ရွာမှ တပည့်များက လာရောက်ပို့လှူကြ၏။

သင်္ကန်းနွမ်းလျှင် မည်သူမျှ အလျှော်မခိုင်းဘဲ ကိုယ်တိုင် လက်လိပ်ထိုး၍ လျှော်၏။ ကျန်အချိန်အားလုံး တရားရှုမှတ်ပွားများနေတော်မူ၏။

သစ်ခေါက်ဆိုးသင်္ကန်းကို ဝတ်ရုံ၍ သင်္ကန်းစုတ်သည်ကိုပင် ကိုယ်တိုင်ချုပ်ဝတ်ရုံကာ သစ္စဋ္ဌိဂုဏ်ကိုဆောင်လျက် ပင်ပန်းနွမ်းနယ်စွာ ကျင့်တော်မူရှာ၏။

ညနေချမ်းနေဝင်ဖျိုးဖျ အချိန်ရောက်မှ ရွာကျောင်းသို့ ပြန်ကြွလာလေ့ရှိ၏။ လပြည့်ရက်များတွင် နေစွယ်ယွန်းယွန်း၊ လမင်းထွန်းလင်းစအချိန် ကျောင်းဝင်းအရှေ့ပေါက်ဆီမှ ပြန်လည်ကြွလာသောအခါ နေမင်းလမင်း ထိုနှစ်စင်းတို့က မီးဆလိုက်ထိုးသည့်ပမာ စက္ခုန္ဒြေကိုချ တစ်လှမ်းချင်း၊ တစ်လှမ်းချင်းကြွလာသော ဆရာတော်၏အသရေတော်ကို ပူဇော်သောအလားသို့ ဖူးမြင်ရသည်မှာ အထူးပင်ဘဝင်ခွေ့လှပါပေသည်။

⊛ ⊛ ⊛



# ဝိနယ ဂရုကမော်ကွန်း

## ဝိနည်းသိက္ခာ လေးစားလိုက်နာ

ဝိနယောနာမ ဗုဒ္ဓသာသနဿ အာယု၊
ဝိနယေဌိတေ သာသနံဌိတံ ဟောတိ။

ဝိနည်းပညတ်တော်မည်သည် ဘုရားရှင်သာသနာတော်၏အသက်ဖြစ်၏။ ဝိနည်းတည်သည်ရှိသော် သာသနာတည်သည်ဖြစ်၏ဟူ၍ အဋ္ဌကထာဆရာမြတ်တို့ ဖွင့်အပ်ချက်ကို ဦးထိပ်ရွက်၍ ဝိနည်းဓတဒဂ်ရ အရှင်ဥပါလိမထေရ် ဝိနည်းတော်ကို အင်မတန်လေးစားတော်မူသကဲ့သို့ ဆရာတော်ဦးပညာသည်လည်း အသေးအမွှားအာပတ်မှအစ မသင့်ရလေအောင် အထူးဂရုစိုက်တော်မူ၏။ အသေးဆုံးဒုက္ကဋ် အာပတ်လေးသည်ပင် ချန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်စေနိုင်ကြောင်း ဘုရားရှင်မိန့်ကြားခဲ့သည်ကို ဂရုထား ရှောင်ရှားတော်မူသည်။

ကိုယ်ကျင့်သီလဖြစ်သော ဝိနည်းဒေသနာကွယ်ပျောက်လျှင် သမာဓိ၊ ပညာဖြစ်စေနိုင်သော သုတ္တန်၊ အဘိဓမ္မာဒေသနာတော်တို့သည်လည်း ကွယ်ပျောက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိနည်းသည် ပုဂ္ဂိုလ်တိုင်းအတွက်ရော သာသနာအတွက်ပါ အထူးအရေးကြီးဆုံးသော အချက်ဖြစ်၏။

ဤအချက်ကို ဆရာတော်သည် အမြဲတမ်းဦးထိပ်ရွက်လျက် နှစ်စဉ်နှစ်စဉ် နတ်တော်လ ကန်မဘုရားပွဲ ပထမညရောက် ပင့်သံဃာတော် (၂၀) ကျော်တို့ဖြင့် အဗ္ဗာန်ကံဆောင်ခြင်းဖြင့် ဝတ်ဆောက်တည်ခြင်းအစီအစဉ်ကို ပြီးစီးအောင်ဆောင်ရွက်၍ သီလဝိသုဒ္ဓိဖြစ်စေ၏။ ထိုသို့ဝတ်ဆောက်တည်ရာတွင် နီးစပ်ရာ မထေရ်ကြီးတစ်ပါးပါးကို ကြိုတင်ပင့်ထားပြီး ဝတ်ဆောက်တည်ခြင်းပြုလုပ်၏။

အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ၊
သမာဒါယ သိက္ခတိ သိက္ခာပဒေသု။

ဟူသော ကျမ်းဂန်များလာ ဒေသနာနှင့်အညီ အနည်းငယ်သော အပြစ်တို့၌ ဘေးဟုရှုလေ့ရှိသည်ဖြစ်၍ သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်ကျင့်ကြံတော်မူ၏။

များသောအားဖြင့် မရှောင်နိုင်ကြသော ရေနွေးကြမ်းသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း တို့ကို လုံးဝမပြုပါ။ တပည့်များအား ထန်းလျက်ခဲကိုပင် ရေနှင့်ဖျော်၍သာ ဘုဉ်းပေးစေ၏။

အနာမာသဝတ္ထုများကို ကိုင်ဆောင်ခြင်း၊ မမြင်ဖူး၍ ကောက်ယူကြည့်ရှုခြင်းမျိုးကိုပင် လုံးဝရှောင်ကြဉ်တော်မူ၏။



ဘုရားရှင်က ညီတော်အာနန္ဒာအား ငွေကိုမြွေဟုမိန့်ကြားသော စကားကဲ့သို့ပင် သဘောထားတော်မူ၏။

ဤသည်ကိုပင် ပညာရှင်တို့က –

"ငွေနှင့်မာတု၊ ဤနှစ်ခု၊ ဘိက္ခုသေမင်း၊ အဆိပ်ပြင်းတဲ့ မြွေနှစ်စင်း"

ဟူ၍ စာတင်ကြလေသည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရဟန်းတို့အား ရွှေငွေကိုင်ဆောင်နှင့်စပ်လျဉ်း၍ ဤသို့ပင် ဥပမာတင်ကာ ဆုံးမတော်မူခဲ့ပါသေးသည်။

ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး၊ ညစ်မျိုးငါးအင်သည် ထွန်းလက်သော လမင်း၏အရောင်ကို မှေးမှိန်အောင်ပြုသကဲ့သို့ ရွှေငွေသည်လည်း ရဟန်းသံဃာတည်းဟူသော လမင်းကို ... အရောင်ကင်းအောင် ပြုနိုင်၏ဟု အင်္ဂုတ္တိုရ် စတုက္ကနိပါတ် ... တသဿဝဂ်၌ ဟောကြားတော်မူခဲ့ပါသည်။

ဆရာတော်ကြီးအနေနှင့် ငွေကိုင်ဖို့မဆိုထားဘိ ယနေ့ ... ဆေးသုံးဆောင်မည့် အာဟာရဝတ္ထုမျိုးမှတစ်ပါး အခြားမည် ... အရာဝတ္ထုကိုမျှ အကပ်ခံခြင်းမပြု၍ လာလှူသူကျေနပ်ရုံ ... တိုင်အထုပ်လေးဖြင့် ညွှန်ပြသောအားဖြင့် ရှေ့နားတွင် ... ခိုင်း၏။

www.burmeseclassic.com

www.burmeseclassic.com



သက်န်းသစ် ဝတ်ရုံတော်မူရာတွင်လည်း ဖွန့်ခြင်း၊ ဓိဋ္ဌာန်ထိုးခြင်း၊ အဓိဋ္ဌာန်တင်ခြင်းများ ပြုလုပ်ပြီးမှသာ ဝတ်ရုံတော်မူ၏။

မှန်ပေသည်။ ဝိနည်းတော်ကိုလေးစားစွာ လိုက်နာကျင့်သုံးမှသာ လိုလားမျှော်မှန်းသည့် နိဗ္ဗာန်ကို ဧကန်ရပေလိမ့်မည် ဖြစ်၏။

ကိုယ်ကျင့်ဝိနည်းသိက္ခာကို လေးစားစွာလိုက်နာ ကျင့်သုံးမှသာ နိဗ္ဗာန်ရနိုင်မည်ဖြစ်ကြောင်းကိုလည်း ရှင်တော်ဘုရားက ဤသို့ ဟောထား၏။

၁။ ကိုယ့်ကျင့် ဝိနည်းသည် စောင့်စည်းရန် အကျိုးငှာ ဖြစ်၏။

၂။ စောင့်စည်းခြင်းသည် နှလုံးစိတ်ဝမ်း အေးချမ်းခြင်း အလို့ငှာဖြစ်၏။

၃။ စိတ်နှလုံးအေးချမ်းခြင်းသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်း အကျိုးငှာဖြစ်၏။

၄။ ဝမ်းမြောက်ခြင်းသည် နှစ်သက်ရွှင်လန်းခြင်း အကျိုးငှာ ဖြစ်၏။

၅။ နှစ်သက်ရွှင်လန်းခြင်းသည် ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းငှာဖြစ်၏။

၆။ ကိုယ်စိတ်နှစ်ပါးချမ်းသာခြင်းသည် တည်ကြည်ခြင်း အကျိုးငှာဖြစ်၏။



၇။ တည်ကြည်ခြင်းသည် ဟုတ်တိုင်း မှန်စွာ သိနိုင်ရန် ဖြစ်၏။

၈။ ဟုတ်တိုင်းမှန်စွာသိခြင်းသည် ငြီးငွေ့နိုင်ရန် ဖြစ်၏။

၉။ ငြီးငွေ့ခြင်းသည် တပ်မက်ခြင်း ကင်းရန်ဖြစ်၏။

၁၀။ တပ်မက်ခြင်း ကင်းခြင်းသည် လွတ်မြောက်ခြင်း အရဟတ္တဖိုလ် အလို့ငှာဖြစ်၏။

၁၁။ လွတ်မြောက်ခြင်းသည် ပစ္စဝေက္ခဏာဉာဏ် အကျိုးငှာ ဖြစ်၏။

၁၂။ လွတ်မြောက်ခြင်းဉာဏ်အမြင်သည် အနုပါဒပရိနိဗ္ဗာန် ဝင်စံရန် အကျိုးငှာဖြစ်၏။

ဤသို့လျှင် ဝိနည်းသည် အဆင့်ဆင့်အားဖြင့် အနုပါဒပရိနိဗ္ဗာန်တိုင်အောင် ဆိုက်ရောက်နိုင်သည့် အကျိုးကြီးမားသော တရားတော်ဖြစ်ကြောင်း ပရိဝါပါဠိတော်တွင် ဟောဖော်ပြ ကြားထားခဲ့ပါသည်။

**ဝိနည်းနှင့်စပ်ရာ ဩဝါဒကထာ**

သတော ဘိက္ခုဝေ ဘိက္ခု သမ္ပဇာနော
ကာလံ အာဂမေယျ၊
အယံ ဝေါ အမှာကံ အနုသာသနီ။

(သံယုတ်ပါဠိ)

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်စကားတော်မြတ်အတိုင်း သတိသမ္ဗောဇ္ဈင်တရ
နှစ်ပါးတို့နှင့် အမြဲတမ်းပြည့်စုံတော်မူကာ ဘာဝမဆို သတိဉာ
ပညာ ယှဉ်၍ အမြဲမပြတ်ကျင့်သုံးရမည် ဟူသောအနုသာသ
အဆုံးအမနှင့်အညီ ကိုယ်တိုင်ရောသူတစ်ပါးကိုပါ အာပ
အကြားမဝင်လတ်အောင် သတိသမ္ဗောဇ္ဈင် အမြဲတမ်းယှဉ်စေ

ဆရာတော်သည် ဝိနည်းငါးကျမ်း ပါဠိအဋ္ဌကထာတို့
စာလိုက်ခြင်း စာဆိုခြင်းဖြင့် (၃) ခေါက်ပေါက်အောင် သ
ယူတတ်မြောက်ခဲ့သည့်အလျောက် ယခုခေတ်အဆို ဝိနည်းမ
(ထို) သူဖြစ်ပေ၏။

စာရေးသူကိုယ်တိုင် ကိုရင်ဘဝက ဆရာတော်၏ဝတ်
ဝတ်ငယ်ကို အနီးကပ်ပြုစုခဲ့ရဖူးသည်။

တစ်နေ့သော် အရုဏ်ယာဂုဆွမ်းကပ်ပြီး ဆွမ်းစီစဉ်
အတွက် ဆရာတော်၏ကျောင်းလေးဘေးတွင် ချိတ်ဆွဲထားသေ
သပိတ်အိတ်မှ သပိတ်ကိုထုတ်ယူခဲ့၍ ဆွမ်းအစီအစဉ်ပြုလု
ပြီးကာ သပိတ်ကိုဝေးဝေးမှလှမ်း၍ ကပ်မိ၏။ အကပ်ခံတေ
မမူဘဲဆိုင်းငံ့ထား၍ ရှေးတစ်လှမ်းတိုး ကပ်လိုက်သောအခါ
အကပ်ခံ၏။

ဆွမ်းကပ်စဉ်က သပိတ်အိတ်သွတ်ရန် ကျန်နေသဖြ
ချိတ်ဆွဲထားသော သပိတ်အိတ်ကိုလှမ်းဆွဲ၍ အကပ်ခံပြီး ဆ
တော့် ရှေ့တွင်ချထားသော သပိတ်ကို သပိတ်အိတ်အတွင်းသ
ထည့်၍ ပြုပြင်ကာ ပြန်လည်ဆက်ကပ်၏။



ထိုအခါ ဆရာတော်က အကပ်မခံဘဲ ရှေ့ချထားချေ
ပြီး အထိုင်နိုင်းထား၏။

ကိုရင်တွေပါမက ဗုဒ္ဓဘာသာဝင်လူပုဂ္ဂိုလ်တွေပါ ရဟန်း
သာကို ဆက်ကပ်တတ်ရမယ်။

စားဖွယ်သောက်ဖွယ် လှူဖွယ်ပစ္စည်း ဆက်ကပ်တယ်
ရင် –

၁။ ကပ်မည့်သူက ရှေးရှုယူလာရမယ်။

၂။ ကပ်မည့်သူက အကပ်ခံမည့် ရဟန်း၏ နှစ်တောင့်
တစ်ထွာ အတွင်းကနေပြီး ဆက်ကပ်ရမယ်။

နှစ်ထောင့်တစ်ထွာဆိုတာ ရှေ့ကနေပြီးကပ်တဲ့
အခါ ရဟန်းကထိုင်နေရင် တင်ပါးရဲ့ နောက်ဘက်
အစွန်းနဲ့ ကပ်မယ့်ပုဂ္ဂိုလ်ရဲ့လက်မှတစ်ပါး အနီးကပ်ဆုံး
ကိုယ်အင်္ဂါရဲ့ ရှေ့ဘက်အစွန်းကို တိုင်းတာရမယ်။ အဲဒီ
အတွင်းဟာ နှစ်တောင့်တစ်ထွာ အတွင်းဖြစ်တယ်။ ဝေး
ဝေးကနေကပ်ရင် နှစ်တောင့်ထွာ မပြည့်ရင် အကပ်
မမြောက်ဘူး။

၃။ ကပ်တဲ့အခါ ကပ်တဲ့ပစ္စည်းကလည်း အားအလယ်
အလတ်စားရှိတဲ့ လူတစ်ယောက် မြှောက်နိုင်၊ မ,နိုင်
သော ဝတ္ထုပစ္စည်း ဖြစ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ကပ်တဲ့သူက ကိုယ်နဲ့ဖြစ်စေ ကိုယ်နဲ့စပ်နေတဲ့ ခွ
ပန်းကန်စသည်ဖြင့်ဖြစ်စေ၊ ပစ်လွှတ်၍ဖြစ်စေ၊ (၃)
တစ်မျိုးမျိုးဖြင့် ကပ်နိုင်တယ်။

၅။ အကပ်ခံတဲ့ ရဟန်းက ကိုယ်နဲ့ဖြစ်စေ၊ ကိုယ်နဲ့စပ်သေ
ဖွန်းစသည်နဲ့ဖြစ်စေ၊ တစ်မျိုးမျိုးနဲ့ အကပ်ခံရမယ်။

အဲဒီ ကပ်ခြင်းအင်္ဂါငါးပါးကို မှတ်ထားပြီးတေ
ကပ်တတ်ရမယ်။

ပြီးတော့ ကပ်ထားတဲ့ ဝတ္ထုပစ္စည်းကို ပြန်ကိုင်
အကပ်မပျက်ဘူး။ မဘုဉ်းပေးလိုတော့၍ ပြန်စွန့်လိုက်မှ အက
ပျက်သွားတယ်။ မစွန့်ခင် ပြန်ကိုင်မိလျှင်လည်း အကပ်မပျ
ပါဘူး ဟုမိန့်ကြားပြီး ပြန်လွှတ်လိုက်ပါသည်။

များမကြာမီ ဉပုသ်အထွက် တစ်ရက်တွင် ဆွမ်းသပိ
သွားရောက်ကပ်ရာ၌ သပိတ်ဖုံးပေါ်တွင် ပန်းကန်ပြားငယ်
ငှက်ပျောသီးနှင့်မာလကာသီးများပါ ထည့်လျက်ကပ်၏။ အထ
ခိုင်းထားပြန်၏။

အဖိတ်နေ့ညက ကိုရင်တွေ ထန်းလျက်ခဲဝေတယ် ထ
တယ်။ ထန်းလျက်ကို အလုံးလိုက်မစားရဘူး။ အရည်ကျို
သောက်ရမယ်။ ကင်ပွန်းရွက်နဲ့ရောကျိုလဲရတယ် ဟုမိန့်ကြ
ရင်း ဆရာတော်က ငှက်ပျောသီးတစ်လုံးကိုယူ၍ အခွံခွာဘု
ပေး နေ၏။



ထိုအခါစာရေးသူ (ကိုရင်) က ပြုံးစိစိလုပ်နေသောအခါ
ပျောသီးက ကိုက်ပြီးစားကောင်းတယ်။ အမြင်မတော်တာ
ခုပဲ။ အမြင်တော်အောင်သာ ဇွန်းနဲ့ဖြတ်စားနေကြတာ ကိစ္စ
ပါဘူး ဟုမိန့်ပြီး သစ်ရွက်တစ်ရွက် အခူးခိုင်း၏။ ခူးပြီးသော
ခါ တောကျောင်းမှာ ဓားမရှိဘူး။ ကိုက်စားရလိမ့်မယ်။
စမ်း ဟုဆို၏။ စာရေးသူလည်း ယောင်လည်လည်ဖြစ်နေ၍
ဒီမာလကာသီးပေါ် သစ်ရွက်ကလေးတင် ဒီက "ကပ္ပိယံက
ဟိ" လို့ဆို လိုက်ရင် ကိုရင်က "ကပ္ပိယံ ဘန္တေ" လို့ဆိုပြီး
ည်နှင့် အရွက်ကို လက်သည်းနဲ့ ဆိတ်ချလိုက် ဟုမိန့်ကြား
သပြီး ကပ္ပိစေ၏။

မှတ်ထား၊ဒီမာလကာသီး၊ ငရုတ်သီးတို့လို အစေ့မှအပင်
န်ပေါက်နိုင်တာရယ်။ အမြစ်၊ ပင်စည်၊ အဆစ်၊ အညွန့်တို့မှ
ပင်ပြန်ပေါက်နိုင်တာဟူသမျှ ကပ်ပိပြီးမှ ဘုဉ်းပေးကောင်း
ယ် လို့မှတ်။ အာပတ်ဆိုတာ အသေးအဖွဲကအစ မသင့်အောင်
ရှစိုက်ရတယ်ဟု မိန့်ကြားလိုက်၏။

ဆရာတော်သည် ညီညွတ်ရေးကို ရှေးရှုသောအားဖြင့်
သည်းကောင်း၊ အသက်သိက္ခာကြီးသော ပုဂ္ဂိုလ်များကို လေးစား
သောအားဖြင့်လည်းကောင်း၊ တစ်နှစ်တစ်ကြိမ် ရွာရှေ့ကျောင်း
နှင့် ဆရာရတော်ဦးကုသလ (ဦးကျော်ဝ) ကျောင်းသို့သွားရောက်
ာန်တော့လေ့ရှိခဲ့ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအရှင်ကိုရင်ဘဝက ညီတော်အာနန္ဒာပမာ နောက
တော်က လိုက်ပါရ၏။

၎င်းဆရာတော်များ ကျောင်းအဝင်တွင် ဆရာတော်
ဖိနပ်ချွတ်ထားခဲ့၏။ ဤအရှင် (ကိုရင်) က ဖိနပ်မချွတ်ဘဲ စီးပြီ
လိုက်လာ၏။ ဖိနပ်သံကိုကြားမိသောအခါ -

ဟဲ့ . . . ကိုရင် ဖိနပ်ချွတ်။ သူများ ချွတ်တာမတွေ့
ဘူးလား။ တခြားကျောင်းဝင်တဲ့အခါ ခွင့်မတောင်းဘဲနဲ့ ဖိနပ်
မစီးကောင်းဘူး။ စီးချင်အပြန်မှစီး အပြန်ဆိုတာ ဒီကျောင်းက
ဘုန်းကြီးတွေနဲ့ စကားပြောတွေ့ဆုံခဲ့ပြီးဖြစ်လို့ ကျေနပ်ခွင့်ပြုနိုင်
လောက်သော အနေအထားမှာရှိလို့ စီးသင့်ပါပြီ ဟုမိန့်ကြား၏။

ဝါဆိုဦးကာလဖြစ်၍ အပြန်ခရီး ကျောင်းဝင်ခါနီးတွင်
လမ်းဘေးချုံစပ်၌ မှိုများပေါက်နေသည်ကို တွေ့ကြရ၏။
ရဟန်းတွေဟာ မှိုမနုတ်ကောင်းဘူး။ ဒါပေမယ့် ပွင့်ပြီးလို့
(ရိ) ကာနီးရင်တော့ နုတ်ကောင်းပါတယ် ဟုဆိုကာ ကျောင်းသို့
ပြန်ဝင်ကြ၏။

ဆရာတော်သည် ဖိနပ်စီးရာ၌ အပ်စပ်သောသားရေဖိနပ်
ကိုသာစီး၏။ လာဘ်လာဘအားလျော်စွာ အပ်စပ်သော ဖိနပ်ကို
မရရှိခဲ့သော် ထိုစဉ်က ဦးညဏ်ကြီး+ဒေါ်အေးမယ် မိသားစုတို့က
အပ်စပ်သော ဖိနပ်ကိုစီမံ၍ လှူဒါန်းလေ့ရှိ၏။



ဆပ်ပြာမွှေးခဲများ လာလှူသူရှိသည့်အခါ အလှူခံထား
လိုက်သော်လည်း လှူသူပြန်သည်နှင့် အသိမ်းမခိုင်းဘဲ စွန့်လိုက်
လေ့ရှိ၏။

ဆရာတော်ကား ကာဘော်လစ်ဆပ်ပြာကိုသာ သုံး၏။
ကိုရင်တွေကိုလည်း ကာဘော်လစ်ဆပ်ပြာ၊ အလွန်ဆုံး ဆန်း
လိုက်ဆပ်ပြာလောက်သာ တိုက်စေရန် မိန့်ကြား၏။

တခါသော် စာရေးသူ မြို့မှအပြန် ဆပ်ပြာမွှေးကောင်း
ကောင်းနှင့် အခြားအပ်စပ်သော လှူဖွယ်များကို စီမံ၍ ဝတ်ပြု
ကန်တော့သောအခါ ဘာတွေလဲ ဟုမေးသဖြင့် ပစ္စည်းအမည်ကို
လျှောက်ထားရာ ဆပ်ပြာမွှေးခဲကို ကောက်လွှင့်ပစ်လိုက်ပြီး
ရဟန်း လေးငါးဝါရနေပြီ အနုထိ ဝိနည်းမကျွမ်းသေးဘူး ဟု
မြည်တွန်ပါ၏။ ထိုနောက် ဝိနည်းနှင့်ဆိုင်ရာ ပါဠိ၊ အဋ္ဌကထာ
မှန်သမျှ နှံ့စပ်အောင် သင်ကြားကြည့်ရှုရန်နှင့် လေးစားလိုက်နာ
ကျင့်သုံးရန်တို့ကို ဆုံးမတော်မူပါသည်။

ကျောင်းတွင်းရှိ ရဟန်း သာမဏေ ကျောင်းသားများကို
လည်း ကက်ဆက် ဖွင့်ခြင်း၊ ရေဒီယို ဖွင့်ခြင်း၊ ရေနွေးကြမ်း
သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကို အထူး
ကြပ်မတ်တော်မူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ပရိယတ်ကို ချစ်မြတ်နိုး**

ပရိယတ္တိယာဟိဌိတာယ ပဋိပတ္တိ ပတိဋ္ဌာတိ၊
ပရိယတ္တိယာ ဓရမာနာယ သာသနံ အန္တရဟိတံနာမ
နဟောတိ။

ပရိယတ်တည်ရှိလျှင် ပဋိပတ်တည်ရှိ၏။ ပရိယတ်ကို ဆောင်ထား သင်ကြားပို့ချနေသည်ရှိသော် သာသနာ ကွယ်ပျောက်ခြင်း မည်သည်မဖြစ်နိုင်။ ပရိယတ်သည် သာသနာတော် အဓွန့်ရှည်ခြင်း၏ မူလဘူတ အခြေခံဖြစ်၏။

ယင်းပရိယတ်တရားတော်၌ လုပ်ငန်းစဉ် နှစ်ဆင့်ရှိ၏။

၁။ သက်ဝင်ယုံကြည်စွာ ကြည့်ရှုသင်ကြားခြင်း။

၂။ ကြည့်ရှု သင်ကြားပြီးလျှင် ထိုတရားတော်လာအတိုင်း ကျင့်ကြံခြင်း၊ ယင်းလုပ်ငန်းစဉ်နှစ်ရပ်ကို အစဉ်အတိုင်း လိုက်နာ ကျင့်သုံးလျှင် ပဋိပတ်အကျိုး ပြီးမြောက်၍ အရဟတ္တဖိုလ်သို့ ရောက်ရှိနိုင်ကြောင်း . . .

ကို ဆရာတော် သဘောပေါက်ထား၏။ ထို့ကြောင့် ကိုယ်တိုင်ကြိုးစား၍ သင်ကြားခဲ့ပြီး ကျင့်ကြံနေသလို တပည့်တို အားလည်း ကြိုးစားသင်ကြား ကျင့်ကြံစေလိုသောဆန္ဒ ပြင်းပြ တော်မူ၏။ ဆရာတော်သည် ပရိယတ်ကို အလွန်ချစ်မြတ်နိုး တော်မူ၏။ ညအခါ စာပြန်သံ စာအံသံ မကြားရလျှင်သော် လည်းကောင်း၊ နေ့အခါ စာကျက် စာတက်မပြုလုပ်ကြ ဟု



ကြားသိရသော် လည်းကောင်း တာဝန်ရှိသူကို ခေါ်၍ ဆူလေ့ ရှိ၏။

စာသင်သားများ ရွာပြန်လာ၍ သွားရောက်ဝတ်ပြုသော အခါဖြစ်စေ၊ အာဂန္တုကြွလာ၍ သွားရောက်ဝတ်ပြုသော အာဂန္တု ကိုဖြစ်စေ စာအကြောင်း ပေအကြောင်းကိုသာ မေးမြန်းပြော ပြတတ်၏။ အဓိကအားဖြင့် သဒ္ဒါအကြောင်းကိုသာ မိန့်တော် မူလေ့ရှိသည်။ ဘယ်စာသင်တိုက်ကိုပဲ ရောက်ရောက် သဒ္ဒါ ကြီးစာဝါကို လိုက်မိအောင်လိုက်ခိုင်း၏။ စာသင်တိုက်နေကြ သော စာသင်သားများ စာမေးပွဲပြီး၍ ရွာပြန်လာကြသောအခါ ညတွင် အားလုံးကိုခေါ်၍ ရပ်တွက်ခိုင်းလေ့ရှိသည်။ သဒ္ဒါနှင့် စပ်၍ လုံးဝမေ့ပျောက်ခြင်းမရှိပါ။

"သဒ္ဒတ်မတာ၊ စတ်မတာ၊ သဒ္ဒတ်တာမှ စက်တာ၊ စတ်တာမှ အပြာသော"

ဟူသော ဆိုရိုးစကားလိမ်လေးကို အမြဲလိုလိုမိန့်ကြား တတ်၏။ သဒ္ဒါမနိုင်လျှင် စာမပိုင်ဘဲ ဆင်ကန်းတောတိုး ဖြစ် လိမ့်မယ်ဟုမှာကြား၏။ ရှေးအခါက သဒ္ဒါကိုးခေါက်မှ စာပြီး ပြောက်ပဲရှိသေးတယ် ဟုဆိုကြတယ်။ ယခုအခါမှာတော့ (၃) ခေါက်လောက်တောင် မလိုက်ချင်ကြတော့ဘူး။ တို့တောင်မှ သဒ္ဒါ (၇) ခေါက်ပဲ လိုက်ခဲ့ရတယ်။ ရောက်တဲ့နေရာတိုင်းညီး ချိုးစုံအောင် သဒ္ဒါစာဝါ လိုက်ခဲ့တယ်။ ယခုစာမေးပွဲအောင်

www.burmeseclassic.com

www.burmeseclassic.com



ရုံသာလုပ်နေကြတယ်။ စာတတ်ဖို့အဓိကမထားကြဘူး။ စာမေးပွဲအောင်တယ် ကြားလို့ ဝမ်းသာပါတယ်။ စာမေးပွဲလောက်နဲ့ ရောင့်ရဲတင်းတိမ်နေလျှင် စာကုန်မှာမဟုတ်ဘူး။ စာမေးပွဲအထိုက်အလျောက် လုပ်ပြီးလျှင် ပစ္စက္ကူစာသင်တိုက်ကြီးတွေဝင်ပြီး ကျမ်းကြီးဖောက်ကြဦး ဟုစာသင်သားများကို မိန့်ကြားလေ့ရှိပါသည်။

ဆရာတော်သည် ခန္ဓာဝန် စွန့်တော်မမူမီ ကျန်းမာရေးမကောင်းနေစဉ်ပင် ကျောင်းသားကိုရင်များ စာအံသံမကြားလျှင် ကိုယ်တိုင်ကြွသွားတော်မူပြီး စာကျက်ခိုင်းသည်ဟု ကြားသိရပါသည်။ စာအံသံမကြားတိုင်း ဘုရားသာသနာတော့ ကွယ်ပါပြီ။ သာသနာတော့ ကွယ်ပါပြီဟု မကြာမကြာ ညည်းညူလေ့ရှိကြောင်း ယခုကျောင်းထိုင်ဘုန်းကြီးနှင့် ပြုစုသူများက လျှောက်ပြ၍သိရပါသည်။

ဤသဘောကို ထောက်လျှင် ဆရာတော်သည် ပရိယတ္တိကိုလည်း အင်မတန် ချစ်မြတ်နိုးကြောင်း သိရှိနိုင်ပါသည်။

မှန်ပေသည်။ ဆရာတော် ညည်းညူတော်မူသလို စာပေသင်ကြားပို့ချမှုကွယ်ပျောက်လျှင် သာသနာကွယ်သည်ဖြစ်ကြောင်း အင်္ဂုတ္တိုရ်ပါဠိတော်လာ (၁၅) ပါးတို့တွင် ပထမနည်း (၅) နည်း သာ ပညာရှင်တို့၏ လင်္ကာအတိုင်း ဖော်ပြလိုက်ပါအံ့။

တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မပြု၊ မမွှာနုမမွှတ်၊ ပဋိပတ်ကွာ၊ ဤငါးဖြာ သာသနာကွယ်ကြောင်းတည်း။



**မိဘနှစ်ဖြာ သံဝေဂယူစရာ**

ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါစေတိ ဂေါစရံ
ဧဝံ ဇရာစ မစ္စုစ၊ အာယုံ ပါစေန္တိ ပါဏိနံ။

(ဒဏ္ဍဝဂ်၊ ဥပေါသထိက ဣတ္ထိနံဝတ္ထု)

နွားကျောင်းသားသည် နှင်တံဖြင့် နွားတို့ကို စားကျက်ဘာသို့မောင်းနှင်ပို့သကဲ့သို့ ဤနည်းတူ အိုခြင်းသည်လည်းကောင်း၊ သေခြင်းသည်လည်းကောင်း၊ သတ္တဝါတို့၏အသက်ကို မောင်းနှင်ကုန်၏။

ခမည်းတော်ဦးဘိုးလှိုင်+ မယ်တော်ဒေါ်စော တို့၏ အသက်အရွယ်များသည်လည်း တဖြည်းဖြည်း ဇရာအရွယ်သို့ ရောက်၍နေချေပြီ။

ဦးဘိုးလှိုင်တို့ မိသားစုသည် တစ်ဦးတည်းသော သားတော် ရှင်ဘဝမှ ရဟန်းဘဝ၊ စာသင်သားမှ ကျောင်းထိုင်၊ ကျောင်းထိုင်မှ တောရကျောင်းဆရာတော် ဖြစ်နေသော သားတော်ကို ကျေနပ်အားရ နှစ်သက်ရွှင်ပျလျက် ပစ္စည်းလေးပါး ညှိုးနွမ်းရအောင် ထောက်ပံ့နေရင်း တို့သားရဟန်းရဲ့ ကျင့်ကြံအားထုတ်မှုသည် တစ်နေ့နေ့တွင် ရဟန္တာဖြစ်နိုင်ချေ၏ဟု မျှော်သင့်စောင့်စားနေစဉ် နွားကျောင်းသားတည်းဟူသော သေမင်းသည် မရဏစားကျက်တောဆီသို့ ဆက်လက်မောင်းနှင်ပို့လျက် ရှိနေပေ၏။

www.burmeseclassic.com

www.burmeseclassic.com



မရဏစားကျက်တောထဲ ရောက်ခါနီးဆဲဆဲ ဖြစ်သော ဦးဘိုးလှိုင်သည် သားရဟန်းတော်ရဟန္တာဖြစ်သည့်အထိ စောင့်ဖူးနိုင်ရန် ကောင်းကင်မှာပဲပျံ့ပျံ့၊ သမုဒ္ဒရာမှာပဲ ရှောင်ရှောင်၊ တောင်ခေါင်းမှာပဲ ပုန်းပုန်း လွတ်နိုင်သောလမ်းစ မရှိရှာတော့ရကား ဆရာတော်ဦးပညာ၏ သက်တော် (၄၀) နှစ်အရွယ်တွင် မနိုးသော အိပ်စက်ခြင်းဖြင့် လူ့လောကအတွင်းမှ ထာဝရကွယ်ပျောက်သွားလေတော့၏။

ဦးဘိုးလှိုင် အနိစ္စရောက်ပြီးနောက် ဒေါ်စောသည် သမီးတစ်ယောက်ထွန်းပေါက်သော မန္တယ်နှင့်အတူနေထိုင်ကာ ဘုရားသွား၊ ကျောင်းတက် ဥပုသ်သီလမပျက်ခဲ့ပေ။

ဆရာတော်သက်တော် (၅၂) နှစ်ခန့်အရွယ်သို့တိုင်အောင် မယ်တော်ကြီး ဒေါ်စောတစ်ယောက် ကျန်းမာလျက်ရှိနေရာမှ ခန္ဓာကိုယ် ယွင်းယိုင်ကာ ဖောက်ပြန်လာ၏။ တဖြည်းဖြည်း အသည်းအသန် ဖြစ်လာသောအခါ သုဒ္ဓေါဒနမင်းကြီး သက်တော်ကြီး၍ ဇရာဖိစီးပြီး ခုတင်ညောင်စောင်း လဲလျောင်းနေစဉ် သားတော် မြေးတော်တို့ကို မြော်မှန်းဆ၍ ဖူးမျှော်လိုလှသဖြင့် ဘုရားရှင်နှင့်တကွ မြေးတော်တို့ကြွရောက်ကာ တရားထူးဒေသနာကို ဟောကြားဘိသကဲ့သို့ ဒေါ်စောသည်လည်း သားရဟန်းကို ဖူးမြော်ချင်လှသည်ဟု တမ်းတနေကြောင်း ဒကာကြီး တစ်ယောက်က လာရောက်ပင့်လျှောက်သဖြင့် ည



အခါတွင် ဤအရှင်ကိုရင်ကို မြေးတော်ရာဟုလာအလား ခေါ်ဆောင်သွား၍ မယ်တော်ကြီး ၏ခေါင်းရင်းနားတွင် တန်းလျားလေးတစ်ခု ပြင်စေ၍ "မာတာ နာမ မဟာဂုဏာ" မိခင်မည်သည် ကျေးဇူးဂုဏ်အင် အကြီးမားဆုံးသူဖြစ်၏ ဟူသည်နှင့်အညီ မယ်တော်မိနတ် ကျေးဇူးဆပ်သကဲ့သို့ ကျေးဇူးဆပ်တရားကို ဟောကြားတော်မူ၏။

ထိုသို့ပင် ကျေးဇူးဆပ်ကြားသော်လည်း မိဘကျေးဇူးဂုဏ်အား လွယ်လွယ်ကူကူဆပ်၍ကုန်နိုင်ဖွယ်ရာ မရှိကြောင်း–

ဒွိန္နာဟံ ဘိက္ခဝေ န သုပ္ပတိကာရံ ဝဒါမိ
ကတမေသံ ဒွိန္နံ၊ မာတုစ ပိတုစ။

(အံ–၃က)

ချစ်သားချစ်သမီးတို့ လောကဌ် ကျေးဇူးဆပ်၍မကုန်နိုင်သောပုဂ္ဂိုလ်နှစ်ယောက်ရှိ၏။ အဘယ်ပုဂ္ဂိုလ်နှစ်ယောက် ဟူမူအား အမိနှင့် အဖတို့ဖြစ်၏ ထိုပုဂ္ဂိုလ်နှစ်ယောက်တို့အား လွယ်လွယ် ကူကူဖြင့် ကျေးဇူးဆပ်၍ ကုန်နိုင်သည်ဟု ငါဘုရားဟောတော် မမူ စသည်ဖြင့် မိန့်ကြားတော်မူခဲ့သည်။

ထိုမိန့်ကြားချက်ကို မှတ်မိလွယ်အောင် ကိုးခန်းပျို့သခင်အရှင်မဟာရဋ္ဌသာရထေရ်အရှင်က –

မိ ကိုလက်ယာ၊ ဖ ကိုလက်ဝဲ
ကိုင်စွဲချီလျက်၊ ပခုံးထက်ဝယ်

www.burmeseclassic.com

www.burmeseclassic.com



အသက်ရာတိုင်၊ မမုန်းနိုင်ဘဲ
ဆုံးတိုင်ဝပ်တွား၊ လုပ်ကျွေးငြားလည်း
မွေးဖွားပိုက်ကြူး၊ ရှေးတင်ဘူးသည့်
ကျေးဇူးလှယ်ပြိုင်၊ မဆပ်နိုင်ခဲ့။

ဟူ၍ စပ်ဆိုမှတ်တမ်းပြုပေးထားပါသည်။

ဆရာတော်သည် ကျေးဇူးရှင်မိခင်ကြီးအပေါ် ကျေးဇူးကြေနိုင်သမျှကြေအောင် အောက်ပါဒေသနာတော်ကို နှလုံးသွင်း၍ ကျေးဇူးဆပ်တော်မူ၏။

ယောစ ခေါ ဘိက္ခဝေ မာတာပိတရော
အဿဒ္ဓေ သဒ္ဓါသမ္ပဒါယ သမဒပေတိ နိဝေသေတိ ပဋ္ဌာပေတိ။
ဒုဿီလေ သီလသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပဋ္ဌာပေတိ။
မစ္ဆရီ စာဂသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပဋ္ဌာပေတိ။
ဒုပ္ပညေ ပညာသမ္ပဒါယ သမာဒပေတိ နိဝေသေတိ ပဋ္ဌာပေတိ။

ရဟန်းတို့ အကြင်ပုဂ္ဂိုလ်သည် သဒ္ဓါတရားမရှိသေးသော မိဘတို့ကို သဒ္ဓါတရားနှင့် ပြည့်စုံစေရန်။ သီလမရှိသေးသော မိဘတို့ကို သီလနှင့်ပြည့်စုံစေရန်။ နှမြောစေးနဲ စွန့်ကြဲခြင်းမရှိသော မိဘတို့ကို စွန့်ကြဲပေးကမ်း လှူဒါန်းစေရန်။ ပညာ



မရှိသော မိဘတို့ကို ဝိပဿနာပညာနှင့် ပြည့်စုံစေရန် ပြုလုပ်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးဇူးတစ်ဖန် တုံ့ပြန်ဆပ်ရာ ရောက်၏ဟု ဟောတော်မူခဲ့၏။

ဆရာတော်သည် မယ်တော်ကြီးအား ဤနည်းဖြင့် ကျေးဇူးဆပ်ရန် တို့ (၃) ညလောက်တော့ သွားကြတာပေါ့ဟု မိန့်ကြားထားသည့်အလျောက် (၃) ညလွန်မြောက် (၄) ရက်မြောက်သည့်နေ့တွင် ဒေါ်စောခမျာ သားရတနာ၏ တရားဒေသနာကို နာယူတော့ဘဲ လူ့ဘုံဘဝထဲမှ ကွယ်ပျောက်၍ နတ်ဘုံဆီသို့ ရောက်သွားလေတော့၏။

မယ်တော်ကွယ်လွန်သွားကြောင်း သတင်းသိရသောအခါ အမိ၏အိုခြင်းကိုလည်း သားကမကယ်နိုင်၊ သား၏အိုခြင်းကိုလည်း အမိက မကယ်နိုင်၊ အမိ၏နာခြင်းကိုလည်း သားက မကယ်နိုင် သား၏နာခြင်းကိုလည်း အမိက မကယ်နိုင်၊ အမိ၏သေခြင်းကိုလည်း သားက မကယ်နိုင် သား၏သေခြင်းကိုလည်း အမိက မကယ်နိုင်။ အမိနှင့်သား၊ သားနှင့်အမိ အချင်းချင်း မကယ်နိုင်သော ဘေးတို့ပါတကားဟူ၍သာ မရဏာနုဿတိ ဘာဝနာကို အဖန်ဖန် ပွားများနေလေ၏။

သောက ပရိဒေဝ မဖုံးလွှမ်းသော မျက်နှာတော်ဖြင့် ဒီနေ့ ညနေရှိသေးတယ်။ သွားပြီးစွန့်ပစ်လိုက်ကြတော့ဟု မိန့်ကြားတော်မူ၏။ ဦးပဥ္စင်း ဦးဝိလာသခေါ် ဦးတင်ရွှေကိုလည်းခေါ်၍ ဈာပနကိစ္စကို တာဝန်ပေး၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးဝိလာသ(ခေါ်)ဦးတင်ရွှေမှ ဆရာတော် ခမည်းတော်ကွယ်လွန်တုန်းကလည်း ဒီအတိုင်းသွားပြီး အ နိုင်းလို့ စွန့်ခဲ့ရပြီ၊ ဦးဘိုးလှိုင် သေလို့သေမှန်းတောင် ရွာက များများ မသိလိုက်ကြရဘူး၊ ယခုလည်း အဲဒီပုံစံမျိုး ကြေး လေးတစ်လုံးနဲ့ သွားစွန့်ရမယ်ဆိုရင် အကဲ့ရဲ့ခံရမှာအတူ ဘာ လုပ်မပေးတော့ဘူးဘုရားဟု လျှောက်ထားပြီး ပြန်ထလာခဲ့ ၏။

အချိန်တအောင့်လောက်အကြာတွင် ဦးပဍ္ဍင်းဦးဝိလာ ကို ပြန်ခေါ်ပြီး သင့်သလို ကြည့်လုပ်ကြဟု ခွင့်ပြုတော်မူ တောရကျောင်းသို့ ကြွသွားတော်မူလေ၏။

နောက်နေ့တွင် ဤအရှင်အား သင်္ကန်းတစ်စုံကို ထုတ် စေ၍ မယ်တော်ကြီး၏ ပျဉ်ခေါင်းပေါ် ခေါင်းရင်း၌ အခေါ လိုက်အတိုင်း ရဟန်းမယ်တော်မှန်းသိအောင် တင်ထားရတ ဟု မိန့်ကြားကာ အစီအစဉ်ပြု၏။

မယ်တော်ကြီး၏ အသုဘသို့ ကြွရောက်ကြည့်ရှု သရဏဂုံတင်ပေးခြင်း အမျှပေးဝေပေးခြင်း လုံးဝပြုလုပ်ပေ မမူဘဲ တောရကျောင်းသို့ ကြွမြဲအချိန်၌ ကြွမြဲတိုင်းသာ ကြွ မူရှာလေ၏။

ဦးပဍ္ဍင်း ဦးဝိလာသ၏ စီစဉ်မှုကြောင့် မယ်တော်ကြီး အသုဘကို တင့်တယ်စွာ သင်္ဂြိုဟ်လိုက်ကြရ၏။



ယခုကဲ့သို့ ရဟန်းဆရာတော်တစ်ပါးရယ်လို့ ထင်ရှား ကြားသောအချိန်မှာ မယ်တော်ကြီးမျက်မြင် ဖူးမြော်သွားရ ခြားကား ဤသားရတနာမျိုး တစ်ယောက်မက တစ်ရာမျှပင် ထုတ်ပေးချင်ပေလိမ့်မည်။

**ည့်ပြုဖွယ်ရာ ကိုယ်အမူအရာ**

သီလဒဿန သမ္ပန္နံ၊ ဓမ္မဋ္ဌံ သစ္စဝေဒိနံ။

အတ္တနော ကမ္မ ကုဗ္ဗာနံ၊ တံ ဇနော ကုရုတေ ပိယံ။

(ပဉ္စသတ ဒါရကဝတ္ထု)

သီလနှင့်ပြည့်စုံ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌ ည်သော အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှု ကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး ။

ဆရာတော် ဦးပညာသည် သီလနှင့်ပြည့်စုံအောင်လည်း ၏။ ဉာဏ်ပညာ အမြော်အမြင်လည်း ရှိတော်မူ၏။ နေ့စဉ် ပြုဖွယ်ကိစ္စဟူသမျှကို ဝတ်ပျက်မခံ ပြုလုပ်ကျင့်ကြံတော်မူ ။

နေ့စဉ် နေ့စဉ် နံနက် (၄)နာရီ ကုလားတက်(တုံး)ခေါက် ည်နှင့် ရှစ်မျက်နှာဘုရားရင်ပြင်တွင် ဘုရားရှိခိုး၊ ပရိတ်ရွတ် ဘာပို့တော်မူလေ့ရှိ၏။ စေတီတော်အား ဆီမီးပူဇော်ခြင်း၊ ရေ

www.burmeseclassic.com

www.burmeseclassic.com



ကပ်ခြင်း တံမြက်လှဲခြင်းတို့ကို ပုံမှန်ပြုတော်မူ၏။ တော ကျောင်းမှအပြန် ခေတ္တနားပြီး ည(၇)နာရီတွင် ရင်ပြင်ပေါ် ဘုရားရှိခိုး ပရိတ်ရွတ် မေတ္တာပို့တော်မူလေ့ရှိ၏။

ညအခါ ကျင်ကြီးကျင်ငယ်အိမ် ကြွသည့်အခါဖြစ်စေ တစ်ခါတစ်ရံ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုသည့်အ ဖြစ်စေ၊ တောင်ဝှေးခန့်ဝါးလုံးတစ်ချောင်းနှင့် လက်နှိပ်ဓာတ်မီး ဆောင်၍ ကြွ၏။

ကိုက်(၅၀)လောက်ရောက်တိုင်း ရောက်တိုင်း ဝါး ထုတ်ကို လေးငါးချက် ခေါက်ခေါက်ကြွ၏။ ရှေ့၌ ပိုးမွှားများ လျှင် ရှောင်ရှားနှင့်အောင်ဟုဆို၏။

လက်နှိပ်ဓာတ်မီးကိုလည်း စည်းကမ်းမဲ့မထိုး၊ ကိုက်( လောက်ရောက်မှ တစ်ကြိမ်လှမ်းထိုး၏။ ထိုဓာတ်မီးထိုးကြည့် အတွင်း၌ ပိုးမွှားမရှိကြောင်း ထင်ရှားသည်ဟု ဆို၏။ ထိုအ ကာလများက ဓာတ်မီးနှင့် ဓာတ်ခဲများကို မြိုင်မြို့ စံတော် စားသောက်ဆိုင်မှ ဦးချိန်+ဒေါ်စိန်ခန့်တို့က ဒကာခံ၍ အမြဲ လှူဒါန်းခဲ့၏။

မည်မျှ အိုက်အိုက် သင်္ကန်းကိုလည်း အမြဲတမ်း အ ညီညာစွာဝတ်ရုံတော်မူ၏။ လက်ကိုင်ပုဝါကို နှစ်ထည်သုံး အပ်ချိတ်နှင့် တွဲ၍ကိုင်၏။ အဟောင်းကို နုပ်စသော အ အကြေးသုတ်၍ အသစ်ကိုမူ မျက်နှာသုတ်တော်မူသည်။



သန့်သန့်ပြန့်ပြန့် အင်မတန်ကြိုက်ခဲ့၏။ စားဖွယ်သောက် ... ပန်းကန် ဇွန်းခွက် စသည်ကို သီးသန့်ထားပေးရ၏။

အခြားသော ဇွန်း ပန်းကန် ရေခွက် စသည်တို့ကို လုံးဝ ...းမပြုပါ။

နက္ခတ်တာရာကိုလည်း ကောင်းစွာ ကျွမ်းကျင်နားလည် ...မူ၏။

နက္ခတ်တာရာကိုကြည့်၍ တိုင်းပြည်၌ ဆန်ရေစပါးပေါများ ... ရှားပါးမည် စသည်ဖြင့် ကြိုတင်၍ မိန့်ကြားတတ်၏။

(၈၈) အရေးအခင်းမတိုင်မီက တိုင်းပြည်တွင်သွေးချောင်း ...အောင် ဆူပူအုံကြွမှုဖြစ်လိမ့်မည်ဟု ဆက်စပ်ရာ ပုဂ္ဂိုလ်များ သတိပေးပြောကြားထားသည်ဟု ဆို၏။

ဒီနှစ် မိုးကောင်းမည် (သို့) မိုးခေါင်မည်ဟူသော ကြိုတင် ...န်းချက်သည်လည်း လွဲသည်ဟူ၍ မရှိခဲ့ပေ။

ဓမ္မဓာဂရိယ စသော နာယကဂုဏ်(၆)ပါးနှင့် အထူး ...ခံတော်မူ၏။

ရပ်ရွာ၌ မည်သည့်သာရေးနာရေးကိစ္စကိုမျှ ကြွရောက် ...ခြင်းမပြုခဲ့ပါ။ ရွာကျောင်းမှ ရဟန်းလောင်းကိုရင်များ၏ ...ခံကိစ္စကိုပင် ကြွရောက်ချီးမြှောက်ပေးခြင်းမပြုပါ။ ရဟန်း ... အတွေ့မခံဘဲ ဝိပဿနာအလုပ်ကိုသာ တွင်တွင်အား ...တော်မူခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ တောသွားတောပြန် လူပုဂ္ဂိုလ်များ...
တောရကျောင်း အသွားအပြန်လမ်းခရီးတွင် ရင်ဆိုင်တိုးမိဖို့...
လျှင် ချုံကြိုချုံကြား ဖြတ်ကျော်ရှောင်ကွင်းသွား၏။ ရှောင်ကွ...
မရသည့်အဆုံး လမ်းဘေးချုံဘက်လှည့်ကာ စက္ကုန္ဒြေချလျ...
မျက်နှာလွှဲနေရာ၏။ လူတွေ့တတ်သောလမ်းဖြင့်လည်း အသွ...
အပြန် ကြွမြန်းလေ့မရှိပါ။

တော်တော်တန်တန် ကျန်းမာရေးချို့တဲ့ရုံဖြင့် တော...
ကျောင်းသို့ အသွားမပျက် အလုပ်မပျက်ဘဲ ပုံမှန်ကြွမြဲတိုင်းသ...
ကြွတော်မူ၏။ တောကျောင်းသို့ရောက်အောင် မကြွနိုင်သ...
အဆုံး ရွာကျောင်း၏ အနောက်ဘက်၊ အနောက်ကန် မန်ကျည...
တောသို့ ကြွရောက်သီတင်းသုံးနေထိုင်တော်မူ၏။

မာတင်ကြီး၊ တောခိုမှီးသို့၊
ကိုယ်တည်းအောင်းခို၊
ဗြဟ္မစိုရ်ဖြင့်၊ အလိုတော်ပြည့်၊
ပြည့်အောင်ဖြည့်လိမ့်။
ငါ၏နောက်တော်၊ တစ်ယောက်သော်မျှ၊
မခေါ်အပို၊အဖော်မလိုသည်၊
ရွှေကိုယ်၊ သက်သက်ရှင်းရှင်းတည်း။

ဟူသော မဃဒေဝလင်္ကာနှင့် ညီပါပေစွ။



...ဘော် + မေတ္တာပွားများပါ

ဘာဝေဟိ ဗုဒ္ဓါနုဿတိံ၊ ဘာဝနာန မနုတ္တရံ
ဣမံသတိံ ဘာဝယိတွာ၊ ပူရယိဿာမိ မာနသံ။
(ထေရအပဒါန်)

ဗုဒ္ဓါနုဿတိ ဘာဝနာကို ပွားများကြလော့၊ဘာဝနာမည်... ...အတုမရှိ အလွန်မြတ်၏။ ဤသို့ ဗုဒ္ဓါနုဿတိဘာဝနာ ...ပွားများဆင်ခြင်လျှင် လိုအင်ဆန္ဒဟူသမျှကို ပြည့်ဝပါလိမ့် ...ဟု အဋ္ဌကထာဆရာ မိန့်ဆိုပြသည်နှင့်အညီ . . .

ဆရာတော်သည် ဂုဏ်တော်ပွားများဖို့ရာကို အတန်တန် ...ကြားတတ်၏။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ပုံတော်ဒြပ်တွင် အရဟံ ...သာ ဂုဏ်တော်ကပ်၍ မပြတ်မပြတ် ပွားများဆင်ခြင်ရမည်။ ထိုသို့ဆင်ခြင်ရာတွင် ဂုဏ်တော်(၉)ပါးလုံးကို ဖြစ်စေ၊ ...ါးစီ တစ်ပါးစီပင်ဖြစ်စေ သို့မဟုတ် နှစ်သက်ရာ ဂုဏ်တော် ...ါးပါးကိုဖြစ်စေ ပုတီးဖြင့်စိပ်၍သော်လည်းကောင်း နှုတ်ဖြင့် ...ဆို အာရုံပြု၍သော်လည်းကောင်း၊ စိတ်ဖြင့် ဆင်ခြင်ပွားများ ...ခြင်းဖြင့်သော်လည်းကောင်း၊ အာရုံပြု၍ နှစ်သက်သလိုပွား ...း ဆင်ခြင်ရသည်ဟူ၍ တိုက်တွန်းတော်မူလေ့ရှိ၏။

ဂုဏ်တော်တွေ ပွားများဆင်ခြင် ပုတီးစိပ်ချင်အောင်လည်း ...ဘော်၏အကျိုးအာနိသင်များနှင့် လက်တွေ့ဖြစ်ရပ် ဇာတ်... ...များကိုပါ ပြောပြလေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူတို့ ငယ်စဉ်က ဂုဏ်တော်၏ အကျိုးတရားများ ကို ဂရုမထားမမှတ်သားမိသော်လည်း ယခုအခါ ကျမ်းဂန်စာ ရှာဖွေ၍ ဖတ်သောအခါမှ ဂုဏ်တော်၏ အကျိုးအာနိသင်တို့ ဤသို့ပင် တွေ့ရှိရ၏။ ဗုဒ္ဓါနုဿတိ ဂုဏ်တော်ကို ပွားများသော ပုဂ္ဂိုလ်တို့သည် . . .

၁။ စေတီအိမ်နှင့်တူသည်ဖြစ်၍ သူတစ်ပါးတို့၏ ရှိခိုးပူဇော် မှုကို ခံထိုက်ခြင်း၊

၂။ စိတ်ထားတည်ကြည်ရဲရင့်ခြင်း၊

၃။ မတွေမဝေသေရသည်ဖြစ်၍ သုဂတိဘဝသို့ ရောက် ခြင်း၊

၄။ နောင်တွင်ဘုရားနှင့်တွေ့သည့်အခါ ဘုရားဟောတရား တော်ကို သိလွယ်ခြင်း၊

၅။ မြတ်သော အမျိုး၌ဖြစ်ရခြင်း၊

၆။ သူတစ်ပါးတို့၏ အရိုအသေပြုမှုကိုခံရခြင်း၊

၇။ ဥပမိရုပ်သွင်ကိုယ်အင်္ဂါကောင်းနှင့် ပြည့်စုံခြင်း၊

၈။ ချောမောလှပသော အဆင်းရှိခြင်း၊

၉။ ကိုယ်အနံ့ကြိုင်သင်းခြင်း၊

၁၀။ ခံတွင်းအနံ့မွှေးကြိုင်ခြင်း၊

၁၁။ ဉာဏ်ပညာကြီးခြင်း၊

၁၂။ နက်နဲသော ဉာဏ်ပညာရှိခြင်း၊



၁၃။ ထက်မြက်သောဉာဏ်ပညာရှိခြင်း၊

၁၄။ လျင်သောဉာဏ်ပညာရှိခြင်း၊

၁၅။ ရွှင်သောဉာဏ်ပညာရှိခြင်း၊

၁၆။ ဆန်းကြယ်သော ဉာဏ်ပညာများရှိခြင်း၊

၁၇။ စကားပြောကောင်းသူဖြစ်ခြင်း ဟူ၍ ဂုဏ်တော်ပွားကျိုး (၁၇)မျိုးကို တွေ့ရသည်။

ထို့ပြင် အင်္ဂုတ္တိုရ်ပါဠိတော် ပထမတွဲ၊ ပထမဝဂ်တွင် သည်:-

၁။ သံသရာဝဋ်ဆင်းရဲမှ ငြီးငွေ့ရခြင်း၊

၂။ သံသရာဝဋ်ဆင်းရဲ၌ မတပ်မက်ခြင်း၊

၃။ ရာဂ စသည်တို့၏ မဖြစ်ခြင်းကိုပြုနိုင်ခြင်း၊

၄။ ကိလေသာတို့ကို ငြိမ်းအေးစေခြင်း၊

၅။ သစ္စာ တရားတို့ကို အထူးသိလွယ်ခြင်း၊

၆။ သစ္စာလေးပါးတရားတို့ကို သိလွယ်ခြင်း၊

၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း၊

ဟူသောအကျိုးတရားတို့ကို ပြဆိုထားပေသည်။

ဆရာတော်သည် အရဟံဂုဏ်တော်တစ်ပါးကိုသာ အဓိက ပိုင်နိုင်အောင် ပွားများစေ၏။ အသားတကျရင့်ကျက်လာလျှင် ကျန်ဂုဏ်တော်များကိုပါ ပွားများချင်စိတ်ဖြစ်လာလိမ့်မည်ဟု မိန့် ကြား၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအရှင် ကိုရင်ဘဝက ဤသို့လည်း မိန့်ကြားဖူး၏။ ပုတီးစိပ်သည့်အခါ . . .

၁။ လာဘ်လာဘပေါချင်လျှင် အရဟံဂုဏ်တော်စိပ်ရတယ်၊

၂။ ဉာဏ်ပညာကောင်းချင်၊ စာမေးပွဲအောင်ချင်လျှင် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်၊

၃။ အကြံအစည်အောင်မြင်ချင်လျှင် ဝိဇ္ဇာစရဏဂုဏ်တော်၊

၄။ စကားပြောကောင်းချင်လျှင် (ဝါ) ကောင်းသောစကားကိုပြောစေလိုလျှင် သုဂတဂုဏ်တော် (ဈေးရောင်းဈေးဝယ်ကောင်းချင်လျှင် သုဂတဂုဏ်တော်စိပ်ရမည်ဟုလည်း မိန့်ကြားသည်)

၅။ လောက၏ ဖြစ်ပျက်နိုင်စရာအကြောင်းကို သိချင်လျှင် လောကဝိဒူဂုဏ်တော်၊

၆။ ဩဇာအာဏာကောင်းချင်လျှင် အနုတ္တရော ပုရိသဓမ္မသာရထိ ဂုဏ်တော်၊

၇။ အရာရာ ဆရာဖြစ်ချင်လျှင် (ဝါ) အကြီးအကဲဖြစ်ချင်လျှင် သတ္ထာဒေဝ မနုဿာနံဂုဏ်တော်၊

၈။ သူတစ်ပါး၏ စိတ်အကြံကိုသိလိုလျှင် ဗုဒ္ဓေါဂုဏ်တော်၊

၉။ ဘုန်းတန်ခိုးကြီးလိုလျှင် ဘဂဝါဂုဏ်တော် တို့ကိုစိပ်ရမည်ဟု စိတ်အားထက်သန်စွာ ဆောင်ရွက်အားထုတ်ချင်အောင် နည်းညွှန်တိုက်တွန်းလေ့ရှိတော်မူပါသည်။



ထို့နောက် အရှင်သာရိပုတ္တရာ၏ ဉာဏ်ပညာကြီးမားရခြင်းအကြောင်း အတုယူဖွယ်ရာများကိုလည်း ဤသို့မိန့်ကြားတော်မူပါသည်။

အရှင်သာရိပုတ္တရာ၏ ဉာဏ်ပညာတော်သည် အာယုကပ်တစ်လုံး အမြဲရွာသွန်းနေသော မိုးရေမိုးပေါက်တွေကို၊ သမုဒ္ဒရာထဲ ဤမျှ မြေကြီးပေါ် ဤမျှ၊ တောင်ပေါ် ဤမျှ စသည်ဖြင့် အသီးသီးကျရောက်သည်တို့ကို ရေတွက်၍ ပြနိုင်စွမ်းရှိ၏။

ဂင်္ဂါမြစ်၌ရှိသော သဲလုံးတွေကို တစ်လုံးချင်းရေတွက်သော် ကုန်နိုင်ဖွယ်ရာရှိ၏။ သမုဒ္ဒရာ၌ရှိသော ရေတွေကို တစ်စက်ချင်းရေတွက်သော် ကုန်နိုင်ဖွယ်ရာရှိ၏။ မဟာပထဝီမြေကြီးကို ဆီးကင်းခန့်လုံး၍ ရေတွက်သော် ကုန်နိုင်ဖွယ်ရာရှိ၏။ အရှင်သာရိပုတ္တရာ၏ ကြီးမားသောဉာဏ်ပညာကိုကား ရေတွက်၍ ကုန်နိုင်ဘူး၊ လောကမှာ ဘုရားမှတစ်ပါး ဉာဏ်ပညာကြီးမားတဲ့နေရာမှာ အရှင်သာရိပုတ္တရာနှင့်တူသူ လူနတ်ဗြဟ္မာ တစ်ယောက်မှမရှိဘူး။

အဲဒီလို အရှင်သာရိပုတ္တရာ၏ ဉာဏ်ပညာကြီးမားရခြင်းအကြောင်းရင်းမှာ . . .

ဒါန သီလကြောင့်မဟုတ်ဘဲ အနောမဒဿီ ဘုရားလက်ထက်က ထိုဘုရားရှင်၏ဉာဏ်တော်တို့ကို အာရုံပြုပြီး ဂါထာတို့ဖြင့် ချီးကျူးရှိခိုးပူဇော်ခဲ့သော ဗုဒ္ဓါနုဿတိဘာဝနာ၏ စွမ်းအင်

www.burmeseclassic.com



သတ္တိကြောင့်ပင်ဖြစ်တယ်ဟု မပျင်းရိစေဘဲ စိတ်ဝင်စားမှု ရှိအောင် ဆွဲဆောင် ပြောပြတော်မူပါသည်။

ဂုဏ်တော်၏ လက်တွေ့အကျိုးများကို ယခုခေတ် ဘာသာရေးမဂ္ဂဇင်းများတွင် အမြဲဖတ်ရှုနေကြရပါသည်။

ဤသို့ဂုဏ်တော်ကို ပွားများစေသကဲ့သို့ မေတ္တာကိုလည်း ပွားများပို့သရန် ဆက်လက်မိန့်ကြားတတ်ပါသည်။

မေတ္တာဆိုတာ သတ္တဝါများ၏ စီးပွားချမ်းသာ လိုလားချစ်ခင်ရာကို မေတ္တာလို့ခေါ်တယ်။

မေတ္တာဆိုတာ ရေနဲ့တူတယ်၊ ဒေါသဆိုတာ မီးနဲ့တူတယ်၊ ရေများရင် မီးငြိမ်းသလို မေတ္တာပွားရင် ဒေါသပါးတယ်။ ဒေါသမရှိရင် ရန်မရှိဘူးဟု မိန့်ကြားပါသည်။

မိမိအပေါ် ရန်မူသူကို 'အကျောခေနေ ဓိနေ ကောခံ" တဲ့ ဒေါသအမျက်ထွက်၍နေသောသူကို မိမိကတစ်ဖန် ဒေါသပြန်မထွက်ခြင်းဖြင့် ချမ်းမြေ့ကြည်ဖြူအနိုင်ယူရာ၏ ဆိုတဲ့အတိုင်း မီးဟာလောင်စာနဲ့ ထိမိရင် မီးတောက်ဖြစ်တော့တာပဲ၊ မေတ္တာကို နံနက် ညအိပ်ရာဝင် အိပ်ရာထ သတ္တဝါပညတ်ကို အာရုံပြုပြီးတော့ ပုံမှန်ပို့ပေးရမယ်ဟု တိုက်တွန်း၏။ မေတ္တာသည် ဩဒိဿမေတ္တာ၊ အနောဒိဿမေတ္တာဟု နှစ်မျိုးရှိ၏။

၁။ တစ်စုံတစ်ဦးကို ရည်ညွှန်း၍ ပို့သော မေတ္တာသည် ဩဒိဿ မေတ္တာမည်၏။



၂။ မည်သူ့ကိုမျှ မရည်ညွှန်းမူ၍ အားလုံးသတ္တဝါတို့အား ရည်ညွှန်း၍ ပို့သသော မေတ္တာသည် အနောဒိဿ မေတ္တာမည်၏။

လူတစ်ယောက်သည်နံနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ်အားဖြင့် တစ်နေ့ကို သုံးကြိမ်။ တစ်ကြိမ်လျှင် ထမင်းအိုး အလုံးတစ်ရာ၊ တစ်ရာချက်ပြုတ်လှူဒါန်း၏။

လူတစ်ယောက်သည်ကား နံနက် နေ့ ည တစ်နေ့သုံးကြိမ် နွားနို့တစ်ခါညှစ်စာမျှ မေတ္တာပွား၏။

ထိုတွင် တစ်နေ့သုံးခါ ထမင်းအိုးကြီး အလုံးတစ်ရာစီ လှူဒါန်းသူ၏ဒါနထက် တစ်နေ့သုံးခါ နွားနို့တစ်ခါညှစ်စာမျှ မေတ္တာပွားသူ၏ ကုသိုလ်က သာလွန်၍ ကြီးလှကြောင်း ဒိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ ဟောတော်မူခဲ့၏။

လက်ဖျစ်တစ်ခါတီးမျှ မေတ္တာပွားသူကား ဈာန်မဆိတ်သူ၊ ဘုရားရှင်၏ အဆုံးအမကို လိုက်နာသူဖြစ်၍ တိုင်းပြည်၏ ဆွမ်းကို အကျိုးမဲ့အချည်းနှီးဖြစ်အောင် မပြုဘဲ သုံးဆောင်သူဖြစ်ကြောင်း ဧကင်္ဂုတ္တရပါဠိတော်၌လည်း ဟောကြားတော်မူခဲ့၏။

ဘုရားရှင်သည်လည်း ရန်ဟူသမျှ မေတ္တာဖြင့်ပင် အောင်မြင်တော်မူခဲ့ကြောင်း မေတ္တာသည် အလျားအနံမရှိသော်လည်း အသွားအပြန်ရှိကြောင်းကို ဆရာတော်မှ မိန့်ကြားတော်မူသော မေတ္တာပွားခြင်းကို အမြဲမပြတ်လေ့ကျက်မှုရှိရန် မိန့်မှာလေ့ရှိပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျမ်းဂန်လာ မေတ္တာအကျိုး(၁၁)မျိုးကိုလည်း ဤသို့ရှုတ်ပြပါ သည်။

**မေတ္တာအကျိုး (၁၁) မျိုး**

မေတ္တာပွားများ၊ အကျိုးကားဟူ၊ အိပ်မှုချမ်းသာ၊
နိုးခါသုခ၊ ကောင်းပြအိပ်မက်၊ နှစ်သက်လူတို့၊
နတ်တို့ချစ်ခင်၊ နတ်ပင်စောင့်နေ၊ မီးရေမဖျက်၊
ငြိမ်သက်တည်ကြည်၊ ကြည်လင်မျက်နှာ၊
သေခါမမှိုင်၊ ဗြဟ္မာတိုင်သား၊ ဆဲ့တစ်ပါးကို
လိုလားကြကုန်ရာသတည်း။

**ကိလေသာစင်အကျင့်ဓုတင်**

ဣမသ္မိံ ဓမ္မဝိနယေ အနုပုဗ္ဗသိက္ခာ၊
အနုပုဗ္ဗ ကိရိယာ၊ အနုပုဗ္ဗ ပဋိပဒါ၊
နအာယတကေနေဝ အညာပဋိဝေဓော။

ဤသာသနာတော်၌ အစဉ်အတိုင်း ကျင့်ရသော သိက္ခာရှိ၏။ အစဉ်အတိုင်း ပြုလုပ်ရသော လုပ်ငန်းရှိ၏။ အစဉ်အတိုင်း ကျင့်အပ်သော အကျင့်ပဋိပဒါရှိ၏။ စလျှင်စချင်း အရဟတ္တဖိုလ်ကို ထိုးထွင်း၍ မသိနိုင်၊ ဟူသော ဝိနည်း စူဠဝါပါဠိတော်လာ ဒေသနာလမ်းစဉ်အတိုင်း ပခုက္ကူအရှေ့တိုက် ဆရာတော်ကြီး၏



ကျင့်စဉ်များကို တစ်ခုပြီးတစ်ခု တက်ကာတက်ကာ ကျင့်ကြံရင်း အခါတစ်ခါတွင် ဓုတင်အကျင့်များကိုပါ ကျင့်လေ့ရှိ၏။

ဆရာတော်ကျင့်လေ့ရှိသော ဓုတင်များမှာ . . .

၁။ တေစီဝရိက်ဓုတင်၊
၂။ ဧကသနိက်ဓုတင်၊
၃။ အရညကင်ဓုတင်၊
၄။ ရုက္ခမူဓုတင်၊
၅။ နိသဇ္ဇဓုတင် တို့ကို ဆောင်တော်မူ၏။

ဆရာတော်သည် ကိုယ်တိုင်လည်း ဓုတင်အကျင့်ကို ကျင့်တော်မူသကဲ့သို့ တပည့်တို့အားလည်း ကျင့်စေရန် တိုက်တွန်းတော်မူ၏။

ဓုတင်ကျင့်မှ ကိလေသာစင်လွယ်တယ်၊ ရဟန်းဖြစ်လာလျှင် ဓုတင်အကျင့်ကိုကျင့်ဖြစ်အောင်ကျင့်ရတယ်၊ ကျင့်တတ်အောင်လည်း နားလည်အောင်လုပ်ရတယ် စသည်ဖြင့် တိုက်တွန်းဆုံးမ၍ ဘုရားရှင်လက်ထက်တော်က ဓုတင်(၁၃)ပါးလုံးကို ဆောင်နိုင်သော ဓုတင်ဧတဒဂ်ရ အရှင်မဟာကဿပမထေရ်၏ အကြောင်းကိုလည်း အတုယူဖွယ်ရာ နည်းလမ်းပြတော်မူပါသည်။

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့သည် ဓုတင်ခေါ်[illegible] အကျင့်စခန်းကို ကျင့်စွမ်းနိုင်ဖို့ရာ လွန်စွာခဲယဉ်းလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စုတင်ဆိုသည်မှာ . . .

ကိလေသေ ဓုဏောတီတိ ဓုတော။ ကိလေသာတို့ကို ခါ တွက်ဖျက်ဆီးတတ်သော ယောဂီပုဂ္ဂိုလ်တို့သည် "ဓုတ"မည်၏။

ဓုတဿ အင်္ဂံ ဓုတင်္ဂံ။ ကိလေသာကို ခါတွက်ဖျက်ဆီးဖို့ ရာ အကြောင်းအင်္ဂါဖြစ်သော ကုသိုလ်စေတနာသည် ဓုတင်္ဂ (ဓုတင်)မည်၏။

ထို့ကြောင့် ဓုတင်အကျင့်ကို ကျင့်စွမ်းနိုင်လျှင် တစ် ထောင့်ငါးရာ ကိလေသာရန်သူပုန်ကို အကုန်သတ်ညှဉ်း အောင် တပ်ခင်း၍ အိုနာသေခြင်းမရှိသော သန္တိသုခ နိဗ္ဗာနဓာတ်သို့ လျှင်မြန်စွာ ရောက်နိုင်ပေ၏။

ခန္ဓာဇာတ်သိမ်းရာ အငြိမ်းဓာတ် နိဗ္ဗာန်မြတ်ကို လျင်စွာ လိုလားအပ်သော ရဟန်းတော်တို့သည် ပံ့သုကူဓုတင်၊ တေစီ ဝရိက်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ သပဒါနဓုတင်၊ ဧကာသနိက် ဓုတင်၊ ရုက္ခမူဓုတင်၊ အဗ္ဘောကာသိကဓုတင်၊ သုသာန်ဓုတင်၊ ယထာသန္တတိဓုတင်၊ နိသဇ္ဇဓုတင် ဟူသော ဓုတင်(၁၃)ပါးတို့ တွင် စွမ်းနိုင်ရာဓုတင်ကို ကျင့်ကြံနိုင်ရန် ကြိုးစားသင့်ကြပေ သည်။

ဓုတင်ကျင့်နည်းနိဿရည်းကို ဝိသုဒ္ဓိမဂ် ပထမတွဲ၌ လေ့ လာကြည့်ရှုပွားများခြင်း ပြုကြပါကုန်။



## ဆရာတော်လက်ထက် ကျောင်းတိုင်(၃)ဆက်

ဧကာသနံ ဧကသေယျံ၊ ဧကော စရမတန္ဒိတော။
ဧကော ဒမယ မတ္တာနံ၊ ဝနန္တေ ရမိတော သိယာ။
(ဧကဝိဟာရီ ထေရဝတ္ထု)

မပျင်းမရိမူ၍ တစ်ယောက်တည်းနေ တစ်ယောက်တည်း တစ်ယောက်တည်း လှည့်လည်သွားလာလျက် မိမိကိုယ်ကို ပြီးလျှင် တစ်ယောက်တည်းတောဌ် မွေ့လျော်ရာ၏ဟူဘိ ဆရာတော်သည် တစ်ပါးတည်း လွတ်လွတ်ကျွတ်ကျွတ်နေ စိတ်ချမ်းသာစွာ တရားအားထုတ်နိုင်ရန်အတွက် . . .

၁။ တိုက်တာကျောင်းကန်များ၊
၂။ အလုပ်အကျွေး ဒကာ + ဒကာမများ၊
၃။ ဘုန်းကံလာဘ်လာဘများ၊
၄။ တပည့်ကျောင်းသား ကိုရင် ရဟန်းများ၊
၅။ ဘုရားတည် ကျောင်းဆောက်ခြင်းစသောကိစ္စများ၊
၆။ အပင့်အဖိတ်များ၊
၇။ ဥပဇ္ဈာယ်၊ အန္တေဝါသိက စသောပုဂ္ဂိုလ်များနှင့် မိဘ ဆွေမျိုးများ၊
၈။ မကျန်းမာ အနာရောဂါများ၊
၉။ စာသင်စာချကိစ္စများ၊
၁၀။ တန်ခိုးပြခြင်း စသော ဣဒ္ဓိပါဒ်အရာများ၊

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ကြောင့်ကြစရာ ပလိဗောဓတို့ကို ဖွန့်ခွာ၍ တောက်တော်မူ၏။

ကျောင်းတိုက်ကို ဦးစွာဆရာချစ်ခေါ် ဦးရင်ကြီးရှင်ကူ အား အပ်နှင်းထားခဲ့၏။ ဆရာချစ်လက်ထက်က ကျောင်းသ ကိုရင်များ၏ ပညာရေးမှာ မနိမ့်ကျသော်လည်း တစ်ခါတ ကျောင်းသားများ၍ တစ်ခါတစ်ရံ ကျောင်းသားသုံးလေးယော သာကျန်၏။ အကြောင်းမှာ စိတ်မြန်လွန်းသောကြောင့်ဖြစ် "ဟိုဒင်း" လို့ပါးစပ်က ဖွင့်လိုက်သည်နှင့် အမူအရာကိုကြည့် လုပ်သင့်တာကိုလုပ်၊ ခေါ်သင့်သူ(ခေါ်နေကျလူ)ကိုခေါ်ဖို့ ပြေ လေတော့၏။ နှစ်အလှူပါလျှင် "ဟိုဒင်း" ပါဆိုပြီး ပါးစပ် ပြောရင်း လက်ကို ဖြေ့ပြနှင့် ကောက်ပေါက်တတ်၏။ ကြောင့် ကျောင်းသားပုံမှန်မရှိခဲ့ပေ။ ဤစိတ်ဓာတ်မျိုး ခြင်ဖို့အလွန်ကောင်းလေ့စွ။

ကွမ်းတောနှင့် ကြည့်ကန်ရွာချင်း တစ်ဆက်တည်းခရီး ၍လောမသိ၊ ရဟန်းဘောင်ပြန်တက်ရန် လျှောက်ထားကြသေ လည်း ကြည့်ကန်ရှင်ကြီး ရှင်နန္ဒဓဇနည်းတူ အကျင့်ကောင်း ရှင်ဘဝနဲ့လဲ၊ နိဗ္ဗာန်ရနိုင်တာပဲ" ဟု ငြင်းဆန်လျက် တ အကျင့်ကိုမှ သမထပေါက်ပြီး ရှူးဖူးသည့်တိုင်အောင် ကျင့်ရှာ

ထို့နောက် ဆရာချစ် ထိန်းသိမ်း စောင့်ရှောက်စဉ် အဖတ်တင်၍ စာသင်တိုက်သို့ပို့ထားသော အရှင်ဥတ္တမကို ဖူ



ထိုက်အလျှောက် ပြည့်စုံနေပြီဖြစ်၍ မုံရွာဓမ္မပါရဂူတိုက်မှ ပြ သည်ခေါ်ယူကာ ကျောင်းထိုင်အဖြစ်တင်ထားပေ၏။

ဆရာချစ်သည် အရှင်ဥတ္တမအား လက်လွှဲပြီး အေးအေး ရှု သင့်လျော်ရာနေရာကိုယူ၍ ဝိပဿနာအလုပ်သက်သက် င်သာ အားထုတ်ပြီး ပျံလွန်သွားရှာလေ၏။

အရှင်ဥတ္တမသည် ငယ်ရွယ်သူဖြစ်သည့် အလျောက် ကျောင်းသား ကိုရင်များကို ပျော်အောင်လည်း မွေးတတ်၏။ စည်းကမ်းကျကျလည်း စာသင်စာချပြုလုပ်ပေး၏။ ဘုန်းတော်ကြီးသင် မူလတန်းပညာရပ်များကိုပါ တွဲဖက်သင်ကြားပေး ဖြင့် ကျောင်းသား ကိုရင်များများနှင့် စည်ကား၏။

အတန်းပညာတွင် ဖြေသူအားလုံး ဂုဏ်ဝင်သဖြင့် သင်ကြားပြသရာတွင် ထင်ရှားပေါ်လွင် ရေပန်းစားခဲ့၏။ ထိုစဉ်က /က ကျောင်းများ တစ်ခေတ်တစ်ခါ ပေါ်ထွန်းလာခဲ့ဖူး သေး၏။

လောကီမှု အသက်မွေးဝမ်းကျောင်းပညာ နာရီမျိုးစုံပြု ပြင်ရာတွင်လည်း အင်မတန်ကျွမ်းကျင်၏။ ယင်းအတတ်ကိုပင် အားကိုးစရာတစ်ခုထင်ကာ စိတ်ကူးယဉ်မှားပြီး ဦးချစ်ခင်ဟူ သော ဘဝသစ်တစ်ခုဆီသို့ ပြောင်းလဲထူထောင်သွားလေသည်။

အရှင်တို့လည်း ဆရာသခင်ရေးသားမှာကြားခဲ့သော စာ အားထဲမှ . . .

www.burmeseclassic.com

www.burmeseclassic.com



"ကံမခိုင်လျှင် သံတိုင်အိမ်ဆောက်သော်လည်း၊ ကံမှော က၊ ကျိုးရစမြဲ" ဟူသော ဆိုရိုးစကားကို ရေရွတ်မိရ ကျန်ရစ်ခဲ့ ရပါသည်။

ဤသို့ဖြင့် ယခု ဆရာတော် ဦးစာရိတ္တမှာ အောက်ပြ အောက်ရွာတွင် သီးတင်းသုံး ဝါဆို ပညာရာစဉ် မိမိဇာတိရွာ မရောက်တာကြာ၍ တစ်ခေါက်တစ် ခါ ခေတ္တရောက်အ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်နှင့် ကြုံဆိုသလိုဖြစ် ဆရာတော်ကြီးက ပြန်မလွှတ်တော့ဘဲ လက်ဆင့်က တာဝန်ထမ်းစေသဖြင့် "မမျှော်ဘဲ စော်ကဲမင်း ဖြစ်" ဟူဘိ ကျောင်းထိုင်ဖြစ်ပေတော့၏။

စာရေးသူ (ကိုရင်) တို့လည်း ရေတော်တုန်း ရေတွင်း ကျဆိုရိုးစကားပမာ ထေရ်ဆရာတစ်ပါး အသစ်အစားရ သောကြောင့် အားသစ်လန်းကာ သဒ္ဒါ၊ သင်္ဂဟအခြေခံမှ ပညာသင်ကြားပေးထားသဖြင့် သာသနာ့မှာ ထိုအခါမှစ၍ အ ပျော်နေရပါတော့သည်။

ယခုကျောင်းထိုင် ဆရာတော် ဦးစာရိတ္တကို ၁၃၃၀ ပြ ဝါဆိုလပြည့်နေ့တွင် သီလမပေးမီအချိန် ဥပုသ်သည်ပရိသ စုံညီစွာရှေ့မှောက်၌ ဤ"မင်္ဂလာသိရီ" တောင်ကျောင်းတိုက် ကျောင်းတိုက်အာရာမ် ဂရုဘဏ်၊ လဟုဘဏ်နှင့်တကွ အ ရပ်သောပစ္စည်းတို့ကို တပည့်ကြီးအရှင်စာရိတ္တအား လွှဲအပ်လို



သည်။ အစချီသောစာတမ်းကို လျှောက်လွှာစာရွက် အဖြူ ပေါ်တွင် ခဲတံ စာလုံးဖြင့် ဆရာတော်ကိုယ်တိုင် ရေးသား၍ ဤအရှင် (ကိုရင်)အား မှာကြားပေးထားခဲ့ကာ ဦးစံပအား ဖတ် ကြားစေ၍ လွှဲအပ်တော်မူပါသည်။

ဆရာတော်ကြီး ကိုယ်တိုင်ရေး ကျောင်းအပ်စာတမ်းကို တပည့်အဆက်ဆက် မှတ်သားဖွယ်ဖြစ်စေရန်နှင့် ဗဟုသုတ ယူနိုင်ရန် မူရင်းအတိုင်း တင်ပြပါအံ့။

*၁၃၃၀ ပြည့်၊ ဝါဆိုလ။*

*ကွမ်းတောတောင်ကျောင်းရှိ ဂရုဘဏ် လဟုဘဏ်နှင့် တာဝန်အရပ်ရပ်တို့ကို သာသနပါလ သာသနဝိရုဠှ ဖြစ်စေရန် ကျေးရွာရှိ ဦးစံပစသော ဒါယကာကြီးငယ်တို့နှင့် စီစဉ်၍ အသက်၊ သိက္ခာတော်မူတည်ပြီးလျှင် ဦးစာရိတ္တအား အပ်နှင်းလိုက်ပါသည်။*

*ဂတိစောင်းက*

*ဓမ္မန္တေဝါသိကာစရိယ . . . ဝေါပက။*

ထိုအချိန်မှ စ၍ ဦးစာရိတ္တအရှင်မြတ်သည် ဆရာတော်ကြီး၏ဩဝါဒကိုခံယူ၍ ကျောင်းထိုင်စာချ ပဓာန တာဝန်များကို ထမ်းဆောင်လျက်ရှိရာ ယခုအခါတွင် စာသင်တိုက် ပဓာန ကျောင်းထိုင်ဆရာတော် တစ်ပါး၊ သာသနာပြု ကျောင်းထိုင်

www.burmeseclassic.com



ဆရာတော် သုံးပါး၊ အစိုးရဓမ္မာစရိယများနှင့် ပထမကြီး ပထမ
လတ် စသော စာသင်သားများ ထွန်းကားလာပါသည်။

ဤသို့ တပည့်လက်သစ်များစွာ ထွန်းကားခြင်းသည်
ဆရာကောင်းတို့၏ ဂုဏ်အင်္ဂါနှင့်ညီညွတ်သောကြောင့်ဟုပင်
ဆိုရပေလိမ့်မည်။

ဆရာကောင်းတို့၏ ဂုဏ်အင်္ဂါနှင့်ညီညွတ် သင့်ရာ (၇)
ဖြာဟူသည် -

ပိယောဂရုဘာဝနီယော၊ ဝတ္တာစ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နောစဋ္ဌာနေ နိယောဇကော ။

ဟူသော အင်္ဂုတ္တိုရ် သတ္တက နိပါတ် ပါဠိတော်အရ

၁။ ချစ်ခင်ကြည်ညိုဖွယ်ရှိခြင်း၊
၂။ လေးစားစွာရှိသေထိုက်ခြင်း၊
၃။ ရှိသေဖွယ်ရာ စိတ်နှလုံးကို တိုးပွားစေခြင်း၊
၄။ ကရုဏာရှေ့ထား၍ ပြောဆိုတတ်ခြင်း၊
၅။ သူတစ်ပါးတို့ ပြောဆိုတတ်သော စကားကို သည်းခံ
တတ်ခြင်း၊
၆။ လေးလေးနက်နက် တန်ဖိုးရှိသော စကားကိုသာ ပြော
ဆိုခြင်း၊
၇။ မသင့်လျော်ရာ၌ မတိုက်တွန်းတတ်ခြင်း၊

ဟူ၍ပင် ဖြစ်ပါသည်။



ဘုန်းကြီး ဦးစာရိတ္တသည် တပည့်တို့အား ရိုက်နှက်ဆုံး
ခြင်းမရှိ။ မေတ္တာဖြင့်သာ ပြောဆိုဆုံးမ၏။ စကားအလွန်နည်း
၏။ စကားနည်းခြင်းကို ဒကာဒကာမများက အားမလိုအား
ဖြစ်ကြသော်လည်း "စကားနည်းရမည်၊ တရားစွဲရမည်"ဟူ
သော ဆောင်ပုဒ်နှင့်အညီ နေထိုင်ဟန်ရှိသည်။

မလွဲမရှောင်သာ၍ ပြောဆိုရာတွင်လည်း သဂါထာဝဂ္ဂ
သုတ်၊ သုဘာသိတ သုတ်လာ စကားလေးမျိုးနှင့်အညီ-

၁။ ကောင်းသောစကား၊
၂။ တရားမျှတသောစကား၊
၃။ ချစ်ဖွယ်သောစကား၊
၄။ မှန်ကန်သောစကား၊

မျိုးတို့ကိုသာ ပြောဆိုလေ့ရှိပါသည်။

ဘုန်းကြီး ဦးစာရိတ္တအား ပရိသတ်ကို ဥပေက္ခာပြု၍ ဆိတ်
ငြိမ်ရာသို့ကပ်ပြီး လွတ်လပ်စွာတရားမွေ့လျော်နေသောကြောင့်
ဆရာတော်ဦးပညာ၏ ကျင့်ကြံအားထုတ်မှု အောင်မြင်ခြင်း
မွေအနှစ်ကို မချွတ်ယွင်း ဆက်ခံရယူနိုင်မည့် ဆရာတော်ဟူ၍
ငင် ယခုအခါတွင် ထင်ကြေးပေးနေကြလေပြီ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ပီသသောမော်ကွန်း

**မနေမနားမှန်မှန်ကြိုးစား**

အာရဗ္ဘထ နိက္ကမထ၊ ယုဥ္ဇထ ဗုဒ္ဓသာသနေ။
ဓုနာထ မစ္စုနောသေနံ၊ နဠာ ဂါရံဝ ကုဥ္ဇရော။

ဗုဒ္ဓသာသနာတော်ကြီး၌ ကြိုးစားအားထုတ်ကြ၊ ထွ
မြောက်ကြောင်း လုံ့လကိုကြိုးပမ်းကြ၊ ဆင်ပြောင်ကြီးသည်
တဲအိမ်ကို ဖျက်ဆီးသကဲ့သို့ သေမင်းစစ်တပ်ကို ချေဖျက်
ဟူသော သံယုတ်ပါဠိတော်လာ ဘုရားရှင်၏ဒေသနာစကား
ပန်ဆင်ထားလျက် ဆရာတော်ကြီးသည် တောရကျောင်းသို့
စဉ် ပုံမှန် ဖွဲ့သန်သန်ဖြင့် ကြွမြဲတိုင်းကြွနေပေ၏။

နေ့စဉ်နေ့စဉ် ကြွကာကြွကာ အားထုတ်လာခဲ့သ
မှာလည်း နှစ်ပေါင်း (၄၀) ကျော်အောင် ကြာခဲ့လေပြီ။

အပ္ပဒဏ်ကိုခံရ၍ ချွေးတပြန်ပြန်နှင့် အားထုတ်ခဲ့ရသ
ရာသီကလည်းအလီလီ။ ကောင်းကင်ယံဆီက မိုးဒဏ်လေဒ
တဒိန်းဒိန်း တည့်ညည်ဖြင့် ရွာပြန်မစဲ တစ်သဲသဲကြားမှ အား



သည်မှာလည်း အတန်တန်။ နှင်းမှုန်ငွေရီ ပုလဲဥတို့က ကြွေပြု သဏ္ဌာန်ဖြင့် လွှမ်းကာဖျန်းကာ အအေးဒဏ်ခံလာရသည်မှာ လည်း အဖန်ဖန်။

နွေမိုးဆောင်း၊ ရာသီတွေအလီလီ ပြောင်းခဲ့လေလေ၊ အား ထုတ်ရသည်မှာလည်း အသားတက်လေလေ ဖြစ်နေပေလိမ့် မည်။

အသွားမလျော့ အားမပျော့ဘဲ မနေမနား မှန်မှန်ကြိုးစား ၍ နွေမှမိုး၊ မိုးမှဆောင်း ရာသီတွေပြောင်းလာသလို သောတာ ပန်မှ သကဒါဂါမ်၊ သကဒါဂါမ်မှ အနာဂါမ်၊ အနာဂါမ်မှ ရဟန္တာ သို့တိုင် တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်ရန် တက်လှမ်း နေသည်ဟုထင်ရပါ၏။

ဆရာတော်၏ အနန္တဂုဏ်အင်ကျေးဇူးရှင် ဆရာရင်းဖြစ် သော ပခုက္ကူအရှေ့တိုက် (ပထမ) ဆရာတော်ကြီး၏ ဓာတ် (၆) ပါး ဝိပဿနာ ကမ္မဋ္ဌာန်းကို ပင်ပင်ပန်းပန်း မနေမနား ကြိုးစားနေစဉ် စိတ်တွေမြူးမြောက်ပြီး ရူးချင်သလိုလိုဖြစ်လာဘိ သည်ဆို၏။ ထို့ကြောင့် အားထုတ်ခြင်းကို ရက်အနည်းငယ်ရပ် ဆိုင်းထားကြောင်းနှင့် ဂရုတစိုက်အခြေအနေကို စောင့်ကြည့်နေ ရန် တပည့်ကြီးဖြစ်သူ ဘုန်းတော်ကြီး ဦးစာရိတ္တအား ကြိုတင် မိန့်ထား၏။

အောင်မြင်မှုပန်းတိုင် ရောက်ခါနီးတွင် စိတ်ပေါ်လော ကာမံနှင့် အခိုက်အတန့် ကြုံတွေ့ရသော်လည်း

www.burmeseclassic.com



"အရဒ္ဓ ဝိရိယော ဝိရိယာ ရမ္မေန နတပ္ပတိ"

ဝိရိယရှိသူသည် ကြိုးစားအားထုတ်ခြင်း၌ ရောင့်ရဲ တင်းတိမ်ခြင်းမရှိဟူဘိသို့ ရပ်နေ နားနေခြင်း အချိန်ကာလကား အချည်းအနှီး မျှသာဖြစ်ပေ၏ဟု အားတင်းကာ ဆက်လက်ပွားများလိုက်သောအခါတွင် အခါတိုင်းနှင့်မတူအောင် စိတ်တွေကြည်လင်နေပြီး အရောင်အလင်းတွေပါ ဖြစ်ပေါ်နေကြောင်းနှင့် တရားအားထုတ်ရာ တောရကျောင်းစခန်းတွင် ဗာလုံးကြီးတွေ ထင်ထင်ရှားရှား ပေါ်လွင်နေသည်ကို မြင်နေရပြန်သောကြောင့် တပည့်ကြီး ဦးစာရိတ္တကိုပြောပြပြီး အထူးဂရုထားစောင့်ကြည့်ရန်မလိုတော့ကြောင်း အရှေ့ဘက်လှည်းဝင်ပေါက် တံခါးကိုတိုးချဲ့ပြုပြင်ထားရန် မိန့်ကြားထားသည်ဟုဆို၏။

သက်တော်အားဖြင့်လည်း (၈၀) နား နီးကပ်နေပြီဖြစ်၍ ကျန်းမာရေး စိတ်မချသော ဦးစာရိတ္တနှင့် ဒကာအချို့က ဆရာတော်ကြီးကို တောရကျောင်းသို့ ကြွတော်မမူဘဲ ရွာကျောင်း၌ သာသီတင်းသုံး အားထုတ်ပါရန် လျှောက်ကြ၏။

ထိုအခါ ထိုစကားမျိုးကို လက်ခံတော်မမူဘဲ ကျန်းမာရေးကောင်းနေတုန်း ကြိုးစားရတယ် ဟုပြန်လည် မိန့်ကြားသတတ်။

မှန်ပေ၏။ "သေကျွော အပစယေန နတပ္ပတိ" သောတာပန် စသော် သေက္ခပုဂ္ဂိုလ်များသည် နိဗ္ဗာန်ရရန် ကျင့်ကြံဆည်း



ပူးခြင်း၌ ရောင့်ရဲတင်းတိမ်နိုင်ခြင်း မရှိဟူသော ဒေသနာအဆိုအမိန့်နှင့် ညီစွာကြိုးစားနေခြင်းသာ ဖြစ်ပေလိမ့်မည်။

ဤသို့ကြိုးစားသော ပုဂ္ဂိုလ်သည် "ဝိရိယဝတော ကိံနာမ နသိဇ္ဈတိ" ဆိုသည့်အတိုင်း ဝိရိယထားကြိုးစားလျှင် ဘယ်အရာမဆို မပြီးစီးမအောင်မြင်သည် မရှိ။ ပြီးစီးအောင်မြင်သည်သာတည်း။

## ဝိဒ္ဓာဓော်ဂျီ ကပြုသည်

ဥဋ္ဌာနေ န ပ္ပမာဒေန၊ သံယမေန ဒမေနစ။

ဒီပံ ကယိရာထ မေဓာဝီ၊ ယံဩဃော နာဘိကီရတိ။

ဝိပဿနာ တရားရှုပွားခြင်း၌ ထကြွလုံ့လနှင့်လည်းကောင်း၊ သီလစောင့်စည်းခြင်းနှင့်လည်းကောင်း၊ ဣန္ဒြေကိုဆုံးမခြင်းနှင့်လည်းကောင်း ပြည့်စုံသော ပညာရှိသည် သံသရာတည်းဟူသော သမုဒ္ဒရာ၌ အရဟတ္တဖိုလ်တည်းဟူသော မှီခိုရာကျွန်းကိုပြုလုပ်ရာ၏။

ထိုအရဟတ္တဖိုလ်ကျွန်းကိုလည်း မှည်သည့်ကိလေသာရေအယာဉ်တို့ကမှ ကျေပျက်အောင် မဖျက်ဆီးနိုင်ဟူသော မိန့်ဆိုချက်နှင့်အညီ ဆရာတော်ဦးပညာသည် အရဟတ္တဖိုလ်ချမ်းသာတည်းဟူသောကျွန်းဆွယ်သို့ ရောက်လုနီးပါး အချိန်ကာလကြီးသို့ ဆိုက်ရောက်ခါနီး ဖြစ်နေပြီဟု ထင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားလောင်း ဘုရားဖြစ်ခါနီး အိပ်မက်ကြီးငါးအင် မြင်မက်တော်မူသည့်အလားသို့ ဆရာတော်အားလည်း ရဟန္တာတစ်ပါးဟူ၍ ထင်ရှားကျော်ကြားခါနီး ဆဲဆဲတွင် ဤသို့အိပ်မက်မြင်တော်မူ၏။

ရဟန်းရှင်လူ ပရိသတ်ထုကြီးက ဆရာတော်၏ ရှေ့မှောက်တွင် လက်အုပ်ချီပြီး ဖူးမြော်နေကြသည့်အတွက် မိမိသွားလိုရာနေရာရောက်အောင် ကျပ်တည်းကျဉ်းမြောင်းစွာ ကြွသွားရသည်ဟု အိပ်မက် မြင်မက်တော်မူ၏။

နောက်တစ်နေ့တွင် ဝိဇ္ဇာလိုလို ဇော်ဂျီလိုလို ပုဂ္ဂိုလ်တစ်ဦးက ဆရာတော့်ရှေ့မှောက်တွင် အကြာကြီး လာရောက်ကပြသည်ဟုဆို၏။

ထိုအခါ သတိလက်မလွှတ်စေဘဲ ရှုမြဲတိုင်းရှုမှတ်နေစဉ် ဝိဇ္ဇာလိုလို ဇော်ဂျီလိုလို ပုဂ္ဂိုလ်လည်း ပျောက်ကွယ်သွားရော ခန္ဓာကိုယ်ကြီးလည်း တစ်ကိုယ်လုံး ပေါ့ပေါ့ပါးပါးကြီး ဖြစ်သွားရောဟု တပည့်ကြီးဦးစာရိတ္တအား မိန့်ကြားထား၏။

(လေ့လာစုံစမ်း ဗဟုသုတရှာလိုသူ တစ်ချို့က မေးမြန်းကြသောအခါ အထက်ပါအတိုင်းပင် တွေ့ကြုံခံစားရမှုများကို မိန့်ကြားတော်မူ၏)

ဆရာတော်ကြီးသည် ထိုစဉ်က မည်သို့ တွေ့ကြုံရသည် မည်သို့ဖြစ်ပျက်သည် စသည်ဖြင့် အခြားမည်သူကိုမျှပြောဆို မိန့်ကြားခြင်းမရှိခဲ့ပေ။



မည်မျှအောင်မြင်ပေါက်ရောက်မှု ရှိသည်ကိုလည်း မည်သူ့မျှမိန့်ကြားခြင်း မပြုပေ။

တစ်နေ့တွင် တောခရီးစကြိုလျှောက်ရင်း ရွာကျောင်းသို့ အပြန် ခရီးတစ်နေရာတွင် ကိုစံရွှေ+မအိမ်စို တို့မိသားစု နေထိုင်ရာ သနပ်ခါးတောသို့ ရောက်လာပြီး တပည့်မဖြစ်သူမအိမ်စိုကို နင့်တို့မကြာခင်ရဟန္တာဖူးရလိမ့်မည် ဟုမိန့်ကြား၏။ ထိုအခါ အိမ်စိုက တပည့်တော်က အသက်တိုပါတယ် ဖူးရမှာမဟုတ်ပါဘူး ဘုရားဟုပြန်လည်လျှောက်ထားသောအခါ "မကြာခင်ဖူးရမှာ၊ ဖူးရမှာ" ဟုဆိုကာ ခရီးဆက်ကြွသွားသည် ဟုဆို၏။

ဤသည်ပင်လျှင် ဆရာတော်သည် မိမိ၏အောင်မြင်မှုသည်မှန်းချက်ပန်းတိုင်သည် ဘယ်အဆင့် ဘယ်အခြေအနေသို့ ရောက်နေပေပြီဟု သိထားပြီး ဖြစ်ပေလိမ့်မည်။

ရွာသူရွာသားများမှာမူ တောထဲယာထဲ နေရထိုင်ရ လုပ်ကိုင်ရသဖြင့် ဘာသာရေးဗဟုသုတကို မလိုက်စားနိုင်ချေ။ တောသွား တောပြန် တောလုပ်ငန်း၊ မြေပဲ နှမ်း ပဲအမျိုးမျိုးနှင့် ထန်း သနပ်ခါး စသည်တို့ကို လုပ်ရင်းကိုင်ရင်း ရောင်းရင်းဝယ်ရင်း ဖြင့်သာ အချိန်ကုန်ကာ ပျော်မွေ့နေကြ၏။

တစ်ခါတစ်ရံတွင် ရှင်မတောင်သို့ ဘယ်နေ့ဘယ်ရက်က ဘုရားဖူးကြွလာ၍ ဖူးလိုက်ရသည်ဟူ၍လည်းကောင်း၊ ညအခါ တောရကျောင်းဆီမှ အလင်းရောင်များ ဖြာထွက်နေသည်ဟူ၍

www.burmeseclassic.com



လည်းကောင်း၊ ဖူးရသူမြင်ရသူတို့၏စကားကိုပင် ကြားကာမတ္တမျှသာ ဂရုမထားကြပေ။

အသက် (၄၀) ကျော်ကျော်အရွယ်များ မမွေးမီကတည်းက တောရဆောက်တည်နေခြင်းကြောင့် ဖာသာလဝါနေကြရှာ၏။ ထို့ကြောင့် –

မဏိံ မိဂေါ ပဿန္တောပိ၊ တိဏံ ခါဒံ ဂစ္ဆတိ။

စသော ဥပမာဒေသနာနှင့်ညီစွာ တောဒ္ဒဲပျော်ပါး သားသမင်များသည် တောတောင်ဝနာတွင် အဖိုးတန်ပတ္တမြားရတနာကိုတွေ့ပင်တွေ့ငြားသော်လည်း တန်ဖိုးရှိသည်မထင်။ စားနေကြမြက်ကိုပင် တန်ဖိုးရှိသည် အထင်ဖြင့် မြိန်ရှက်စွာစားလျက် လှည့်လည်ကျက်စား ပျော်ပါး၍နေသည့်အလားသို့ ဖြစ်ချေသည်။

**တောင်တန်းဆရာတော်ပြည္ဟန်းဖော်**

န ပုပ္ဖ ဂန္ဓော ပဋိဝါတ မေတိ၊
န စန္ဒနံ တဂရ မလ္လိကာဝါ၊
သတဉ္စ ဂန္ဓော ပဋိဝါတ မေတိ၊
သဗ္ဗာဒိသာ သပ္ပုရိသော ပဝါယတိ။

(ဓမ္မပဒ၊ အာနန္ဒထေရပဉှာ)

ပန်းအနံ့သည် လေညာသို့ မသွား၊ စန္ဒကူးအနံ့ တောင်ဇလပ်ပန်းနံ့ စပါယ်ကြက်ရှန်းပန်းအနံ့တို့သည်လည်း လေညာသို့မသွား၊ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့



သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည်ကား အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ထို့အတူ ကွမ်းတော တောရဆရာတော်ကြီး၏ သီလဂုဏ်သတင်းသည်လည်း အရပ်မျက်နှာအားလုံးတို့သို့ တဖြည်းဖြည်းကြိုင်လှိုင်မှန်းမသိ ကြိုင်လှိုင်နေ၏။ "သူတော်ချင်း၊ သတင်းလွှ့လွှ့ဖြစ်ချေ၏သို့ တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရသည် မုံရွာမြို့သို့ရောက်စဉ် တရားပွဲချီးမြှင့်ရာတွင် ယခုခေတ်တွင် ဘုရားသာသနာတော်၌ ရဟန္တာများ မဆိတ်သုဉ်းကြောင်းစသည်ဖြင့် ဟောကြားတော်မူ၏။

ထိုတရားပွဲအပြီးတွင် မြိုင်မြို့နယ်၏ ပညာရေးမှူးတာဝန်ထမ်းဆောင်ရလတ္တံ့သော ဦးသန်းစိန်သည် တောင်တန်းဆရာတော်ကြီးထံချဉ်းကပ်၍ တရားဆွေးနွေးသောအခါ ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင်လည်း တောရဆောက်တည်ကျင့်သုံးနေသော ပုဂ္ဂိုလ်ထူးတစ်ပါးရှိသည်ဟု မိန့်ကြားထားဖူး၏။ ထိုစကားကို ဦးသန်းစိန် စွဲမှတ်ထား၏။

တစ်နေ့တွင် ဦးသန်းစိန်သည်လည်း မြိုင်မြို့သို့ ပညာရေးမှူးတာဝန်ဖြင့် ရောက်ရှိလာ၏။

ဒေါက်တာ ဦးဇော်ဝင်းမြင့်+ ဇနီးဒေါ်ရွှေဝါတို့သည်လည်း မြိုင်မြို့နယ် သ/မဆေးခန်း ဆရာဝန်အဖြစ် မြိုင်မြို့သို့ရောက်ရှိနေသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးမှူးဦးသန်းစိန်နှင့် ဒေါက်တာဇော်ဝင်းမြင့်တို့သည် တရားဆွေးနွေးဖော် ဆွေးနွေးဖက်များ ဖြစ်ကြသည်။ ပညာရေးမှူးဦးသန်းစိန်သည် တောင်တန်းဆရာတော်ကြီး မိန့်ကြားဖူးသော စကားအရ လေ့လာစုံစမ်းသောအခါ တောရဆောက်တည်သော ဆရာတော် ကွမ်းတောရွာတွင် ရှိကြောင်း လေ့လာသိရှိထား၏။

ထို့လေ့လာထားခြင်း အကြောင်းအရင်းကိုလည်း ဒေါက်တာဇော်ဝင်းမြင့်ကို အသိပေး၏။ သွားရောက်ဖူးမြော်ကြရန် တိုင်ပင်ဆွေးနွေးထားကြသည် ဆို၏။

ကွမ်းတောရွာတောရ ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ရန် နှစ်ဦးသဘောတူ တိုင်ပင်ထားကြသော်လည်း အထမမြောက်မီ တစ်နေ့တွင် ပညာရှိသည်ကား မြတ်သောဥစ္စာကို စောင့်ရှောက်သကဲ့သို့ မမေ့မလျော့ခြင်း အပ္ပမာဒ တရားကိုလည်း စောင့်ရှောက်၏ဟူဘိသို့ ဒေါက်တာဇော်ဝင်းမြင့်ဘာဝန်ထမ်းနေစဉ် ရွာကလူမမာကို လာကြည့်သော မြိုင်မြို့နေသူ ကွမ်းတောရွာဇာတိ ဒေါ်သန်းစိန်ဆိုသူနှင့် တွေ့ရှိကြုံကြိုက်သဖြင့် ကွမ်းတောရွာ ဆရာတော်ကြီးအကြောင်း ထပ်မံစုံစမ်းမေးမြန်းသောအခါ ဒေါ်သန်းစိန်က အကြောင်းအကျိုးစုံလင်စွာ ပြောပြ၍သွား လိုပါက လိုက်ပို့ပေးပါမည်ဟု ကတိပြုခဲ့သည် ဆို၏။

ဒေါက်တာ ဇော်ဝင်းမြင့်နှင့်ဇနီးဒေါ်ရွှေဝါတို့သည် ဆရာ



ကြီးအား ဖူးမြင်လိုသောဆန္ဒပြင်းပြလွန်းလှသဖြင့် တိုင်ပင်သော ပညာရေးမှူးဦးသန်းစိန် ခေတ္တနေထိုင်မကောင်းဖြစ်ည်ကိုပင် မစောင့်နိုင်တော့ဘဲ မြို့နယ်ဆရာဝန်ကြီးနှင့် ဒေါ်သန်းစိန်နှင့် သားဖြစ်သူ ကျော်လှိုင်စိုး (ကျန်းမာရေးတို့၏ဦးဆောင်လမ်းပြကူညီမှုဖြင့် ဦးဦးဖျားဖျား သွားရောက်ော်ကြလေ၏။

ထိုအခါ တောရကျောင်းဆီသို့ ဂျစ်ကားမောင်း၍ သွားကို မကြုံစဖူး အထူးအဆန်းဖြစ်ကာ ရွာသူရွာသားများကင်းစုံစမ်းကြ၏။ နားစွင့်စပြုလာကြ၏။

ဆရာဝန်တို့အဖွဲ့ကားလေးသည်လည်း တောရကျောင်းမှ ရွာထဲသို့ဝင်၍ ဒေါ်သန်းစိန်၏ဆွေမျိုးများဖြစ်ကြသောေ+ဒေါ်ခင်မြ၊ ဦးကံရင်+ဒေါ်ခင်မြင့် စသူတို့၏ နေအိမ်သို့ဝင်၍ ရေနွေးသောက်ကြ၏။ ဆရာတော်ကြီးကိုလာ ဖူးမြော်ခြင်း၏အကြောင်းရင်းကိုလည်း ရင်ဖွင့်ပြကြ၏။

ရေနွေးသောက်ကြပြီး တစ်ဖန်ဖူးမြော်ရသည်ကို အားမရ ဆရာတော်ကြီး ရွာကျောင်းသို့ ပြန်ကြွချိန်တန်သဖြင့် ယအကြိမ် ထပ်မံပြီး ရွာကျောင်းတွင် ဖူးကြပြန်၏။

ထိုအခါမှစ၍ ရွာသူရွာသားတို့ တစ်စတစ်စ စိတ်ဝင်စားလာကြ၏။

ဆရာဝန်တို့အဖွဲ့သည်လည်း မြိုင်မြို့သို့ရောက်ကြသော

www.burmeseclassic.com

www.burmeseclassic.com



အခါ ဆရာတော်ကြီး၏ကျင့်ကြံထူးခြားဟန်ကို နီးစပ်ရာအရာ... အရာခံ စသူတို့အား သဒ္ဒါတရားပွား အကျိုးများစေရန် ခမ္... ဃောသကနတ်သားပမာအတူ ကုသိုလ်ယူကြလေ၏။

**တန်ခိုးကြီးခြင်းအစ မန်ကျည်းပင်က**

အပ္ပမတ္တော အယံ ဂန္ဓော၊ ယွာယံ တဂရ စန္ဒနံ၊
ယောစ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။
(မဟာကဿပထေရဝတ္ထု)

တောင်ဇလပ် စန္ဒကူးပန်းတို့၏ အနံ့သည် (မပြေ... လောက်) အနည်းငယ်မျှသာဖြစ်၏။ ဤသီလရှိသော သူတို့၏ (သီလ) အနံ့သည်သာ ထူးကဲသာလွန်သည်ဖြစ်၍ နတ်ပြည်သို့ တိုင်လှိုင်ပေ၏။

ဆရာတော်ကြီးသည် တောရကျောင်း၌ တရားအားထုတ်... နေသည်မှာ သက်တော် (၃၇) မှစ၍ သက်တော် (၈၀) အရွယ် တော်သို့တိုင်ခဲ့လေပြီ။

သက်တော် (၈၀) အတွင်းသို့ ချင်းနင်းဝင်ရောက်လာ... သည်နှင့် ဆရာတော်ကြီး၏ သီလရနံ့တို့ကလည်း တစ်နေ့တစ်... ခြား သင်းပျံ့၍ လာပေတော့၏။

ထူးခြားသည်ကား ဆရာတော်ကြီး တရားအားထုတ်သော... မကြီးကန်တောရကျောင်းတွင် တရားအားထုတ်စဉ် ဗိတာန်ထိ... သဖွယ် အပူအအေးဒဏ် ကာကွယ်ပေးနေရသော မန်ကျည်းပင်... ကြီးများသည် ထူးထူးခြားခြား နံ့သာဖြူအနံ့ကဲ့သို့ ကြိုင်လှိုင်...



...၏။ ရှာသူရှာသားတို့သည်လည်း ပျားပန်းခပ်မျှ အံ့ဩဝမ်း ...မြောက်စွာ ကြည်ညိုနေကြ၏။ ထူးထူးဆန်းဆန်း မန်ကျည်းပင် ...တောင်ရနံ့သင်းသောနေ့တွင် ဦးဦးဖျားဖျားဖူးရသော တပုဿ ...ဘလ္လိက ညီနောင်ပမာတူသော ဒေါက်တာမောင်ဇော်ဝင်းမြင့် ...မြို့နယ်ပညာရေးမှူး ဦးသန်းစိန်တို့သည်လည်း သုံးခေါက် ...သည့် မြောက် ကျောင်းသို့လာရောက် ဖူးမြော်ကန်တော့ကြ ...သည်ဟု စိတ် အကြံဖြင့် အဓိဋ္ဌာန်ထားကြသည့်အတိုင်း ...ခေါက်ပြည့်မြောက် သော နေ့အရောက်၌ပင် တိုက်တိုက် ...ဆိုင်ဆိုင် ရနံ့လှိုင်လှိုင်ဖြင့် ဝမ်းသာမဆုံးနိုင်အောင် ဖူးမြော် ...ကြည်ညိုကြရလေ၏။

တောရကျောင်းတွင်ရှိသော မန်ကျည်းပင်များက သဝိညာ ...ကသာဆိုလျှင် ဤသို့ပင် ပြောဆိုနေကြမည်လေမလား?

တို့ဆရာတော်သည် တို့မန်ကျည်းတောမှာ တရားနဲ့ပျော် ...ာ တို့ရဲ့ အမျိုးအနွယ် မန်ကျည်းသီး၊ မန်ကျည်းရွက်၊ မန် ...ည်းဟင်း အမယ်အမယ်ကို ဘုဉ်းပေးမှုတပြီး တို့မန်ကျည်းပင် ...အောက်မှာ တရားပေါက်တာမို့ တို့ကအရင်ဦးအောင် နံ့သာ ...ထူးနဲ့ ဖူးကြစို့ဟူ၍ ပြောဆိုကြပြီး နံ့သာအထူးတွေနဲ့ ဦးဦးဖျား ...ား ထူးထူးခြားခြား ပူဇော်နေရှာသလားဟု တွေးထင် ကြား ...ာင်မိပါတော့သည်။

ရှာသူရှာသားများနှင့် ရပ်နီးရပ်ဝေးမှ တစ်ဆင့်စကား တစ် ...င့်အားဖြင့် သိကြကာ အပြေးအလွှား လာကြဖူးကြ ကြည်ညို

www.burmeseclassic.com

www.burmeseclassic.com



ကြနှင့် အံ့ဩမစဲ ချီးကျူးမစဲ ဖူးသူမစဲ တသဲသဲ ရှိလေတေ
သည်။

တစ်ချို့က ရေမွှေးများ ဖြန်းထားလေရော့သလား ဟု
အခေါက်ခွာ၍ နမ်းသူကနမ်း၊ အရွက်ခွေ၍ ပွတ်ကြည့်သူ
ပွတ်ကြည့်၊ အကိုင်းခုတ်၍ စမ်းသူကစမ်း၊ ဘယ်လိုပင်စမ်း
ဘယ်လိုပင်ဝေဖန်ဝေဖန် မန်ကျည်းအနံ့ လုံးဝပျောက်ကွယ်
နံ့သာဖြူအနံ့သာပေါက်နေကြောင်း တစ်ယောက်ပြီးတစ်ယော
ဆုံးဖြတ်ချက်ချကြလေ၏။

ဤသို့ဖြင့် အလုအယက် အခေါက်ခွာကြ အကိုင်း
ကြနှင့် နေ့ညမစဲ ဖူးမြော်သူ တစ်ဖွဲဖွဲနှင့် ကျေးလက်ဘုရားပွဲ
စည်ကားလာပါတော့သည်။

ဆရာတော်ကြီး၏ ထူးထူးခြားခြား ကြည်ညိုဖွယ်
သတင်းများကား တမဟုတ်ခြင်းဆိုသလို တစ်ရွာမှတစ်ရွာ၊
မြို့မှတစ်မြို့သို့ စသည်ဖြင့် မြန်မာပြည်အနံ့မှ ကျယ်ပြန့်
ကြားသွားလေ၏။

ကားငယ် ကားကြီးအသီးသီးနှင့် လှည်းကြီးလှည်း
အသွယ်သွယ်တို့အပြင် အချို့စက်ဘီး၊ အချို့ခြေလျင်ခရီးတို
လာရောက်ဖူးမြော်ကြသဖြင့် ကျောင်းကြီးအောက်ထပ်တွင်
လျှံကျပ်နေသဖြင့် တန်းဝင်တန်းထွက်စနစ်ဖြင့်ပင် ဖူးမြင်
သည်။

ဈေးဆိုင်တန်းများဖြင့် များစွာစည်ကား လှပေ၏။ ထို



စက်ဘီးများလည်း အမှားအပျောက်လွတ်မြောက်အောင် စက်
ဘီးတစ်စီး တစ်ကျပ်နှုန်းဖြင့် အ.လ.က ကျောင်းရန်ပုံငွေအတွက်
စိန်းသိမ်းပေးရာ တစ်နေ့ (၁၀၀၀) ကျော် အ.လ.က ဆောက်
လုပ်ရေးကော်မတီမှ ကောက်ခံရရှိပေသည်။

ကားအဝင်အထွက်များပြားသဖြင့် ရွာထဲလမ်းတွင် ကား
ပိတ်စင်းရှောင်ရန် အခက်အခဲရှိသောကြောင့် လည်းကောင်း၊
ဘက်မှ ကျောင်းသို့လာသည့်အခါ ရွာထဲသို့ ပတ်ဝင်ရသော
ကြောင့်လည်းကောင်း မြို့နယ် မ.ဝ.တ ဥက္ကဋ္ဌ ဦးရွှေကျော်နှင့်
မြို့နယ်မှူး ဦးခင်မောင်လွင်တို့၏ ဦးဆောင်လမ်းညွှန်ကြီးကြပ်
ဖြင့် ၁၉၉၅-ခုနှစ်တွင် ဘုရားနီအနီး ကားလမ်းမကြီးမှ ရွာ
ကျောင်းသို့တိုက်ရိုက် လမ်းဖောက်ပေးထားရပါတော့သည်။

တောရကျောင်းမှ ရွာကျောင်းသို့အဝင် အရှေ့ဘက်တံခါး
ပေါက်ကြီးကိုလည်း ကားအဝင်အထွက်ခက်ခဲ၍ ထပ်မံတိုးချဲ့
ဖြင့်ရပါတော့သည်။

ဤအခါရောက်မှ ဘုန်းကြီးဦးစာရိတ္တသည် ဆရာတော်
ကြီးနာမည်မကြီးခင်က တံခါးပေါက်ချဲ့ထားရန် ကြိုတင်မိန့်
ကြားဖူးသည်ကို ပြန်လည်သတိရကာ ဆရာတော်ကြီးက
ကြိုတင်သိထား၍သာ ဤသို့ မိန့်ကြားခြင်းဖြစ်သည်ဟူ၍
ကြီးစားမိကာ ပို၍ ပို၍ ကြည်ညိုရကြောင်း ရှင်းလင်းမိန့်ကြား
ပါသည်။

တောရကျောင်းမှ မန်ကျည်းပင်ကြီးများက မန်ကျည်း

www.burmeseclassic.com

www.burmeseclassic.com



ခေါက်တို့သည် အစွမ်းထက်ပြီး အတော်အတန်ရောဂါများ ပျောက်ကင်းသောကြောင့် အခေါက်ခွာ၊ အကိုင်းခုတ်ခြင်းမျ များလွန်းသဖြင့် နောက်ပိုင်းတွင် မန်ကျည်းပင်ကြီးများ မသေ ရန် ပိတ်ပင်တားမြစ် စောင့်ရှောက်ထားရလေတော့၏။

## ဘယ်လောက်ဟောဟော မောသည်မရှိ

ယော မုခသံယတော ဘိက္ခု၊ မန္တ ဘာဏီ အနုဒ္ဓတော
အတ္ထံ ဓမ္မဉ္စ ဒီပေတိ၊ မဓုရံ တဿ ဘာသိတံ။

အကြင်ရဟန်းသည် နှုတ်ကို စောင့်စီး၏။ ပညာဖြ ဆင်ခြင်၍ ပြောဆိုလေ့ရှိ၏။ မပျံ့လွင့်သောစိတ်ရှိ၏။ အနက် အဓိပ္ပါယ်ကိုလည်းကောင်း၊ ပါဠိကိုလည်းကောင်း ဟောပြ တတ်၏။ ထိုရဟန်း ဟောပြောသောတရားသည် ချိုမြိန်သ ယာ၏။

ဆရာတော်ကြီးအား ဖူးမြော်ရန်လာကြသော ပရိသတ် များကလည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာရောက်ကြည်ညိုမစဲ တသဲ ဖြစ်၏။

ရောက်လာသောပရိသတ် နည်းဖြစ်စေ များသည်ဖြစ်စေ အချိန်သတ်မှတ်ပိုင်းခြားခြင်းမထား၊ အနားမယူရောက်လာသည့် အချိန် အကြည်ညိုခံ၏။ တရားဟော၏။

အသံတော် ကြည်ကြည်လင်လင်နှင့် စူးရှကြည်မြ ကောင်းကင်ယံဆီသို့ ဟိန်းတက်လာ၏။ ကြားနာရသူတို့



တ်နှလုံးကို ယူကြုံးနှစ်သိမ့်စေ၏။ တရားတော်သံအား ကြားနာ ရသူ မှန်သမျှ မငြီးမွမ်းသူဟူ၍ မရှိပါ။

ဘယ်နှစ်ကြိမ်ဟောဟော မောသည်မရှိ။ တစ်နေကုန်တစ် ခန်း ဟောနိုင်ပါဘိသည်။

ဘယ်နှစ်ကြိမ်ဟောနေနေ တရားပြောင်းလွဲ ဟောခြင်း ရှိ၊ လွဲမှားခြင်းမရှိ။ မူလအတိုင်းပင်တစ်ထပ်တည်းဖြစ်နေ၏။

ဘုရားရှင်လက်ထက်တော်က ဓမ္မကထိက တေဒဂ်ဘွဲ့ထူး ကို ရရှိသော အရှင်ပုဏ္ဏမထေရ်ကဲ့သို့ပင် အဟောကောင်းလိမ့် သည်ဟု ယူဆမိပါသည်။

ဒကာ ဒကာမဲများကန်တော့ခန်း ဆိုပြီးသည်နှင့် ကြိုးကြာ သံအလားသို့ သာယာကြည်မြစွာ ထွက်ပေါ်လာသော ဆုပေး စာ –

ဗုဒ္ဓေါတိ ဃောသ မတ္တမ္ပိ ဒုလ္လဘံ၊
ဓမ္မောတိ ဃောသ မတ္တမ္ပိ ဒုလ္လဘံ၊
သံဃောတိ ဃောသ မတ္တမ္ပိ ဒုလ္လဘံ၊

ဗုဒ္ဓေါတိ ဃောသ မတ္တမ္ပိ – ဘုရားတည်းဟူသော အသံ တော်မျှကို (လည်း) လဲပဲ၊ ဒုလ္လဘံ – အတိဒုလ္လဘံ အလွန်တရာ မှ ကြားရခဲ နာရခဲလှချေသေး၏။ ဓမ္မောတိ ဃောသ မတ္တမ္ပိ – တရားတည်းဟူသော အသံတော်မျှကိုလည်း၊ ဒုလ္လဘံ အတိဒုလ္လ ဘံ အလွန်တရာမှ ကြားရခဲ နာရခဲလှချေသေး၏။ သံဃောတိ ဃောသမတ္တမ္ပိ – သံဃာတည်းဟူသော အသံတော်မျှကိုလည်း၊

www.burmeseclassic.com

www.burmeseclassic.com



ဒုလ္လဘံ အတိဒုလ္လဘံ အလွန်တရာမှ ကြားရခဲ နာရခဲ ချေသေး၏။ ဣတိ – ဤသို့ အလွန်တရာမှ ကြားရ နာရခဲလှသော ဘုရားတည်းဟူသော ရတနာ၊ တရားတည်းဟူသော ရ နာ၊ သံဃာ တည်းဟူသော ရတနာ ဤရတနာမြတ်သုံးပါးအား . . . အစရှိသဖြင့် အပြစ်ကင်းသော ဆုပေးခြင်းမျိုး ဆုပေးပြီး ထုံးစံအတိုင်း ငါးပါးသီလဆောက်တည် ပြီးသော အောက်ပါ လင်္ကာကို တစ်ဆက်တည်း ချပေးတော်မူ၏။

*ရူပံ အနိစ္စံ။ ရူပံ–ရုပ်တရားသည်။ အနစ္စံ–အမြဲမရှိ။*
*ရူပံ ဒုက္ခံ။ ရူပံ–ရုပ်တရားသည်။ ဒုက္ခံ–ဆင်းရဲ၏။*
*ရူပံ အနတ္တာ။ ရူပံ–ရုပ်တရားသည်။ အနတ္တာ–အလို မလိုက်။*

ရူပံ ခယဋ္ဌေန အနိစ္စံ – ရူပံ ရုပ်တရားသည်၊ ခယဋ္ဌေ – ဆိမ်းမီးရေခမ်း ညှိုးသောပန်းသို့ ရုပ်တန့်မနေ၊ တည်တံ့မ ရုပ်ဆိုင်းမနေ၊ တည်မြဲမနေ၊ အိုခြင်းသဘော၊ နာခြင်းသဘော သေခြင်းသဘော၊ အထွေထွေ ကုန်ခန်းတတ်သော အန သဘောကြောင့်၊ အနိစ္စံ-အနိစ္စမည်ပါပေ၏။

ရူပံ ဘယဋ္ဌေန ဒုက္ခံ၊ ရူပံ– ရုပ်တရားသည်၊ ဘယဋ္ဌေ ဆီးမီးရေခန်း ညှိုးသောပန်းသို့ ရုပ်တန့်မနေ၊ ရုပ်ဆိုင်းမ တည်တံ့မနေ၊ တည်မြဲမနေ၊ အိုခြင်းသဘော၊ နာခြင်းသဘော သေခြင်းသဘော၊ အထွေထွေဘေးဟူသော အနက်သဘော



ကြောင့်၊ ဒုက္ခံ– ဒုက္ခ မည်ပါပေ၏။

ရူပံ-အသာရကဋ္ဌေန အနတ္တာ – ရူပံ ရုပ်တရားသည် အသာရကဋ္ဌေန-ဆီးမီးရေခန်း ညှိုးသောပန်းသို့ ရုပ်တန့်မနေ တည်တံ့မနေ၊ ရုပ်ဆိုင်းမနေ၊ တည်မြဲမနေ၊ အိုခြင်းသဘော နာခြင်းသဘော၊ သေခြင်းသဘော၊ အထွေထွေ အနှစ်ကင်းပ၊ ဘာမျှမရှိ။ ဘာမျှ မရှိဟူသော အနက်သဘောကြောင့်၊ အနတ္တာ-အနတ္တမည်ပါပေ၏။ ဣတိ – ဤသို့၊ တိလက္ခဏံ – သုံးပါး လက္ခဏာပွားများရာကို၊ ဗဟုလီကရဏံ – ကြိမ်ဖန်များစွာ ဘာဝေတဗ္ဗံ – လေ့လာအပ်၏။ ဗဟုလီကရဏံ – ကြိမ်ဖန်များစွာ၊ ဘာဝေတဗ္ဗံ – ဆင်ခြင်အပ်၏။ ဗဟုလီကရဏံ – ကြိမ်ဖန်များစွာ၊ ဘာဝေ တဗ္ဗံ – ပွားများအပ်၏။

အနိစ္စဒဿနေန – အနိစ္စလက္ခဏာကို ကြိမ်ဖန်များစွာ ပွားများလေ့လာ ဆင်ခြင်သဖြင့်၊ အလောဘော – လောဘပါး၍ ဒေါသနည်းသည်၊ ဟောတိ – ဖြစ်၏။

ဒုက္ခဒဿနေန – ဒုက္ခလက္ခဏာကို ကြိမ်ဖန်များစွာ ပွားများလေ့လာ ဆင်ခြင်သဖြင့်၊ အဒေါသော – ဒေါသပါး၍ မောဟနည်းသည်၊ ဟောတိ – ဖြစ်၏။

အနတ္တဒဿနေန – အနတ္တလက္ခဏာကို ကြိမ်ဖန်များစွာ ပွားများလေ့လာ ဆင်ခြင်သဖြင့်၊ အမောဟော – မောဟ ပါး၍ ပညာများသည်၊ ဟောတိ – ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



*အနိစ္စကိုပွား၊ လောဘပါး၊ ပြုကြား ဒါနသာ*
*ဒုက္ခကိုပွား၊ ဒေါသပါး၊ ပြုကြား သီလသာ*
*အနတ္တကိုပွား၊ မောဟပါး၊ ပြုကြား ဘာဝနာ။*

ဟူ၍ လက္ခဏာရေးသုံးပါးကို ဆင်ခြင်ပွားများစေပြီးမှ **တီသရဏေန (ပ) သမ္မာဒေထ။** ဟူသော အမှာစကားဖြင့် သီလပေး အဆုံးသတ်၏။

သီလပေးခြင်းကိစ္စပြီးသည်နှင့် အောက်ပါဒေသနာ အစဖြာသော သောတာပန်ဖြစ်ကြောင်းတရားကို ဆက်ဟောပါသည်။

ငါးပါးပဉ္စသီ . . . ငါးပါးပဉ္စသီ အချိန်မီသလောက် ဆောက်တည်ပါမှုကား။ ငါးပါးပဉ္စသီ အချိန်မီသလောက် ဆောက်တည်ထားပါလျှင် သောတာပန် စသည်ဖြစ်ရန် ကျင့်ဖို့လွယ်သည်။ ရှေးသူတော်ကောင်း သူမြတ်လောင်းတို့သည် ကျောင်းဒကာ အနာထပိဏ် ဝိသာခါစသော ပုဂ္ဂိုလ်တို့သည် ငါးပါးပဉ္စသီကို ခါးဝတ်ချီသကဲ့သို့ မြဲကြပေသည်။

ရှေးသူတော်ကောင်း ပုဂ္ဂိုလ်အထူးထူးတို့ကဲ့သို့ ငါးပါးသီလအမြဲဆောက်တည်ရမည်။

ရှေးသူတော်စင်တို့သည် လစဉ်လစဉ် အကြိမ်ရက်နှင့်တကွ ရှစ်ကြိမ်အနည်းဆုံး လေးကြိမ် ရှစ်ပါးသီလ ဆောက်တည်ကြပေသည်။

ဝိသာခါ အနာထပိဏ်တို့ကဲ့သို့ သီလဆောက်တည်ပြီး



သကာလ နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် ဆောက်တည်အပ်သော သီလကို ကာယကံ၊ ဝစီကံတို့ဖြင့် ကြိမ်ဖန်များစွာ ဆင်ခြင်ရမည်။ မိမိသီလကို အခြေခံ၍ ဗုဒ္ဓုပ္ပါဒနဝမခေတ် လူဖြစ်၍လာပြီး သာသနာတော်ကြီးနှင့် မျက်ဝါးထင်ထင် တွေ့ကြုံသည့်အချိန်တွင် ရှေးသူတော်စင် သူမြတ်လောင်းတို့ပမာ အခါမလပ် သတိချပ်ပြီး သတိတရား လက်မလွှတ်စေကာ ဘာဝနာတရားနှင့် မွေ့လျော်နေရမည်။

ဒါနတည်းဟူသော ဂုဏ်အင်၊ သီလတည်းဟူသော ဂုဏ်အင် အခြေခံနှင့် ပြည့်စုံပါလျှင် ဝိပဿနာတရား ဆင်ခြင်ပွားများလိုက်လျှင် အောက်ထစ်ဆုံး သောတာပန်အဆင့်လောက်တော့ ဝင်နိုင်သည်။ အောက်ထစ်ဆုံး သောတာပန်အဆင့် ရောက်အောင် ကြိုးစားရမည်။ သောတာပန် အဆင့်ရောက်မှ အပါယ်ဘေးတွေက ကင်းဝေးပြီး သကာလ၊ ဝိသာခါကဲ့သို့ ဘုံစဉ်စံကာ နိဗ္ဗာန်ကို စံမြန်းနိုင်ရလိမ့်မည်။

ဘုရားရှင်၏ တရားတော်တွေ ဆင်ခြင်ပွားများနိုင်အောင် အခါ မလပ် သတိချပ်ရမည်။ သတိရှိရမည်၊ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားနှင့်သမ္မာဒေထ ဖြည့်စုံကြကုန်လော့။ (သာဓု . . . သာဓု . . . သာဓုပါဘုရား)

**မှတ်ချက်** ။ ။ *ဟောစဉ်တရားမှာ မိနစ် (၂၀) ဝန်းကျင်လောက် သာဟော၏။ တရားဟောနေစဉ်*

www.burmeseclassic.com

www.burmeseclassic.com



အတွင်း မိသလောက်သာ ရေးမှတ်၍ လိုရင်း
အားဖြင့် ထည့်သွင်း ဖော်ပြသည်။

ဆရာတော်ကြီး၏ ဟောစဉ်တရားကို အနှစ်ချုပ်ရှာကြည့်သော် –

၁။ ငါးပါးသီလမြဲရန်ဖြစ်၏။

၂။ သောတာပန်ဖြစ်အောင်ကျင့်ရန်ဖြစ်၏။

၃။ သတိတရားလက်မလွတ်ရန်ဖြစ်၏။

မှန်ပေ၏။ သီလအခြေခံရှိမှ သောတာပန် ဖြစ်နိုင်ကျင့်နိုင်၏။ သောတာပန်ဖြစ်မှ သကဒါဂါမ် စသည်အဆင့်တက်၍ ရှင့်ကျက်ကာ ရဟန္တာ ဖြစ်နိုင်၏။ ရဟန္တာဖြစ်မှ ဒုက္ခ ချုပ်ငြိမ်းစန္ဒာကိုယ်စာတ်သိမ်း၏။ သောတာပန်စသည်ဖြစ်ရန် ကျင့်ရာတွင်လည်း သတိတရားလက်ကိုင်ထားမှသာ ဖြစ်နိုင်ပေ၏။

ထို့ကြောင့် အမြဲမပြတ် သတိချပ်ရမည်ဟု မိန့်ကြားတော်မူခြင်းဖြစ်၏။

သောတာပန်ဖြစ်လျှင် ဒိဋ္ဌိ + ဝိစိကိစ္ဆာပြုတ်၍ အပါယ်ဘေးမှ လွတ်မြောက်လေတော့၏။ သီလကို အခြေခံပြီး၊ သောတာပန်ဖြစ်ရန် အင်္ဂါ (၄) တန်ရှိ၏။ ၎င်းတို့မှာ –

၁။ သူတော်ကောင်းနှင့် ပေါင်းဖော်ဆည်းကပ်ခြင်း

၂။ သင့်တင့်ကောင်းမွန်သော စိတ်ကောင်းထားခြင်း

၃။ မဂ်ဖိုလ်တရားအားလျော်သော အကျင့်ကိုကျင့်ခြင်း



ဟူ၍ ပဓာနိယင်္ဂတရား လေးပါးရှိပါသည်။

သောတာပန် ပုဂ္ဂိုလ် (၃) မျိုး –

၁။ ဧကဗီဇသောတာပန်။ ။ ကာမဘုံ၌ ပဋိသန္ဓေ တစ်ကြိမ်သာနေပြီး ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်။

၂။ ကောလံကောလ သောတာပန်။ ။ကာမဘုံ၌ နှစ်ကြိမ်မှ ခြောက်ကြိမ်တိုင်အောင် ပဋိသန္ဓေ နေပြီးနောက် ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်။

၃။ သတ္တက္ခတ္တုပရမသောတာပန်။ ။ ကာမဘုံ၌ (၇) ကြိမ်မြောက် ပဋိသန္ဓေနေပြီး ရဟန္တာဖြစ်မည့်ပုဂ္ဂိုလ်

ဟူ၍ သုံးမျိုးသုံးစား ရှိပါသည်။

သောတာပန်ဖြစ်လျှင် ကမ္ဘာမြေတစ်ပြင်လုံး၌ ဧကရာဇ်မင်းဖြစ်ရသည်ထက် လည်းကောင်း၊ နတ်ပြည်ဗြဟ္မာပြည်သို့ ဖြစ်ရသည်ထက်လည်းကောင်း၊ တစ်လောကလုံးကို အစိုးရသည်ထက်လည်းကောင်း၊ သောတာပန်ဖြစ်ရခြင်းက မြတ်၏ဟူ၍ သောတာပန်ဂုဏ်ရည်များကို ကျမ်းဂန်အသီးသီး တို့၌ အမျိုးမျိုးဖွင့်ဆို ကြလေသည်။

ထို့ကြောင့်ဆရာတော်ကြီးသည် သောတာပန်ဖြစ်ရန်အခြေခံ အဓိကထား၍ ဟောကြားတော်မူခြင်း ဖြစ်သည်။

ဤသို့ဆိုလျှင် ပုဂ္ဂိုလ်တိုင်း၊ နိဗ္ဗာန်ရောက်ရန် ဧကန်စိတ်ချရသော သောတာပန်အဆင့်သို့ တက်လှမ်းနိုင်ရန် အမှန်ကြိုးစားသင့်ကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ခြေကျင်ခရီးချာန်ယာဥ်စီးလေသလော?

ဆရာတော်ကြီး ထူးထူးခြားခြား အံ့ဖွယ်ရာဖြစ်ရပ်ထွေလာ အကြောင်းအရာအချို့ကို စာရေးဆရာများက ဘာသာရေးမဂ္ဂဇင်းတို့တွင် ရေးသားဖွင့်ဟ တင်ပြကြခဲ့ဖူးပြီးဖြစ်ပါ၏။

ဤစာအုပ်တွင် ထပ်မံဖေါ်ပြခြင်းမပြုတော့ဘဲ စာရေးသူ ကိုယ်တိုင် လက်တွေ့ကျကျ လေ့လာစုံစမ်း သိမြင်တွေ့ရှိချက်တို့မှ ဗဟုသုတဖြစ်ဖွယ်၊ သင်ခန်းစာရယူဖွယ်ဖြစ်သော ပေါ်လွင်ထင်ရှားသော အကြောင်းအရာအချို့ကိုသာ ထည့်သွင်းရေးသား တင်ပြသွားပါမည်။

ကွမ်းတောရွာမှ ဦးစံဖေဆိုသူသည် ဆရာတော်ကြီး၏ ဝတ်ကြီးဝတ်ငယ်ကို ဆောင်ရွက်နေသော ကပ္ပိယကြီးဖြစ်၏။ ရဟန်းများ၏ ခမည်းတော်လည်းဖြစ်ပြီး ဥပုသ်သီလကိုလည်း အမြဲစောင့်လေ့ရှိသူဖြစ်၏။ ရိုးသားစွာ နေထိုင်၍ ဟုတ်မှန်သော စကားကိုသာ ပြောတတ်၏။

၁၃၅၅ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ်ကွယ်နေ့၌ ရွာကျောင်းတွင် ဥပုသ်စောင့်နေစဉ် ပခုက္ကူမြို့မှ ဘုရားဖူးအဖွဲ့ ကားကြီးတစ်စီးသည် ဗဂျီနယ်ဘက်မှ ပေါ်တော်မူဘုရား ဖူးပြီးအပြန် ဆရာတော်ကြီးကို ဖူးမြော်ရန် ရွာကျောင်းသို့ရောက်ရှိလာကြ၏။

ကျောင်းထိုင်ဘုန်းကြီး ဦးစာရိတ္တမှ တောကျောင်း၌ ကားလမ်းလည်း မပေါက်၊ ဆရာတော်ကြီးလည်း ပြန်ကြွချိန်နီးသည့်အလျောက် ကပ္ပိယကြီး ဦးစံဖေအား အဖူးမြော်ခံကြွတော်မူရန် အပင့်ခိုင်းလိုက်၏။



ဦးစံဖေသည် ဆရာတော်ကြီးကို အကြောင်းအကျိုးလျှောက်ထား ပင့်ဆောင်ကြွဆို၍ ဆရာတော်ကြီးနောက်မှ လိုက်ပါလာ၏။

ဆရာတော်ကြီးသည် ရှေ့မှ ဖြေးညင်းစွာ ကြွနေရာနောက်က ဦးစံဖေက အားမလိုအားမရဖြစ်ပြီး ဧည့်သည်များ စောင့်နေ၍ မြန်မြန်ကြွစေချင်နေ၏။ သို့သော် မလျှောက်ရဲပေ။

ဤသို့ဖြင့် ခရီးထက်ဝက်လောက် ရောက်သောအခါ ဆရာတော်ကြီးက ခြေနှစ်လှမ်းသုံးလှမ်း လှမ်းလိုက်သည်နှင့် ဘယ်လိုလုပ်ပြီး အဝေးကြီးရောက်သွားလိုက်မှန်းမသိ။ အတော်အဝေးသွားသည်ဟုဆို၏။

ဦးစံဖေသည် သူစိတ်ပြစ်မှားမိသည်ကို ဆရာတော်ကြီး သိနေပုံရတယ်ဟုထင်ကာ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် မီအောင်လိုက်သော်လည်း မမှီတမီ ဖြစ်ပြီး မောနေအောင် လိုက်ရသည်ဟုသိရပါသည်။

## ဒေါပကချင်း အလှူအယက်ငြင်း

"သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ ဟော်မြွက်လဝါဆို"

ဟူသော အကျဉ်းဆောင်ပုဒ်အရ ဝါဆိုလပြည့်နေ့သည် ဘုရားအလောင်း ပဋိသန္ဓေယူသောနေ့၊ ဘုရားဖြစ်ရန်တောထွက် တော်မူသောနေ့၊ ပဉ္စဝဂ္ဂီငါးဦးတို့အား တရားဦးဓမ္မစကြာဟော

www.burmeseclassic.com



သောနေ့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ် တစ်နေ့ဖြစ်သည်။

ကွမ်းတောရွာ တောင်ကျောင်း၌လည်း ဝါဆိုလပြည့်နေ့တွင် ရှစ်မျက်နှာဘုရား ဆွမ်းကြီးလောင်းလှူပူဇော်ပွဲ အမြဲကျင်းပလေ့ရှိ၏။

၁၃၅၅ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ဘုရားပွဲလည်းရှိ၊ ဝါဦးဥပုသ်နေ့လည်းဖြစ်၍ မြိုင်မြို့မှ ဆရာတော်ကြီးကို အလွန်ကြည်ညိုကိုးကွယ်ကြသော ဒေါ်ပြည့်၊ ဒေါ်ရှန်၊ ဒေါ်ပို ညီအစ်မတစ်စုနှင့် ခမ္မမိတ်ဆွေများသည် အရက်ဆွမ်းလာရောက် ဆက်ကပ်လှူဒါန်းကြ၏။

ဆရာတော်ကြီးသည် ထိုနေ့နံနက်ခင်းတွင် ဆွမ်းအလှူရှင်တို့အား သီလပေးတရားဟော၊ အကြည်ညိုခံပြီး ဆွမ်းကြီးလောင်းပွဲလည်း ရှိနေသေး၍ ရွာကျောင်း၌ သီတင်းသုံးနေတော်မူသည်ဟုဆို၏။

ထိုနေ့နံနက်ခင်းကလည်း ဒကာအချို့တောရကျောင်းသို့ သွားနှင့်၍ နေ့လယ်ဆရာတော်ကြီးလာဖူးသူများ နေထိုင်ရန် တဲအတ္တပ်ကလေးတစ်လုံး ဆောက်လုပ်နေကြ၏။

ထိုစဉ် ဆရာတော်ကြွလာပြီး တောရကျောင်းသို့ ဥပုသ်လာစောင့်သူများကို အကြည်ညိုခံစကားပြောနေ၏။



ယင်းအချိန်တွင် မကြီးကန်တောရကျောင်းနှင့် မနီးမဝေးင် အမြဲတမ်းနေထိုင် သနပ်ခါးခြံစောင့်နေသော ကိုဟန်ရှိန်သူသည်လည်း ဘုရားပွဲဆွမ်းကြီးလောင်းမီရန် အပြေးအလွှားဘကျောင်းဘေးနား အရောက်တွင် ဆရာတော် ရှိမရှိလှမ်းကြည့်လိုက်သည်။ ထိုအခါ ဆရာတော် ဧည့်ပရိသတ်များကိုက်ခံစကား ပြောနေသည်ကို သေချာမြင်ခဲ့ရ၍ ဆရာတော်မ်းကြီးလောင်း အလှူခံကြွဦးမှာပဲဟု စိတ်ထဲအောက်မေ့ကာန်အတိုင်း ရွာကျောင်းသို့လာခဲ့၏။

ရွာကျောင်းသို့ ကိုဟန်ရှိန်ရောက်သော အချိန်တွင် ဆွမ်းကြီးလောင်းပွဲလည်း စတင်လောင်းလှူနေကြပေပြီ။

ထိုဆွမ်းကြီးလောင်းပွဲ၌ ဆရာတော်ကြီးကိုယ်တိုင် ရှေ့ဆုံးကြွနေသည်ကို ကိုဟန်ရှိန် မြင်တွေ့နေရ၍ အထူးတအံ့တဩနေချေ၏။

*ဆွမ်းလောင်းပြီးသည်နှင့်ဆရာတော်ကြီးကို တောကျောင်း*င်တွေ့ခဲ့ရသည့်အကြောင်းကို မိတ်ဆွေများအား ပြောပြရာကြည်ကြ၍ ကြိမ်ဆိုသစ္စာပြုပြီး ပြောရသည်ဟုဆို၏။ မယုံကြခြင်းမှာ ဆရာတော်တောရကျောင်းသို့ ကြွတော်မမူဘဲကျောင်း၌ ရှိနေသောကြောင့်ဖြစ်၏။

ကိုဟန်ရှိန်ကလည်း သူ၏ပြောကြားချက်ကို ထပ်မံယုံဆရန် တောကျောင်း၌တွေ့ခဲ့မိသော ပုဂ္ဂိုလ်များကို သက်ပြရှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွာကျောင်းမှ ဂေါပကဒကာများသည် ကိုဟန်ရှိန်သ
သေ တင်ပြထားသော ဂေါပကဒကာများနှင့် တွေ့ဆုံသောအ
ကိုဟန်ရှိန် ပြောဆိုချက်ကို စုံစမ်းမေးမြန်းကြရာ သက်သေတ
ပြခံရသော ဒကာများက "ကိုဟန်ရှိန်ပြောသည့်အတိုင်းမှန်တယ်
ဆရာတော်ကြီးခဏကြွလာပြီး ဧည့်ခံစကားပြောပြီး ဆွမ်းကြ
လောင်းအလှူခံချေဦးမည်ဟု မိန့်ကြားကာ ပြန်ကြွသွားသည်
ဟုပြောပြကြ၏။

ရွာကျောင်းရှိ ဒကာများကလည်း တစ်နံနက်ခင်းလုံး
ဆွမ်းလောင်းသည်အထိ ဘယ်မှမကြွကြောင်း ငြင်းဆိုကြ
၏။

ဤသို့ ဂေါပကအချင်းချင်း ငြင်းခုံကြခြင်း အကြောင်း
အရာကို လေးငါးရက်အကြာတွင် ဆရာတော်သိရှိသွားသော
အခါ ၎င်းလဆုတ် (၆) ရက်နေ့ည တရားဟောရာတွင် ငြင်းခုံ
ခြင်းသည် ခိုက်ရန်ဖြစ်တတ်ကြောင်း၊ ငြင်းခုံမှုမပြုကြရန် ဆုံးမ
စကားမိန့်ကြားတော်မူပြီး " တို့ဟာ စူဠပန်မထေရ်လို ရဟန်း
တစ်ထောင်အထိ မဖန်ဆင်းနိုင်ပါဘူး" ဟူ၍ ထည့်သွင်း ဟော
ကြားလေသည်။

## ဆွမ်းလောင်းလိုက်ရသည့်ဒေါ်ခင်ဝင်း

မြိုင်မြို့နယ်၊ လက်ယက်မ (တိုက်နယ်) ရွာကြီးတွင်
သဒ္ဓါတရားကောင်းသော အသက်၅၀- ကျော် အရွယ်



ာမကြီး ဒေါ်ခင်ဝင်း၏ နေအိမ်သို့ အမှတ်မထင် တစ်နေ့တွင်
ွမ်းခံချိန်၌ အာဂန္တုမထေရ်ကြီးတစ်ပါး အိမ်ပေါက်တွင် ဆွမ်းခံ
လာသဖြင့် ဆွမ်းခူး၍ လောင်းလှူလိုက်ရ၏။

ဆွမ်းလောင်းပြီး ဖွန်းကိုပြန်ထားကာ ကြည်ညိုဖွယ်ရာ
တာနဲ့ ဘယ်ကကြွလာတဲ့ ကိုယ်တော်ပါလိမ့်ဟု သိချင်ဇော
အိမ်ပေါက်သို့ထွက်၍ ဟိုဟိုဒီဒီလှမ်းမျှော် ရှာဖွေသော်လည်း
တွေ့လိုက်ရတော့ ဟူ၏။

ဒေါ်ခင်ဝင်း ဆွမ်းလောင်းပြီးနောက် များမကြာမီ "ကွမ်း
ာရွာတွင် တောရဆောက်တည်နေတဲ့ ဆရာတော်ကြီးဦးပညာ
ရီ၏ သီလရနံ့သတင်းသည် ပန်းသတင်း လေညင်းဆောင်ဆို
လို တစ်ရွာမှတစ်ရွာ တစ်မြို့မှတစ်မြို့သို့ ကျော်ကြား ပျံ့နှံ့
ားသောအခါ ဒေါ်ခင်ဝင်းသည် သဒ္ဓါတရားရှိသူ ဖြစ်သည့်
လျောက် သွားရောက် ဖူးမြော်လိုသော ဆန္ဒပြင်းပြ သဖြင့်
ော်များနှင့်အတူ လိုက်ပါကာ လာရောက်ဖူးမြော် လေတော့
သည်။

ဆရာတော်ကြီး ထံမှောက်သို့ရောက်သောအခါ ပရိသတ်
ပိုင်းကနေ ဖူးမြော်ခွင့်ရလေ၏။

ထိုအခါ ဆရာတော်ကြီးအား အနီးကပ် ကြည်ညိုဖူးမြော်
က်သောအခါ နှလုံးဟဒယတွင် စွဲထင်လျက် မျက်စိပသာဒ
ခံတွင် ပျောက်ကွယ်၍ မသွားသေးသော မိမိအိမ်၌ဆွမ်းခံကြွ

www.burmeseclassic.com

www.burmeseclassic.com



လာဖူးသော ကိုယ်တော်ကြီးနှင့် တစ်တပ်တည်းတူနေ၍ ကော... ဒီကိုယ်တော်ပဲ ဟုရေရွတ်ကာ ပြန်လည်တွေ့ရှိရသောအခါ ဝမ်း... မြောက်ဝမ်းသာ ဖြစ်လွန်း၍ လှူဖွယ်ဝတ္ထုတင်မက ဝတ်ဆော... လာသော နားကပ်ကိုပါ အားရပါးရ ချွတ်လှူလေ၏။

ဆရာတော်ကြီးက နားကပ်ကို အလှူမခံလိုကြောင်း တာ... မြစ်သောအခါ ဒါနမြောက်ရန် မေတ္တာရပ်ခံ တောင်းပန်သဖြ... ကပ္ပိယကာရက ညွှန်း၍လှူလေ၏။ (ဤသို့လှူဒါန်းနေသော... ဓာတ်ပုံကိုလည်း ရိုက်ဆွဲ မှတ်တမ်းတင်ထားသည်ကို တွေ့ရ... သည်။)

ထို့ပြင် လက်ယက်မရွာမှ ဆရာတော်ကြီးအား လာ... ရောက်ဖူးမြော်စဉ် အချိန်ကဂေါပကအဖွဲ့ထံမှ ဝယ်ယူပူဇော်သွ... သော ဒကာတစ်ဦး၏နေအိမ်တွင် ဆရာတော့်ဓာတ်ပုံတော်... ကိုးကွယ်ထားသည်။ ၎င်းရွာ၌ အိမ်အချို့မီးဘေးသင့်ရာ ၎င်းအိ... မှာ မီးလောင်ခံရသော်လည်း ဆရာတော်ကြီး၏ ဓာတ်ပုံမှာ မီး... လောင်ကျွမ်းခြင်းမရှိဘဲ မီးလောင်ပြင်မှ ပြန်လည်ရရှိသည်။ ထို... အကြောင်းကို အိမ်ရှင်မိသားစုများက လက်ယက်မ စပါယ်... မြောက်ကျောင်း ဘုန်းကြီးပျံသို့ကြွလာသော ဘုန်းကြီး ဦးစာရိ... အား အိမ်သို့ လက်ဖက်ရည်ဘုဉ်းပေးပင့်ပြီး လျှောက်ထားသဖြ... ကောင်းစွာသိခဲ့ရ၏။ (သို့သော် အိမ်ရှင်နာမည်ကို မမေးခဲ့မိပ... ဆိုပါသည်။)



## ...ိတ်ဟန်မရှိကရုဏာအပြည့်

ဆရာတော်ကြီးအား လာရောက်ဖူးမြော်ကြသော ရဟန်း ...င်လူပရိသတ်ကြီးက တစ်ယောက်ပြီးတစ်ယောက် တစ်ဖွဲ့ပြီး ...တစ်ဖွဲ့ဆိုသလို မစဲဘဲရှိနေ၏။ မည်သည့်အချိန်မဆို ရောက်လာ ...သည့်ပုဂ္ဂိုလ်များအား အယုတ်အလတ်အမြတ်မရွေး သီလပေး ...ရား ဟော၏။

တန်ခိုးကြီးဆရာတော်ကြီးများကို ဖူးခဲ့၊ ရောက်ခဲ့ဖူးသော ...ဂ္ဂိုလ်အချို့က ဂေါပက ဒကာ ဒကာမများအား ဤသို့နည်းပေး ...မ်းပြ အကြံပြုကြ၏။

ဘယ်မြို့၊ ဘယ်ဒေသက ဘယ်ဆရာတော်ကြီးက ဘယ် ...င်ကြိမ်ပဲ အဖူးမြော်ခံတယ်။ အချိန်နည်းနည်းပဲ ဖူးခွင့်ရတာ၊ ...ယ်သူနဲ့မှလဲ အတွေ့မခံဘူး၊ အဲဒီလို လုပ်ဖို့ကောင်းတယ်။

အခုတော့ဗျာ ခင်ဗျားတို့ဆရာတော်ကြီးက တစ်နေကုန် ...ဖူးခံ၊ တစ်နေကုန်ဟောတယ်။ အသက်ကလဲ ကြီးပြီ၊ ပင်ပန်း ...ဘိနယ်။

ဤသို့စသည်ဖြင့် အချိန်ကလေးနဲ့ အပူဇော်ခံရန် အကြံ ...ပြုကြ၏။ တချို့ကလည်း အချိန်မရွေး အပူဇော်ခံ၊ နေတာ ...ကြာလာတော့ ခေတ်စကားနဲ့ ပြောပြရင် "ဟော့တာပေါ့" ဗျာ၊

ဤသို့ စသည် စသည်ဖြင့်လည်း အချိန်နဲ့ အဖူးခံဖို့ ...ဂေါပက ဒကာ ဒကာမများအား အကြံပေးတိုက်တွန်းသူများလ... ...သည်း တိုက်တွန်းကြပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



ဂေါပက ဒကာများကလည်း အေး . . . ဟုတ်တာပေါ့ အသက်လည်းကြီးပြီ၊ ကျန်းမာရေးလည်း ထိခိုက်နိုင်တယ် အကြံရ၊ သတိရပြီး အခွင့်အခါသင့်သည့်အချိန်မျိုးတွင် အချိ ဒကာများက အချိန်နှင့်အဖူးခံရန် လျှောက်ထားကြလေ၏။

ထိုအခါ ဆရာတော်ကြီးက အမိန့်ရှိသည်မှာ" ဟိတ်ဟန် ထုတ်တဲ့ အလုပ်မျိုးဆိုတာ လုံးဝမကောင်းဘူး။ တို့ရွာက လယ် ပန်းဆက်သွယ်ရေး ညံ့တယ်။ ကျေးလက်တောရွာလဲ ဖြစ်တယ် ပြန်လို့သွားလို့လဲ လွယ်ကူတဲ့အရပ်ဒေသ မဟုတ်ဘူး။ လူတွေ ဟာ "ဃရာဝါသော ဗဟုကိစ္စော" ဆိုသလို အလုပ်ကိစ္စများ တယ်။ ဖူးချင်လွန်းလို့သာ တကူးတက လာဖူးကြတာ။ အချိန် နဲ့အဖူးခံနေရင် ပြန်ချင်တဲ့အချိန် ပြန်ရမှာမဟုတ်ဘူး။ အချိန် မပြန်ရရင် အလုပ်ပျက်တယ်။ သူတို့တောင် အပင်ပန်းခံနိုင်သေး တာ။ တို့လဲဒီလောက်တော့ အပင်ပန်းခံရမှာပေါ့။ တို့က ပင်ပန်း တယ်လို့ သဘောမထားပါဘူး။ မင်းတို့လဲ ပင်ပန်းတယ်လို့ သဘောမထားနဲ့၊ လာတဲ့ပရိသတ်ကို မနက်အချိန်မနက်၊ ညနေ အချိန်ညနေ၊ ရှိတာနဲ့ကျွေးမွေးဧည့်ခံကြ။ စေတနာသန့်သန့် စားခန်း၊ သောက်ခန်းသန့်သန့်နဲ့ ဝေယျာဝစ္စ ကုသိုလ်ရယူကြ ဟူ၍ ဆုံးမတော်မူပါသည်။

ထို့ပြင် တပည့်ရဟန်း၊ သာမဏေများကိုလည်း "အာဂန္တု ကြွလာရင် အာဝါသိကဝတ္တရားနှင့်အညီ ကျေပြွန်အောင် ဆောင်



ရွက်ကြဖို့ ကြွလာသော အာဂန္တုသံဃာတော်များ စိတ်ဆင်းရဲ ငြိုငြင်မှု မဖြစ်စေဖို့ အထူးဂရုစိုက်ကြ"ဟု မိန့်ကြားထားပါသည်။

ဆရာတော်ကြီးအား အချိန်ပေး၍ အဖူးခံဖို့ရာ တစ်စုံတစ် ဦးမျှ လျှောက်၍လက်မခံပေ။

ဤသို့ဖြင့် အချိန်မရွေးပင် ပရိသတ်ဝေယျာဝစ္စ အဝဝကို ဦးရွှေနှင့်အဖွဲ့က ညအိပ်ညဉ့်နေ မပင်မပန်း ဝမ်းပန်းတသာ ပြုလုပ်ဆောင်ရွက် ချက်ပြုတ်ကြရာလေ၏။

ဆရာတော်သည် ယို့ယွင်းခင်က အင်မတန်အသန့်အပြန့် ကြိုက်၏။ ကပ်နေကြပစ္စည်းဖြင့်သာလျှင် သုံးဆောင်ဖွယ်ရာ အဟာရများကိုတစ်ပါးတည်းသာ ဘုဉ်းပေးတော်မူလေ့ရှိသည်။ သန့်ရှင်းမည်စိုး၍ သပိတ်ခွက်စသည်တို့ကို ကိုယ်တိုင်ဆေး ကြော၏။ ကျောင်းသား ကိုရင်များအား အဆေးမခိုင်းပေ။

ဘုန်းတန်ခိုးကျော်ကြားလာသော အချိန်၌ ထေရ်ကြီး ထေရ်ငယ်မဟူ အာဂန္တုနှင့် ဖြစ်စေ၊ ကျောင်းရှိ သံဃာများနှင့် ဖြစ်စေ အတူတကွအပ်ရာ၊ ကပ်ရာဖြင့်သာ ဘုဉ်းပေးလေ့ရှိ သည်။

မှန်ပေသည်။ ယခင်ကလိုသာခွဲ၍ ဘုဉ်းပေးလျှင် ဆရာ တော်ကြီး၏ ဆွမ်းဝိုင်း၌သာ အလျှံပယ် ပြည့်စုံနေပြီး ကျန် သံဃာများဝိုင်း၌ ချို့တဲ့ပေလိမ့်မည်။ ဤသည်ကိုရည်၍ သံဃာ ကိုင့်သောအားဖြင့် ဘုဉ်းပေးခြင်း ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ညှဉ့်ခံစကားပြောခြင်း၊ တရားဆွေးနွေးခြင်း ကိစ္စများ
လည်း အယုတ်အလတ်အမြတ်မရွေး လက်ခံဆက်ဆံတော်မူ
ဆရာတော်သည် မိမိ၏တပည့်ဒကာ ဒကာမများ
သူတစ်ပါးအထင်ကြီး ဟိတ်ဟန်ကြီးအောင် မပြောကြ မလုပ်
ဖို့ ဆုံးမတော်မူသကဲ့သို့ ကိုယ်တိုင်လည်း ဟိတ်ဟန်
ကရုဏာအပြည့်ထားတော်မူလေ၏။

**အစစ်အဆေးခံနိုင်သောဆရာတော်**

နာမည်ကြီးလာလျှင် မည်သူမဆို စိတ်ဝင်စားလာ၏။
ဖန်ခံရတတ်၏။ အကျင့်ကို သိရှိ၍လည်း ကြည်ညိုကြ
အရမ်းလည်း ကြည်ညိုကြ၏။ လေ့လာပြီးမှလည်း ကြည်
ကြ၏။ သဒ္ဓါတရား သက်သက်ဖြင့်လည်း ကြည်ညိုကြ
စီးပွားရေးတက်လိုသဖြင့်လည်း ကြည်ညိုကြ၏။

မည်သို့ပင် ကြည်ညိုသည်ဖြစ်စေ ဆရာတော်ကြီးအ
ဖြင့်မူ ရိုးသားစွာ အကြည်ညိုခံတော်မူ၏။ ကြည်ညိုဖွယ်ရာ ဥ
သမ္ပတ္တိနှင့်လည်း ပြည့်စုံတော်မူ၏။

ကြည်ညိုကြသူတို့တွင် တစ်ချို့ကလည်း အကြော
အကျိုးကို ရိုးရိုးသိလို၍သာ မေးကြ၏။ တစ်ချို့ကလည်း အ
ခတ် လေ့လာစမ်းသပ်၏။ တစ်ချို့ကလည်း အမိဋ္ဌာန်ပြုကြ
ကြ၏။

ဆရာတော်ကြီးကား ဘယ်လိုပင်မေးမေး၊ ဘယ်လို



စမ်းသပ် စမ်းသပ်၊ ဘယ်လိုပင် အမိဋ္ဌာန် အမိဋ္ဌာန်၊ မေးမြန်း စမ်းသပ်၊ အမိဋ္ဌာန် အစစ်ဆေးခံနိုင်သော ဆရာတော်ဖြစ်ပါသည်။

ရဟန္တာဟူ၍ကား လုံးလုံးဝန်မခံ၊ အရိပ်အယောင်မျှလည်း မိန့်ကြားတော် မမူ။

ရဟန္တာဖြစ်နေစေကာမူ ရဟန္တာပါဟူ၍ မပြောကြားရန်လည်း ဘုရားရှင်က ပိတ်ပင်တားမြစ်ချက် ထုတ်ထား၏။

ရဟန္တာဖြစ်သောပုဂ္ဂိုလ်က မိမိရဟန္တာပါဟု ဝန်ခံ ပြောဆိုလိုက်သည်ရှိသော် ထိုရဟန္တာကိုသာလျှင် လူဒကာ ဒကာမများက ကြည်ညိုကြ၍ သာမာန်ပုထုဇဉ် ရဟန်းများအား ပစ္စည်းလေးပါး ခေါင်းပါးသွားမည်ဖြစ်ပေသည်။ ဤသည်ကို ရည်၍ ပညတ်ချက် ထုတ်ခဲ့ခြင်းဖြစ်၏။

ဘုန်းကြီးလိုသော အလိုဆိုးဖြင့် ရဟန္တာမဟုတ်ဘဲ ရဟန္တာယောင်ဆောင်သော ပုဂ္ဂိုလ်အား ပါရာဇိကအာပတ်ဖြင့် ပညတ်ထားတော်မူသည်။ ထိုပညတ်ကို ဖောက်ဖျက်ကျူးလွန်ခဲ့သော် သာသနာတော်မှ ဆုံးရှုံးခြင်းသို့ရောက်၍ ရဟန်းကောင်းတို့နှင့် အတူတကွ ကံကြီးကံငယ်ပြုခြင်း ပေါင်းဖော်ခြင်းနေထိုင်ခြင်းငှာ မထိုက်တော့ပေ။

တစ်ခါသော် ဆရာတော်ကြီးအား ဖူးမြော်နေကြသော ပရိသတ်ထဲမှ ကျောင်းသားအရွယ် ကလေးသူငယ်လေးတစ်ဦးက

www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ရပ်၍ . . .

"ဆရာတော်ဘုရား၊ ရဟန်းကိစ္စ ပြီးပါပြီလား ဘုရား"

ဟူ၍ လျှောက်ထားသတတ်။

ထိုအခါ ဆရာတော်မှ ချက်ချင်းဖြေကြားလိုက်သည်မှာ

"ရဟန်းကိစ္စပြီး မပြီးသိလိုက မင့်ဆရာက အမေးခိုင်းတယ် ဆိုရင် မင့်ဆရာကို ကိုယ်တိုင်လေ့လာဝေဖန်ပါလို့၊ မင့်အဖေက အမေးခိုင်းတယ်ဆိုရင်လဲ မင်းအဖေကို ကိုယ်တိုင်လေ့လာဝေဖန်ပါလို့ပြောလိုက်ပါ" ဟူ၍ မိန့်ကြားတော်မူ၏။

မှန်ပေသည်။ ဤသို့ရဲရဲတောက် လေ့လာဝေဖန်စေလိုက်ခြင်းသည်၊ "သီလံ သံဝါသေန သဒ္ဓိ" အတူတကွပေါင်းဖော်ခြင်းဖြင့် သီလရှိမရှိကို သိစေလို၍ ရဲဝံ့စွာဝေဖန်စေလိုက်ခြင်းဖြစ်၏။

လာချည်သေး၏၊ တစ်ချို့ကလည်း ဒါလေးမန်းပေးပါ၊ ဒါလေးအဓိဋ္ဌာန်တင်ပေးပါ စသည်ဖြင့် လျှောက်ထားကြပြန်သတတ်။

ထိုအခါ ဆရာတော်ကြီးက "တို့က ဦးဖွဲ ဘုန်းကြီး မဟုတ်ဘူး" ဟူ၍ မိန့်ကြားလိုက်၏။

တစ်ချို့လည်း ရဟန္တာဆိုလျှင် ဈာန်ရလိမ့်မည် အထင်ဖြင့် ဈာန်ကြွ မကြွ အကဲခတ်ဟန်ရှိကြပြန်သည်။

အမှန်မှာ ရဟန္တာတိုင်းလည်း ဈာန်မရပါ၊ ဈာန်ရသော ရဟန္တာနှင့် ဈာန်မရသော ရဟန္တာဟူ၍ နှစ်မျိုးရှိပါသည်။ ဈာန်ရသော ရဟန္တာမှ ဈာန်ကြွနိုင်၍ ဈာန်မရသော ရဟန္တာမှာ ဈာန်ဖြင့်မကြွနိုင်ပါ။



ရဟန္တာဟူ၍လည်း တန်ခိုးပြတော်မမူရပါ။ တန်ခိုးပြခြင်းမျိုးကိုလည်း ဘုရားရှင်က နှစ်သက်တော်မမူခဲ့ပါ။

ဈာန်တန်ခိုးဆိုသည်မှာ ရဟန္တာဖြစ်မှသာ ရသည်မဟုတ်ပါ။ တစ်ချို့ရဟန္တာမဖြစ်သေးသော သေက္ခပုဂ္ဂိုလ်များလည်း ဈာန်ရကြပါသည်။

တစ်ချို့ မိမိစီးပွားရေးအတွက် အဓိဋ္ဌာန်ချက် ပြုကြပြန်၏။ အဓိဋ္ဌာန်မအောင်မြင်က အကြည်ညိုမသန် ဖြစ်ပြန်တတ်၏။

ဤကဲ့သို့ ပုဂ္ဂိုလ်မျိုးတို့အတွက် စဉ်းစားချက်ထုတ်ဖို့လို၏။ မိမိစီးပွားရေးအတွက် အဓိဋ္ဌာန်ချက်သည် လောဘနှင့် စပ်ယှက်နေလျှင် ထိုလောဘသည် အကုသိုလ်ဖြစ်ပေ၏၊ အကုသိုလ်ဟူသည် ကောင်းကျိုးကို ပေးနိုင်စွမ်းမရှိကြောင်း သိရှိစဉ်းစားဖို့ကောင်းသည်။

ရဟန္တာထင်မှတ်နေ၍ ကိုးကွယ်ရာ၌ ရဟန္တာမဖြစ်သေးစေကာမူ ရဟန္တာဟူသောအမှတ်ဖြင့် လှူလိုက်ခြင်းကြောင့် ရဟန္တာကို လှူလိုက်သကဲ့သို့ပင် အကျိုးရှိ၏။

ပုထုဇဉ်ပုဂ္ဂိုလ်ကို လှူရသောဒါန၏ အကျိုးတရားထက် ရဟန္တာပုဂ္ဂိုလ်ကို လှူရသောဒါန၏အကျိုးတရားကား အဆများ

www.burmeseclassic.com

www.burmeseclassic.com



စွာ သာလွန်ကြောင်း ဒက္ခိဏဝိဘင်္ဂသုတ်၌ ဟောကြားတော်မူသည်။

အလှူခံပုဂ္ဂိုလ်အနေဖြင့် ရဟန္တာဟုထင်မှတ်၍ လှူအပ်သောပစ္စည်းကို ရဟန္တာဖြစ်အောင်ကြိုးစားမည် ဟူသောရည်ရွယ်ချက်ဖြင့် တရားအားထုတ်လျက် အလှူခံသုံးဆောင်လျှင် အပြစ်မရှိကြောင်း ဝိနည်း ကျမ်းဂန်များ၌ ပြဆိုထားပါသည်။

တစ်ချို့ကလည်း ဆရာတော်အားထုတ်သော တရားကို ကျင့်လိုကြ၊ သိလိုကြသဖြင့် "အဘယ်ဆရာတော့်နည်းဖြင့် အားထုတ်ပါသနည်းဘုရား" ဟုလျှောက်ထားမေးမြန်းကြ၏။

စိတ်ရှည်ဝမ်းသာ ကျင့်စေလိုသော စေတနာဖြင့် ပခုက္ကူအရှေ့တိုက် ဆရာတော်ဘုရားကြီး၏ဓာတ် (၆) ပါး ကမ္မဋ္ဌာန်းနည်းလမ်းကို အားထုတ်ကြောင်း အချိန်ရ အလျှဉ်းသင့်သလို ရှင်းပြတော်မူ၏။

**(ဆရာတော်ကြီးစီးဖြန်းသော ဓာတ် (၆) ပါး ကမ္မဋ္ဌာန်းနည်းလမ်း ကျင့်စဉ်ကို လေ့လာဖွားများလိုပါမူ ပခုက္ကူအရှေ့တိုက်နာယက ဆရာတော်များအဖွဲ့မှ ထပ်မံပုံနှိပ်ထားပါသည်)**

## "ပုံတော်ညည်မှန်း ဂုဏ်တော်လွှမ်း"

နာမည်ကျော်တန်ခိုးကြီး ဆရာတော်တို့ကို သွားရောက်ဖူးမြော်ကြသူတိုင်း အပြန်အပြန်တွင် ပုံတော်တို့ကို ကြည်ညိုစွာ ပူဇော်လာကြ၏။

မိမိတို့အိမ်ဂေဟာ ဘုရားခန်းတစ်နေရာ၌သော်လည်း



ကောင်း၊ မိမိတို့၏ မော်တော်ယာဉ်၊ ရေယာဉ်ရှေ့ဦးခန်းတစ်နေရာ၌သော်လည်းကောင်း၊ အမြတ်တနိုး ပူဇော်ထားလေ့ရှိကြ၏။

ပုံတော်တို့ကို တချို့ပုဂ္ဂိုလ်များကလည်း အိမ်တွင်ချိတ်ဆွဲပြီး မေ့မေ့လျော့လျော့ထားတတ်၏။ တချို့ပုဂ္ဂိုလ်များကလည်း ကြည်ညိုစွာ သဒ္ဓါတရားဖြင့် မြတ်စွာဘုရားအား ဆွမ်းရေချမ်းကပ်သည့်နည်းတူ ကပ်လှူပူဇော်လေ့ရှိကြ၏။

ကွမ်းတောဆရာတော်ကြီး၏ ပုံတော်အား လေးလေးစားစား အိမ်တွင်ကပ်လှူပူဇော်ထားသူတို့တွင် ပခုက္ကူမြို့၊ ပဒေသာစာအုပ်ဆိုင်မိသားစုလည်း အပါအဝင်ဖြစ်ပေ၏။

ပဒေသာစာအုပ်ဆိုင်ဆိုလျှင် စာအုပ်စုံလင်သဖြင့် ပခုက္ကူမြို့ရှိ ပိုင်တွင် မသိသူမရှိလောက်ပင် ထင်ရှားပါသည်။

ထိုဆိုင်မိသားစုသည် ဆရာတော်ကြီးကို ဖူးမြော်ကြည်ညိုပြီးအပြန် ပုံတော်ကို ဝယ်ယူပူဇော်ခဲ့၍ အိမ်ဂေဟာ ဘုရားစင်တွင် ကြည်ညိုစွာ ကိုးကွယ်ထား၏။

နေ့စဉ် နေ့စဉ် ဘုရားရှင်အား ဆွမ်း ရေချမ်း ကပ်သကဲ့သို့ ဆရာတော်ကြီး၏ပုံတော်ကိုလည်း ဂုဏ်တော်ရည်မှန်းကာ ဆွမ်း ရေချမ်း ကပ်လှူလေ့ရှိ၏။

ဤသို့ဖြင့် နေ့စဉ်မပျက် ကိုးကွယ်လျက်ရှိစဉ် ၁၃၅၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂/၁၃/၁၄ ရက်နေ့တို့တွင် ပုံတော်၏ အောက်၌ရှိသော သောက်တော်ရေဖလားမှ ရေပူဖောင်းကလေးများထွက်ပြီး အောက်သို့လျှံကျနေသဖြင့် ဘေးပတ်ဝန်းကျင်များမှ လာ

www.burmeseclassic.com



ရောက် ကြည့်ကြသူတွေ တော်တော်များများ ဖူးတွေ့ကြရသည်ဟူ၏။

ၔင်းရက်တွင် ဆရာတော်ကြီး၏ကျောင်းမှ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးမောင်ရွှေနှင့် ဦးကျော်ဌေးတို့လည်း ဓမ္မစကြာနှင့် ပရိတ်ကြီးစာအုပ်များဝယ်ရန်အတွက် ထိုဆိုင်သို့ရောက်ရှိသွားရာ ဆိုင်ပိုင်ရှင်အမျိုးသမီးမှ ဝမ်းသာလှိုက်လှဲစွာ ပုံတော်ရှိရာသို့ ခေါ်ပြသဖြင့် ပုံတော်ရှေ့ရှိ ရေဖလားမှ ရေပွက်များထပြီး လျှံကျနေသည်ကို လက်တွေ့ဖူးမြင်ခဲ့ကြရသေး၏။

ဝါခေါင်လဆန်း(၁၄)ရက်နေ့တွင် ပဒေသာဆိုင်ရှင်မိသားစုတို့သည် အားရဝမ်းသာစွာ ဆရာတော်ကြီးထံ တစ်ခေါက်ပြန်လာကြ၍ အကြောင်းအကျိုးစုံလင်စွာ လျှောက်ပြသောအခါ တခြားလာရောက်ကြသော ဧည့်ပရိသတ်များပါ ကြားသိကြည်ညိုကြရလေသည်။

ယင်းဖြစ်ရပ်နှင့် မကြာမီတစ်ဆက်တည်းပင် မြိုင်မြို့နယ် ညောင်တွင်းရွာနေ ဦးညိုထွားဆိုသူသည် ဆရာတော်ကြီးကို လာဖူးပြီးအပြန်တွင် ပုံတော်ကို ဝယ်ယူပူဇော်ခဲ့၍ အိမ်ဦးဘုရားခန်းတွင် ကိုးကွယ်ထား၏။

ကိုးကွယ်ပူဇော်သောနေ့၏ညဥ့်ပင် ဦးညိုထွားအိပ်မောကျနေစဉ် အိမ်ဦးဘုရားခန်းမှ အလင်းရောင်များ ဝင်းလက်ဖြာထွက်



လျက်ဖြစ်နေသည်ကို အိမ်နီးနားချင်းများက မြင်တွေ့လိုက်ကြရသည်ဟူ၏။

နောက်တစ်နေ့နံနက် မိုးလင်းသောအခါ ဦးညိုထွားအား အိမ်နီးနားချင်းများက အကြောင်းအကျိုးမေးကြ ပြောပြကြ၏။ ဦးညိုထွားသည် စဉ်းစား၍ တခြားဖြစ်နိုင်ဖွယ်ရာအကြောင်းမရှိ၍ ဓာတ်ပုံတော်က ဖြစ်လိမ့်မည်ဟု ဆရာတော်ကြီး၏ ပုံတော်ကို ပြန်လည်ကြည့်ရှုလိုက်သောအခါ ပုံတော်ထည့်ထားသော ပလတ်စတစ်အိတ်အတွင်းမှ ပုံတော်ရှေ့၌ ပဲနောက်စေ့ခန့်ရှိ ရွှေရောင်အလုံးကလေးတစ်လုံး ထူးဆန်းစွာတွေ့ရ၏။

ဦးညိုထွားသည်လည်း ကြောက်ရွံ့ထိတ်လန့် အားရဝမ်းသာစွာ ပုံတော်ကိုပါယူ၍ ဆရာတော်ကြီးထံ နောက်တစ်နေ့တစ်ခေါက်ပြန်လာကာ လျှောက်ထားပြသဖြင့် ဂေါပကအဖွဲ့နှင့် ဆရာတော်ဖူးရန် ရောက်ရှိနေကြသော သူများပါ ထူးခြားအံ့သြစွာ ဖူးမြင်လိုက်ကြရပါသည်။

## ပုံမပေါ်၊ အသံတော်မထွက်

ဆရာတော်ကြီး၏ တောရဆောက်တည်ကျင့်သုံးပုံ တစ်နေ့တာ သာသနာပြုလုပ်ငန်းအရပ်ရပ်ကို နောင်လာနောက်သားများ ကြည့်ရှုကြည်ညိုနိုင်ရန်နှင့် အတုယူအားထုတ်ကျင့်ကြံမှုပြုနိုင်ရန်တို့ကို ရည်ညွှန်းလျက် ဗွီဒီယိုတိပ်ခွေဖြင့် တဝခော်

www.burmeseclassic.com

www.burmeseclassic.com



ကွန်းမှတ်တမ်းတင်ထားရန်အတွက် ဘုန်းကြီးဦးစာရိတ္တနှင့် ဂေါပက ဒကာတို့၏ အကြံပြုတိုက်တွန်းမှုဖြင့် ဆရာတော်ကြီး၏ ဂုဏ်ထူးဝိသေသ ပွင့်ပေါ်စနစ်ဖြစ်သော ၁၃၅၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့တွင် ဦးပဥ္စင်းအရှင်သေဋ္ဌသိရီ(မောင်အောင်မျိုး) ဦးဆောင်စီစဉ်ညွှန်ကြားကြီးကြပ်၍ ပခုက္ကူမြို့၊ ရွှေမြင့်မိုရ်ဗွီဒီယိုရိုက်ကူးရေးအဖွဲ့သည် တောရကျောင်းသို့သွား၍ ဆရာတော်ကြီးထံ ခွင့်ပန်ခြင်းမပြုဘဲ ဆရာတော်ကြီး၏ တစ်နေ့တာဆောင်ရွက်ပုံတို့ကို ဗွီဒီယိုတိပ်ခွေဖြင့် မှတ်တမ်းပြုကြလေ၏။

သို့သော်လည်း ရုပ်ပုံများက လုံးလုံးမှုမပေါ်။

စက်ကလည်းအသစ်၊ လမ်းတွင် အစမ်းရိုက်စဉ်ကလည်း ပေါ်ပေါ်လွင်လွင်ဖြစ်၏။

ခွင့်မတောင်းဘဲ မှတ်တမ်းပြုနေကြခြင်းကို သူတို့တတွေ သတိမမူမိကြချေ။

စက်အသစ်ဖြစ်ပါလျက် ချွတ်ယွင်းချက်ဖြစ်ရမလားဟူ၍သာ စိတ်လည်းပျက် ရှက်လည်းရှက်နေကြတော့၏။

သို့ဖြင့် စက်အဖွဲ့သည် လဆုတ်(၈)ရက်နေ့ကို ရက်ချိန်းပြန်လည်ပေးခဲ့၍ ပြန်သွားကြ၏။

ပခုက္ကူသို့ ပြန်ရောက်ကြသောအခါ စက်ကိုစစ်ဆေးကြည့်ကြ၏။ တစ်စုံတစ်ရာချွတ်ယွင်းချက်မရှိ ပကတိအကောင်း ဟိုဟိုဒီဒီ စမ်းရိုက်ကြည့်ပြန်တော့လည်း ကြည်ကြည်လင်လင် အရုပ်ပေါ်လွင်နေသည်ဟု ဆို၏။



ဤသို့ဖြင့် ရက်ချိန်းစေ့သောနေ့တွင် အပိုတစ်လုံးကိုပါ ယူဆောင်လာခဲ့ကြ၏။

ဤတစ်ကြိမ်တွင် အရှင်သေဋ္ဌသိရီနှင့် ရိုက်ကူးရေးအဖွဲ့သည် ရိုက်ကွက်ရိုက်ချက်တို့ကို စိတ်ကူးယဉ်ပန်းချီဆွဲထားကြပြီးဖြစ်၏။ မိမိဖြစ်ချင်သော ရိုက်ကွင်းဖြင့် ပီပီပြင်ပြင် မော်ကွန်းတင်ကြမည်ဖြစ်၏။

ထို့ကြောင့် ကြိုတင်ခွင့်ပန်ရန် အကြောင်းဖန်လာတော့၏။ လိုအပ်ချက်ကို ပြည့်စုံနိုင်ရန် ကြိုတင်လျှောက်ထားခွင့်ပန်ကြားရလေတော့၏။

ထိုအခါ ဆရာတော်ကြီးက ကြည်ကြည်ဖြူဖြူ မော်ကွန်းတင်ခွင့်ပြုတော်မူ၏။

ခွင့်ပြုချက်ရရှိထားသော အရှင်သေဋ္ဌသိရီနှင့် ရွှေမြင့်မိုရ်အဖွဲ့သားများသည် မှတ်တမ်းတင်စရာမှန်သမျှ လုံးဝမကျန်ရအောင် အပိုစက်ကိုမသုံးရဘဲ နဂိုစက်တစ်လုံးဖြင့် ချောချောမောမော အောင်အောင်မြင်မြင် ကြည်လင်ပြတ်သားသော ရုပ်ပုံလွှာများကို ဘဝမော်ကွန်းတင်နိုင်ကြပေတော့၏။

ထို့ပြင် ရန်ကုန်၊ ပုဇွန်တောင်မြို့နယ်၊ မြသိန်းတန်ကျောင်းတိုက်၊ တိုက်အုပ်စာချဘုန်းကြီး ဦးကုန္ဒက(မဟာစရိယပါဠိပါရဂူ) ဟော သဒ္ဓမ္မဇောတိက အရှင်မြတ်သည် ပြောရုံဖြင့်မယုံ ကိုယ်တွေ့ကြုံမှ ယုံတတ်သူဖြစ်၏။ မျိုးချစ်စိတ်ဓာတ်ပြင်းပြ

www.burmeseclassic.com

ခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေး စိတ်ဓာတ်ထက်သန်ခြင်း၊ လေ့လာ စူးစမ်း ဝေဖန်ပိုင်းခြားတတ်ခြင်း တို့သည်ကား ထိုအရှင်၏ သဏ္ဍာန်တွင် အမြဲနိုးကြား တက်ကြွလေ့ရှိသော ဝါသနာဓာ ဖြစ်၏။

ရေစကြိုမြို့နယ်၊ ကြက်ဆူကျင်းတိုက်နယ် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းရပ်တို့ကို စီစဉ်ညွှန်ကြားဦးဆောင်ကြ မတ်ပြန်လည်စစ်ဆေးရေးကိစ္စရပ်များကို ဆောင်ရွက်ရန်ရောက် ရှိနေစဉ် ကွမ်းတောဆရာတော်ကြီးထံသို့ ဦးတိုက်ဖူးမြော်ရောက် ရှိတော်မူ၏။

ဦးဣန္ဒကနှင့်အတူ အရာရှိအရာခံများနှင့် ရေစကြိုမြို့နယ် မှ တာဝန်ရှိပုဂ္ဂိုလ်များပါ လိုက်ပါလာကြ၏။

ဆရာတော်ကြီး၏ ထံတော်ရှေ့မှောက် စက်စုံအောက်သ ရောက်သောအခါ ကျန်းမာပါကြောင်း စသည်ဖြင့် မေးမြ လျှောက်ထားကြည်ညိုနေစဉ် ထိုအခိုက် မည်သည့်ရနံ့ဟူ၍ ခွဲ ဖြတ်၍မရသော မည်သည့်ရနံ့နှင့်မှမတူသော ရနံ့လေး သင်းပျံ့ကြိုင်လှိုင် တိုက်ခတ်နေသည်ဟုဆို၏။

ရန်ကုန်မြို့ကြီးတွင် နေ့စဉ်ကြုံဆုံနေရသော ရနံ့မျိုးစုံ ဖြင့် မှော်မှန်း၍ တိုက်ဆိုင်စဉ်းစားကြည့်သော်လည်း မသိဘဲဖြ နေ၏။



ကာယဂန္ဓောပိပါမောဇ္ဇံ၊ သီလဝန္တဿ ဘိက္ခုနော။
ကရောတိ အပိ ဒေဝါနံ၊ သီလဂန္ဓေ ကထာဝကာ။

သီလရှိသော ရဟန်း၏ ခန္ဓာကိုယ်အနံ့ကသော်မှလည်း၊ ာက်တန်းစားနတ်များ၏ ဝမ်းမြောက်မှုကိုပင် ပြုနိုင်သေး၏။ လရနံ့၏နတ်များအတွက် နှစ်သက်မှုပြုခြင်း၌ကား ပြောစရာ ိုတော့ပေ။ (ဝိသုဒ္ဓိမဂ်၊ သီလနိဒ္ဒေသ)

ထိုအခါ အသင့်ပါလာသော အရောင်လက်လက် သင်္ကန်း ကောင်းစားတစ်စုံကို ကပ်လှူတော်မူလိုက်၏။

ဆရာတော်ကြီးသည်လည်း အလှူရှင်ရဟန်း၏ ရှေ့၌ပင် င်္ကန်းကိုဖြည်၍ ဝတ်ရုံတော်မူလိုက်၏။ ဦးဣန္ဒကသည် ဝမ်း ာကျေနပ်ကြည်ညိုလှသောကြောင့် အသင့်ပါလာသော ကင် ာဖြင့် ခွင့်တောင်း၍ ဓာတ်ပုံရိုက်ယူတော်မူခဲ့၏။ ဦးဣန္ဒက ်အတူပါလာသော ရန်ကုန်မှ ကြေးမုံသတင်းစာတိုက် အကြီး း သတင်းထောက်ဦးသန့်ဇင်ထွန်းဆိုသူက ခွင့်ပြုချက်မယူ ဘဲ ဓာတ်ပုံရိုက်ယူခဲ့၏။

ရန်ကုန်သို့ ပြန်ရောက်ကြသောအခါ အသီးသီး ဖလင် းကြ၏။ ထိုအခါ ဦးဣန္ဒကရိုက်လာသော် ဖလင်မှပုံတော် ားသည် ရှင်းလင်းစွာ ထွက်ပေါ်၍ ဦးဣန္ဒက ကင်မရာထက် ားစွာကောင်းသော သတင်းထောက်၏ ဖလင်မှပုံတော်များ ည် လုံးဝထွက်ပေါ်လာခြင်းမရှိပေ။

www.burmeseclassic.com




ခွင့်မတောင်းသော သတင်းထောက်၏ ကင်မရာမှ
တော်မထွက်သကဲ့သို့ ဤနည်းအတူ ခွင့်မတောင်းဘဲ အမှ
တမဲ့ရိုက်သော ကင်မရာများတွင်လည်း ပုံတော်မပေါ်ခြင်းမျိုး
မကြာမကြာ ကြုံတွေ့ကြားသိရပါသည်။

ထို့ပြင် ဘုန်းကြီးဦးဣန္ဒကသည် ဒေသဖွံ့ဖြိုးတိုးတ
ရေးအတွက် ကြီးကြပ်ဆောင်ရွက်တူးဖော်ထားသော သရက်
ဆည်ကြီးအား ရေမပြည့်မှာစိုး၍ မိုးလေဝသကောင်းမွန်စေ
ကွမ်းတောဆရာတော်ကြီးအား အထူးပင့်၍ ကြက်ဆူကျင်းတို
နယ်ရှိ ဆရာတော်များနှင့်တကွ ငါးရုံမင်းပရိတ်ရွတ်ခြင်း စသေ
ကိစ္စများကို စီစဉ်ဆောင်ရွက်၏။

ပရိတ်ရွတ်ချီးမြှင့်ခြင်းကိစ္စများပြီး၍ ဆရာတော်ကြီးပြ
ကြွခါ နီးဆဲဆဲတွင် မိုးများအုံ့ဆိုင်းလာ၍ မကြာမီရွာသွန်းတေ
သည်ဟု သိရ၏။

ထိုနှစ်တွင် ကြက်ဆူကျင်းရွာ၌ အခြားရွာများနှင့် မ
တမူထူးပြီး မိုးလေဝသကောင်းမွန်ကာ ကောက်ပဲသီးနှံအထွ
တိုးကြောင်း စသည်ဖြင့် ရန်ကုန်ရောက်ခိုက် ဦးဣန္ဒကနှင့် ဆ
ရှိရသဖြင့် ထူးခြားဖွယ်ရာအကြောင်းစုံလင်စွာကို ပြောပြသေ
ကြောင့် ဝမ်းသာကြည်ညိုဖွယ်ရာ ဂုဏ်အဖြာဖြာကို မှတ်တ
တင်ရပါတော့သည်။




ကြက်ဆူကျင်းသရက်ပင်ဆည် ရေမိုးပြည့်စုံစေရန်
ဆရာတော်ကြီးပရိတ်ရွတ်ချီးမြှင့်ကြွတော်မူစဉ်

www.burmeseclassic.com

www.burmeseclassic.com

## ဆရာတော်ကြီး၏ လက်ရေးစာ





ကင်မရာဖလင်မှ ပုံတော်မထွက်သလို အသံဖမ်းစက်မှ အသံတော်မထွက်ခြင်းကိုလည်း အံ့ဩဖွယ်ရာ ကြည်ညိုရပြန်ပါသည်။

မုံရွာမြို့၊ ရတနာပုံရပ်၊ အေးကမ္ဘာဆေးကုခန်းပိုင်ရှင် ဒေါက်တာဇော်ဝင်းသန့်သည် ဆရာတော်ကြီးကို လေ့လာစူးစမ်းခြင်း၊အဓိဋ္ဌာန်ပြုကြည့်ခြင်း စသည်ဖြင့် စမ်းသပ်ကြည်ညိုဆည်းကပ်ရာ နှစ်နှစ်ခန့် ကြာကြောင်းနှင့် ထိုကာလအတွင်း လေ့လာအကဲခတ် စမ်းသပ်ရာမှ ကြည်ညိုထူးခြားဖွယ်တို့ကို စာရေးသူနှင့် ခေတ္တကြုံခိုက် လျှောက်ကြားလိုက်သော်လည်း ဤအခန်းနှင့် ဆက်စပ်ရာမျှကိုသာ တင်ပြပါအံ့။

ဒေါက်တာဇော်ဝင်းသန့်သည် အနီးကပ်ဆုံး လေ့လာခွင့်ရနိုင်ရန် ဒုလ္လဘဝတ်ခွင့်ကို ရအောင်ကြိုးစားခဲ့၏။ ဒုလ္လဘရဟန်းဝတ်ခွင့်ရပြီးနောက် အနီးကပ်ဝတ်ကြီးဝတ်ငယ်ပြုစုခွင့်ရအောင် ချဉ်းကပ်ခဲ့၏။

ဒုလ္လဘရဟန်းဘဝဖြင့် ညအခါ ဆရာတော်ကြီးထံ ချဉ်းကပ်၍ တရားဆွေးနွေး၏ မေးမြန်းလျှောက်ထား၏။ တရားဆွေးနွေးဝတ်ပြုပေးရင်း အသံဖမ်းစက် အသေးလေးကို ကိုယ်တွင် မသိမသာထည့်ထားပြီး အသံဖမ်းခလုတ်ကိုနှိပ်၍ တရားဆွေးနွေးလိုက်၊ လောကီဘက်လှည့်ကာ နိုင်ငံရေးစကားဘက်သို့ မြှူဆွယ်ပြောဆိုကြည့်လိုက်၊ တရားဆက်လက်ဆွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖြင့် ဝတ်ဖြည့်ပေးနေ၏။ တိပ်ခွေနှစ်ဘက်ဆုံး၍ ဝတ်ဖြည့်ပြီး မိမိနေရာပြန်ရောက်သောအခါ ကက်ဆက်ဖွင့်၍ နားထောင်ကြည့်သောအခါ တရားဆွေးနွေးခန်းအသံများကိုသာ ထွက်ပေါ်၍ နိုင်ငံရေးနှင့်စပ်သော စကားအသံများ လုံးဝထွက်ပေါ်ခြင်း မရှိကြောင်း အံ့သြစွာလျှောက်ပြပါသည်။

ထို့ပြင် ခွင့်မတောင်းဘဲ ရိုက်ခဲ့မိသော ဓာတ်ပုံအချို့လည်း ရုပ်ပုံတော် မပေါ်လွင်ကြောင်း အသေးစိပ် ရှင်းပြပါသည်။ ကြည်ညိုဖွယ်ရာကောင်းလေစွ။

ထိုမှတဖြာ အောက်အိုရွာတွင် ပညာသင်ခဲ့စဉ်က ပစ္စည်းလေးပါး တာဝန်ယူလှူဒါန်းခဲ့သော မယ်တော်ကြီးဒေါ်ငွေးသည် အသက်(၉၀)ကျော်နေပြီဖြစ်၍ ကိုယ်တိုင်လာရောက် ဖူးမြော်ခြင်းငှာ မစွမ်းသောကြောင့် အင်မတန်ဖူးမြော်လိုပါ၍ မြေးမြစ်များ၏ ရှင်ပြုအလှူသို့ ကိုယ်တိုင်အကြည်ညိုခံကြွရောက်ချီးမြှင့်ပါရန် စေလွှတ်လျှောက်ထားလေ၏။

ဆရာတော်ကြီးသည် အရှင်သာရိပုတ္တရာမထေရ်ကြီး၏ ဆုံးကိုနှလုံးမူ၍ ကတညုတ ကတဝေဒီ အနေဖြင့် အလှူရက် အကြို့တွင် အကြည်ညိုခံ ကြွရောက်ချီးမြှောက်လေ၏။

မယ်တော်ကြီးဒေါ်ငွေးအား ဓမ္မာနုဂ္ဂဟဖြင့် ကျေးဇူးဆပ် တရားဟောကြားစဉ် သားဖြစ်သူ အလှူဒကာက ဝမ်းသာစွာ သေချာ ကက်ဆက်ဖြင့် အသံဖမ်းယူထားလိုက်၏။



တရားချီးမြှင့်ပြီး၍ ဆရာတော်ကြီးပြန်ကြွခါနီးတွင် ကက်ဆက်ဖွင့်ကြည့်ရာ လုံးဝအသံမထွက်သဖြင့် ကက်ဆက်ပျက်သောကြောင့်ဟု မှတ်ထင်နေကြ၏။

အလှူနေ့တွင် မပြုမပြင်ရသေးသော ၎င်းကက်ဆက်ဖြင့်ပင် မုံရွာ၊ ဓမ္မကထိက ဆရာတော်၏တရားတော်ကို ဖမ်းကြည့်ရာ ကောင်းမွန်စွာ အသံထွက်ကြောင်းသိရ၏။

ဤအခါတွင်မှ အလှူရှင်များက ဝေဖန်စဉ်းစားကြရာ ကက်ဆက်ကောင်းလျက် အသံမထွက်ခြင်းသည် ခွင့်မတောင်းဘဲ ဖမ်း၍သာဖြစ်ပေမည်ဟူ၍ ဆုံးဖြတ်ချက် ချမှတ်ကြလေသည်။

## “သားသတ်လွှတ် ဘုဉ်းပေး မပေး”

ရပ်နီးရပ်ဝေးမှ လာရောက်ဖူးမြော်ကြသော ရဟန်းရှင်လူတို့တွင် တချို့က နာမည်ကြီးဆရာတော်ကြီးများကို ဖူးမြော်ခဲ့ကြပြီးသူများလည်းပါ၏။

ဤဆရာတော်ကြီးသည်လည်း သားသတ်လွှတ်သာ ဘုဉ်းပေးလိမ့်မည်ဟု ထင်သူများက ထင်ကြ၏။ မေးမြန်းသူများက မေးမြန်းကြ၏။ သားသတ်လွှတ် မစားမှန်းသိသောအခါ အကြည်ညိုပေါ့သူကလည်း ပေါ့သွား၏။

www.burmeseclassic.com

www.burmeseclassic.com



တချို့က သားသတ်လွတ် ဘုဉ်းပေးသည်အထင်ဖြင့် တကူးတကချက်လာကာ ဆွမ်းဘုဉ်းပေးချိန်တွင် ဒါက သားသတ်လွတ်ဟင်းပါဘုရားဟူ၍ ဆက်ကပ်၏။

ဆရာတော်ကြီးက အေး အေး ဟူ၍ မိန့်ကာ အကပ်ခံလိုက်၏။

အသားဟင်းချက် လာသူတချို့ကလည်း ဒါ ဘာသားဟင်းပါဘုရားဟူ၍ လျှောက်ထားဆက်ကပ်၏။

ဆရာတော်ကြီးက အေး အေး ဟူ၍ မိန့်ကာ အကပ်ခံလိုက်၏။

ဆွမ်းဘုဉ်းပေးသောအခါ သူ့ဟင်းခွက်နှိုက်လေမလား၊ ငါ့ဟင်းခွက်နှိုက်လေမလား အကဲခတ်ကြည့်ကြတော့မှ ဟိုဟင်းတစ်ဇွန်း ဒီဟင်းတစ်ဇွန်းစသည်ဖြင့် နှံ့စပ်အောင် လျှောက်လူးခပ် ဘုဉ်းပေးနေသည်ကို တွေ့မြင်ကြရသောအခါ သားသတ်လွတ် မဘုဉ်းပေးမှန်း သိကြ၏။

သားသတ်လွတ်ချက်လာသူ အလှူရှင်အချို့က "သားသတ်လွတ် မဘုဉ်းပေးဘူးလား ဘုရား" ဟု လျှောက်ကြ၏။

ထိုအခါ ဆရာတော်ကြီးက "ကြုံသလို ဘုဉ်းပေးလိုက်တာပဲ" ဟု ဖြေကြားလေ့ရှိ၏။

ဤသို့ လျှောက်ထားမေးမြန်းသူတို့တွင် တစ်ပါးအပါအဝင်ဖြစ်သော ရန်ကုန် မြသိန်းတန်ဦးဣန္ဒက အရှင်မှ ထိုဖြေ



ကြားချက်လေးကို သဘောကျလွန်း၍ ဆက်စပ်မှုကြုံတိုင်း လက်သုံးစကားတစ်ခုအဖြစ် ပြောဆိုလေ့ရှိ၏။

ဤသားသတ်လွတ်ကိစ္စရပ်ကား အဓိကစုံစမ်းမေးမြန်းခံရသော ပုစ္ဆာတစ်ရပ်ဖြစ်နေပါသည်။

ဤကိစ္စနှင့်စပ်လျဉ်း၍ တတ်စွမ်းသမျှ အကျဉ်းချုပ်ထည့်သွင်းတင်ပြပါအံ့။

အဓိကအားဖြင့် ဘုရားခွင့်ပြု/တားမြစ်ချက်ရှိ မရှိ ကြည့်ရမည်ဖြစ်၏။ အပြစ်ရှိမှု (ဝါ) အကျိုးယုတ်လျော့မှု တားမြစ်တော်မူလေ့ရှိ၏။

မြတ်စွာဘုရားသည် ဝိနည်းပါဠိတော်၌ အသားကြီး(၁၀) မျိုးကို မဘုဉ်းပေးရန် ပညတ်ချက်ထားတော်မူခဲ့၏။

ယင်းအသားကြီး(၁၀)မျိုးမှာ . . .

*"လူ၊ ခွေး၊ မြင်း၊ ဆင်၊ သစ်၊ ကျား၊ ခြင်္သေ့၊*
*ဝံလျှင်၊ အောင်း၊ မြွေမျိုး။*
*ရိုး၊ ရေ၊ သား၊ သွေး၊ အမွေး၊ တို့ပါ*
*မသုံးရာ (၁၀) ဖြာအသားမျိုး"*

ဟူသောအကျဉ်းဆောင်ပုဒ်အရ၊ လူ သား၊ ခွေးသား၊ ဆင်သား၊ ကျားသစ်သား၊ ကျားသား၊ ခြင်္သေ့ သား၊ ဝံသား၊ အောင်းသား၊ မြွေသား ဟူ၍ အသား(၁၀)မျိုးဖြစ် သည်။ ထိုတွင် လူသားမှာ ဇာတ်တူသားဖြစ်၍ ဆင်သား၊ မြင်းသား တို့မှာ မင်း၏

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါ အသုံးအဆောင်ဖြစ်၍ မင်းဘေး(ကင်းရန်ဖြစ်၏) ကျားသစ်သား(သစ်ကျုတ်)၊ ကျားသား၊ ခြင်္သေ့သား၊ ဝံသား၊ အောင်းသား တို့မှာ ခက်ထန် ကြမ်းကြုတ်သဖြင့် တောနေရဟန်းတို့အား ထိုအသားကို စားမိပါက အနံ့ရလျှင် လိုက်၍ ကိုက်တတ်သော သတ္တဝါမျိုးဖြစ်သည်။ ခွေးသား၊ မြွေသားတို့မှာ စက်ဆုပ်ရွံရှာဖွယ်ရာ အသားဖြစ်၍၊ မစားရန်ပညတ်ခဲ့၏။

အသားကို မစားရသလို ၎င်းသတ္တဝါတို့၏ အရိုး၊ အရေ၊ အသား၊ အသွေးတို့ကိုပါ မသုံးဆောင်ရပါ။

ထို့ပြင် "မြင်၊ ကြား၊ ရည်ညွှန်းသား ဤ(၃)ပါး မစားအပ်သည်သာ" ဟူသည်နှင့်အညီ သတ်နေသည်ကိုမြင်သော အသား၊ သတ်သံကြားရသောအသား၊ မိမိအတွက်သာ ရည်ညွှန်း၍ သတ်အပ်သည်ကိုသိသောအသား။ ဤ(၃)မျိုးကို မစားရန် မိန့်မှာထား၏။

မြတ်စွာဘုရားရှင် ဝေသာလီပြည် ကူဋာဂါရသာလာကျောင်း၌ သီတင်းသုံးတော်မူစဉ် သီဟစစ်သူကြီးသည် မိစ္ဆာဒိဋ္ဌိအယူရှိရာမှ စွန့်လွှတ်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကာ ဘုရားရှင်နှင့်တကွ သံဃာတော်တို့အား ပင့်ဖိတ်ပြီး အသားဟင်းပါသော ဆွမ်းကို လှူဒါန်းဆက်ကပ်၏။

မကျေမနပ်ဖြစ်လျက်ရှိနေကြသော တိတ္ထိဆရာကြီးများသည် ဘုရားကို စွပ်စွဲကဲ့ရဲ့မည်ဟု ရည်ရွယ်၍ "ရဟန်းဂေါတမသည်သိလျက် ကိုယ့်အတွက်ရည်ရွယ်ပြီး သတ်အပ်သောအသားကို စားတယ်" ဟု ကဲ့ရဲ့ပြောဆိုကြလေသည်။



ရဟန်းများ ထိုအကြောင်းကို တရားသဘင်တွင် ပြောဆိုနေကြစဉ် ဘုရားကြွလာ၍ "ရဟန်းတို့၊ နိဂဏ္ဌနာဋပုတ္တသည် ယခုမှသာ ငါ့ကိုရည်ရွယ်တဲ့အသားကို စားသည်ဟု ကဲ့ရဲ့ပြောဆိုသည်မဟုတ် ရှေးတုန်းကလည်း ဤသို့စွပ်စွဲကဲ့ရဲ့ဖူး၏။" ဟု အတိတ်ကိုဆောင်ကာ အောက်ပါဂါထာကို ဟောကြားတော်မူပါသည်။

ပုတ္တဒါရမ္ပိ စေ ဟန္တွာ၊ ဒေတိ ဒါနံ အသညတော။
ဘုဉ္ဇမာနောပိ သပ္ပညော၊ န ပါပေန ဥပလိမ္ပတိ။

ကိုယ်စိတ်နှလုံးကို မစောင့်စီးသော ဒုဿီလသည် သားမယားကိုသော်လည်းသတ်၍ အလှူပေးစေကာမူ ခန္တီမေတ္တာစသောဂုဏ်တို့နှင့်ပြည့်စုံသော ပညာရှိပုဂ္ဂိုလ်သည် ထိုဆွမ်းကို စားသော်လည်း မကောင်းမှုဖြင့် မလိမ်းကျံပေ။

(ဇာတက၊ ဒုက)

ထိုမှတပါး ရှင်တော်ဘုရား၏ လက်ထက်တော်အခါ အရှင်ဒေဝဒတ်သည် ဈာန်အဘိညာဉ်တန်ခိုးနှင့် ပြည့်စုံသူဖြစ်သည့်အလျောက် ဆရာတစ်ဆူလုပ်လိုသောဆန္ဒရှိ၏။

တစ်နေ့တွင် မြတ်စွာဘုရားအား အောက်ပါတောင်းဆိုချက် ဝတ္ထု(၅)မျိုးကို တောင်းဆို၏။

www.burmeseclassic.com

www.burmeseclassic.com



၁။ ရဟန်းအားလုံး အသက်ထက်ဆုံး တောကျောင်း၌နေကြရန်၊ ရွာနီးကျောင်း၌နေက အပစ်ရောက်စေရန်။

၂။ ရဟန်းအားလုံး အသက်ထက်ဆုံး ဆွမ်းခံစားကြရန်၊ ပင့်ဖိတ်လှူဒါန်းသော ဆွမ်းကိုလက်ခံစားသောက်သော ရဟန်း အပစ်ရောက်စေရန်။

၃။ ရဟန်းအားလုံး အသက်ထက်ဆုံး ပံ့သုကူသင်္ကန်းကိုသာ ဝတ်ရုံကြရန်၊ ဒါယကာတို့လှူသော သင်္ကန်းကို ဝတ်ရုံသောရဟန်း အပစ်ရောက်စေရန်။

၄။ ရဟန်းအားလုံး အသက်ထက်ဆုံး သစ်ပင်ရင်း၌သာ နေကြရန်၊ အမိုးရှိသော ကျောင်းသို့ ချဉ်းကပ်သော ရဟန်း အပစ်ရောက်စေရန်။

၅။ ရဟန်းအားလုံး အသက်ထက်ဆုံး သားသတ်လွတ်သာ စားကြရန်၊ ငါးအမဲစားသောရဟန်း အပစ်ရောက်စေရန် ဟူသောဤအချက်ကြီး(၅)မျိုးကို တောင်းဆို၏။

ဤတွင် နံပါတ်(၅)အချက်အား မြင်ခြင်း၊ ကြားခြင်း၊ ရွံ့ရှားယုံမှားခြင်း၊ ဤအစွန်း(၃)ပါးမှ ကင်းလွတ်စင်ကြယ်သည့် **ငါးအမဲကို** စားသုံးရန် ဘုရားခွင့်ပြုအပ်ပြီးဖြစ်သည်။ ဒေဝဒတ်က သင်းခွဲလို၍ တောင်းဆိုခြင်းကိုလည်း ဘုရားက သိတော်မူ၏။



ဤတောင်းဆိုချက်များကို ခွင့်ပြုလိုက်လျှင် များစွာသော အမျိုးကောင်းသားတို့အဖို့ရာ မဂ်ဖိုလ် အန္တရာယ်ဖြစ်လေရာသောကြောင့် မသင့်ဟု တားမြစ်တော်မူ၏။

အလိုရှိသော ရဟန်းအားလုံးသည် တောကျောင်း၌ဖြစ်စေ၊ ရွာကျောင်း၌ဖြစ်စေနေရန်။ ဆွမ်းခံ၍ဖြစ်စေ၊ ပင့်ဖိတ်၍ဖြစ်စေ ဘုဉ်းပေးရန်။ ပံ့သုကူသင်္ကန်းကိုဖြစ်စေ ဒကာလှူသော သင်္ကန်းကိုဖြစ်စေ ဝတ်ရုံရန်။ သစ်ပင်ရင်း၌ဖြစ်စေ၊ အမိုးရှိသောကျောင်း၌ဖြစ်စေ သီတင်းသုံးရန်။ သားသတ်လွတ်ဖြစ်စေ၊ အမဲငါးဖြင့် ဖြစ်စေ ကြိုက်သလို ဘုဉ်းပေးသုံးဆောင်ရန် ခွင့်ပြုခဲ့သည်။

ပညာရှင်များကလည်း သားသတ်လွတ်စားခြင်းဖြင့် ကုသိုလ် မဖြစ်ကြောင်း မိန့်ဆိုကြလေသည်။

*သုတ္တနိပါတ် ဗြဟ္မဏဓမ္မိကသုတ်၌ကား၊*
*အမျက်ထွက်ခြင်း၊ မာန်ယစ်ခြင်း၊ ခက်ထန်ခြင်း၊*
*ဆန့်ကျင်ဘက်ပြုလုပ်ခြင်း၊ လှည့်ပတ်ခြင်း၊*
*ငြူစူခြင်း၊ ဝါကြွားပလွှားပြောဆိုခြင်း၊*
*အလွန်မာန်မူခြင်း၊ သူယုတ်မာတို့နှင့် ပေါင်းသင်းဆက်ဆံခြင်း။*

ဟူသောတရားများသည် အညှီအဟောက်တည်း။ အသား ဟူသော ဘောဇဉ်သည် အညှီအဟောက်မဟုတ်ဟု ဟောတော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသုတ်၌ပင် တစ်ဆက်တည်းပြဆိုထားသည်မှာ-

ရှေးအခါက လူများသည် လိုချင်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်း၊ အိုမင်းခြင်းဟူသော အနာရောဂါ (၃)မျိုးတို့သာဖြစ်ကုန်၏။ ယခုမူကား နွားတို့ကိုသတ်ဖြတ် ညှဉ်းဆဲနှိပ်စက်ခြင်းကြောင့် အနာမျိုး ၉၆ ပါးတို့ ဖြစ်ပေါ်လာကုန်၏ဟု . . .

တယော ရောဂါ ပုရေ အာသုံ၊
ဣစ္ဆာ အနသနံ ဇရာ၊
ပသူနဉ္စ သမာရမ္ဘာ။
အဋ္ဌာနဝုတိ မာဂမုံ ဟူ၍ ဟောထားပါသည်။

ဤသည်ကိုရည်ရွယ်၍ လယ်တီဆရာတော်ဘုရားကြီးက အမဲသား မစားရေးအတွက် အထူးတလည် ဟောကြားဆုံးမတော်မူပါသည်။

အထက်ပါဂါထာဒေသနာကို ဥပစာနည်းအားဖြင့် ယူကြည့်လျှင် သားသတ်လွတ်စားခြင်းသည် အနာရောဂါကင်း၍ အသက်ရှည်ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်သည်ဟု ယူဆနိုင်ပါသည်။

လက်တွေ့အားဖြင့် တာဝန်ပေါ့ခြင်း၊ ကုန်ကျမှုစရိတ်သက်သာခြင်း အကျိုးများကို ရနိုင်ပါသည်။

ကွမ်းတော်ဆရာတော်ကြီးအား ရင်းနှီးသော ပုဂ္ဂိုလ်တချို့က ဆရာတော် သက်သတ်လွတ်ချည်းဘုဉ်းပေးပါလားဘုရားလျှောက်ထားသောအခါ . . .



"တို့သာ သက်သတ်လွတ် ဘုဉ်းပေးလိုက်ရင် ကျန်ဦးဥင်း ကိုရင်တွေပါ မဘုဉ်းပေးချင်ဘဲနဲ့ ဘုဉ်းပေးနေရလိမ့်မယ်" ဟုမိန့်ဆို၏။

အမိကအားဖြင့် သားသတ်လွတ်သည်ဖြစ်စေ၊ မလွတ်သည်ဖြစ်စေ စားအပ်သော အာဟာရကို ရသတဏှာဖြင့် မတပ်မက်မူ၍ ဗြဟ္မစိုရ်တရားဆင်ခြင်ပွားများစားရန်သာဖြစ်ပါသည်။

## အမိဋ္ဌာန်နှင့်စစ်

ပခုက္ကူမြို့မှ ကွမ်းတောရွာ အလယ်တန်းကျောင်းသို့ သာရေးတာဝန်ဖြင့် လာရောက်ထမ်းဆောင်နေရသော ဆရာမလေး မသန်းသန်းဌေးသည် ကျောင်းပိတ်ရက်တစ်နေ့တွင် အဖော်များနှင့်အတူ တောရကျောင်းသို့ သွားရောက်ဖူးမြော်ကြ၏။

ကျော်ကြားခါစဖြစ်၍ လူအများလည်း စည်ကားစွာ ဖူးမြော်ကြည်ညိုနေကြ၏။ မသန်းဌေးတို့အဖွဲ့လည်း ပရိသတ်အစွန်တစ်နေရာမှ ဝင်ရောက်ဖူးမြော်ကြည်ညိုနေကြ၏။

ထိုစဉ် လိပ်ပြာငယ်လေးတစ်ကောင်သည် သူမ၏လက်မောင်းတွင် လာရောက်နားနေ၏။ နားခိုကာ အတောင်နှစ်ဘက်တို့ဖြင့် လှုပ်ခတ်နေသော လိပ်ပြာငယ်လေးဆီသို့ တစ်လှည့်အာရုံစိုက်၍ ဤသို့ အမိဋ္ဌာန်ပြုလိုက်သည်ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ဤဆရာတော်ဘုရားကြီး သီလဖြူစင်ပါက ဤလိပ်ပြာ လေးသည် ဆရာတော်ကြီးထံပါး သွားရောက်နားပါစေသား ဟု အဓိဋ္ဌာန်ပြုလိုက်၏။

အဓိဋ္ဌာန်ပြုပြီးသည်နှင့်တစ်ပြိုင်နက် လိပ်ပြာလေးသည် ပျံသွား၍ ဆရာတော်ကြီးထံပါးတွင် ရှိခိုးသောအလားသို့ ခိုနား နေသည်ကို တွေ့မြင်ရ၍ အံ့သြဝမ်းသာကာ အပြန်တွင် အ ပါအဖော်များကို ပြောပြပါသည်။

မုံရွာ၊ အေးကမ္ဘာဆေးတိုက်ပိုင်ရှင် ဒေါက်တာဇော်ဝ သန့်သည်လည်း ဆရာတော်ကြီး ဦးပညာသီရိအား အဓိဋ္ဌာန်ပြု စစ်၍ ကိုးကွယ်သည်ဟုဆို၏။

ဒေါက်တာဇော်ဝင်းသန့်သည် (၈-၁-၉၆)ရက်နေ့တွင် ဆရာတော်ကြီးအား စတင်သွားရောက်ဖူးမြော်ရန် အစီအစဉ် ပြုလုပ်ပြီး နေအိမ်ဘုရားစင်ရှေ့တွင် ဤသို့အဓိဋ္ဌာန်သည်ဆို၏။

ယနေ့သွားရောက်ဖူးမည့် ကွမ်းတောဆရာတော်ကြီး သီလဖြူစင်ပါက ရှောရှောရှုရှု ဖူးခွင့်ရပါစေသား၊ ဆရာတော် ကြီး၏ ကျန်းမာရေးကိုလည်း ကုသခွင့်ရပါစေသား၊ ဆံတော် လွယ်လင့်တကူ ပင့်ယူပူဇော်ခွင့်ရပါစေသား ဟု အဓိဋ္ဌာန်ပြု တောင်းသွား၏။



အဓိဋ္ဌာန်ပြုသည့်အတိုင်းပင် ထိုနေ့တွင် ရှောရှောရှုရှု ဖူး တွေ့ရပြီး၊ ကျန်းမာရေးချို့တဲ့ခိုက်ဖြစ်နေသော ဆရာတော်ကြီး ၏ ရောဂါဟူသမျှကိုလည်း ကုသခွင့်ရ၍ နောက်နေ့တွင် သက် သာ ကျန်းမာသွား၏။ ဆံတော်ကိုလည်း ပူဇော်ခွင့် ရသဖြင့် င်မတန်ဝမ်းသာစွာဖြစ်ပြီး၊ ပြန်ခါနီးတွင် တောကျောင်းမှ မန် ကျည်းခေါက်နှင့် မန်ကျည်းမှိုတို့ကိုခွာခဲ့၍ ဆရာတော်ထံ ပါး တွင် ဤသို့ အဓိဋ္ဌာန်ပြုပြန်၏။

တရားအားထုတ်ရာ တောရကျောင်းမှ ဤဆေးခေါက် များဖြင့် ဝေဒနာရှင်များအား ကယ်တင်ကုစားနိုင်သော သာသ နာပြု ဆရာဝန် ဖြစ်ရပါစေသား အရှင်ဘုရားဟူ၍ အဓိဋ္ဌာန် ပြုသည်။

အဓိဋ္ဌာန်ပြုသော မန်ကျည်းခေါက် မန်ကျည်းမှိုတို့ကို သက်န်းစနှင့်ပတ်၍ ဆေးခန်းတွင် အဆောင်အဖြစ်ချိတ်ဆွဲကုသ ပြုရာ၊ အပေါ်ယံရောဂါမှန်သမျှ အမြန်ပျောက်ကင်းပြီး တစ်ခါ တရံ အခက်အခဲနှင့်ကြုံတွေ့ရသော လူမမာမျိုးကို မန်ကျည်း ခေါက်ကို ဆရာတော်ကြီး၏ မေတ္တာရေစင်နှင့်သွေးတိုက်၍ ကုသပေးလိုက်သောအခါ အသည်းအသန်လူနာများပင် ထူး ခြားစွာ ပျောက်ကင်းသွားကြောင်းနှင့်၊ ကုလျှင် မပျောက်မည့် ဝေဒနာရှင်များနှင့် သေမည့် ဝေဒနာရှင်များကိုပါ ကြုံကြုံဖန်ဖန် သာတိုင်း လွဲလွဲသွားသည်မှာ လက်တွေ့ဖြစ်၍ ထူးထူးခြားခြား အံ့သြခြင်းများစွာ ဖြစ်ရပါသည်ဟု လျှောက်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သာသနာပြု ဆရာဝန်ဖြစ်ရန် ဆုတောင်းမှုပြုခဲ့သည့်အ တိုင်း ယခုအခါ သိမ်ကျောင်းဆောက်၍ လှူဒါန်းနိုင်ခြင်း၊ ရှေး ဟောင်းဘုရားများကို ပြုပြင်မွမ်းမံတည်ထားနိုင်ခြင်း၊ "ရှ ရတနာ" တရားရိပ်သာစခန်းအသစ် ဖွင့်လှစ်တည်ထောင်နိ ခြင်း စသော သာသနာပြုကိစ္စများကို အောင်မြင်စွာဆောင်ရွ နိုင်သည်ဟု ဆို၏။

ဆောင်ရွက်တိုင်းလည်း ဆရာတော်ကြီး၏ မေတ္တာ ဦးစွာ နေ့စဉ်ခံယူဆောင်ရွက်ပါသည်။

ထို့ကြောင့်လည်း ချောမောလျင်မြန်စွာ အောင်မြင်ခြ ဖြစ်သည်ဟု ယုံကြည်ကြောင်း လျှောက်ကြားပြပါသည်။

ဖော်ပြပါ ဆရာဝန် ဆရာမများသာမက လောက၌ "အ ဋ္ဌာန်" ဆိုသောစကားက ရေပန်းစားလျက်ရှိနေပါသည်။ "အ ဋ္ဌာန်" ဟူသောစကား၏ အရှင်းဆုံးသောအဓိပ္ပါယ်မှာ . . .

အာရုံတစ်ခုခုကို မှန်းဆရေးရှု၍ ဖြစ်စေလိုခြင်းသဘော သည် အဓိဋ္ဌာန်ဖြစ်ပါသည်။

မန်ကျည်းခေါက်အစွမ်းထက်ခြင်းနှင့်ပတ်သက်၍ ရော **အမျိုးမျိုး**ပျောက်ကင်းကြောင်း ရောဂါဝေဒနာရှင်တို့၏ လက် တွေ့ပျောက်ကင်းမှုရသောအကြောင်း အတ္ထုပ္ပတ္တိများ များလွန်း နေ၍ ထင်ရှားသော လေ့လာလွယ်ကူသော နေရာဌာနရှိ ပုဂ္ဂိုလ် နှစ်ဦးတို့၏ အကြောင်းအရာမျှသာ တင်ပြအပ်သည်ကို ခွင့်လွှတ် ပါရန်။



ရန်ကုန်မြို့၊ သံလွင်လမ်း၊ ဝင်းနားအင်း(တည်းခိုခန်း) တွင် တာဝန်ထမ်းဆောင်နေသော မောင်ဝင်းနိုင်(အဘဦးသန်း ) သည် ဆရာတော်ကြီးထံမှောက် အဖူးမြော်ရောက်ခဲ့စဉ်က ဆရာတော်ကြီး၏ သင်္ကန်းစလေးဖြင့်ပတ်ထားသော မန်ကျည်း သားအဆောင်လေးကို ကပ္ပိယကြီးတစ်ဦး၏ အစီအစဉ်ဖြင့်ရရှိ ခဲ့သောကြောင့် အမြဲတမ်းဆောင်ထားသည်ဆို၏။

မောင်ဝင်းနိုင်သည် မကြာမကြာ ဇက်ကြောတက်တတ် သူဖြစ်၏။ တစ်နေ့တွင် ဇက်ကြောတက်လွန်းသဖြင့် နေမထိ ထိုင်မသာဖြစ်၍၊ ကံ့ရာမရဖြင့် မန်ကျည်းသား အဆောင်လေး ကို ဇက်ကြောအောက်မှာထားပြီး အိပ်လိုက်ရာ မကြာမီအိပ်ပျော် သွား၍ အိပ်ရာမှနိုးသောအခါ ရောဂါပျောက်ကင်းပြီး စိတ်ရှင်း သွားလေ၏။ ထိုအချိန်မှစ၍ ယခုအချိန်ထိ ဇက်ကြောတက်ရော ဂါဝေဒနာ တစ်ခါမျှ မပေါ်တော့ဘဲ လုံးလုံးရှင်းရှင်း ပျောက်ကင်း သွားကြောင်း တွေ့ဆုံစဉ် လျှောက်ကြားပြ၍ သိရှိရပါသည်။

မှန်ကန်သော တရားကို လေးနက်စွာရှိထားပါမူကား-

သစ္စာလေးနက်၊ ပေါ်ဆီတက်က၊

နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏သို့။

**သူတစ်ပါးစိတ်အကြံ၊ ကောန်သိ**

၁၃၅၈ ခုနှစ်၊ နတ်တော်လဆန်းတွင် စာရေးသူအပါအဝင် ကျောင်းထိုင်ဘုန်းကြီး(၇)ပါးနှင့် ဒကာ၊ ဒကာမ(၂၀)ကျော်တို့ သည် ကားလေးတစ်စီး ကားလတ်တစ်စီးဖြင့် ဆရာတော်ကြီး ထံ ဖူးမြော်ရန် ရောက်ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူတို့အဖွဲ့မှ ဝေါမြို့၊ မြို့ဦးကျောင်းတိုက်ဆရာ[illegible] တော် ဦးအာလောက သည် ပရိသတ်စဲခိုက်ဖြစ်သောအချိန်တွင် [illegible] ဆရာတော်ကြီးထံ ချဉ်းကပ်၍ ဖူးမြော်ကြည်ညိုကာ ဤသို့ လျှောက်ထားပါသည်။

ဦးအာလောက ။ ။ ဆရာတော်ဘုရား တပည့်တော်အမြဲတမ်း အမှတ်တရ ကြည်ညိုကိုးကွယ်ထားရန် ပစ္စည်းတစ်ခု ခွင့်ပါဘုရား။

ဆရာတော် ။ ။ ဦးပဥ္စင်း ကြိုက်တာကြည့်၊ လိုအပ်တာ [illegible] အလှူခံ၊ ဘာမှအားမနာနဲ့။

ဆရာတော်ကြီးက အနီးအနားမှာရှိသော အဖိုးတန်ပစ္စည်း[illegible] ဟူသမျှကို လက်ညှိုးညွှန်ပြ၍ အလှူခံရန် မိန့်ကြားတော်မူ၏[illegible] သို့သော်လည်း ဦးအာလောကသည် ဆရာတော်ကြီး ခြုံထား[illegible] သော အခန်းစိပ်စိပ် စီ၊ ဝိုင်၊ စီ နှစ်ထပ်သင်္ကန်းကြီးကိုသဘော[illegible] လိုချင်နေ၏။ စိတ်ထဲက လိုချင်နေသော်လည်း နှစ်ထပ်သင်္ကန်း[illegible] ကြီးကို ခွင့်ပါဘုရားဟူ၍ မလျှောက်ကြားမူ၍ လက်အုပ်ချီပြီး[illegible]

ဦးအာလောက ။ ။ ဆရာတော်ဘုရား အနှစ်သက်ဆုံးပစ္စည်း[illegible] တစ်ခုကိုသာ ခွင့်ပါဘုရား။

ဆရာတော် ။ ။ ရော့ ဟောဒီ နှစ်ထပ်သင်္ကန်းကြီးကို [illegible] အလှူခံပါ။

ဤသို့ ဦးအာလောက သဏ္ဌာန်၌ နှစ်ထပ်သင်္ကန်းလိုချင်[illegible] နေသော စိတ်ဆန္ဒကိုသိလေသလားဟူ၍ မသိ၊ ဆရာတော်ကြီး[illegible]



[illegible]သည် ခြုံထားသော နှစ်ထပ်သင်္ကန်းကြီးကို ကိုယ်မှခွာ၍ ခွင့် [illegible]လိုက်လေသည်။

စာရေးသူတို့၏ အဖွဲ့ဝင်တစ်ပါးဖြစ်သော၊ ဝေါမြို့၊ မြသာ [illegible]ကျောင်းဘုန်းကြီး ဦးပညာသီဟသည် ဆရာတော်ကြီးထံပါး၌ [illegible]တော်တွားပူဇော်နေကြစဉ် . . .

ဦးပညာသီဟ ။ ။ ဆရာတော် ဘာတရားတွေ ရှုပါသလဲ ဘုရား။

ဆရာတော် ။ ။ ပညတ်ကိုခွာ၍ ပရမတ်ကို ရှုပါတယ်။

ဤသို့ပင် ဆရာတော်ကြီးက တိုတိုရှင်းရှင်းနဲ့ လိုရင်းကို [illegible]သာ ဖြေဆိုလိုက်သည်။

ဤသဘောတို့ကို လောကနီတိဆရာကလည်း . . .

"အပုဋ္ဌော ပဏ္ဍိတော ဘေရီ၊ ပဋ္ဌုဋ္ဌော ဟောတိ ပုဏ္ဍိတော"

ပညာရှိသောသူသည် သူမမေးမှု စည်ကြီးသဖွယ်ဖြစ်၏။ [illegible]သူမေးမှုကား မိုးကြီးဟိန်းသည့်နှယ် ဖြေဆိုဟောကြားလေသည် [illegible] ပြဆိုထားသည်မဟုတ်ပါလော။

ဝေါမြို့၊ ရှမ်းစုကျောင်းကြီးဆရာတော် ဦးဝေပုလ္လသည် [illegible]သည်း အညာဒေသတစ်ခွင် ဘုရားဖူးခရီးစဉ်လှည့်လည်ရင်း [illegible]ဆရာတော်ကြီးထံ ဖူးမြော်ရန် ရောက်ခဲ့၏။

ဆရာတော်ကြီးနှင့် ဆွမ်းအတူဘုဉ်းပေးကြပြီးနောက် အာ [illegible]သာပ သလ္လာပကထာပြောဆို ကြည်ညိုနေစဉ် ဆရာတော်ကြီး [illegible] ဒန်ပူတံဖြင့် သွားအကြားထိုးနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦးဝေပုလ္လသည်လည်း ရှေ့နားတွင် ထိုင်နေရင်း ကြဲကြဲ ဖန်ဖန် ထိုဒန်ပူတံကိုမှ လိုချင်သောစိတ်ဆန္ဒဖြစ်ပေါ်နေသည်ဟု ဆို၏။

ထိုသွားကြားထိုးတန်ကို လိုချင်သောစိတ်အကြံဖြစ်နေ သော ဦးဝေပုလ္လထံ ဆရာတော်ကြီးက ဒန်ပူတံကို ပစ်ပေး လိုက်သည်ဟူ၏။

ဦးဝေပုလ္လသည်လည်း အံ့သြဝမ်းသာစွာ ကောက်ယူခဲ့ အမြတ်တနိုးဆောင်ထားစဉ် လမ်းမဆုံးသေးသော ခရီးစဉ်တ လျှောက်တွင် ရောက်ရာနေရာတိုင်း၌ ကြဲကြဲဖန်ဖန်ရတဲ့ ဒန် တံအကြောင်းကို အကြွားလွန်လှသဖြင့် လွယ်အိတ်လေးထဲ ဒန်ပူတံ သက်သက်ကိုသာ အခိုးခံခဲ့ရရှာ၏။

ဤဖြစ်ရပ်များသည် "သမဏသရောစတေ သန္တ ရဟာန်း၏မှန်သောစကားသည် တင့်တယ်၏ဟူဘိသို့ လက်တွေ့ ဖြစ်ရပ်မှန်ဖြစ်၏။

နောက်ထပ်တစ်ဖန် တင်ပြရပြန်သော် ဆရာတော်ကြီး ဘုန်းတန်ခိုးတောက်စအချိန်တွင် တောရကျောင်းသို့ သွားရော ရောက်ကြသော ပရိသတ်များသည် သီလခံယူတရားနာပြီး ... သော ဆွမ်း၊ ဆွမ်းဟင်းများကို ဆက်ကပ်ကြ၏။

ပရိသတ်များ ဝိုင်းအုံကြည်ညိုနေသောရှေ့တွင် ဆရာ တော်ကြီးသည် ခဲ့ရဲ့ဝင့်ဝင့် ဣန္ဒြေရှိရှိဖြင့် ဆွမ်းဘုဉ်းပေးနေတော် မူ၏။



ထိုစဉ် ပရိသတ်များ၏ နောက်(၁၅)တောင်ခန့်အကွာ လောက်တွင် ဝေယျာဝစ္စဆောင်ရွက်ရန်ရှိနေကြသော ကိုအောင် ထွေး၊ ကိုမောင်ရွှေ၊ ကိုကျော်ဌေးတို့သည် ဆွမ်းဘုဉ်းပေးနေသော ဆရာတော်ကြီးကိုကြည့်ပြီး ဆရာတော်က ပရိသတ်အများကြီး ရှေ့ ဆွမ်းဘုဉ်းပေးရဲတယ်ဟု တစ်ယောက်ကိုတစ်ယောက်ကြည့် ကာ တီးတိုးပြောနေကြ၏။

ထိုအခါ ဆွမ်းဘုဉ်းပေးနေသော ဆရာတော်ကြီးက ၎င်း တို့(၃)ဦးဆီကို မော့ကြည့်ပြီး "လူ့ဘုံအလယ်မှာ ဆွမ်းစားရဲရ မယ်၊ တရားဟောရဲရမယ်" ဟု လှမ်း၍ မိန့်ကြားလိုက်ရာ ဒကာ (၃)ဦးလုံး မကြားနိုင်လောက်သည့်နေရာက မကြားနိုင်သော စကားကို ဘယ်လိုလုပ်ပြီးများ ကြားသွားပါလိမ့်ဟု ကြောက်ရွံ့ ထိတ်လန့် အံ့အားသင့်ကြလေသော ဟူ၏။

ဆရာတော်ကြီးအနေဖြင့် သူတစ်ပါးတို့၏ စိတ်အကြံကို သိမည်ဆိုလျှင် သိနိုင်လောက်ပေ၏။ အဘယ့်ကြောင့်ဆိုသော် "သမထမပါတဲ့ ဝိပဿနာဟာ ဆားမပါတဲ့ဟင်းလိုပဲ" ဟု မိန့် ကြားလေ့ရှိသောကြောင့် သမထအခြေခံပိုင်ပိုင် နိုင်နိုင်လုံလုံ ဖြစ်မှ ဝိပဿနာဉာဏ်တက်လှမ်း၍ အဖန်ဖန်ရှုမှတ် အားထုတ် သော ဆရာတော်ဖြစ်၏။

ထို့ကြောင့် သူတစ်ပါးတို့၏ စိတ်အကြံကို ကောင်းသိနိုင် သော အဘိညာဉ်စျာန်ရရှိပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိညာဉ်ဆိုသည်မှာ - " ဝိသေသတော ဇာနာတီတိ အဘိညာ" ဟူသော ဝိဂြိုဟ်ဝစနတ္ထနှင့်အညီ သမာဓိအားကောင်းသည့်အတွက် သတ္တိထက်မြက်လာရကား အလွန်အကျူးအထူးသိတတ်သောဉာဏ်ကို အဘိညာဉ်ဟုခေါ်သည်။

ထိုအဘိညာဉ်သည် -

၁။ မြေလျှိုးမိုးပျံ တန်ခိုးဖန်ဆင်းခြင်းငှာ စွမ်းနိုင်သော ဣဒ္ဓိဝိဓ အဘိညာဉ်၊

၂။ နတ်တို့၏နားကဲ့သို့ အဝေးမှပြောသော အသံတိုးတိုးပြောသောအသံကို ကြားနိုင်စွမ်းရှိသော ဒိဗ္ဗသောတ အဘိညာဉ်၊

၃။ သူတစ်ပါး၏စိတ်အကြံကိုသိနိုင်သော ပရစိတ္တဝိဇာနန အဘိညာဉ်၊

၄။ ရှေ့ဘဝဌ် ဖြစ်ခဲ့ဘူးသော အကြောင်းကို ပြန်ပြောင်းအောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်၊

၅။ နတ်တို့မျက်စိကဲ့သို့ အဝေးမှအဆင်းကို မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်၊

ဟူ၍ အဘိဓမ္မတ္ထသင်္ဂဟနည်းအရ ငါးပါးရှိသည်။ ယင်းအဘိညာဉ်တန်ခိုးကို ရရှိလိုလျှင် အဓိပတိလေးပါးတွင် တစ်ပါးပါးကို ရှေ့သွားပြု၍ ဈာန်ကိုးပါးလုံး၊ ကသိုဏ်း (၁၀) ပါးလုံး၌ အသားကျအောင် ကြိမ်ဖန်များစွာ လေ့လာလျှင် ရနိုင်ပါသည်။



**ဆံတော်အစစ် ဓာတ်တော်လို့ဖြစ်**

ကိုးကွယ်ကြသော ဒကာ၊ ဒကာမများသည် ရေရှည်ကိုးကွယ်ထားနိုင်ရန် (သို့) အဆောင်လုပ် အားကိုးရန် ကြံကြံဖန်ဖန်စိတ်ကူးဉာဏ်ထုတ်ကြ၏။

ရေစစ်၊ ရေသနုပ်၊ တောင်ဝှေး၊ ပုတီးစိပ် စသည်တို့ကို လျှောက်ထား စွန့်ယူလိုကြပြန်၏။

ဆရာတော်ကြီး ဆံချတော်မူလျှင် ဆံပင်ကို သူ့ထက်ငါ ရအောင်ယူ၍ ပုလင်းသေးလေးနှင့်ထည့်ကာ အိမ်ဦးခန်းဘုရားစင်တွင်တင်ကာ ကိုးကွယ်ပူဇော်ထားကြ၏။

ကိုးကွယ်ထားသူတို့တွင် ကြည်ညိုမှုသဒ္ဓါတရားပိုလွန်း၍လားမသိ။ အောက်ဖော်ပြပါအိမ်တို့တွင် ဆံတော်အစစ်မှ ဓာတ်တော်လိုဖြစ်နေကြောင်း လက်တွေ့ကျကျ ဖူးမြင်လေ့လာခဲ့ရ၏။

**မှတ်ချက်။** ။ *ထူးခြားသော အကြောင်းအရာများ ဖော်ပြရာတွင် အရပ်ဝေးသုတေသီများ လွယ်ကူစွာလေ့လာနိုင်ရန် အရပ်ဝေးမှ ထင်ရှားသော နေရာများကိုသာ အဓိကထား၍ သိရှိရသလောက် ဖော်ပြသွားပါမည်။ ကျန်ရှိနေသော ပုဂ္ဂိုလ်များ သည်းခံကြပါရန်။*

မုံရွာမြို့၊ သံလမ်းအရှေ့ဘက်၊ သစ္စာဆီစက်သည် ကြီးကြီးမားမား ထင်ထင်ရှားရှားဖြစ်၍ လူသိများ၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းဆိစက်ပိုင်ရှင် ဦးညွန့်သောင်း+ဒေါ်မိမိရီမိသားစုတို့သည် ဆရာတော်ကြီးကို အလွန်ကြည်ညိုသောကြောင့် ဆရာတော်ကြီး မထင်ရှားမီက အမြဲတမ်းသီတင်းသုံး ကျိန်းစက်တော်မူသော (၈) ပေပတ်လည်ရှိ ဝါးကပ်မိုး ထရံကာကျောင်းငယ်ကလေးကို ဖျက်၍ယင်းနေရာ၌ (၁၅) ပေ ပတ်လည်ရှိသော တိုက်ကျောင်းတစ်ဆောင်ကို ကုဋီ၊ ရေချိုးခန်းနှင့်တကွ မ,တည်၍ဆောက်လုပ်လှူဒါန်းထားသူများဖြစ်ကြ၏။

ဦးညွန့်သောင်း + ဒေါ်မိမိရီတို့သည် ဆရာတော်ကြီး၏ ဆံတော်ကို ကြည်ညိုစွာ ကိုးကွယ်ခြင်းပြုထားရာ ဆံတော်မှ ဓာတ်တော်ပမာတူသော(ဝါ)ဓာတ်တော် (၃) လုံးဖြစ်နေကြောင်း ရွာမှ ဂေါပကဒကာများ သစ္စာဆိစက်သို့ရောက်စဉ် လက်တွေ့အမှန်ဖြစ်ကြောင်း ပြလိုက်သဖြင့် အံ့ဩဝမ်းသာစွာ ဖူးမြော်ကြည်ညိုခဲ့ရကြောင်း သိရှိရပါသည်။

မြို့နယ်မှူး ဦးခင်မောင်လွင်+ ဒေါ်နွဲ့နွဲ့ရီတို့သည် မြိုင်မြို့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၌ တာဝန်ထမ်းဆောင်နေစဉ် ဆရာတော်ကြီးအား အလွန်ကြည်ညိုလှသဖြင့် မကြာမကြာလာရောက်ဖူးမြော်စောင့်ရှောက်ကြ၏။

ဆရာတော်ကြီး၏မေတ္တာရေတော်၊ ပုံတော်၊ ဆံတော်တို့ကိုလည်းကိုးကွယ်ပူဇော်ထားကြ၏။



ကိုးကွယ်ပူဇော်ပြီးနောက် လေးငါးလလောက်မြောက်သောအခါ ဆံတော်ပုလင်းထဲရှိ ဆံတော်များသည် ရွှေရောင်၊ ငွေရောင်၊ ပုလဲရောင် ဟူသော အရောင်သုံးမျိုးဖြင့် ဓာတ်တော်ဖြစ်နေကြောင်း မကွေးသို့ ပြောင်းရွှေ့ရောက်ရှိနေချိန်တွင် အအေးဆိုင်တစ်ဆိုင်၌ ကွမ်းတောရွာမှ ဦးမောင်ရွှေ၊ ဦးကျော်ငွေတို့နှင့်တွေ့ရှိခဲ့ရ၍ အားရဝမ်းသာ ရှင်းလင်းပြောပြလိုက်သဖြင့် မကွေးမြို့နယ်မှူး ဦးခင်မောင်လွင်+ ဒေါ်နွဲ့နွဲ့ရီ နေအိမ်ဂေဟာတွင် လေ့လာဖူးမြော် ကြည်ညိုနိုင်ပါသည်။

ဆရာတော်ကြီးပျံလွန်စ စာရေးသူ ကွမ်းတောရွာသို့ရောက်သွားသောအခါ ရွာထဲက (ဦးချစ်ပန်း)+ ဒေါ်မြရင် နေအိမ်နှင့် သားဖြစ်သူ ကိုကိုနိုင်+ မခင်ချိုတို့ နေအိမ်တွင် ဆံတော်မှ ဓာတ်တော်ဖြစ်နေကြောင်း ဂေါပကတစ်ဦး၏ လျှို့ဝှက်သတင်းပေးသောကြောင့် လက်တွေ့ကျကျ ဖူးမြင်သိရှိရန် အကြောင်းအကျိုးပြောပြစေ၍ အပင့်ခိုင်းလိုက်၏။

ဒေါ်မြရင်သည် သူတစ်ပါးမယုံမှာစိုး၍ မည်သူ့ကိုမှလည်း ပြောပြလေ့မရှိကြောင်း သိရပါသည်။

ထို့ပြင် စကားနည်းနည်းနှင့် အေးအေးသာနေတတ်သူဖြစ်ပြီး အဓိကအားဖြင့် ရွာရှေ့ကျောင်းသို့ ကိုးကွယ်သူ ဖြစ်ပါသည်။

ဂေါပကဒကာကြီး ဦးထွန်းဖေမှ အကြောင်းအကျိုးပြောပြပြီး တောင်းသောအခါ စာရေးသူနှင့် ရင်းနှီးအားနာ၍သာ

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးလိုက်တာ ယုံချင်ယုံ မယုံချင်နေ၊ မဟုတ်တာလဲ မလုပ်တတ်ဘူး ဟုပြောပြီး ထည့်ပေးလိုက်၏။

ဂေါပကဒကာကြီး၏ အကျိုးဆောင်မှုဖြင့် ယူလာသော ဆံတော်ပုလင်းလေးများကို ကြည့်သောအခါ ဒေါ်မြရင်ကိုးကွယ်ထားသော ပုလင်းထဲ၌ ဆင်စွယ်ရောင်၊ အဖြူရောင်၊ အနီရောင်၊ အရောင်သုံးမျိုးဖြင့် ဆန်ကျိုးစေ့ခန့်အရွယ် ပဲနောက်စေ့ခန့် အရွယ် စသည်ဖြင့် အရွယ်အမျိုးမျိုးတွေ့ရှိရပါသည်။

ကိုကိုနိုင်၏ ပုလင်းထဲ၌ကား ဓာတ်တော်အစိပ်စိပ်ဖြစ်နေသည့်အပြင် ကျန်ရှိသော ဆံတော်တစ်ပင်သည်လည်း လက်နှစ်သစ်ခန့် ရှည်လျားနေသည်ကို လက်တွေ့ဖူးမြင်ခဲ့ရပါသည်။

**ကွမ်းတောရွာ** မင်္ဂလာသိရီတိုက်ကြီး၏ အပေါ်ထပ်**အောက်ထပ်** ဘုရားဒကာဖြစ်သော ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုကျေးရွာအနီး မြို့ချောင်းရွာ၌နေသော ဦးညွန့်ဝေ ဒေါ်မြခင်တို့၏နေအိမ်ဈေးဆိုင်တွင် ပူဇော်ထားသော ဆံတော်များသည် အနည်းငယ်ရှည်တက်နေပြီး ငွေရောင်အဆင်းကဲ့သို့ ကြည်လင်နေသည်။ မယုံရင်လာရောက်ကြည့်ပါဟု ဦးညွန့်ဝေနှင့်တွေ့ဆုံစဉ် လျှောက်ထားလိုက်၍ ဤသို့လည်း တစ်မျိုးထူးခြားကြောင်း လေ့လာကြည်ညိုရပါသည်။

ထို့အတူ ဆရာတော်ကြီးဝေယျာဝစ္စ အဝဝကို နေ့ညဉ့်မပြတ်ဆောင်ရွက်နေသော ကွမ်းတောရွာ ဦးအောင်ထွေး+ ဒေါ်



တင်ကြည်နေအိမ်တွင်လည်း ဆံတော်မှငွေရောင်အသွင်ပြောင်းနေကြောင်း လေ့လာသိရှိကြည်ညိုမိပါသည်။

ဤကဏ္ဍနှင့်စပ်လျဉ်း၍ ဓာတ်တော်အကြောင်းကို တစေ့တစောင်းတင်ပြရပါလျှင် –

ဘုရားရှင်တိုင်း ပရိနိဗ္ဗာန်စံပြီးနောက် ကျွတ်ထိုက်သသူဝေနေယျသတ္တဝါဟူသမျှ ကိုးကွယ်ဆည်းကပ် ကျွတ်တမ်းဝင်နိုင်ကြရန် ဓာတ်တော်ဖြစ်ရှိစေကာ ကြွင်းကျန်ရစ်မြဲ ဓမ္မတာဖြစ်၏။

ထိုသို့ဓာတ်တော်ဖြစ်ခါ ကြွင်းကျန်ရစ်စေရာတွင် သက်တော်ရှည်မြတ်စွာဘုရားများ၏ ဓာတ်တော်မှာ အသမ္ဘိန္နဓာတ်တော် (အစိတ်စိတ်အမြွာမြွာ မကွဲမပျက် တစ်ခဲနက်တည်းတစ်ဆူတည်းရှိသော ဓာတ်တော်)တစ်မျိုးသာ ကြွင်းသည်။

သက်တော်တိုသော ယခုဂေါတမဘုရား ကဲ့သို့သော ဘုရားရှင်များမှာ အစိတ်စိတ်အမြွာမြွာ ဓာတ်တော် – ၃မျိုး ၊ ၃စားကွဲ၍ ကြွင်းကျန်ရန် အဓိဋ္ဌာန်ခဲ့ပါသည်။

အစိတ်အစိတ်အမြွာအမြွာဖြစ်ရှိ ကြွင်းကျန်ရန် အဓိဋ္ဌာန်ပြုခဲ့ရခြင်း အကြောင်းအရင်းမှာ –

သက်တော်ရှည် မြတ်စွာဘုရားများသည် မျက်မှောက်တော်၌ပင် ကျွတ်တမ်းဝင်မည့် သတ္တဝါဟူသမျှ ကုန်အောင်ချေချွတ်သွားတော်မူနိုင်၏။

သက်တော်တိုသော ဘုရားများမှာ နှောင်တော်ဘုရားများနည်းတူ မျက်မှောက်တော်၌ ကုန်စင်အောင် မချွတ်နိုင်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com

## ခန္တာဝန်စွန့်ခြင်းမော်ကွန်း

### တန်ခိုးကြီးခြင်းအဆုံး မန်ကျည်းပင်နိဂုံး

ဆရာတော်ကြီးဘဝတွင် တန်ခိုးကြီးခြင်း (ဝါ) ကျော်ကြားခြင်း အစသည် မန်ကျည်းပင်က ဖြစ်ခဲ့၍ တန်ခိုးကြီးခြင်းအဆုံး မန်ကျည်းပင်သည်နိဂုံးဖြစ်ချေ၏သို့ -

ဆရာတော်ကြီး အနှစ် (၄၀) ကျော် တရားအားထုတ်သိတင်းသုံးသော ကျောင်းကလေးသည်ကား မန်ကျည်းပင်တို့ဖြင့်ပတ်လည်ဝိုင်းနေသော မန်ကျည်းကန်တော (ဝါ) မကြီးကန်တောရကျောင်း။

ဆရာတော်ကြီး အနှစ် (၄၀) ကျော် (၅၀) လောက် တောရ ဆောက်တည်ခဲ့သည်ကား မန်ကျည်းပင်အောက်။

ဆရာတော်ကြီး ဘုန်းတန်ခိုးတောက် ထင်ရှားကျော်ကြားခြင်းရောက်အောင် ပင်ကိုယ်ရနံ့ကိုဖျောက် နံ့သာဖြူရနံ့ပေါက်လျက် ပွင့်ပေါ်အောင်မြင် ဓာတ်လမ်း စတင်ခဲ့သည်မှာလည်း မန်ကျည်းပင်။



အဘယ်ကြောင့်ဆိုသော် -

အမှန်မှာ၊ စာပေကျမ်းဂန်များ၌ ပရိနိဗ္ဗာန်စံ၍ တေဇောဓာတ်လောင်ပြီးမှသာ ဘုရား ရဟန္တာတို့၏ ဓာတ်တော်ကြွင်းကျန်သည်ကိုသာ တွေ့ရပါသည်။

တစ်ဖန်ဤသာသနာတော်အတွင်း၌ တရားကျင့်ကြံ၍ ရဟန္တာဖြစ်သွားသော ပုဂ္ဂိုလ်ထူးဆရာတော်ကြီးများသည်လည်း ခန္ဓာဝန်ချတော်မူပြီး အန္တိမအဂ္ဂိဈာပန ဆင်ယင်မှ ဓာတ်တော်ကျတော်မူသည်ကို ကြားသိမှတ်သားဖူးပါသည်။

ယခုမူ စာပေကျမ်းဂန်များနှင့် မညီညွတ်သလို ရှိသော်လည်း လက်တွေ့ ဖြစ်နေသည်မှာ ဖြေဆိုဖို့ရာ အင်မတန်ခက်လှပါသည်။

ထို့ကြောင့် ဆံတော် စစ်မှ ဓာတ်တော်လိုဖြစ်ဟူ၍ သုံးနှုန်းအပ်ပါသတည်း။

### မေတ္တာရေမှ ရွှေနှင့်ငွေ

ဆရာတော်ကြီး တစ်ခါတစ်ရံ အကြောင်းအားလျော်စွာ ပရိတ်ဒေသနာချီးမြှင့်တော်မူသောအခါ တချို့က အမူမဲ့ အမှတ်မဲ့နာယူလိုက်ကြသော်လည်း၊ အချို့ကမူပရိတ်ရေကို တကူးတကအစီအမံပြုလုပ်၍ ယူထားလိုက်ကြ၏။

ထိုပရိတ်ရေ ယူထားကြသူတို့တွင် ရေပုလင်းထဲ၌ ထူးထူးခြားခြားအံ့ဩဖွယ်ရာ ဖြစ်ပေါ်နေသောအိမ်များရှိ၏။ လည်လှမ်း

www.burmeseclassic.com



မိသလောက် သွားရောက်ကြည့်ရှုခဲ့သော အိမ်တို့ကို လက်တွေ့ သိသာရန်တင်ပြပါအံ့။

ကွမ်းတောရွာ၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘိုးချော+ ဒေါ်ဆန်းရွှေတို့၏ နေ့အိမ် ဘုရားစင်တွင် ဆရာတော်ကြီး၏ ပရိတ်မေတ္တာရေကို ဆောင်ယူကိုးကွယ်ထား သည်။

ထိုမေတ္တာရေစင်ပုလင်းတွင် ပဲနောက်စေ့ခန့် အရွယ်များ များနှင့် မန်ကျည်းစေ့ခန့်အရွယ်ရှိသော ငွေရောင်ပုလဲလုံးများ သဏ္ဌာန်ဖြစ်လျက် ပုလင်းအခြေခံ့ရော ပုလင်းအလယ်နီးနီးခန့် အထိလောက်ပါ အသီးသီးဖြစ်ပေါ်လျက် ရှိနေသည်ကို လက် တွေ့ဖူးမြင်ကြည်ညိုခဲ့ရပါသည်။

ထို့အပြင် ရွာအရှေ့ပိုင်း ဦးဘယုံ + ဒေါ်ညိုတင်တို့၏ နေအိမ်တွင်လည်း ပရိတ်ရေမှ ရွှေရောင်အလုံးလေးများ ဖြစ်ပေါ် နေသည်ဟု ၎င်း၏တူဖြစ်သူ ကိုဆိုးပေ+ မခင်မြတို့မှ သတင်း ပေးပို့လိုက်သဖြင့် သွားရောက် လေ့လာဖူးမြော်ကြရာ ပရိတ်ရေ ပုလင်းထဲတွင် မန်ကျည်းစေ့ခန့် အရွယ်ရှိသော ရွှေရောင်အလုံး သုံးလုံး ဓာတ်လုံး ပုံသဏ္ဌာန် ဖြစ်ပေါ်နေသည်ကို ဖူးမြင်ခဲ့ရပါ သည်။

ဦးဘယုံက ရေပုလင်း၏ ထူးခြားမှုကိုရှင်းပြသည်မှာ - လွန်ခဲ့သော ငါးနှစ်ခန့်လောက်က မြိုင်- မန္တလေးလမ်း



ဘေး ဆရာတော်ကြီး၏ရွာကျောင်းတိုက်သို့ လမ်းခွဲအနီးတွင် ၎င်း၏ တူတော်မောင်တစ်ယောက် စေတီတစ်ဆူတည်သဖြင့် ပြီးစီး၍ ဘုရားအနေကဇာတင်ပွဲပြုလုပ်ရာတွင် ဆရာတော်ကြီး ကိုယ်တိုင် ကြွရောက်ချီးမြှောက်သဖြင့် ပရိတ်ရေများကိုပုလင်း နှင့်ထည့်လာကာ အိမ်ဘုရားစင်တွင် တင်ထားလေ၏။

နှစ်ကာလ အနည်းငယ်ကြာသည့် အားလျော်စွာ မေ့မေ့ ပျောက်ပျောက် နေခဲ့သည်ဟုဆို၏။

ဆရာတော်ကြီး ပျံလွန်တော်မူပြီး တစ်လခွဲခန့် အကြာ ၁၃၆၁ ခုနှစ်၊ ကဆုန်လဆန်း (၁၀) ရက်၊ စနေနေ့ည အိပ်ပျော် နေစ အချိန်တွင် ဆရာတော်ကြီး မဟုတ်သော ရဟန်းလိုလို ပုဂ္ဂိုလ်တစ်ပါးက အိပ်မက်ပေးသလိုလို တကယ်လာ၍ ပြော သလိုလို "မင့် ဆရာတော်ကြီး၏ မေတ္တာရေတွေကို ပုလင်းနဲ့ ထည့်ယူထားပြီး ပြန်ရောကြည့်ရဲ့လား" ဟု သူ့နားတွင်ရပ်၍ ပြောကြားသွားသည်ဆို၏။

ဦးဘယုံသည် အိပ်ရာမှနိုးလိုက်သော်လည်း နံနက်ကျမှပဲ ကြည့်တော့မည်ဟု စိတ်ကူးပြီး ဆက်အိပ်နေလိုက်၏။

နောက်တစ်နေ့ နံနက်မိုးလင်း၍ ရေပုလင်းကို ပြန်ကြည့် လိုက်သောအခါ ယခုလို မန်ကျည်းစေ့ခန့်အရွယ် ရွှေရောင်အလုံး လေးနှစ်လုံးဖြစ်နေတာကို အံ့ဩစွာတွေ့ရတော့တာပဲဟု ရှင်းပြ လိုက်ပါသည်။

ကွမ်းတောရွာရှိ အထက်ဖော်ပြပါ အိမ်တို့သို့ သွားရောက်

www.burmeseclassic.com

www.burmeseclassic.com



တိုင်း၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်ရွာမှ ဦးချစ်ခင်၊ စိုင်တီစုရွာ ကိုထွန်းရှိန်နှင့်ဦးတင်စိုး (ခ) ဦးကုလား၊ ဝေါမြို့နေ၊ ကုန်သွယ် လယ်ယာမှဦးစိုးနှင့် ကိုစန်းယု+မရီဝင်းခိုင်တို့၏သား ကျောင်း သား မောင်မြင့်သူတို့ပါ လက်တွေ့ကျကျ လေ့လာ ကြည့်ညို ခဲ့ကြရပါသည်။

⊙ ⊛ ⊙

## ကျေးဇူးမော်ကွန်း

### အောင်မင်္ဂလာစေတီတော်

ထိုစဉ်အခါ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကြည်ညို ရန် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ပရိသတ်များ သည် တစ်နေ့တခြား များပြားလျက်ရှိနေ၏။

တောရကျောင်း၌ နေရာထိုင်ခင်း အခက်အခဲဖြစ်ခြင်း၊ တောရကျောင်းသို့ မကြွမီ မိုးလင်းစအချိန်မှစ၍ ပရိသတ်များ တဖွဲဖွဲ အဆက်မပြတ်လာရောက် ကြည်ညိုကြခြင်းတို့ကြောင့် ရောက်လာသော ပရိသတ်တို့အား တရားရေအေး အမြိုက်ဆေး ကို အမြဲမပြတ်တိုက်ကျွေးနေရ၍ တောရကျောင်းသို့ ကြွရောက် ရန် အခွင့်အလမ်း မကြုံတော့ပေ။

လာရောက်ဖူးမြော်ကြသော ပရိတ်သတ်တို့သည် ဆရာ တော်ကြီးကို ဖူးမြော်ရန် ကြည်ညိုပြီးသောအခါ အချို့က ဆရာ တော်ကြီး တရားအားထုတ်ခဲ့သော တောရကျောင်းကို စိတ်ဝင် စားကြ၏။ သွားရောက် လေ့လာကြည့်ရှု ကြည်ညိုကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတောရကျောင်း၌ ကြည့်စရာ၊လှေ့လာစရာဆိုက တိုက်ပျက်အငယ် အအိုအဟောင်းလေးဘေး၌ ကပ်လျက် တစ် ဖက်ရပ်စောင်းချ၍ ထားအပ်သော တဲကျောင်းလေးသာရှိသည်။

ထို့ပြင်တရားအားထုတ်ရာ ဒန်းစင်လေး နှစ်စင်နှင့် တောရကျောင်းသို့ လာရောက်ဖူးမြော်ဝတ်ပြုသူများ နားနေဖို့ ရာ လေးတိုင်စင်တဲ ထန်းရွက်မိုး ဇရပ်လေး နှစ်ခုသာရှိ၏။

အခြားတစ်စုံတစ်ရာ အဆောက်အအုံ အသုံးအဆောင် ပရိဘောဂဟူ၍ ဘာမျှမရှိပေ။

ထို့ကြောင့် တောရကျောင်း၌ ဆရာတော်ကြီးနှင့် မကြီ ကြိုက်တဲ့အခါ ဘုရားလေးဖူးပြန်နိုင်ရန် တောင်တောဆီ၌ သနပ် ခါးခင်းစောင့်ရင်း မှီတင်းနေထိုင်ကြသော သနပ်ခါးခြံရှင်များ က စုပေါင်းမတည်၍ တောရကျောင်းသို့ လာရောက်ကြည့်ရှုဖူး မြော်ကြသော (၇) ရက်သားသမီးတို့၏ စေတနာပါ စုပေါင်း၍ ထာဝရကောင်းမှုဖြင့် မဂ္ဂင်(၈)ပါးကိုရည်ရွယ်၍ ဖိနပ်တော် (၈) တောင်။ စရဏတရား (၁၅)ပါးကို ရည်ရွယ်၍ ဉာဏ်တော် (၁၅) တောင်ရှိသောစေတီတစ်ဆူကို တရားအားထုတ်တော်မူရာအနီး ကုန်းကမူလေးပေါ်တွင် ကြည်နူးဖွယ်ရာ သပ္ပါယ်စွာဖြစ်အောင် နံ့သာမြိုင် သနပ်ခါးတော ဂေါပကအဖွဲ့က ဦးဆောင်၍ ဆရာ တော်ကြီး၏ ဂုဏ်ကျေးဇူးတို့ကို ပူဇော်သောအားဖြင့် လူ၊ နတ် နိဗ္ဗာန်ချမ်းသာ သုံးတန်ကို ရရှိနိုင်စေရန် ၁၃၅၅ ခုနှစ်၊ နတ်တော် လဆန်း (၁၀) ရက်နေ့မှစတင်၍ တစ်လနှင့်ပြီးအောင်တည်ထား ကြလေသည်။



စေတီတော်လေး၏ ဘွဲ့တော်ကိုလည်း "အောင်မင်္ဂလာ အေးစေတီ" တော်ဟူ၍ ကမ္ပည်းမော်ကွန်း ရေးထွင်းထားပါသ တည်း။

## ရေတွင်းတူးဖော်ကုသိုလ်တော်

ကွမ်းတောရွာသည် လူနေ အိမ်ခြေ ၄၀၀ ခန့်ရှိသော ရွာတစ်ရွာ ဖြစ်သည့်အလျောက် နွေလ ရောက်သောအခါ ရွာ အနောက်ဘက်တွင်ရှိသော စက်ရေတွင်းဖြင့် ရေလုံလောက်မှု အင်အားနည်းပါသောကြောင့် လည်းကောင်း။

ဆရာတော်ကြီးအား လာရောက်ဖူးမြော်ကြသော ဧည့် ပရိတ်သတ်များပြားလှ၍ သောက်ရေ၊ သုံးရေ ပြည့်စုံစေခြင်း တို့ကြောင့်လည်းကောင်း၊ ဂေါပကအဖွဲ့မှ ရေတွင်းတူးဖော်လို ခြင်း ဆန္ဒပြင်းပြနေသောကြောင့်၊ ပခုက္ကူမြို့ရှိ ထောက်ပို့တပ် မှ ဗိုလ်ကြီးဘုန်းနိုင်၏ ဦးဆောင်စီစဉ်မှု၊ နိုင်ငံတော် ရေအရင်း အမြစ်ဦးစီးဌာနမှ အရာရှိ၊ အရာခံ ဝန်ထမ်းများ၏ စီစဉ်ကြီးကြပ် ဦးဆောင်တူးဖော်ပေးသော ဝန်ထမ်းများ၏ကာယဒါနလုပ်အား များနှင့် ဂေါပကအဖွဲ့စသော ကျေးရွာစေတနာရှင်အပေါင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် ကွမ်းတောရွာ ဦးသန်း+ ဒေါ်တင်မြိုင် မိသားစုတို့ လှူဒါန်းအပ်သော မြေကွက်ပေါ်တွင် မင်္ဂလာသိရီကျောင်းတိုက် ရှိစက်ရေတွင်းကို (၁၉၉၄) ခုနှစ်၊ (၉) လပိုင်းတွင် အောင်မြင်စွာ တူးဖော်လှူဒါန်းခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေတွင်းလှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ဆရာတော်ကြီး ဤသို့ မိန့်ကြားတော်မူ၏။

"တို့က တောရကျောင်းမှာ ကျေးငှက်သတ္တဝါတွေကို နေ့ စဉ် တစ်နေ့ (၃) ကြိမ် ရေဒါနပြုခဲ့တဲ့ စေတနာကြောင့် ယခု ရေရရှိ ပေါများလာတာ ဖြစ်တယ်" ဟုမိန့်ကြားတော်မူ၏။

## သာသနဝိသောဓနီသိမ်တော်

မြိုင်မြို့နယ်၏ ကျက်သရေဆောင်ဖြစ်သော ကမ္ဘာကျေ ကျောက်ခွက်ရေနံမြေမှ နိုင်ငံ့ဝန်ထမ်းကောင်းတို့သည် ဆရာ တော်ကြီးအား မကြာမကြာ လာရောက် ကြည်ညိုကြပါသည်။

ထိုစဉ်အခါ ဆရာတော်ကြီး၏ ကျောင်းတိုက်ဘုရားဝင် အတွင်းရှိ သိမ်လေးသည် အကာအရံမပါ၊ ဇရပ်ပမာဖြစ်၍နေ သောကြောင့် သိမ်ဒကာအဖြစ် အမွေအနှစ် ခံယူလိုကြသော ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်း+ဒေါ်မြင့်မြင့်သောင်း ညွှန်ကြားရေးမှူး ဦးဝင်း+ဒေါ်လေးမိ။ ညွှန်မှူး (အထူးစီမံ) ဦးကြည်ရှိန်၊ တွဲဖက်ညွှန်မှူး ဦးတင်ထွန်း၊ အင်ဂျင်နီယာချုပ် ဦးလှမင်းနှင့် ဌာနမှူး ဦးနေဝင်း၊ ဦးသက်ထွန်း အစရှိသော အရာရှိ၊ အရာခံများနှင့် ကာယဉာဏလုပ်သားများက စေတနာ ဝေလျှံ အသိဉာဏ်ထက်သန်စွာဖြင့် ဘုရားသားတော် ရဟန်း



တော်တို့ ပွင့်ထွန်းပေါ်ပေါက်ရာ သိမ်မြတ်နေရာတွင် သံဃာ တော်များ ကံကြီးကံငယ်ဆောင်ရာဝယ် စိတ်ချမ်းသာစွာ ရှိပါစေ ခြင်းငှာ သာသနဝိသောဓနီ အမည်ရှိသော သိမ်ကျောင်းတော်ကို တင့်တယ်လျောက်ပတ် ကောင်းမြတ်စွာဖြင့် (၁၃၅၉) ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းကြလေသည်။

ဤသို့ ရေနံမြေအရာရှိများနှင့် ကာယ ဉာဏလုပ်သား အပေါင်းတို့ စုပေါင်းဆောက်လုပ်အပ်သော သိမ်တော်သည် သာသနာ့တော်တွင် အလွန်အရေးပါ အရာရောက်လှ၍ သိမ်ရှိ မှ ရဟန်းဖြစ်သောကြောင့် သာသနာတော်ကြီး၏ အမိသဖွယ် ဖြစ်၏။ ကမ္ဘာတည်သရွေ့ သိမ်၏အာနိသင်လည်း တည်ရှိနေ ပေ၏။

ထို့ကြောင့် သိမ်ကျောင်း အလှူဒါန၏ စွမ်းအင်သတ္တိ ကြောင့် မြိုင်မြို့နယ်ကျောက်ခွက် ရေနံမြေသည် မြန်မာပြည် အတွက် အလွန်အရေးပါ အရာရောက်၍ တိုင်းပြည်၏အမိ သဖွယ်ဖြစ်ပြီး ကမ္ဘာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ကမ္ဘာ တည်သရွေ့ တည်ရှိစေသော် ဟူ၍ ရွှင်လန်းဝမ်းမြောက်စွာ ဆုတောင်းပတ္ထနာပြုလျက် ကျေးဇူးတင်စွာ မော်ကွန်းပြုအပ် ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com



## ပူဇော်ခံရန် ဂူဗိမာန်

ဆရာတော်ကြီးထံတော်သို့ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အဆက်ဆက် လာရောက်ဖူးမြော်ကန်တော့ကြ၏။ လိုအပ်သည်တို့ကို ပံ့ပိုးကူညီပေးကြ၏။

ထို့အတူ ပခုက္ကူနယ်မြေအတွင်းရှိ တပ်ရင်း၊ တပ်ခွဲအသီးသီးကလည်း လာရောက်ကြည်ညိုစောင့်ရှောက်ကြ၏။

ဤသို့ဖြင့် ကိုးကွယ်ကြည်ညိုသူအများ ထင်ရှားကျော်ကြားနေစဉ် ခန္ဓာဝန်မစွန့်မီ (၃) နှစ်ခန့်အလိုက ဂေါပကဒကာများကို ဤသို့မိန့်ကြားတော်မူ၏။

"တို့လဲ ပျံလွန်တော်မူဖို့ နီးနေပြီ။ ကိုးကွယ်ထားလိုက အရိုန်ကောင်းတုန်းဘေးကကြည့်လို့ မြင်ရတဲ့ဂူတစ်လုံးဆောက်ထားကြ။

ဘုန်းကြီးသေရွာကျေသတဲ့။ ပျံလွန်ရင် ဘာမှလုပ်မနေနဲ့ တစ်နေ့တစ်ရက်လောက် အပူဇော်ခံပြီး အဲဒီဂူထဲ သွားထည့်ထားရင် ပြီးတော့တာပဲ" ဟုမိန့်ကြားသည်။

ဤမိန့်ကြားချက်ကို ခ.ဝ.တ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုး(ကလောင်အမည် တင်စိုးသိန်း)နှင့် ဇနီးမောင်နှံတို့အဖွဲ့ လာရောက်သောအခါ ကပ္ပိယကြီး ဦးဘိုးလုံက အားငယ်စွာ ပြောပြလေ၏။



ဒုတိယဗိုလ်မှူးကြီး တင်စိုးနှင့် ဇနီးဒေါ်အေးအေးလှိုင်တို့သည်လည်း စိတ်မကောင်းစွာဖြင့် ဆရာတော်ကြီးထံချဉ်းကပ်၍ ခန္ဓာဝန်စွန့်တော်မူခြင်းမပြုသေးဘဲ ဆိုင်းငံ့တော်မူပါရန် တောင်းပန်လျှောက်ထားကြလေ၏။

ဆရာတော်ကြီးက သင်္ခါရသဘောတရားတို့ မည်သည် မည်သူမျှ ကာလကြာမြင့်စွာ တည်တံ့နိုင်ခြင်း သဘောမရှိကြောင်း မိန့်ကြားတော်မူ၏။

ထိုမိန့်ကြားချက်ကို သဘောပေါက်ထားသော ဒုတိယဗိုလ်မှူးကြီး တင်စိုးသည်လည်း နောက်တစ်ခေါက်ပြန်လာ၍ ဆရာတော်ကြီးခန္ဓာဝန် ချပြီးနောက်၌လည်း အများပြည်သူလာရောက် ဖူးမြော်နိုင်ရန် ဂူဗိမာန်တည်ဆောက်ရေးကို ဦးစွာညှိနှိုင်း ဆွေးနွေးပွဲပြုလုပ်ကြလေသည်။

ဗိမာန်တည်ဆောက်မည့်နေရာကို ကျောင်းတိုက်အပြင်ဘက် အရှေ့တောင်ထောင့်၌ ရှေးဆရာတော်ကြီးများ၏ အရိုးဘုရားကို ဦးတိုက်ဟန်ပြုလျက် တစ်ကန့်သား၍တည်ထားရန် မြေနေရာကို ရွေးချယ်ကြလေ၏။ သင့်လျော်လျောက်ပတ်ကောင်းမြတ်သောရက်ကို သတ်မှတ်၍ အစီအစဉ်ပြုခဲ့လေ၏။

ခ.ဝ.တ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုး၏ စီစဉ်လမ်းညွှန်မှုဖြင့် ခ.ဝ.တ အတွင်းရေးမှူး ဗိုလ်မှူးဇေယျာလင်း၊ ခ.လ.ရ (၂၅၇)မှ ဗိုလ်မှူးဘုန်းမော်ရွှေ၊ မြိုင်မြို့နယ်မ.ဝ.တဥက္ကဋ္ဌ ဦးရွှေ

www.burmeseclassic.com

www.burmeseclassic.com



ကျော့၊ မြို့နယ်မှူး ဦးခင်မောင်လွင်အစရှိသော ဌာနဆိုင်ရာ ပုဂ္ဂိုလ် များနှင့် ရ.ဝ.တ ဥက္ကဋ္ဌ ဦးဘိုးချော စသော ဂေါပကအဖွဲ့ သည် ၁၉၉၆ ခုနှစ်တွင် ပန္နက်တင် အုတ်မြစ်စီမင်္ဂလာ ကျင်းပ ကြလေသည်။

ဂူဗိမာန်ဆောက်လုပ်ရန် မြေနေရာကို ဒေါ်ခင်ထွေး၊ ဒေါ်ခင်သန်း၊ ဒေါ်ခင်ညွှန့် ညီအစ်မတို့က ကျယ်ကျယ်ဝန်းဝန်းဖြစ် ရန် အလိုရှိသလောက် လှူကြလေသည်။

ဗိမာန်တော်ကို ရ.ဝ.တ ဥက္ကဋ္ဌ ဦးဘိုးချော+ ဒေါ်ဆန်းရွှေ **မိသားစု**တို့က ၅၀၀၀၀၀/-မ,တည်လှူဒါန်းငွေဖြင့် စေတနာရှင် **များစု**ပေါင်းကာ အလျား+ အနံလေးပင် ပတ်လည်ရှိသော **အဆောက်**အဦးကြီး အတွင်း၌ နှစ်ပေပတ်လည် သံဆန်ကာ ကာရံ ၍ အလယ်ဗဟိုတွင် ရုပ်ကလာပ်တင်ရန် ပလ္လင်တော်ကို အထက်မျက်နှာကြက်တွင် ပြသာဒ်သုံးဆောင်စဉ်လျက် ရှုချင် ဖွယ်ရာ ကနုတ်ပန်းမာလာတို့ဖြင့် ခြယ်မှုန်းကာ တင့်တယ်လှပ စွာသော ဂူဗိမာန်ကို ကြံ့တင်တည်ဆောက်ထားကြလေသည်။

ဗိမာန်ဆောက်လုပ်ရာတွင် ငွေအား၊ လုပ်အား၊ ဉာဏ်အား တို့ဖြင့် ဆောင်ရွက် လှူဒါန်းသော ပုဂ္ဂိုလ်အပေါင်းတို့အား ကျေးဇူးတင်မော်ကွန်း ပြုအပ်ပါသည်။



## ဆေးရုံဝန်ထမ်းများစွာ ကျေးဇူးတင်လှာ

ရုပ်ခန္ဓာကို ရရှိထားကြသော သတ္တဝါမှန်သမျှ ဇာတိမှ ဇရာသို့ ဇရာမှ ဗျာဓိသို့၊ ဗျာဓိမှ မရဏသို့ ဆင့်ကာဆင့်ကာ မောင်းနှင် ပို့ခြင်းခံနေကြရပါသည်။

ဆရာတော်ကြီး ရုပ်ခန္ဓာတော်သည်လည်း ဇရာမှ ဗျာဓိ သို့ မောင်းနှင်ပို့နေသဖြင့် တစ်ခါတစ်ခါ မကျန်းမမာဖြစ်တော် မူရှာ၏။

မကျန်းမမာဖြစ်တော်မူလျှင် မြိုင်ဆေးရုံဝန်ထမ်းများက ဂရုတစိုက်ဖြင့် ကျန်းမာရေးအလှူ ရယူပူဇော်ကြ၏။ ဒေါက်တာ ဇော်ဝင်းမြင့်ရှိစဉ်က တာဝန်ယူစောင့်ရှောက် ကုသ,သံကဲ့သို့ ဆရာဝန်ကြီး ဒေါက်တာမြင့်ကြည်အေး နှင့်အဖွဲ့ကလည်း အမြဲ ကုသပေး၏။ မြို့နယ်မှူး ဦးသိန်းဇော်နှင့်ဇနီး ဒေါက်တာဒေါ်ခင် အေးခိုင်တို့မိသားစုကလည်း မကြာမကြာ လာ၍စောင့်ရှောက် ကုသပေးကြလေ၏။ ဆရာတော်ကြီး၏မြေးဖြစ်သော ကျန်းမာ ရေးမှူး ကျော်လှိုင်စိုးကိုလည်း နေ့စဉ် စောင့်ရှောက်ပြုစုရန် တာဝန်ပေးထားကြ၏။

ထို့သို့ စောင့်ရှောက်ပေးနေကြသဖြင့် ကျန်းမာရေးမှာ ထူးထူထွေထွေ မညံ့သော်လည်း ပျံလွန်တော်မူမည့်နှစ်တွင် မျက် လုံးတော်အစုံသည် ရက်ပိုင်းအတွင်း မှုန်မှုန်ဝါးဝါး ဖြစ်လာပေ ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဆေးဝန်ထမ်းများ၏ လျှောက်ထားညွှန်ကြားချက်၊ ဒကာ ဒကာမများ၏ တောင်းပန်လျှောက်ထားချက်တို့ကြောင့် ပခုက္ကူမြို့မျက်စိအထူးကု ဆေးရုံကြီးသို့တက်ရောက် ကုသရလေ၏။

ပခုက္ကူမြို့ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးဇော်မင်းအောင် မိသားစုတို့က ကျပ်ငွေ ၄၀၀၀၀ တန်ဖိုးရှိသော မျက်ကြည်လွှာတစ်ဖက်ကို ကိုယ်တိုင်ဒါနပြုကုသခြင်းဖြင့်လည်းကောင်း၊ မြိုင်မြို့မှ ဆရာတော်ကြီး၏ ပစ္စည်းလေးပါး နိစ္စဘတ်အလှူရှင်ဖြစ်သော ဒေါ်ပြည့်၊ ဒေါ်ရှန်၊ ရှေ့နေ ဒေါ်ပိုမိသားစုတို့က ကျပ်ငွေ ၄၀၀၀၀ ခန့်တန်ဖိုးရှိသော မျက်ကြည်လွှာတစ်ဖက်ကိုလည်းကောင်း စေတနာရက်ရောစွာဖြင့် လှူဒါန်းကြလေသည်။

အထူးကု သမားတော်ကြီးများ ဖြစ်ကြသော ဒေါက်တာဒေါ်ကြည်ကြည်ဝေ၊ ဒေါက်တာ ဒေါ်နုနုမော် စသော ဆေးရုံဝန်ထမ်းများက အနီးကပ်ကြပ်ကြပ်မတ်မတ် စောင့်ရှောက်ကုသပေးကြသဖြင့် မျက်လုံးတော်နှစ်လွှာ ပုံမှန်အလင်းရောင်ဖြာလျက်ကောင်းမွန်စွာဖြစ်လာရုံမျှမက ဆီးချိုရောဂါ အစဖြာသောဝေဒနာများပါ ပျောက်ကင်းချမ်းသာ၍ ကျန်းမာတော်မူခဲ့ပါသည်။

ပခုက္ကူဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေစဉ် ကျောင်းဒကာ နေနတ်သားဆေးတိုက်ပိုင်ရှင် ဦးစံလှိုင်+ဒေါ်တင်အုန်းတို့



မိသားစုများနှင့်တကွ မြို့သူမြို့သားတို့က ဆွမ်း၊ ဘောဇဉ်ခါတ်စာတို့ဖြင့် လိုလေသေး မရှိရအောင် လှူဒါန်းကြည်ညိုဖူးမြော်ကြလေသည်။

ထို့ကြောင့်ပခုက္ကူမြို့သူ မြို့သားများနှင့်တကွ ပခုက္ကူဆေးရုံကြီးမှ ဆေးဝန်ထမ်းများ၊မြိုင်မြို့နယ် ဆေးရုံမှ ဆေးဝန်ထမ်းများအား ကျေးဇူးများစွာ မော်ကွန်းတင် ဂုဏ်ပြုအပ်ပါသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## ခန္ဓာဝန်စွန့်ခြင်းမော်ကွန်း

### တန်ခိုးကြီးခြင်းအဆုံး မန်ကျည်းပင်နိဂုံး

ဆရာတော်ကြီးဘဝတွင် တန်ခိုးကြီးခြင်း (၀၊) ကျော်ကြားခြင်း အစသည် မန်ကျည်းပင်က ဖြစ်ခဲ့၍ တန်ခိုးကြီးခြင်း အဆုံး မန်ကျည်းပင်သည်နိဂုံးဖြစ်ချေ၏သို့ –

ဆရာတော်ကြီး အနှစ် (၄၀) ကျော် တရားအားထုတ် သီတင်းသုံးသော ကျောင်းကလေးသည်ကား မန်ကျည်းပင်တို့ ဖြင့်ပတ်လည်ဝိုင်းနေသော မန်ကျည်းကန်တော (၀၊) မကြီး ကန်တောဒုရကျောင်း။

ဆရာတော်ကြီး အနှစ် (၄၀) ကျော် (၅၀) လောက် တောရ ဆောက်တည်ခဲ့သည်ကား မန်ကျည်းပင်အောက်။

ဆရာတော်ကြီး ဘုန်းတန်ခိုးတောက် ထင်ရှားကျော်ကြားခြင်းရောက်အောင် ပင်ကိုယ်ရနံ့ကိုဖျောက် နံ့သာဖြူရနံ့ပေါက်လျက် ပွင့်ပေါ်အောင်မြင် ဓာတ်လမ်း စတင်ခဲ့သည်မှာလည်း မန်ကျည်းပင်။



ပျံလွန်ခါနီး ခေါင်းရင်းမန်ကျည်းပင်ကြီး၏ အလယ်ဗဟို စိမ်းစိမ်းစိုစိုအကိုင်း အကြီးကြီးတစ်ကိုင်းမှ အရွက်ညိုးခြောက် တဖျော်ဖျောက် ကြွေပြုန်း၍ ဓာတ်လမ်းဆုံးမည့် နိမိတ်အသွင် ပေါ်လွင်ခဲ့သည်မှာလည်း မန်ကျည်းပင်။

ဆရာတော်ကြီးအမြဲ သီတင်းသုံးကျိန်းစက်ရာ ကျောင်းလေးခေါင်းရင်းရှိ မန်ကျည်းပင်ကြီးသည် အဖူးအပွင့်ဝေဝေဆာ ဆာရှိနေရာမှ ပျံလွန်ခါနီး တစ်လအလိုတွင် ဆရာတော်ကြီ ကျောင်းဘက်က အလယ်ဗဟိုအကိုင်းကြီးတစ်ကိုင်းသည် အဂ အလျောက် ညိုးခြောက်ပြီး နေ့စဉ် ရက်ဆက် အရွက်များကြေ လျက်ရှိနေ၏။

ဆရာတော်ကြီးသည် တစ်ဖျပ်ဖျပ်ကြွေကျနေသော မ ကျည်းကိုင်းကြီးကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးထိုးကြည့်ကာ "မန်ကျည်းပင်ကြီးလဲသေပြီ၊ တို့လဲသေရလိမ့်မယ်၊ သေရမှာဂ ကြောက်ဖို့မလို" ဟုညစဉ် လက်နှိပ်မီးနှင့်ထိုးကြည့်ပြီး ရေရွှင သံဝေဂဉာဏ်တင်လေ့ရှိသည်ဟု ဘုန်းကြီးဦးစာရိတ္တနှင့် အနီး ကပ်ပြုစုသူများက ပြောပြကြပါသည်။

ပြုစုသူများ အနေနှင့် မန်ကျည်းကိုင်းတွင် ပိုးဝင်ခြ ကြောင့် အကိုင်းခြောက်သွေ့ကာ သေသွားခြင်း ဖြစ်သည် ထင်မှတ်နေကြ၏။

ယင်းမန်ကျည်းကိုင်းကြီးသည် ဆရာတော်ကြီး ပျံလွ တော်မူပြီး မကြာမီရက်ပိုင်းတွင် အညွန့်အတက်ပြန်လည်

www.burmeseclassic.com



ကာ ယခုအခါ စိမ်းလန်းစိုပြေ ဝေဝေဆာဆာ ဖြစ်နေသည်ကို အံ့သြဖွယ်ရာ တွေ့မြင်ရပြန်သည်။

ဤသို့လျှင် အသိစိတ်ဓာတ်မရှိသော သစ်ပင်က အသိစိတ်ဓာတ်ရှိသော အသွင်ဖြင့် ပျံလွန်မည့်အရိပ်နိမိတ်ကို မြင်၍ ကြိုတင်ကာ ယူကြုံးမရ တဖြိုင်ဖြိုင်မျက်ရည်ကျနေခြင်း ဖြစ်ပေလိမ့်မည်ဟူ၍ ထင်မှတ်မိပါတော့သည်။

မန်ကျည်းပင်အိုအိုတို့ကို ဒီလိုဒီလိုသာ မေးလိုက်ချင်ပါသည်။

အို . . . မန်ကျည်းပင်တို့ . . .

တို့ဆရာတော်ထေရ်အရှင် အာသဝေါကင်းစင် ရဟန္တာဖြစ်စဉ်ကာလက တစ်ကျောင်းလုံး၊ တစ်တောလုံး ခြိမ့်ခြိမ့်အုံးအောင် ရန့်အဆင်းတွေနဲ့ ပျံ့ပျံ့သင်းအောင် ရှေးဦးစွာပူဇော်ခဲ့ကြတာမှန်ပါသလား?

ပျံလွန်ခါနီး ဆရာတော်ကြီး ကျိန်းစက်ရာ သီတင်းသုံးရာကျောင်းဝိဟာခေါင်းရင်းက ဗိတာန်ထီးသမျှ အားကိုးရတဲ့ မန်ကျည်းပင်ကြီးက အချိန်အခါမဟုတ် အရွက်တဖြုတ်ဖြုတ်နဲ့ ပျံလွန်မည့်အနေအား ကြိုတင်သိထားလို့ အားငယ်နွမ်းလျတာသနှင့် မျက်ရည်ကျသည့်အလား ငိုပွဲဆင်တာ မှန်ပါသလား? ရယ်လို့ မေးလိုက်ချင်ပါဘိတော့တယ် မန်ကျည်းပင်တို့ရယ်။



ရယ်လို့ မေးလိုက်ချင်ပါဘိတော့တယ် မန်ကျည်းပင်တို့ရယ်။

အင်ကြင်းပင်အောက်တွင် ဖွားသန့်စင် အင်ကြင်းတောတွင် ပရိနိဗ္ဗာန်စံဝင်သွားသော ရှင်တော်အဖဘုရား ပမာအလားသို့ –

မန်ကျည်းပင်အောက်တွင် ဖွားသန့်စင် မန်ကျည်းပင်အောက်တွင် တရားမြင် မန်ကျည်းပင်အောက်တွင် ဓမ္မာဝန်ချသည့် အသွင်သို့ ဖြစ်ချေသည်မို့ . . .။

တန်ခိုးကြီးခြင်းအစ မန်ကျည်းပင်က တန်ခိုးကြီးခြင်းအဆုံး မန်ကျည်းပင်နိဂုံး ဖြစ်ပေ၏ဟူ၍။

● နောက်ဆုံးမိနစ်မှာ ဩဝါဒကထာ

ကောဇာသက္ကရာဇ် – ၁၃၆၀ ပြည့်နှစ်၏ နှစ်ဟောင်းကုန်ညောင်း နှစ်သစ်ပြောင်းဖို့ လတပေါင်းသို့ ရောက်ရှိနေပြီးဖြစ်၏။

ဆရာတော်ကြီး ဖွားမြင်သော ခုနှစ်သက္ကရာဇ်မှာ (၁၂၇၆) ခုနှစ်၊ တန်ခူးလပြည့်ကျော် (၇) ရက်၊ ကြာသပတေးနေ့ဖြစ်၏။

နှောင်းတန်ခူး ဦးတန်ခူးဟူ၍ ခွဲခြားပြခဲ့သည်မှာမရှိ။ ဦးတန်ခူးလဖွား ဖြစ်ဖို့ရာများသည်။

ဤသို့ဖြစ်လျှင် သက်တော် (၈၅) နှစ်ပြည့်ရန် ရက်ပိုင်းသာလိုတော့၏။

ဤအချိန်ကာလသည် ကောင်းကင်ယံမှ သူရိန္ဒနေသော်လည်း အရှိန်ပြင်းလျက်ရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချမ်းအပူဟူသော ဆန့်ကျင်ဘက်အကြောင်းတရားတို့နှင့် တွေ့ကြုံသောအခါ ရုပ်ခန္ဓာသည်လည်း ဖောက်ပြန်တတ်ပေ၏။

ဆရာတော်ကြီး၏ ရုပ်ခန္ဓာတော်သည်လည်း တစ်စတစ်စနှင့်ဖောက်ပြန်စပြုနေ၏။ နောက်ဆုံးကျန်းမာရေး ဖောက်ပြန်ခြင်း၏အစကား တပေါင်းလပြည့်ကျော် (၈) ရက်နေ့ညဖြစ်၏။

**တပေါင်းလပြည့်ကျော် (၉) ရက်နေ့။**

ထိုနေ့ အရုဏ်ယာဂု ဘုဉ်းပေးရန် ကပ်လှူသောယာဂုဆွမ်းကို မဘုဉ်းပေးကြောင်း၊ အနီးကပ် ဝေယျာဝစ္စပြုနေသော ကိုရင်ဥတ္တမက သတင်းပေးလျှောက်ထား ချက်အရ ဘုန်းကြီးဦးစာရိတ္တ၊ ဦးပဥ္ဇင်းဦးပညိသဿရတို့နှင့် ဒကာ ကိုကံရင်၊ ကိုဆွေနိုင်ဦး၊ ကိုဘိုးအေး၊ ကိုမောင်ဝင်းတို့က အခြေအနေကိုသုံးသပ်၍ ဆရာဝန်ပင့်ရန် တိုင်ပင်ညှိနှိုင်းပြီးနောက် ဆေးကုသခံရန် အကျိုးအကြောင်း လျှောက်ထားကြပါသည်။

ထိုအခါ ဆရာတော်ကြီးက "ဆရာဝန်သွားမခေါ်ကြနဲ့တော့ မရတော့ဘူး။ အသက် (၈၀) ကျော်လို့ သက်တမ်းကုန်နေပြီ။ သူများကို ဒုက္ခမပေးကြနဲ့"ဟုတားမြစ်တော်မူပါသည်။

သို့သော်လည်း တစ်စုံတစ်ရာဖြစ်လို့မှ ဆရာဝန်သွားမခေါ်လျှင် အပြစ်တင်ခံကြရမှာစိုး၍ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ ကြိုတင်အသိပေးကြပါသည်။



ထိုအခါ အဖွဲ့ဝင် (၁) ကိုကျော်ဌေးနှင့် ဂေါပကအဖွဲ့ဝင် ဦးမောင်ရွှေတို့က မြိုင်မြို့ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးအောင်ဖေထံ အကူအညီတောင်းခံစေလွှတ်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့သို့ အသိပေးအကြောင်းကြား ခေါ်ဆောင်ခဲ့ပါသည်။

ထိုနေ့ နေလယ်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးညီညီနှင့် အတွင်းရေးမှူး ဦးမောင်မောင်နိုင်တို့အဖွဲ့၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဦးစိန်လှိုင်နှင့် အနာကြီးရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီးတို့အပြင် မြို့နယ်မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်ခင်အေးခိုင်နှင့်ဆရာမဒေါ်ကြိုင်ကြိုင်တို့ပါ ပါလာကြပါသည်။

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ကျန်းမာရေးအခြေအနေကို မေးမြန်းလျှောက်ထားကာ စစ်ဆေးကြသောအခါ ထူထူထောင်ထောင်ကောင်း သယောင်ယောင် ရှိနေသည်ဟုဆို၏။

ထိုအခါ ဘုန်းကြီးဦးစာရိတ္တနှင့်ဒကာများသည် အားတုံ့အားနာ ဖြစ်ကြရသောဟူ၏။

မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်အေးခိုင်မှ ကျန်းမာရေးကောင်းနေခြင်းကြောင့် "ဆရာတော်ဘုရားက လူကုမှ မခံဘဲ၊ နတ်ကုပဲ ခံနေတာကိုးဘုရား"ဟု လျှောက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်အေးခိုင်လျှောက်ထားသလိုမျိုးများ ဖြစ်နေသလား မသိ။ ကျန်းမာရေးမကောင်းလို့ဆိုင်ရာလူကြီးတွေကို အကြောင်းကြားတိုင်း လူကြီးတွေမလာမီ ကျန်းမာရေးက ကောင်းနေတတ်သည်ဟုသိရ၏။

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများ ပြန်သွားကြသောအခါ စောင့်ရှောက်သူတို့အား "နောက်ကို ဘယ်သူ့ကိုမှ ဒုက္ခမပေးကြနဲ့. ငါက (၂) ရက်ထက် မပိုတော့ဘူး" ဟု အတိအလင်း မိန့်ကြားတော်မူပါသည်။ ထိုအခါ ဦးကံရင်မှ "ဆရာတော်ဘုရား မပျံလွန်သေးပါဘူး။ အသက် ၁၂၀ နေရမှာပါဘုရား" ဟု အားပေးစကားလျှောက်ထားသောအခါ "အဲဒါ ဗေဒင်ဆရာပြောတာ၊ ငါပြောတာ မဟုတ်ဘူး၊ ငါအခုပြောတဲ့စကားကအမှန်" ဟုပြန်လည် မိန့်ကြားလိုက်ပါသည်။ ညပိုင်း (၈) နာရီအချိန်လောက်၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအဖွဲ့နှင့် ဒေါက်တာတို့ပါ ဒုတိယတစ်ခေါက် လာရောက်ကြည့်ရှုစောင့်ရှောက်ကြပါသေးသည်။

ညတွင် ကိုရင်များ ဝတ်ဖြည့်ပေးနေစဉ် စာကြိုးစားကြဖို့ ကောင်းကောင်းမွန်မွန် နေကြဖို့ဆုံးမစကားမိန့်ကြားပါသည်။

လာရောက်ကြည့်ရှု ဝတ်ဖြည့်နေသော ဦးပဉ္စင်းကြီး ဦးဉာဏိန္ဒအား



အဲဒီကုသိုလ်က အသံကောင်းတယ်" ဟုနေ့စဉ် တုံးခေါက်ရန်တာဝန်ရှိသော ဦးဉာဏိန္ဒအား မှာကြားပါသည်။

တပေါင်းလပြည့်ကျော် (၁၀) ရက်။

ထိုနေ့တွင် ကျန်းမာရေး သိပ်မကောင်းလှသော်လည်း သက်သာ သလိုလိုရှိနေ၏။

ယာဂုဆွမ်း စသည် သင့်လျော်ရာ အနည်းငယ်ဘုဉ်းပေးတော်မူနိုင်၏။

အနီးကပ် စောင့်ရှောက်ဝတ်ပြုနေသော ဘုန်းကြီး ဦးစာရိတ္တအား ဤသို့မိန့်ကြား ဆုံးမတော်မူသည်။

"အနောက်ကန်ကို သွားမနေနဲ့၊ ဝေါကိုလည်းမသွားနဲ့၊ ကျောင်းသားကိုရင်ကို ဂရုစိုက်၊ ပခုက္ကူနေနတ်သား ဆေးတိုက်မိသားစုနဲ့ မြိုင်က ဒေါ်ပြည့်တို့မိသားစုက ကျောင်းတိုက်အတွက် ကျေးဇူးများတယ်" ဟုမှာကြားသင်ပြဩဝါဒပေးတော်မူ၏။

တစ်ဖန်ညအခါတွင် စောင့်ရှောက်ကြည့်ရှု ဝတ်ပြုပေးနေကြသော ဦးစာရိတ္တနှင့်ဒကာများအား "နက်ဖြန် မွန်းတည့် (၁၂) နာရီကြရင် ခုတင်ပေါ်ခြင်ထောင်ဆင်ထား။ အာဂန္တုတွေလာလိမ့်မယ်။ ရေနွေးပွဲ အရန်သင့်လုပ်ထား" ဟုမိန့်မှာတော်မူပါသည်။

(၎င်းရက်တွင် ဆရာတော်၏ ခုတင်ပေါ်၌ ခြင်ထောင်ဖြုတ်ထားသည်မှာ သုံးလေးရက်ခန့် ကြာပြီဟုသိရသည်)

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးသည် မနေ့ကထက် ဤရက်တွင် အောက်ပါ နှစ်ဂါထာကို ပါဠိ အနက်ပါ မကြာမကြာသရဇ္ဈာယ်နေသည်ဟု ဦးစာရိတ္တနှင့်ပြုစုသူဒကာတို့က ပြောပြကြပါသည်။ (ဆရာတော်ကြီး ပွားများသော နှစ်ဂါထာကို ဦးစာရိတ္တက သိရှိမှတ်မိနေ၍ ရွတ်ဆိုပြကာ ကျမ်းညွှန်း ပေးလိုက်ပါသည်။

ဆရာတော်ကြီး မကြာမကြာ ပွားများဆင်ခြင်၍ နေသော နှစ်ဂါထာမှာ –

ယောစ ဝဿ သတံ ဇီဝေ၊ အပဿံ အမတံပဒံ။

ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။

(သဟဿဝဂ်၊ ကိသာဂေါတမီဝတ္ထု)

ယောစ – အကြင်သူသည်ကား၊ အမတံ ပဒံ – သေခြင်းကင်းသော နိဗ္ဗာန်ကို၊ အပဿံ အပဿန္တော – မမြင်ဘဲ ဝဿ သတံ – အနှစ်တစ်ရာကာလပတ်လုံး၊ ဇီဝေ – အသက်ရှည်ငြားအံ့၊ တတော – ထိုနိဗ္ဗာန် မမြင်သောသူ အသက်တစ်ရာ ရှည်ခြင်းထက်၊ အမတံ ပဒံ – သေခြင်းကင်းရာ နိဗ္ဗာန် ကို၊ ပဿတော – မြင်သောသူ၏၊ ဧကာဟံ – တစ်ရက်မျှ၊ ဇီဝိတံ – အသက် ရှည်ခြင်းသည်၊ သေယျော – မြတ်၏။

ယမကံ နာမရူ ဥဘော၊ အညော ည နိဿိတာ။

ဧကေသ္မိံ ဘိဇ္ဇမာနသ္မိံ၊ ဥဘော ဘိဇ္ဇန္တိ ပစ္စယာ။

(ဝိသုဒ္ဓိမဂ်)



ယမကံ နာမရူ ဥဘော – ရုပ်တရား၊ နာမ်တရား နှစ်ပါးအစုံသည်။ အညောညနိဿိတာ – အချင်းချင်း အမှီပြု၍ ဖြစ်ပေါ်ကြကုန်၏။ ဧကေသ္မိံ ဘိဇ္ဇမာနသ္မိံ – တစ်ခုသော ရုပ်ဝတ္ထု၊ တစ်ခုသော နာမ်သည် ချုပ်ပျက်ခဲ့သည်ရှိသော်။ ဥဘော ပစ္စယာ – နှစ်ပါးစုံသော ရုပ်နာမ်တရားတို့သည်။ ဘိဇ္ဇန္တိ – ချုပ်ငြိမ်းကြကုန်၏။

ထူးခြားနိမိတ်ပြ ခန္ဓာဝန်ချ

တပေါင်းလဆုတ် (၁၁) ရက်၊ သောကြာနေ့။

နံနက် (၆) နာရီအချိန် မြင်းမြို့ ဦးထွန်းရှိန်+ဒေါ်ချောမိသားစုမှ လာရောက်ဆက်ကပ်သော အရဏ်ဆွမ်းနို့ယာဂုဆွမ်းကို ဘုဉ်းပေးတော်မူ၏။ သြဝါဒစကားလည်း မိန့်ကြားတော်မူနိုင်သေးသည်။ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးညီညီနှင့် အတွင်းရေးမှူး ဦးမောင်မောင်နိုင်တို့ အဖွဲ့လည်း နံနက်(၈) နာရီလောက်က လာရောက် ကြည့်ရှုမေးမြန်းကြ၏။

မပျံလွန်မီရက်များတွင် မကြာခင် ပျံလွန်တော်မူမည့်အကြောင်း မကြာကြာ မိန့်ကြားလေ့ရှိ၏။

ဘုန်းကြီး ဦးစာရိတ္တနှင့် တကွသော ဂေါပကဒကာများသည် –

လဆုတ် (၉) ရက်နေ့က မိန့်ကြားသော ငါ နှစ်ရက်ထက် ပိုမနေရဘူး ဟူသောစကား။

www.burmeseclassic.com



လဆုတ် (၁၀) ရက်နေ့က မိန့်ကြားသော မနက်ဖြန် မွန်းတည့် (၁၂) နာရီးထိုးလျှင် ခြင်ထောင်ပြင်ထား ဟူသောစကား။ ဖေါ်ပြပါ စကားနှစ်ရပ်ကို သတိချပ်ပြီး မပြတ်မလပ် စောင့်ကြပ်နေကြ၏။

**နံနက် (၈) နာရီထိုးအချိန်**

ဆရာတော်ကြီး၏ ခေါင်းရင်း ဘုရားစင်မှ ပန်းအိုးတစ်လုံးသည် အောက်တမံသလင်းသို့ မမျှော်လင့်ဘဲ ရုတ်တရက် လဲကျလာ၏။ ပန်းအိုးမှာ ကွဲခြင်း၊ အက်ခြင်း လုံးဝမရှိ။ လေတိုက်ခြင်းကြောင့်သာ လဲကျတာဖြစ်လိမ့်မည်ဟု ထင်မှတ်ကြပါသည်။ လဲကျသော ပန်းအိုးကို ပြန်လည်ဆေးကြော၍ ဘုရားပန်းရှာပြီး ကပ်ရန်စီစဉ်နေစဉ် ဦးချစ်ဖုန်းဆိုသူ ဒကာကြီးက တောင်တောမှ တကူးတကန္တးယူ ခဲ့သော အင်ကြင်ပန်းခိုင်ကြီးကို လာရောက် လှူဒါန်း၏။

ပန်းအိုးဆေးနေစဉ် အတော်ပင်ဖြစ်၍ ဦးချစ်ဖုန်းလှူသော အင်ကြင်ပန်းဖြင့် ဘုရားရှင်အား ပြန်လည် ကပ်လှူထား၏။

**နံနက် (၁၀) နာရီအချိန်။**

ပြုစုစောင့်ရှောက်ကြသူ လာရောက်ကြည့်ရှု ဖူးမြော်ကြသူတို့ ညင်သာစွာ စကားစမြီပြောနေကြစဉ် သေချာစွာတင်၍ ပြန်လည်ကပ်လှူထားသော ဘုရားပန်းအိုးမှ အင်ကြင်ပန်းတို့သည် ဖွားခနဲ တစ်ပြိုင်တည်း အောက်သို့ကြွေကျပါလေတော့သည်။



ပန်းမခိုင် သဖြင့်ကြွေကျသလားဟူ၍ သိရအောင် ကြွေကျသောအခိုင်၏ ဘေးအထက်မှ ကျန်ခဲ့သော ပန်းပွင့်တို့အား အခက်ကို လှုပ်ခါကြည့်သောအခါ တစ်ပွင့်မှ ကြွေကျသွားခြင်း မရှိပေ။

ထိုအခါ အားလုံးစိတ်မကောင်းဖြစ်ကြပြီး နိမိတ်မကောင်းတော့ကြောင်းကို ရိပ်စားမိကာ မျက်နှာညှိုးကြကုန်လျက် မျက်ရည်စို့သူစို့ ကြကုန်လေတော့သည် ဟူ၏။

ဤအင်ကြင်းနိမိတ်သည် ထင်ရှားမှန်ကန်လှပေ၏။

နိမိတ်ဟူသည် ရှေ့ဖြစ်ပေါ်မည့် အကြောင်းအရာ၏ အမှတ်လက္ခဏာပင်ဖြစ်၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ခါနီးဆဲဆဲ သလွန်ညောင်စောင်း၌ လဲလျောင်းတော်မူနေစဉ် ဘုရားရှင်တန်ခိုးတော်ကြောင့် အင်ကြင်းပန်းတို့သည် အချိန်မဲ့ အခါမဲ့ ပင်လုံးကျွတ်ပွင့်ကြကုန်၏။

ထိုအင်ကြင်းပန်းတို့သည် မြတ်စွာဘုရားကို ပူဇော်သည့် အနေဖြင့် တစ်ပြိုင်တည်းပွင့်နေကြစဉ် ဘုမ္မစိုးနတ်တို့က အကိုင်းအခက်တို့ကိုလှုပ်ခါချ၍ အင်ကြင်းပန်းတို့ဖြင့် မပြတ်မစဲဖြန့်ကြဲပူဇော်ကြလေ၏။

ဤနည်းအတူပင် အရိယာနွယ်ဝင်ထေရ်ရှင် တစ်ပါးဖြစ်သော ကွမ်းတော တောရဆရာတော်ဘုရားအားလည်း အင်ကြင်းပန်းကိုဖြင့် ဖြန့်ကြဲပူဇော်သည့်အလားမှာ ထင်ရှားလှပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**နံနက် (၁၁) နာရီအချိန်။**

ဆရာတော်ကြီး၏ ရောဂါဝေဒနာသည် တစ်ဖြည်းဖြည်း ဖောက်ပြန်ဖောက်ပြန်လျက်ရှိနေချေပြီ။

သို့သော် နင်လား ငါလား အလူးအလဲခံနေရသည်တော့ မဟုတ်။ သတိလစ်ခြင်း၊ ညည်းညူခြင်း၊ တွေဝေခြင်းလည်း အလျှင်းမရှိ၊ ငြိမ်သက်လျက်ရှိလှသည်။

တစ်ခါတစ်ခါတွင်လည်း ယောစ ဝဿ သတံ ဇီဝေ စသော ဖော်ပြပါ နှစ်ဂါထာကိုလည်း ရွတ်လိုက်သေး၏။

ဘုန်းကြီး ဦးစာရိတ္တကိုလည်း ကိုရင်ကျောင်းသားတွေ စာကျက်ပေစေ့၊ အားထုတ်ကြဟု မိန့်ကြားကာ မေးစက်လျက် ငြိမ်သက်စွာ ရှုမှတ်နေပြန်၏။

**နေ့ (၁) နာရီတိတိအချိန်။**

ရွာသူရွာသားများအနေဖြင့် ဆရာတော်ကြီး ကျန်းမာရေး ဆိုးဆိုးဝါးဝါး မဟုတ်သဖြင့် ပျံလွန်တော်မူလိမ့်ဦးမည် မထင်၍ စုပြုံ ရောက်ရှိလာခြင်း မရှိကြ။ အနီးအနားၰ တပည့်ကြီး ဦးစာရိတ္တနှင့် ဦးပဥ္စင်း အရှင်ပညိဿရနှင့် ဂေါပကဒကာအချို့သာရှိနေကြ၏။ ထိုစဉ် —

"မင်းတို့အားလုံး အပြင်ဘက် ထွက်နေကြ၊ အပေါက်ပိတ်ထားခဲ့။ ထွက်ကြထွက်ကြ။ ကိုယ့်အလုပ်ကိုယ်လုပ်ကြ" ဟု စောင့်ရှောက်နေသူအားလုံး ကျောင်းလေးအပြင်သို့ ထွက်ခွာသွားကြရန် မိန့်ကြားတော်မူလိုက်၏။

မြတ်စွာဘုရားသည် ဟန္ဒဒါနိ ဘိက္ခဝေ စသောစကားတော်ဖြင့် ရဟန်းတော်တို့အား နောက်ဆုံးဩဝါဒ ပေးပြီးနောက်



တစ်ခွန်းတစ်ပါဒမျှ မိန့်ဟတော်မမူဘဲ ကာယကံ၊ ဝစီကံ၊ မနောကံ သက်သက်ဖြင့် ပရိနိဗ္ဗာန်ဝင်စံဖို့ရန် ပရိကံ ဘာဝနာစိတ် အလုပ်ကိုသာ ပြုလုပ်ပွားများအားထုတ်တော် မူဘိသကဲ့သို့ ဆရာတော်ကြီးသည်လည်း ပရိကံဘာဝနာ စိတ်အလုပ်ကိုသာ ပွားများအားထုတ်လျက် ငြိမ်သက်စွာ ရှုမှတ်နေတော်မူ၏။

မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်ခါနီးဆဲဆဲ အင်ကြင်းတောကြီး တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် ဖြစ်နေသလို မင်္ဂလာသိရီ ကျောင်းတိုက်ကြီး တစ်တိုက်လုံး အလိုအလျောက် အားလုံး တိတ်ဆိတ် ငြိမ်ကျသွားလျက် ရှိသည်ဟုဆို၏။

ဘုန်းကြီး ဦးစာရိတ္တနှင့် ပြုစုသူအချို့သည် မသိမသာ အပြင်ကနေ ကြည့်ရှု၍သာ နေကြပါ၏။

**နေ့ (၁) နာရီ (၃၅) မိနစ်အချိန်။**

ထိုအချိန်မတိုင်မီလေးတွင် သီတင်းသုံးရာ "သစ္စာသိရီ" တိုက်ကျောင်းလေးအတွင်းရှိ နာရီစက်သံလေးက တချက်ချက်နှင့် တဒက်ဒက်သွားနေ၏။ လက်တံကလေးများလည်း ကိုယ့်လုပ်အားနှင့်ကိုယ် လှုပ်ရှားနေကြ၏။

ဆရာတော်ကြီး၏ ဝင်လေထွက်လေ ရှုမှတ်နေဟန်သည်လည်း စက်သံနှင့်အတူ ဟန်ချက်ညီညီ ရှိသည်နှင့်တူ၏။ ကိုယ်စီတရားကိုသာ အားထုတ်အလုပ်လုပ်နေပုံ ရှိရှာ၏။

အချိန်အားဖြင့် (၁) နာရီ (၃၅) မိနစ် ဆီသို့ ဦးတည် ရောက်ရှိလာသည်နှင့် ဆရာတော်ကြီး၏ ထွက်သက် ဝင်သက်တို့သည်လည်း လုံးဝ ရပ်ဆိုင်းသွားပြီး ဝိညာဉ်တော်သည်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခ ခပ်သိမ်းချုပ်ပြတ်ငြိမ်းသည့် နိဗ္ဗာန်နန်းသို့ စံမြန်းသွားလေရော့ထင့်။

ခန္ဓာဝန်ကို မတွယ်တာ အပြီးအပိုင်သာ စွန့်ခွာတော်မူလေတော့ပြီတကား။ ။

ကြေးစည်သံ ထိုးမောင်းသံ အုန်းမောင်းသံ တို့သည်ကားကောင်းကင်ယံသို့ပါဆူညံလျက် အထက်ဘဝဂ်သို့ လျှံတက်ပျံ့နှံ့သွားသည်နှင့် တစ်ပြိုင်နက် နတ်ဗြဟ္မာတို့၏ ငိုသံပင်မကြားနိုင်လောက်အောင် တစ်ကျောင်းလုံး တစ်ရွာလုံး တစ်တောလုံးတို့၏ ငိုသံကား ဘဝဂ်လျှံအောင် သောသောညံသွားပါတော့သတည်း။

တစ်ကျောင်းလုံး၊ တစ်ရွာလုံး၊ တစ်တောလုံး၊ တစ်နယ်လုံးရှိ တပည့်ဒကာ ဒကာမတို့သည်လည်း ကြားရာအရပ်၌ပင်ချောက်ကမ်းပါးစောင်းမှ လဲလျောင်းကျသကဲ့သို့ လဲကျကုန်ကြကာ ပမ္မာစာရီ မြေလူးသည့် အရှုးပမာ ဖြစ်ကြရှာတော့သတည်း။

## ဆရာစွန့်ခွာ ဖြေမဆည်သာ

(ရစနာဂါထာ)

အနေက ဂုဏုပေတော၊ ခန္ဓမုရံ ပဟီနတော။

သောစနံ ရောဒနံစေဝ၊ အာသိဒါနိ အနိဿယော။

အနေက ဂုဏုပေတော – တစ်ပါးမက ကြီးမားလှဘိသီလစသည် ဂုဏ်အလီလီဖြင့် စုံညီကပ်ရောက် မင်္ဂဖိုလ်ပေါက်



အောင် အံ့လောက်ဖွယ်ရာ ကျင့်ကြံပါသော ကွမ်းတောရွာအသေ တောရမွေ့လျော် ဘဒ္ဒန္တ ပညာသိရီ မဟာထေရ်တော်ကြီးသည်။ ဒါနိ ဣဒါနိ – တစ်ထောင့်သုံးရာ ခြောက်ဆယ့်ပြည့်။ လ,ရက်အချိန်စစ်သော် ရွက်သစ်တွေပြောင်း မိန်တပေါင်းသို့ ရောက်ကြောင်း (၁၁) ရက်၊ နေ့ (၁) ချက်ကျော် စက်လက်ရွေ့လျားမိနစ်အားဖြင့် (၃၅) မှ ရောက်ငြား ကြိမ်လာ ညှိနှစ်ရာသီစက်နှာရီ အချိန်အခါ၌။ ခန္ဓမုရံ – အိုနာသေပွဲ တသဲသဲနှင့်ထပ်လဲခါခါ ထမ်းခဲ့ပါသော ခန္ဓာဝန်ကို။ ပဟီနတော – ဘဝချမ်းသာ မတွယ်တာဘဲ နောင်လာနဘမ်ရပ် စက်ဆုပ်လျက် စွန့်ထုတ်ပယ်တော်မူလေပြီ။ (တသ္မာ) ထိုသို့ ခန္ဓာစွန့်ခွာ တပည့်များစွာကို မတွယ်တာဘဲ မျက်နှာလွှဲ၍ ခွဲခွာကြွလှမ်း လွတ်ရာလမ်းသို့ကြွမြန်းလေသောကြောင့်။ သောစနံစေဝ – ကျန်ရစ်ခဲ့ရှာ တို့သူငါကို ဆရာဘုရားစွန့်ခွာထား၍ ကြွသွားလေခြင်း ပွေအခင်းဖြင့်ရင်တွင်း ကျိတ်ဆွေး စိတ်မအေးဖွယ် ပူဆွေးသောက အတောမသတ်အောင်ဖြစ်ရခြင်းသည်လည်းကောင်း။ ရောဒနံစေဝ – ဝိပလ္လာသ စိတ္တဇဖောက်ပြန် ယောက်ယက်ဆန်မှု နှုတ်သံမြွက်ချီခက်ရပြီဟု မျက်ရည်ယိုကျ တားမရအောင်ငိုရခြင်းသည် လည်းကောင်း။ အနိဿယော – တပည့်တို့မှာ မှီစရာမရှိ အမိ မဲ့သားရေနည်းငါးသို့ ကိုးစားခိုအောင်း အစဉ်ကောင်းအောင် လဲလျောင်းမှီရာ မရှိခြင်းသည်လည်းကောင်း။ အာသိ – ဆရာစွန့်ခွာ ကျန်ရစ်ရှာသူတို့ မျက်နှာမကြည် ဖြေဆည်မရ ငိုသူတို

www.burmeseclassic.com

www.burmeseclassic.com



တသူက,တ ဖြစ်ရပါတော့သည်ဘုရား။

## သတိသမ္ဗောဇ္ဈင်၊ ဤသို့ဆင်ခြင်

"သတိသမ္ဗောဇ္ဈင်ဖြင့်သာ၊ ဤသို့ဆင်ခြင်ပါ"

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံလတ်သည်နှင့် တစ်ပြိုင်နက် သဟမ္ပတိဗြဟ္မာကြီးသည် အောက်ပါဂါထာကို ရွတ်ဆိုပူဇော် ခဲ့သောအလားသို့ ယခုလည်း ထပ်မံ၍ ရွတ်ဆိုပူဇော်နေဦးမည်ထင့်။

သဗ္ဗေဝ နိက္ခိပိဿန္တိ၊
ဘူတာလောကေ သမုဿယံ၊
လောကေ အပ္ပဋိ ပုဂ္ဂလော၊
တထာဂတော၊ ဗလပတ္တော၊
သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။

ယတ္ထ လောကေ - ဖြစ်လျှင် ပျက်ရ အကြင်လောကကြီးထဲ၌။ သမ္ဗုဒ္ဓေါ - သစ္စာ ဉေယျ မမွှခပင်း လင်းလင်းထင်ထင် ကိုယ်တော်တိုင် သိမြင်တော်မူသော။ ဗလပတ္တော - ကာယဉာဏ ဗလ စွမ်းဟုန် အားဆယ်စုံနှင့် ကုံလုံပြည့်ဝတော်မူသော။ အပ္ပဋိပုဂ္ဂလော - နိုင်းပြိုင်စံယှဉ် ပုဂ္ဂိုလ်တူ ရှိတော်မမူသော။ သတ္ထာ - လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာသခင် ဦးထိပ်တင်ကြီးဖြစ်တော်မူသော။ ဧတာဒိသော တထာဂတော - ဤသို့ရှုအပ် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသော်မှ။ ပရိနိဗ္ဗုတော -



ပရိနိဗ္ဗာန်ဝင်စံရတော်မူသေး၏။ တတ္ထလောကေ - ဖြစ်လျှင် ပျက်ရ ထိုလောကကြီးထဲ၌။ သဗ္ဗေဝ ဘူတာ - ရှိသမျှ ဥဿုံ သတ္တဝါအလုံးစုံတို့သည်ပင်လျှင်။ သမုဿယံ ရုပ်နာမ်အစုဟူသော ဤခန္ဓာကိုယ် အတ္တဘောကို။ နိက္ခိပိဿန္တိ - စုတိတိုင်လစ် ထိုခေတ်ချိန်ဝယ် စွန့်ပစ်ကြရကုန်လိမ့်မည်တကား။

ဤသို့ သဟမ္ပတိဗြဟ္မာကြီးက ပူဇော်ဟန်ရှိခဲ့သော် သိကြားမင်းသည်လည်း ထို့အတူ အောက်ပါဂါထာဖြင့် တစ်ဖန် ထပ်၍ ပူဇော်ပေလိမ့်မည်။

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒ ဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။

သင်္ခါရာ - တေဘူမက သင်္ခါရတို့သည်။ ဝတ - ဧကန္တေန-စင်စစ်ဧကန် အမှန်အားဖြင့်၊ အနိစ္စာ-အမြဲမရှိကြကုန်။ ဥပ္ပါဒဝယဓမ္မိနော - ဖြစ်လျှင်ပျက်ခြင်း သဘောရှိကုန်ကြကုန်၏။ တေသံ - ထိုတေဘူမက သင်္ခါရတို့၏၊ ဝူပသမော - ချုပ်ငြိမ်း ရာမှန် မဟာအသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်သည်။ သုခေါ - ချမ်းသာဧကန် စင်စစ်မှန်ပေတကား။

ဆရာတော်ဘုရားကြီး၏ တပည့်ဒကာ ဒကာမတို့သည် ဖော်ပြပါ သံဝေဂဂါထာတို့၌ ဖွဲ့နှံ့သက်ဝင်ကာ အဖန်ဖန်အခါခါ ဆင်ခြင်ပါမှ သောကပရိဒေဝ အထိုက်အလျောက် ပြေပျောက်၍ သက်သာရာ ရောက်စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ ကျေးဇူးရှင် ဦးဆရာတော် ဘုရားကြီးကလည်း

ရုပ် ခယ မွေ့န အနိစ္စံ။

ရုပ် ဘယ မွေ့န ဒုက္ခံ။

ရုပ် အသာရကမွေ့န အနတ္တာ။

ဟူ၍ အမြဲတမ်း လက်သုံးထား၍ ဟောဖော်တော်မူခဲ့သည် မဟုတ်ပါလော။

**သနားစရာငှက်ငယ်**

လတာပေါင်းသည်ကား ရွက်ဟောင်းတွေညောင်း ရွက်သစ်တွေပြောင်း၍ သစ်ပင်ပေါင်းထွေလာ တောတောင်အဖြာဖြာကို မြစိမ်းရောင်ခြယ်သဖို့ တာစူနေစ နွေလရာသီ။

ရှင်နေမင်းက အရှိန်ပြင်းပြင်း ဖွတ်အတင်းဖြင့် အလွန်အမင်း ခန္ဓာညှဥ်းနေသည့်အချိန်။

ထိုလရာသီအချိန်နာရီတွင် ရွက်ဟောင်းကြွေကျ မြေခလျက် မြင်နေရသည်ကိုလည်း ဘဝင်မလှ မဖြစ်ရပါ။

ရှင်နေမင်းက အရှိန်ပြင်းပြင်းနှင့် အလွန်အမင်းညှဥ်းနေသည်ကိုလည်း ရင်တွင်းက မပူပြင်းလှပါ။

တို့ကြည်ညိုအားထားရာ ကွမ်းတောဆရာတော်ကြီး ဓိဝိန်ခကြွေကျ ခန္ဓာဝန်ချလျက် ဖူးမြင်ရသည်ကို အထူးဘဝင်မလှဖြစ်ရပါသည်။



တန်ခိုးတေဇော်ကြီးတော်မူသော တို့ဆရာတော်ကြီးအား မရဏာမင်း ရက်ရက်စက်စက်ညှဥ်းလိုက်ခြင်းသည်ကား နေမင်းတစ်ရာ ပူပင်းတာထက် ခံရခက်လှပါသည်။

တို့နှင့်အတူတူ ဗလောင်ဆူအောင် နေပူခေါင်ခေါင်တွင် ကျောင်းတိုက်တောင်ဆိက အော်ကာဟစ်ကြွေး ငိုသံပေးနေသည့် ဥဩကလေးကလည်း တစာစာ။

တို့ထေရ်ဆရာ တောကျောင်းသို့ ကြွအလာကိုမျှော်ကာ အော်၍ အော်၍ ငိုနေရှာရော့ထင့်။

ဥဩငှက်ကလေးက ငိုကာငိုကာ အသံသာသာ အော်နိုင်သော်လည်း အသံသာသာ မအော်နိုင်ရှာသော ဖြူပြာနက်ဝါရောင်စုံဖြာသော ငှက်ငယ်လေးတစ်ကောင်သည် အနီးကပ်အားရအောင် ဖူးမြော်နေချင်သည့်ဆန္ဒပြင်းပြနေပေ၏သို့။

ဥဩငှက်နီးပါးအရွယ်အဆင်းမျိုးစုံ လှပတင့်တယ်သော ငှက်ငယ်လေးတစ်ကောင်သည် ဆရာတော်ကြီး ပျံလွန်တော်မမူမီ တစ်လအလိုလောက်ကပင် ဆရာတော်ကြီး သီတင်းသုံးရာကျောင်းလေး၏အဝင် ထုပ်တန်းပေါ်တွင် လာရောက်၍ ဆရာတော်ကြီးဘက် ဦးခေါင်းလှည့်ကာအိပ်လေ့ရှိပါသတတ်။

ထိုငှက်ကလေးသည် ညအခါတွင် မည်သူမဆို ငြိမ်သက်စွာ အဖမ်းခံ အကိုင်ခံ၏။

www.burmeseclassic.com



နေ့အခါတွင် အနီးအနားတစ်ဝိုက်၌သာ ပျံလိုက်နားလိုက် ခေါင်းတဆတ်ဆတ်နှင့် ရှိနေတတ်သည် ဆို၏။

ဤငှက်ကလေး၏ ဖြစ်အင်ကို အများကပင် မြင်ကြရ၍ ဓာတ်ပုံမှတ်တမ်းပင် တင်ထားကြ၏။

ငှက်ကလေးသည် ဆရာတော်ကြီး ပျံလွန်သောနေ့မှစ၍ ဆရာတော်ကြီး ရုပ်ကလာပ်တော် အမြဲပူဇော်ထားရှိမည့် ဗိမာန်ဆီသို့ပြောင်းရွှေ့ကာ ဗိမာန်ခေါင်းရင်းပိုင်း ဘေးတစ်နေရာ၌ ဦးခေါင်းတော် ထားရှိမည့်ဘက်သို့သာ လှည့်၍သွားရောက်အိပ် အိပ်တန်းဝင်ပြန်၏။

ရုပ်ကလာပ်တော် **ဂူဗိမာန်ပေါ်** ရွှေ့ပြောင်းအပူဇော်ခံသော နေ့မှစ၍ နေ့ရော ညဥ့်ပါ ဖူးမြော်သူမစဲ တသဲသဲရှိလေသောကြောင့် ဘယ်သို့ ဘယ်ဆီ ပျံသွားလေသည် မသိ။ သနားပါဘိ ငှက်ငယ်**ကလေး**ရယ် . . . ။

ယင်းငှက်**ကလေးသည်** **ဘုရားရှင်ကိုယ်တော်မြတ်ကြီး** ဝေဒိသကတောင် **ဣန္ဒသာလဂူ၌ သီတင်းသုံး**တော်မူစဉ် ခင်ပုတ်ငှက်တစ်ကောင်သည် ဘုရားရှင်ကို **ဖူး**မြင်ရရုံနှင့် အလွန်ကြည်ညိုလှသောကြောင့် ဘုရားဆွမ်းခံကြွလျှင်လည်း လမ်းထက်ဝက်လောက်မှလိုက်၍ ဖူးမြော်၏။ ဆွမ်းခံပြန်ကြွလာလျှင်လည်း လမ်းထက်ဝက်လောက်မှ ဆီးကြို၍ဖူးမြော်၏။ ညနေချမ်းအခါ **ရဟန်းအပေါင်း**နှင့်တကွ မြတ်စွာဘုရားထိုင်နေစဉ် အတောင်တို့



ကို လက်အုပ်ချီသလိုဖြန့်၍ ဦးခေါင်းညွှတ်လျိုး ရှိခိုး၍ကြည်ညိုလေ့ရှိသော ခင်ပုတ်ငှက်ငယ်၏သို့ ကြည်ညိုဘိလေတကား။

(မူ၊ ပဏ်၊ ၄၁)

**အပုပ်နံ့မပေါ် ရုပ်ကလာပ်တော်**

ဆရာတော်ကြီး ခန္ဓာဝန်စွန့်တော်မူသော သတင်းသည် တမုဟုတ်ခြင်း ပျံ့နှံ့သွားသည်နှင့် ဟိုမှသည်မှ ရဟန်းရှင်လူ**အရပ်**ရပ်တို့ လာကြ မေးကြ နှမြောတသကြ၏။

မြိုင်မြို့မှ မ.ယ.က အဖွဲ့နှင့်ဌာနဆိုင်ရာ ပုဂ္ဂိုလ်များ လာရောက်ဖူးမြော်ကြည့်ရှု အားပေးအကြံပြုကြ၏။

"အကြောင်းမလျော်၊ သုံးရက်ကျော်က၊ ပုပ်စော်ညှီနံ့၊ ရန့်တွေပြန့်သို့" ဟူသော လယ်တီဆရာတော် ဘုရားကြီး၏ သံဝေဂလင်္ကာနှင့်အညီ ပုထုဇဉ်မှန်သမျှ (၃) ရက်ကကျော်လျှင် ပုပ်စော်ညှီနံ့နံ၍ မည်သူမျှ အနားသို့မကပ်လိုကြပေ။

ဆရာတော်ကြီး ခန္ဓာဝန်ချပြီးနောက် (၃) ရက်မြောက်နေ့တွင် ဆေးမသွင်းဘဲ ထားခြင်းကြောင့် အပုပ်နံ့များ ထွက်လာလေဦးမလား? မထွက်ဘဲများ ရှိလေတော့မလား? ဟူ၍ ဝေခွဲမရ သို့လော၊ သို့လော ဖြစ်နေကြသည်။

**ခန္ဓာဝန်စွန့်ပြီး (၃) ရက်နှင့်လည်းအနံ့မထွက်**

ဤဒေသ ဤရာသီတွင် သာမန်အားဖြင့် (၂) ရက်လောက်နှင့်ပင် အနံ့ထွက်လေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



(၄) ရက် (၅) ရက်ဆို အပုပ်နံ့ တလှိုင်လှိုင်နဲ့ မခံနိုင်အောင်များဖြစ်နေမလား ဆိုသူများကလည်း ရင်တဖိုဖို။

(၄) ရက် (၅) ရက် လွန်မြောက်သော်လည်း မည်သည့်အနံ့မှ မရောက်။

(၄) ရက်မြောက်နေ့တွင် မြို့နယ်မှူး ဦးသိန်းဇော်နှင့်ဒေါက်တာဒေါ်ခင်အေးခိုင်တို့ကလည်း အကဲခတ်လေ့လာ စမ်းသပ် ကြည့်ရှု ဖူးမြော်ခြင်း ပြုကြ၏။

ရုပ်ကလာပ်တော်အား မပုပ်နိုင်တော့ကြောင်း အားပေးစကားပြောကြားသွားကြ၏။

ပခုက္ကူ ခ.ယ.က ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်စိုးနှင့်အဖွဲ့ကလည်း လာရောက်ဖူးမြော်ကြပြီး ဆေးထိုးခြင်း၊ ပြုပြင်မွမ်းမံမှုများ အရမ်းမလုပ်ကြရန်နှင့် ဖြစ်ပေါ်မှုအခြေအနေ၊ ထူးခြားလာမှုအခြေအနေတို့ကို နေ့စဉ်နေ့စဉ် အစီရင်ခံစာ တင်ပြရန်ကျေးရွာ ရ .ယ .က ဥက္ကဋ္ဌဦးဘိုးချောအား တာဝန်ပေးထားခဲ့၏။ စိစဉ်ညွှန်ကြား အားပေးစကားပြောကြား သွားကြ၏။

ဆရာတော်ကြီးကလည်း ပျံလွန်လျှင် ဘာမှမလုပ်ကြနဲ့ဂူဗိမာန်ပေါ်တွင် သွားတင်ထားလိုက်ကြဟု အမိန့်ရှိထားခဲ့သောကြောင့် ဂေါပကအဖွဲ့မှလည်း ခန္ဓာကိုယ်မပုပ်ဆေးသွင်းခြင်း၊ ဝမ်းခွဲခြင်းများ မပြုလုပ်ရဲကြချေ။



ထို့ကြောင့်ဖြစ်သောအကြောင်းအရာ ထူးခြားမှုရှိသောမရှိသော အကြောင်းအရာမှန်သမျှ မြို့နယ်၊ ခရိုင်ဌာနဆိုင်ရာအကြီးအကဲများ သိရှိကြပြီး ဖြစ်ပေသည်။ ထို့ကြောင့် ဤထေရုပ္ပတ္တိ ရေးသားပြုစုရာတွင် ထူးခြားဖွယ်ရာဖြစ်ရပ်များနှင့်စပ်လျဉ်း၍ အပိုလုပ်ကြံရေးသားခြင်း မပြုလုပ်နိုင်တော့ရာဟုမှတ်ထင်ယူဆကြလိမ့်မည်ဟု ယုံကြည်ပါသည်။

(၅) မြောက်နေ့က ရုပ်ကလာပ်တော်၏ ခြင်ထောင်ကိုအပြောင်းအလဲပြုလုပ်လိုက်ကြ၏။ ယင်းအခိုက် ယင်နှစ်ကောင်ခိုဝင်လိုက်သည်ကို မည်သူမျှသတိမမူမိကြချေ။

ထိုနေ့တွင် ဖူးမြော်သူမစဲ တသဲသဲရှိနေသည့် ကြားထဲတွင်အမျိုးသမီးငယ်တစ်ယောက်က ကြည်ညိုသဒ္ဓါဖြင့် ရေမွှေးပက်ဖျန်းနေသည်ကို မြင်လိုက်ရ၍ ဂေါပကအဖွဲ့မှ တားမြစ်လိုက်ရသေးသည့်။

(၆) ရက်မြောက်နေ့တွင် ရုပ်ကလာပ်တော်မှ ထူးခြားမှုမပေါ်သေးသော်လည်း (၇) ရက်မြောက်သောနေ့တွင် မူလပကတိအခြေအနေမှ ဖောက်ပြန်လျက် ရှိလာပေပြီ။ အနံ့ဆိုးမထွက်သော်လည်း အနည်းငယ် ဖူးဖူးရောင်လျက် ရှိလာ၏။

ထိုအခါ စစ်ဆေးကြည့်ရှုရာ ယင်ကောင်ဝင်ရောက်စားသောက်သော နေရာ၌ ပိုးလောက်များကျသည်ကို တွေ့ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ထိုနေရာတွင် ပိုးသတ်ဆေးရည်ကို သုတ်လိမ်းကြရသောဟူ၏။

ထို့ကြောင့် (၈) ရက်မြောက်နေ့တွင် ပိုး၍ဖူးဖူးရောင်ကာ အပုပ်နံ့မဟုတ်သော လစ်ပိုဗီတန်အနံ့မျိုးလို ထွက်နေသည်ဟူ၍ ကျောင်းအုပ်ဆရာကြီး ဦးမြင့်သောင်းက ရှင်းပြလိုက်၏။

(၉)ရက်မြောက်နေ့တွင် အမြင်မတော်သလိုပင်ဖြစ်၍ မှန်ခေါင်းတော်ကိုဆင်ပြီး ဂူဗိမာန်ကျောင်းတွင် ပြောင်းရွှေ့အပူဇော်ခံထားရလေ၏။

စိုးရိမ်ကြီးစွာဖြင့် မှန်ခေါင်းနှင့် ဂူဗိမာန်ကို အလုံပိတ်ထားကြပြန်၏။ ထို့ကြောင့် မှန်ခေါင်းအတွင်းမှ ချွေးပြန်နေပြီး လူသေကောင် အပုပ်နံ့ကဲ့သို့သော အနံ့မျိုးမဟုတ်။ ချွေးရနံ့ အစေးရနံ့၊ သွေးရနံ့၊ ဆေးရနံ့ တို့ဖြင့်ရောထွေးယှက်နွယ်သော အနံ့မျိုးများ ထွက်ပေါ်လာကြပါသည်။

ထိုအခါကျမှ မှန်ခေါင်းတော်နှင့် ဂူဗိမာန်လေပေါက်ဖွင့်ပေးထားလိုက်သောအခါ အသားအရည်စစ်ကျသွားပြီး အနံ့သည်း ပျောက်ကွယ်သွားပါတော့သည်။

ယခုအချိန်အထိ ဆေးမသွင်း အနံ့ကင်းလျက် သန့်ရှင်းစွာ အပူဇော်ခံလျက်ရှိနေပါသည်။

## ရောင်တော်ကွန့်မြူးပူဇော်

ဆရာတော်ကြီး ရုပ်ကလာပ်တော်အား အပူဇော်ခံရာ ဗိမာန်ကျောင်းတော်၌ ညစဉ်ညစဉ် အမျိုးသမီး ဓမ္မစကြာဝတ်



အသင်းများမှ ဓမ္မစကြာဒေသနာများဖြင့် ရွတ်ဆိုပူဇော်ကြခြင်း။

ရဟန်းသာမဏေများနှင့် တပည့်လူငယ်အဖွဲ့တို့မှ ပဋ္ဌာန်းဒေသနာတော်များဖြင့် ရွတ်ဆိုပူဇော်ကြခြင်း စသောဓမ္မပူဇာဖြင့် ပူဇော်ကြပါသည်။

ထိုသို့ ပူဇော်စဉ် (၁၁) ရက်မြောက်သော တန်ခူးလဆန်း (၅) ရက်နေ့ည ၉ နာရီ ၃၀မိနစ် အချိန်တွင် ဆရာတော်ကြီး၏ တောရကျောင်းစေတီမှသည် ရွတ်ဖတ်ပူဇော်ရာအနီးရှိ ရှစ်မျက်နှာစေတီသို့ ရောင်ခြည်တော်ဟု ခေါ်ဆိုကြသော အလင်းရောင် အလုံးအဝန်းကြီး တစ်ခုသည် ပျံသန်းကွန့်မြူးလာကာ စေတီတော်ထီးတွင် စက္ကန့် (၃၀) မျှရပ်တန့်ပြီး ကန်မဘုရားစေတီသို့ တစ်ဖန် ဆက်လက်ကွန့်မြူးပျံသန်း သွားသည်ကို ရွာသူရွာသားအများပင် ဖူးမြင်လိုက်ကြရ၏။

၁၃၆၁ ခုနှစ်၊ နယုန်လပြည့်နေ့ ထီးဖြူတော်ဖွင့် (အခန်းဖွင့်)ပွဲညတွင် မန္တလေးမြို့၊ မစိုးရိမ်တိုက်၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရဓမ္မကထိကအကျော် နာယကဆရာတော် ဘဒ္ဒန္တသာဂရာ ဘိဝံသ မဟာထေရ်မြတ် တရားဒေသနာ ချီးမြှင့်တော်မူစဉ် ဂူဗိမာန်ကျောင်းတော်ဘက်ဆီမှ ဘွားခနဲ ပေါ်ထွက်လာသောအလင်းရောင်လုံးကြီးသည် ရွှေဂူစေတီဆီသို့ (အရှေ့မှအနောက်) ပျံသန်းကွန့်မြူးသွားသည်ကို ပရိယာဝစ္စအဖွဲ့နှင့်တရားနာပရိသတ်အချို့ မြင်တွေ့လိုက်ကြရသည်ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com



ရောင်ခြည်တော် ရှင်းလင်းချက်။ ။ စေတီတစ်ဆူမှ တစ်ဆူသို့ ဤသို့အလင်းရောင်လုံး အလင်းရောင်တန်းကြီး လွှတ်တတ်ပါသည်။ ဤသည်ကို ရောင်ခြည်တော်လွှတ်သည်ဟု ခေါ်ဝေါ်သုံးစွဲလျက် ရှိကြပါသည်။ အမှန်မှာ ရောင်ခြည်တော် မဖြစ်နိုင်ပါ။

ရောင်ခြည်တော်ဟူသည် ဘုရားရှင်ကိုယ်တော်မြတ်တို့သာ အကြောင်းရှိမှ ထွက်ပေါ်ကွန့်မြူးပါသည်။ ရောင်ခြည်တော်၏အရောင်မှာလည်း အပြာရင့်ရောင်၊ အဝါရင့်ရောင်၊ အနီရင့်ရောင်၊ အဖြူရောင်၊ ပန်းနုရောင် (ပြာ၊ ဝါ၊ နီ၊ ဖြူ၊ ပန်းနု ငါးမျိုးရောသော) တစ်ခဲနက်ပြိုးပြက်သော အရောင်ဟူ၍ အရောင်ခြောက်မျိုးဖြစ်ပါသည်။ ထိုခြောက်မျိုးလုံးဖြင့် ကွန့်မြူးပူဇော်တော်မူသလို တစ်ခါတရံ တစ်မျိုးတည်းသာလည်း ကွန့်မြူးပါသည်။

စေတီတစ်ဆူမှ တစ်ဆူသို့လွှတ်သော အရောင်မှာ ယေဘုယျအားဖြင့် အဝါရင့်ရောင်တစ်မျိုးသာ ဖြစ်သည်။ တန်ခိုးပြာဋိဟာပြခြင်းသာ ဖြစ်နိုင်သည်။

အဘယ်ကြောင့်ဆိုသော် မိလိန္ဒပဉှာ၊ စေတိယပါဋိဟာရိယကဏ္ဍ၌ ဤသို့ပြဆိုထားပါသည်။

သုံးယောက်သောပုဂ္ဂိုလ်တို့တွင် တစ်ယောက်သောပုဂ္ဂိုလ်က အဓိဋ္ဌာန်ပြုခြင်းဖြင့် စေတီတော်၌ တန်ခိုးပြာဋိဟာ သည် ဖြစ်၏။



၁။ သာသနာတော်၌ ရဟန္တာပုဂ္ဂိုလ်သည် နတ်တို့အား အစဉ်သနားသဖြင့် ငါ၏စေတီတော်၌ ဤသို့သောတန်ခိုးပြာဋိဟာသည် ဖြစ်စေသတည်း ဟုအဓိဋ္ဌာန်ပြု၏။ အဓိဋ္ဌာန်ပြုသောအတိုင်း စေတီတော်၌ တန်ခိုးပြာဋိဟာသည်ဖြစ်၏။

၂။ တစ်ဖန်နတ်တို့သည် လူတို့အား အစဉ်သနားသဖြင့် ဤသို့သော တန်ခိုးပြာဋိဟာဖြင့် သူတော်ကောင်းတရားသည် ပြည့်စုံစွာအစီးအပွားဖြစ်လတ္တံ့။ လူတို့သည်လည်း ကြည်ညို ကုန်သည်ဖြစ်၍ ကုသိုလ်ကောင်းမှုကို ပွားများကုန်လတ္တံ့။ ဟုနတ်တို့ အဓိဋ္ဌာန်သောအတိုင်း စေတီတော်၌ တန်ခိုးပြာဋိဟာသည်ဖြစ်၏။

၃။ တစ်ဖန်သဒ္ဓါတရားနှင့် ပြည့်စုံသော ပညာရှိပုဂ္ဂိုလ်တို့သည် နံ့သာ၊ ပန်း၊ ပုဆိုး တစ်စုံတစ်ခုကို အဓိဋ္ဌာန်သစ္စာပြု၍ ဤသို့သော တန်ခိုးပြာဋိဟာ ပြပါစေသတည်းဟု စေတီ၌ တင်ထား၏။

ထိုသို့သော သဒ္ဓါကြည်ညိုသော လူတို့၏အဓိဋ္ဌာန်သစ္စာ ပြုသောအစွမ်းဖြင့် စေတီတော်၌ တန်ခိုးပြာဋိဟာသည် ဖြစ်၏။

ထို့ကြောင့် စေတီတော်၌ တန်ခိုးပြာဋိဟာ ရောင်တော်ဖြင့် ကွန့်မြူးပူဇော်ခြင်းသာ ဖြစ်နိုင်၏ ဟူ၍ယူဆပါသည်။

## ရဟန္တာဖြစ်နိုင် မဖြစ်နိုင်

ဖော်ပြပါ ထူးခြားဖွယ်ရာ အကြောင်းအရာများစွာကို လေ့လာဖတ်ရှုကြသော စာကြည့်ပရိသတ်အပေါင်းတို့ –

www.burmeseclassic.com

www.burmeseclassic.com



ကွမ်းတော တောရဆရာတော်ကြီးအား ရဟန္တာ ဆရာတော်ဟု သမုတ်ကြကာ ထင်ရှားကျော်ကြားတော်မူခဲ့ပါသည်။

ထိုသို့ သမုတ်ခံရခြင်းသည်လည်း သာမညကျင့်ကြံရုံ၊ သာမည ထူးခြားရုံမျှဖြင့် သမုတ်ကြမည်မဟုတ်ပေ။ ဖြစ်သင့်ဖြစ်ထိုက်၊ ဟုတ်သင့်ဟုတ်ထိုက်၍သာ သမုတ်ကြခြင်း ဖြစ်နိုင်ပေသည်။

ရွက်ကြမ်းရေချိုလုရုံနဲ့ လုသည်ဟု မဆိုနိုင်ပေ။ အများလက်ခံနိုင်လောက်အောင် လုသူကိုမှ ချောမောလှပ သူတစ်ယောက် အဖြစ်သို့ သတ်မှတ်ကြသကဲ့သို့ပင်ဖြစ်ချေသည်။

ကွမ်းတောဆရာတော်ကြီးသည်ကား တော်ရုံတန်ရုံကျင့်ခဲ့သည်မဟုတ်။

တော်ရုံတန်ရုံ ထူးခြားခဲ့သည်လည်း မဟုတ်။

နှစ်ပေါင်း (၄၇) နှစ်ခန့်မျှ တောရဆောက်တည် ကျင့်သုံးခဲ့ပေသည်။

ထူးခြားဖွယ်ရာ အဖြာဖြာကို မျက်မြင်ကြုံကြုံ ဖူးခဲ့ကြရပေပြီ။

ထူးခြားဖွယ်ရာ အကြောင်းအခြင်းအရာ အဖြာဖြာကိုလည်း လက်တွေ့ကျကျ လေ့လာစုဆောင်း စုပေါင်း၍ တင်ပြအပ်ခဲ့ပြီးပါပြီ။

သို့သော် ဤစာအုပ်တွင် လက်လှမ်းမီသမျှနှင့် အဓိကကျရာလောက်သာ ဖော်ပြထားခြင်း ဖြစ်ပါသည်။



သို့ပါ၍ ဖော်ပြပါ အကြောင်းဖြစ်ရပ် အတ္ထုပ္ပတ္တိမှဖြင့် စာဖတ် ပရိသတ် ဝေဖန်သုံးသပ် ဆုံးဖြတ်ရန်သာ ဖြစ်ပါသည်။

ပျံလွန်ချိန်အထိ သတိလက်လွတ် ကင်းမှုမရှိခြင်း။ ညည်းညည်းညူညူ မရှိခြင်း၊ တောင့်တင်းခြင်း မရှိဘဲ ကွေ့ဆန့်၍ ရရှိခြင်း။

ရုပ်ကလပ်တော် ပုပ်စော်မနံခြင်း။

ဆေးမသွင်းဘဲ ရုပ်ကလာပ်တော် ရှိရွဲမကျခြင်း။ သာမည ပုဂ္ဂိုလ်ဖြစ်ပါမူ ဆေးမသွင်းက (၇) ရက်အတွင်း ရှိရွဲကျကုန်ရာ၏။

ပျံလွန်ခါစ ဖူးကြလာကြသူမစဲ တသဲသဲရှိစဲတွင် မပုပ်ဆေးသွင်းပါက ဗူးတစ်ရာပိတ်က လုံနိုင်၏။ ပါးစပ်တစ်ပေါက်ပိတ်၍ မလုံနိုင်ရာ။

ဌာနဆိုင်ရာ ပုဂ္ဂိုလ်များလည်း လာရောက်စစ်ဆေးကြည့်ရှု ဖူးမြော်ကြပြီးဖြစ်၏။

မြန်မာပြည်၌ ပုဂ္ဂိုလ်ထူးများစွာ ပေါ်ပေါက်ပါသည်။ ဤကဲ့သို့ ကျင့်ကြံအားထုတ်သော ပုဂ္ဂိုလ်များ မပုပ်မသိုးကြောင်း ကြားသိကြရ ဖူးတွေ့ကြရပါသည်။

ဤသို့သော မပုပ်မသိုး ပုဂ္ဂိုလ်မျိုးကို သုတ္တနိပါတ်၊ အဋ္ဌကထာ ပထမအုပ်၊ အာမဂန္ဓသုတ်တွင်

"နိုက္ကိလေသာနံ မတသရီရမ္ပိ ဒုဂ္ဂန္ဓံ နဟောတိ"

www.burmeseclassic.com



ကိလေသာကင်းသော ပုဂ္ဂိုလ်တို့၏ သေပြီးသောခန္ဓာကိုယ်သည်လည်း မကောင်းသော အနံ့သည်မဖြစ်ဟူ၍ ဖွင့်ပြထားပါသည်။

သေသောခန္ဓာကိုယ်မှ မကောင်းသောအနံ့ မထွက်လျှင် ကိလေသာကင်းစင် ရဟန္တာပင် ဖြစ်တော့၏။

သို့သော်ရဟန္တာဟူကသေလျှင်မပုပ်ပွတော့ဘူးလား ဟူ၍ မေးဖွယ်ရာရှိပါသည်။

ထိုသို့ချည်းမဟုတ်ပါ။ သတ္တဝါမှန်သမျှ အပုပ်ကောင် အတိသာ စင်စစ်ကေန် ဖြစ်ပါ၏။

အဘိညာဉ်သမာပတ်ကို ရထားသော ရဟန္တာများမှာ အဘိညာဉ် တန်ခိုးဖြင့် စိတ်အလိုရှိသလို အလိုရှိသလောက် အဓိဋ္ဌာန်ပြုခဲ့ပါမူ မပုတ်မသိုးဘဲ ရှိပါသည်။

ကွမ်းတောဆရာတော်ကြီး မပျံလွန်မီ (၂) ရက်အလို၌ ဆရာဝန်တွေ သွားမခေါ်နဲ့တော့ ငါ (၂) ရက်ထက် မပိုတော့ဘူးဟူသော စကား။

ပျံလွန်တော်မူခါနီး (၁) ရက်အလို၌ မနက်ဖြန် မွန်းတည့် (၁၂) နာရီထိုးလျှင် ခုတင်ပေါ် ခြင်ထောင်ဆင်ထား ဟူသော စကား။

ပျံလွန်တော်မူခါနီး နာရီဝက်အလို အားလုံးအပြင်ထွက်နေကြရန်စသော စကား။



ဤမိန့်ကြားချက်တို့ကို ထောက်ကြည့်လျှင် ပျံလွန်မည့်နေ့ ရက် အချိန်တို့ကို သိနေပြီးဖြစ်သည်ဟု မှတ်ယူရမည်သာ ဖြစ်သည်။

အရှင်အာနန္ဒာ မထေရ်မြတ်ကြီးသည် သက်တော် (၁၂၀) ပြည့်တော်မူသောအခါဝယ် ငါသည်ဤမှနောက် (၇) ရက်မြောက်လျှင် ပရိနိဗ္ဗာန်ပြုမည်ဟု ကြိုတင်မိန့်ကြားထား၏။ (၇) ရက်မြောက်သောနေ့သို့ရောက်သောအခါ ရောဟဏီမြစ်၏ ဟိုမှာဘက်ကမ်း ဒီမှာဘက်ကမ်းမှာ နေကြသော ဒကာ ဒကာမတို့အား ဓာတ်တော်ကို သူရထိုက်သည်၊ ငါရထိုက်သည်ဟု အငြင်းမပွား၊ ရန်မများကြစေရန် ထန်းပင် (၇) ဆင့်မြင့်သော ကောင်းကင်သို့ ပျံတက်၍ ငါ၏ခန္ဓာကိုယ်သည် တစ်ဖက်တစ်ခြမ်းစီကွဲ၍ ဓာတ်တော်ကျပါစေသား ဟုအဓိဋ္ဌာန်ပြုပြီး တေဇောဓာတ်ဈာန်သမာပတ်ဝင်စား၍ ကောင်းကင်မှာပင် ပရိနိဗ္ဗာန်ပြုတော်မူပါသည်။

အာနာပါနဿတိကမ္မဋ္ဌာန်းမှ တစ်ပါးသောကမ္မဋ္ဌာန်းကို ပွားများ၍ အရဟတ္တဖိုလ်သို့ရောက်သော ရဟန်းသည် အသက်ရှင်သောခဏ၏အပိုင်းအခြားကို ပိုင်းခြား၍ သိနိုင်သည်လည်းရှိ၏၊ မသိနိုင်သည်လည်းရှိ၏။

အာနာပါနဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ အားထုတ်၍ ရဟန္တာအဖြစ်သို့ရောက်သော ပုဂ္ဂိုလ်တို့သည်ကား ပရိနိဗ္ဗာန်ပြုသော အချိန်ကို တိတိကျကျ သိတော်မူကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤအဋ္ဌကထာ ဒေသနာတော်တို့ကို ထောက်ဆကြည့်သော် ရဟန္တာပုဂ္ဂိုလ်ဖြစ်လျှင် သေမည့်ရက်၊ နေ့၊ အချိန်ကာလတို့ကိုသိခြင်း၊ အဓိဋ္ဌာန်ပြုသည့်အတိုင်း ဓာတ်တော် ကျခြင်း၊ စသော အကြောင်းတို့ကို လေ့လာသိရှိနိုင်ပေတော့၏။

ထိုဒေသနာတို့ကိုရည်၍ မိုးကုတ်ဝိပဿနာ ဟောစဉ်တွင်

ညည်းညူမရှိ၊ ချိန်နေ့သိပြန်
မျက်လုန့်ကြောဆွဲ၊ မရှိဘဲလျှင်
သေလျှင်တောင့်တင်း၊ ပုပ်နံ့ကင်းသည်
ကျိုးရင်းဝိပဿနာ တန်ခိုးတည်း။

ဟုလွယ်ကူစွာ မှတ်ယူနိုင်ရန် စပ်ဆိုခြင်းပြုခဲ့ပါသည်။

❀ ❀ ❀

## ရဟန္တာအကြောင်းသိကောင်းစရာ

### ရဟန္တာဖြစ်လည်း ပုဂ္ဂိုလ်တိုင်းမသိ

ကိလေသာစင်ကြယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် နူးညံ့သိမ်မွေ့၍ ရုပ်ရည်လက္ခဏာ ဣန္ဒြေများသည်လည်း ယဉ်ကျေးပြီး ကြည်လင်သန့်ရှင်းနေ၏။ မြင်ရသူတို့၏ ချီးမွမ်း ကြည်ညိုဖွယ်ရာကို ဆောင်၏။

သို့သော်တစ်ခါတစ်ရံ မိမိကအမှုမဲ့ အမှတ်မဲ့ကြောင့်ဖြစ်စေ၊ ရဟန္တာပုဂ္ဂိုလ်နှင့် သာမာန်ပုဂ္ဂိုလ်များနှင့် မတူထူးခြားသော အပြုအမူများကြောင့်ဖြစ်စေ၊ သာမန်ပုထုဇဉ် ရဟန်းတစ်ပါး အနေအားဖြင့် ထင်မြင်တတ်သည်လည်းရှိ၏။

တစ်ခါက ရွာတစ်ရွာ၌ ရဟန္တာမထေရ်ကြီးတစ်ပါးနှင့် ရဟန်းငယ်တစ်ပါးတို့သည် ရွာတွင်းသို့ဆွမ်းခံလှည့်လည်ကြသည်ရှိသော် လက်ဦးအိမ်၌ပင်လျှင် တစ်ယောက်ချိုမြသော အနွေးယက်မန်းခေါ် (ပူနွေးသော) ယာဂုကို ရကြကုန်၏။

www.burmeseclassic.com



ရဟန္တာမထေရ်ကြီးသည် လေနာရောဂါရှိသဖြင့် မိမိနှင့် သပ္ပါယဖြစ်သော ထိုယာဂုကို မအေးမီ ဘုဉ်းပေးဦးမှပဲဟု ကြံစည်၍ သစ်တုံးပြတ်ကြီး တစ်ခုပေါ်တွင် ထိုင်ပြီး ဘုဉ်းပေးတော်မူ၏။

ထိုအခါ မထေရ်ငယ်က မထေရ်ကြီး၏ အမူအယာကို မနှစ်မြို့သည်ဖြစ်၍ သက်ကြားအိုကြီးသည် ဝေါ်မွတ်လွန်းတကား၊ ရှက်ဖွယ်ရာကိုပြုဘိ၏တကားဟု ဆိုမိ၏။

ဆွမ်းခံပြီးကျောင်းသို့ ပြန်ရောက်ကြသောအခါ မထေရ်ကြီးက "ငါ့ရှင်၊ ဤသာသနာတော်မှာ ဘယ်မျှလောက် ထောက်တည်ရာရှိနေပြီလော" ဟုမေး၏။ မထေရ်ငယ်က "သောတာပန်အဆင့်သို့ ရောက်နေပါပြီ"ဖြေ၏။ မထေရ်ကြီးက ဤသို့ဖြစ်လျှင် အထက်မဂ်အတွက် ဆက်လက် အားမထုတ်နှင့်တော့"ဟု မိန့်ကြား၏။ "အဘယ်ကြောင့်ပါနည်း " ဟုပြန်လျှောက်ထားသော် "ငါ့ရှင်သည် ရဟန္တာပုဂ္ဂိုလ်ကို စွပ်စွဲကဲ့ရဲ့မိချေပြီ" ဟုမိန့်ကြား၏။ ထိုအခါ မထေရ်ငယ်က ဝန်ချတောင်းပန် ကန်တော့ရှာ၏။

ဤသို့ဝန်ချတောင်းပန် ကန်တော့မှသာ ရှေ့ဆက်၍ အထက်မဂ်များကို ရရှိနိုင်၏။ မတောင်းပန်ပါမူ မရနိုင်တော့ပေ။

(ဝိသုဒ္ဓိမဂ်၊ အဘိညာနိဒ္ဒေသ)



ထိုမှတစ်ပါး စိတ္တလတောင်၌ သီတင်းသုံးသော ရဟန္တာမထေရ်၏ အလုပ်အကျွေးဖြစ်သော တောထွက်ရဟန်းကြီးသည် ရဟန္တာမထေရ်ကြီးနှင့်အတူ ဆွမ်းခံကြွတော်မူကြစဉ် အလုပ်အကျွေး တောထွက်ရဟန်းကြီးက "အရှင်ဘုရား၊ရဟန္တာဆိုတာ ဘယ်လိုပါလဲဘုရား" ဟုမေးလျှောက်၏။

ထိုအခါ ရဟန္တာ မထေရ်ကြီးက "ဤလောက၌ အချို့သက်ကြီးရွယ်အိုများမှာ အရိယာတို့၏ သပိတ်သင်္ကန်းကိုကိုင်ကာ ဝတ်ကြီးဝတ်ငယ်ပြုလျက် အတူတကွသွားလာနေပါသော်လည်း အရိယာမှန်းမသိကြဘူး။ ရဟန္တာမှန်း သိဖို့ရာ ခဲယဉ်း၏။ သိနိုင်ခဲ၏" ဟုမိန့်၏။

ဤသို့မိန့်သော်လည်း ထိုရဟန်းကြီးသည် ရဟန္တာမှန်း မသိ ရှာပေ။

(မူလပဏ္ဏာသ၊ အဋ္ဌ ကထာ)

အခါတစ်ပါး ထင်ရှားကျော်ကြားမှုကို မလိုလားသော ရဟန္တာ မထေရ်ကြီးတစ်ပါးသည် ဘုရင်နှင့်တကွ မှူးကြီး၊ မတ်ရာ သေနာပတိတို့က လာရောက်ဖူးမြော်မည့်သတင်းကို ကြိုတင်သိထား၍ ဘုရင်ကြီးနှင့်အဖွဲ့ လာရောက်ဖူးသောအခါ ခုတင်ညောင်စောင်း အောက်ဆင်း၍ မြေကြီးကိုတုတ်နှင့်ခြစ်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ရဟန္တာမဟုတ်လောက်ဟုဆိုကာ ပြန်လှည့်သွားကြလေ၏။

အထက်ပါ အချက်အလက်များကို ထောက်ဆခြင်းအားဖြင့် သာမန်ပုဂ္ဂိုလ်များအနေဖြင့် အချို့ရဟန္တာဖြစ်နေသော်လည်း ရဟန္တာမှန်း မသိနိုင်ကြပေ။

ရဟန္တာပုဂ္ဂိုလ်တို့သည် သီတင်းသုံးဖော် တပည့်၊ ဒကာဒကာမ စသည်တို့နှင့် အထိုက်အလျောက် ဆက်ဆံနေရသော်လည်း မွေးကာစ သားငယ်နွားကလေးရှိသော သားသည်အမေနွားမသည် မလွှဲသာ၍မြက်ကိုစားနေသော်လည်း မိမိသားငယ်လေးကို စောင်းငဲ့ကာ ကြည့်နေရှာသကဲ့သို့ အရိယာပုဂ္ဂိုလ်တို့သည်လည်း မလွှဲသာ၍ သီတင်းသုံးဖော်များ၏ ကိစ္စကြီးငယ်တို့ပြုနေရသော်လည်း မိမိစိတ်မှာ သိက္ခာသုံးပါးကျင့်ရေး၌သာ ငဲ့ကွက်လိုလားလျက် ရှိနေသည်မှာ အရိယာပုဂ္ဂိုလ်တို့၏ သဘာဝတစ်ရပ်ပင် ဖြစ်သည်။

ရဟန္တာမဖြစ်သေးသော်လည်း ရဟန္တာဟု ကျော်ကြားသမုတ်ခံရသော ပုဂ္ဂိုလ်များလည်း ရှိပါသည်။

မဟာသံဃရက္ခိတ မထေရ်ကြီးသည် ရဟန်းဖြစ်သည့်ဝါတော် (၆၀) တိုင်အောင် ကျင့်ကြံနေသဖြင့် အများက ရဟန္တာဟုသမုတ်ကာ ကျော်ကြားနေပါသည်။



ပျံလွန်ခါနီး ညောင်စောင်းထက်၌ လဲလျောင်းနေစဉ် ရဟန္တာမထေရ်ကြီး ပျံလွန်တော်မူမည်ဟု လူအများတို့ စုဝေးရောက်လာကြသောအခါ မထေရ်ကြီး၏ အလုပ်အကျွေးရဟန်းက "အရှင်ဘုရား၊ မည်သည့်တရားထူးကို ရနေပါသလဲဘုရား" ဟု မေးလျှောက်ကြည့်သောအခါ "ငါ့ရှင် မည်သည့်လောကုတ္တရာတရားထူးကိုမျှ မရသေးပါ" ဟုမိန့်ကြား၏။

"အရှင်ဘုရား။ ရဟန္တာမထေရ်ကြီး တစ်ပါး ပရိနိဗ္ဗာန်စံဝင်တော်မူမည်ဟု သတင်းပွား၍ လူအများ ရောက်လာကြပါသည်။ ပုထုဇဉ်အဖြစ်နှင့် ပျံလွန်တော်မူလို့တော့ မသင့်တော်ပါဘုရား" ဟုလျှောက်၏။

"ငါ့ရှင်၊ ငါသည် အရိမေတ္တေယျဘုရားကို ဖူးမြင်လို၍ ဝိပဿနာအလုပ် အားထုတ်မှုကို ရပ်ဆိုင်းထား၏။ ဤသို့ဖြစ်လျှင် ငါ့ကိုချီမကာ ထိုင်ပေးပါ။ တရားအားထုတ်ပါဦးမည် ဟုဆို၍ အားထုတ်ခြင်းပြုလိုက်ရာ အလုပ်အကျွေးရဟန်း အပြင်သို့ထွက် သည်နှင့်တပြိုင်နက် ရဟန္တာဖြစ်သွားလေသည်။

(ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ)

## ရဟန္တာဖြစ်နိုင်ရာ သာသနာ

ဤထေရုပ္ပတ္တိ မော်ကွန်းရှင် ကွမ်းတော ဆရာတော်ကြီးအား ရဟန္တာဆရာတော်ကြီးဟူ၍ ဖူးမြင်ရသူတို့က ခေါ်ဝေါ်သညတ် သမုတ်အပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာဆရာတော်ဟူ၍ သတ်မှတ်ကြည်ညိုကြခြင်းသည်လည်း ထူးကဲအံ့ဩဖွယ်ရာ အဖြာဖြာကို တွေ့ကြုံကြရသောကြောင့်လည်းကောင်း၊ နှစ်ပေါင်း (၄၀) ကျော်ကြာအောင် တောရကျင့်သုံး တရားအားထုတ်နေခြင်းကြောင့် လည်းကောင်း၊ သတ်မှတ်ကြည်ညိုကြခြင်းဖြစ်ပေသည်။

ယခုခေတ်အခါ ဤသာသနာတော်၌ ရဟန္တာမဆိတ်သုဉ်းကြောင်းကို ဘုရားရှင်ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးရဟန္တာ ဖြစ်သွားသော သုဘဒ္ဒပရိဗိုဇ်အား –

ဣမေ သုဘဒ္ဒ သမ္မာ ဝိဟရေယျုံ၊
အသုညော လောကော အရဟန္တေဟိ အဿ။

"အို – သုဘဒ္ဒ၊ ငါ၏ သာသနာဝန်ထမ်း ရဟန်းများသည် ကောင်းစွာအကျင့်ပဋိပတ်ကို ကျင့်ကြံနေကြလျှင် သတ္တလောကကြီးသည် ရဟန္တာပုဂ္ဂိုလ်တို့ မဆိတ်သုဉ်းနိုင်ရာ" ဟူ၍ ဟောကြားခဲ့ပါသည်။

ရဟန်းတို့သည် အကြင်ဝိနည်းတရားဖြင့် ဆုံးမရာဖြစ်သော သာသနာတော်၌ အင်္ဂါရှစ်ပါးရှိသော မြတ်သောမဂ္ဂင်တရားတို့ကို ကောင်းစွာကျင့်ကြံပွားများ အားထုတ်၍နေကုန်အံ့။ အားထုတ်အပ်သော ကမ္မဋ္ဌာန်းတရားတို့ကိုလည်း တစ်ဆင့်ဟောကုန်သည်ဖြစ်အံ့၊ ဤလောကကြီးသည် ရဟန္တာပုဂ္ဂိုလ်တို့ဖြင့် မဆိတ်သုဉ်းရာ ဟူ၍မဟာပရိနိဗ္ဗာနသုတ်တော်၌လည်းကောင်း၊ မဂ္ဂင်တရား သိက္ခာသုံးပါးဖြင့် သတ္တဝါတို့သည် ကိလေသာမှ ခင်ကြယ်၍ သံသရာနယ်ကို လွတ်မြောက်နိုင်ကြ၏ ဟုအနာထပိဏ္ဍိကောဝါဒသုတ္တန်၌လည်းကောင်း ဟောကြားတော်မူခဲ့ခြင်းကြောင့် မဂ္ဂင်ရှစ်ပါး အကျင့်တရားရှိလျှင် ဤလောက သာသနာ၌ ရဟန္တာအရှင်မြတ်တို့ရှိနိုင်၊ ဖြစ်နိုင်ကြပါသည်။



သုတ်ပါထေယျအဋ္ဌကထာနှင့် အင်္ဂုတ္တိုရ်အဋ္ဌကထာတို့တွင် သာသနာတော်အနှစ်ငါးထောင်ကို အောက်ပါခေတ်တို့ဖြင့် ပိုင်းခြားပြဆိုကာ ရဟန္တာခေတ်ရှိကြောင်း –

၁။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ် တစ်ထောင်
၂။ ဆဠဘိညာ ရဟန္တာခေတ် တစ်ထောင်
၃။ တေဝိဇ္ဇပတ္တ ရဟန္တာခေတ် တစ်ထောင်
၄။ သုက္ခဝိပဿက ရဟန္တာခေတ် တစ်ထောင်
၅။ ပါတိမောက္ခသံဝရ ရဟန္တာခေတ်တစ်ထောင်
ဟူ၍ ဆိုထားပါသည်။

ဤအဆိုအရတွက်လျှင် ယခုအခါ သာသနာတော်နှစ်သည် နှစ်ထောင်ကျော်ဖြစ်၍ တေဝိဇ္ဇပတ္တရဟန္တာခေတ်ဖြစ်ပါသည်။

တေဝိဇ္ဇပတ္တရဟန္တာဆိုသည်မှာ –

ပုဗ္ဗေနိဝါသ ဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် (၃)ပါးတို့ကိုရအပ်၊ ရောက်အပ်သောပုဂ္ဂိုလ်တို့ကို တေဝိဇ္ဇပတ္တ ရဟန္တာ ဟုခေါ်ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သံယုတ်အဋ္ဌကထာတွင်လည်း -

၁။ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် တစ်ထောင်
၂။ ဆဠဘိည ရဟန္တာခေတ် တစ်ထောင်
၃။ တေဝိဇ္ဇပတ္တ ရဟန္တာခေတ် တစ်ထောင်
၄။ အာသဝက္ခယပတ္တ ရဟန္တာခေတ် တစ်ထောင်
၅။ အနာဂါမ်သကဒါဂါမ်၊
သောတာပန်၊ ပုထုဇဉ်ခေတ် တစ်ထောင်

ဟူ၍ တစ်နည်း ပိုင်းခြားပြဆိုထားပါသည်။ ဤအဋ္ဌကထာ အဆိုအမိန့်အရ ကြည့်လျှင်လည်း တေဝိဇ္ဇပတ္တရဟန္တာခေတ်ပင်ဖြစ်ပါသည်။

ဖေါ်ပြပါ ပါဠိ အဋ္ဌကထာတို့ကို ထောက်သောအားဖြင့် ယခုခေတ်တွင် ရဟန္တာဖြစ်နိုင်၊ ရှိနိုင်ပါသည်။

ရဟန္တာ ဖြစ်ရန်အတွက် တစ်ချို့ပုဂ္ဂိုလ်များမှာ သမထ အခြေခံသောဝိပဿနာဉာဏ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားသော သမထယာနိကနည်းဖြင့် ရဟန္တာဖြစ်ကြပါသည်။

တစ်ချို့ပုဂ္ဂိုလ်များမှာ သမထမပါ ဝိပဿနာရှုနည်းသက်သက်ဖြင့်သာ ပွားများ၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ သွားသော သုက္ခဝိပဿကနည်းဖြင့် ရဟန္တာဖြစ်ကြပါသည်။

ကွမ်းတော ဆရာတော်ကြီးက သမထမပါဘဲ ဝိပဿနာရှုနည်းသက်သက်ဖြင့် ရှုမှတ်ကျင့်ကြံရသည် မှာ ဆားမပါသော ဟင်းကိုစားရသည်နှင့်တူသည်ဟု မိန့်ကြားတော်မူပါသည်။



## ရဟန္တာဖြစ်ခြင်းအကြောင်းအရင်း

ရဟန္တာဖြစ်ခြင်း အကြောင်းရင်း (၇) ပါးရှိပါသည်။

ဤသာသနာတော်၌ ရဟန်းသည်

၁။ သိက္ခာကိုထိန်းခြင်း
၂။ တရားကိုဆင်ခြင်ခြင်း
၃။ တဏှာကိုဖျက်ဆီးခြင်း
၄။ ဆိတ်ငြိမ်ရာ၌တစ်ယောက်တည်းနေခြင်း
၅။ လုံ့လကိုပြည့်စုံစေခြင်း
၆။ သတိပညာပြည့်စုံစေခြင်း
၇။ အရိယာမဂ်ကိုသိမြင်ခြင်း

တို့၌ ဆန္ဒရှိကြကုန်၏။ ယင်း (၇) ပါးကို နောင်အခါ၌ မကင်းသော တောင့်တခြင်းရှိကြပါသည်။

(ပါထိကဝဂ်၊ သင်္ဂီတိသုတ်)

## ရဟန္တာပုဂ္ဂိုလ်မှာ စိတ်မဆင်းရဲပါ

၁။ ရဟန္တာပုဂ္ဂိုလ်များသည် ရုပ်ခန္ဓာရှိနေ၍ ကိုယ်၌ဖြစ်သော (ကာယိကဒုက္ခ) ဝေဒနာကို ခံစားရ၏။
၂။ စိတ်၌ဖြစ်သော (စေတသိကဒုက္ခ) ဝေဒနာကို မခံစားရပါ။

ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်များ စိတ်ဆင်းရဲခြင်းမရှိပါ။ ထိုသဘောကြောင့် ကိုယ်တုန်လှုပ်ခြင်းရှိသော်လည်း စိတ်တုန်လှုပ်ခြင်းမရှိပါ။

(မိလိန္ဒပဉှာ)

www.burmeseclassic.com

www.burmeseclassic.com



## ရဟန္တာအဖြစ်နှင့် လူ့ဝတ်ကြောင်

လူဝတ်ကြောင်ဘဝနှင့် ရဟန္တာဖြစ်နိုင်သည်။ ထိုလူဝတ်ကြောင်ဘဝနှင့် ရဟန္တာဖြစ်သော ပုဂ္ဂိုလ်အားဖြစ်သောနေ့၌ပင် ရဟန်းသော်လည်း ပြုရာ၏။ ပရိနိဗ္ဗာန်သော်လည်း စံရာ၏။ ထိုနှစ်ပါးသောကာလမှ မလွန်ဆန်နိုင်ကြပါ။

(မိလိန္ဒပဉှာ)

အကြောင်းသော် အရဟတ္တဓ ထိုက်သော အဝတ်သင်္ကန်း နှင့်မဟုတ်၊ ကိလေသာစွက်သော လူတို့၏အဝတ်နှင့် ဖြစ်သောကြောင့် ဖြစ်ပါသည်။ သုဒ္ဓေါဒနမင်းကြီး၊ သန္တတိအမတ်ကြီး၊ ဗာဟိရဒါရုစီ တို့သည် လူဝတ်ကြောင်ဘဝနှင့် ရဟန္တာဖြစ်လာကြ၏။ သို့သော်လည်း ဖော်ပြပါ နှစ်ပါးသော ကာလမှ မလွန်ဆန်နိုင်ကြပါ။

## ရဟန္တာ အာပတ်မလွတ်ပါ

ဘုရားပညတ်အပ်သော အာပတ်တို့သည်

၁။ လောကဝဇ္ဇအာပတ်၊

၂။ ပဏ္ဏတ္တိဝဇ္ဇအာပတ်၊

ဟူ၍ နှစ်မျိုးရှိသည်။

လောကဝဇ္ဇအာပတ်သည် အကုသိုလ် ကမ္မပထတရားကြောင့် သင့်သော အာပတ်ဖြစ်၏။



ပဏ္ဏတ္တိဝဇ္ဇအာပတ်သည် ရဟန်းတို့နှင့် မလျောက်ပတ်သဖြင့် ဘုရားပညတ်သောကြောင့် သင့်သော အာပတ်ဖြစ်၏။

ထိုနှစ်မျိုးတို့တွင် ရဟန္တာများသည် ပဏ္ဏတ္တိဝဇ္ဇအာပတ် သင့်နိုင်ကြသည်။

အာပတ်သင့်သော်လည်း အကုသိုလ်၏အကျိုးမဖြစ်၊ ရဟန္တာပုဂ္ဂိုလ်တို့သည်ကုသိုလ် အကုသိုလ်တို့၏အကျိုးဝိပါက်မဖြစ် ပြုကာမျှ မတ္တသာဖြစ်၏။

(ပါရာဇိကဏ်)

## ရဟန္တာဝန်ခံမှု အာပတ်မသင့်

ရဟန္တာမဟုတ်ဘဲ ရဟန္တာဟု ဝန်ခံပြောဆို ဟန်ဆောင်နေထိုင်မှု၊ ပါရာဇိက အာပတ်သင့်ပါသည်။ (ဝါ) သာသနာတော်မှ ဆုံးရှုံးခြင်းသို့ရောက်ပါသည်။

ရဟန္တာဖြစ်နေသည့်အဖြစ်ကို လူ သာမဏေတို့အား ဝန်ခံပြောကြားကပါမူ ပါစိတ်အာပတ် သင့်ပါသည်။ ရဟန်းအချင်းချင်းမှာ ပြောဆိုကောင်းပါသည်။

နှစ်ရှည်လများ တရားအားထုတ်နေ၍ မိမိကိုယ်ကို ရဟန္တာဖြစ်ပြီဟု ထင်မှတ်ကာ ရဟန္တာဟု ပြောဆိုမိသော ရဟန်း (အဓိမာနပုဂ္ဂိုလ်) အား ပါရာဇိက အာပတ်မသင့်ပါ။ တရားအား ထုတ်နေသော ပုဂ္ဂိုလ်အား ရဟန္တာထင်မှတ် ၍ လှူအပ်သော

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းလေးပါးကို နှစ်သက်သာယာခြင်း မပြုမူ၍ ရဟန္တာဖြစ်အောင် ကမ္မဋ္ဌာန်းတရားကို ဆက်လက်ကြိုးစားမည်ဟု အားထုတ်လျက်သုံးဆောင်ခြင်းကို ပြုသော်လည်း အပြစ်မဖြစ်ပါ။

(ပါရာဇိကဏ်)

## ရဟန္တာအခေါ်ခံရ အပြစ်မရှိကြ

မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ပုဏ္ဏားကြီးတစ်ယောက်သည် ဘုရားရှင်ဟောသောတရားကို နာကြား၍ ရဟန်းတို့ကို ကြည်ညိုပြီး မိမိအိမ်၌ ရဟန်းတို့ကို အမြဲဆွမ်းလောင်းလှူ၏။

ဆွမ်းခံကြွလာသော ရဟန်းတို့အား "ရဟန္တာ အရှင်တို့ ကြွတော်မူကြပါလော့၊ ထိုင်ကြပါလော့" ဟု ရဟန္တာနှင့်စပ်သော ပြောဆိုသုံးနှုန်းခြင်းကို ပြု၏။

ပုထုဇဉ်ရဟန်းတို့သည် ငါတို့ကို ရဟန္တာထင်ပြီး ဆွမ်းလှူနေတာ၊ ရဟန္တာမဖြစ်ကြသေး ဟုကြံစည်ပြီး ဆွမ်းခံမကြွဘဲ နေလိုက်ကြ၏။

ထိုအခါ ပုဏ္ဏားကြီးသည် မိမိအိမ် ရဟန်းများ ဆွမ်းခံမဝင်သည်ကို စိတ်နှလုံးမသာမယာဖြစ်ပြီး မြတ်စွာဘုရားအား လျှောက်၏။

ဘုရားက ဆွမ်းခံရဟန်းတို့ကို ခေါ်၍ မေးမြန်းတော်မူ



သောအခါ ရဟန်းတို့က အကြောင်းအကျိုးလျှောက်ထားကြ၏၊

ထိုအခါဘုရားက သင်တို့အား ပုဏ္ဏားက ရဟန္တာဟုခေါ်သည်ကို သာယာကြပါသလားဟူ၍ မေးမြန်းတော်မူရာ သာယာမှုမရှိကြောင်း ရဟန်းတို့က ဖြေကြားကြ၏။

ဤသို့ဖြစ်လျှင် လူတို့က ကြည်ညိုလှ၍ ခေါ်ခြင်းဖြစ်သည်။ လူတို့က ကြည်ညို၍ ရဟန္တာမဟုတ်ဘဲ ရဟန္တာဟုခေါ်ဆိုကြခြင်းသည် အပြစ်မရှိဟု မိန့်ကြားတော်မူခဲ့သည်။

(ဓမ္မပဒ၊ ၄၊ ၃၊ ဗြဟ္မဏဝဂ်)

## ရဟန္တာမပယ်နိုင်တာ ဝါသနာ

ပယ်နိုင်ခက်ခဲသော တရားနှစ်ပါးမှာ ကိလေသာနှင့်ဝါသနာဖြစ်၏။ ဘုရားရှင်များမှသာ ကိလေသာနှင့် ဝါသနာနှစ်မျိုးလုံး ပယ်နိုင်၏။ ရဟန္တာများမှာ ကိလေသာကိုသာ ပယ်နိုင်၍ ဝါသနာ မပယ်နိုင်ကြပါ။

ဥပမာ။ ။ အရက်ပုလင်းထဲမှ အရက်ကို သွန်ပစ်လိုက်သော်လည်း အရက်နံ့သည် ပုလင်းထဲမှာ စွဲကျန်နေသကဲ့သို့ ရဟန္တာများမှာ ကိလေသာကုန်သော်လည်း အထုံဝါသနာအငွေ့မှာ ကျန်ခဲ့ပါသည်။

(ပစ္စေကဗုဒ္ဓများလည်း ထိုနည်းအတူဖြစ်သည်)

www.burmeseclassic.com

www.burmeseclassic.com



## ရဟန္တာအစစ်ဖြစ်လျှင်

ရဟန္တာအစစ် ဖြစ်သော ပုဂ္ဂိုလ်တို့သည် ထိပ်ပေါ်သို့ မိုးကြိုးကျသော်လည်း ထိတ်လန့်တုန်လှုပ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ကြက်သီးမွေးညှင်းထခြင်းမရှိ။ နတ်၌ ဖြစ်သော အစာအာဟာရကဲ့သို့သော အာဟာရပင် ဖြစ်လင့်ကစား ရသအာရုံတွင် စွဲလမ်းတပ်မက်မှုမရှိခြင်း၊ ရာဂကင်းပြီးဖြစ်သောကြောင့်၊ သုက်လွှတ်မှုမရှိခြင်း၊ မိမိအသက်သေအံ့သော အကြောင်းနှင့် ကြုံတွေ့စေကာမူ သူတစ်ပါး၏အသက်ကို မသတ်။

နို့ရည်ကို သေရည် (အရက်) နှင့်ရောနှော၍ တိုက်သော်လည်း နို့ရည်သာဝင်၍ သေရည်မဝင်ခြင်း။ ပယ်အပ်ပြီးသော ဝိပလ္လာသရှိသည်၏အဖြစ်ကြောင့် အိပ်မက်လည်း မမြင်မက်တော့ခြင်းတို့သည် ရဟန္တာတို့၏ စွမ်းအင်သတ္တိများဖြစ်ပါသည်။

(ဝိနည်းမဟာဝါ၊ ။ စီဝရက္ခန္ဓက)

ဖော်ပြပါ အကြောင်းအရာ စွမ်းအင်သတ္တိ ဂုဏ်ထူးဝိသေသ ရှိသော ပုဂ္ဂိုလ်တို့သည် ရဟန္တာစင်စစ် ဧကန်ဖြစ်ပါပေတော့သည်။

## ရဟန္တာဟုတ်မဟုတ် စစ်တမ်းထုတ်

အခါတစ်ပါး မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ပသေနဒီကောသလမင်းကြီး ရောက်လာ၍ လျှောက်ပတ်သော နေရာတွင် ထိုင်နေပြီးနောက် ဤကဲ့သို့မေးလျှောက်၏။



မြတ်စွာဘုရား၊ ဆံကျစ် ရသေ့ (၇) ဦး၊ ဖြူသောအဝတ်ရှိသော နိဂဏ္ဌ (၇) ဦး၊ အဝတ်မဝတ်သော တက္ကဒွန်း (၇) ဦး၊ တစ်ထည်ကိုသာ ရှေ့ဖုံးကာ၍ဝတ်သော ဧကသာဋက (၇) ဦး၊ ဆံရှည်ပရိဗိုဇ် (၇) ဦး ၎င်းတို့သည် ရသေ့ရဟန်းတို့၏ ပရိက္ခရာတို့ကို ယူဆောင်၍ ဘုရားကျောင်းအနီး လမ်းမကြီးဖြင့် သာဝတ္ထိမြို့အတွင်းသို့ ဝင်ကြ၏။

ထိုသူတို့သည် အကုန်လုံးရဟန္တာတွေချည်းလား။ (သို့) တစ်ယောက်တလေများ ပါလေသလား ဘုရားဟု မေးလျှောက်၏။

ထိုအခါ ဘုရားရှင်က ရဟန္တာဟုတ်၊ မဟုတ်ဖြေဆိုခြင်း မပြုဘဲ၊ ကောသလမင်းကြီးအား ရဟန္တာဟုတ်၊ မဟုတ်စစ်တမ်းထုတ်ရန် ဤသို့ မိန့်ကြားတော်မူ၏။

လူ့ဘောင်မှာနေကြသော ပုဂ္ဂိုလ်တို့သည်၊ ရဟန္တာ ဟုတ်၊ မဟုတ် စစ်တမ်းထုတ်ဖို့ ခဲရင်း၏ဟု မိန့်ကြား၍ အောက်ပါတရားတော်ကို ဟောတော်မူ၏။

၁။ သံဝါသေန မဟာရာဇ သီလံ ဝေဒိတဗ္ဗံ။
မင်းကြီးဤသူနှင့်ပေါင်းသင်း နေထိုင်ခြင်းဖြင့် သီလရှိ မရှိကို သိနိုင်ရာ၏။

၂။ တဗ္ဗေါဟာရေန အဒ္ဓုနော နက္ကတရံ။

www.burmeseclassic.com



ထိုသို့ သိခြင်းသည်လည်း ကြာမြင့်စွာ ပေါင်းသင်းမှ သိနိုင်၏။ တိုတောင်းသောကာလ၌ မသိနိုင်။

၃။ မနသိကရောတာ၊ နော အမနသိကရောတာ။
ကိုယ်နှုတ် စိတ်ထားကို ဆင်ခြင်နှလုံးသွင်းမှ သိနိုင်သည်။ နှလုံးမသွင်းလျှင် မသိနိုင်။ (နမော်နမဲ့ နေလျှင် မသိနိုင်)

၄။ ပညဝတာနော ဒုပ္ပညေန။
ပညာဉာဏ်ရှိမှ သိနိုင်၏၊ ပညာဉာဏ်မရှိကမသိနိုင်ဟူ၍ ဟောကြားတော်မူပါသည်။

(ဥဒါန်းအဋ္ဌ၊ ဇစ္စန္တဝဂ်၊ သတ္တဇဋိလသုတ်)

ရဟန်းတို့၊ ထိုရဟန်း၏ ရဟန္တာဟု ဝန်ခံပြောဆိုသော စကားကို မနှစ်သက်မူ၍၊မတားမြစ်မူ၍ အမေးပုစ္ဆာပြဿနာကို မေးမြန်းရမည်။ မေးမြန်းပုံကား –

၁။ ဒိဋ္ဌ။ သုတ။ မုတ။ ဝိညာတ အာရုံလေးပါး ဟူ သော ဝေါဟာရ (၄) ပါး
၂။ ခန္ဓာ (၅) ပါး၊
၃။ ဓာတ် (၆) ပါး၊
၄။ အဇ္ဈတ္တိက ဗာဟိရာယတန (၆) ပါး၊
၅။ မိမိ၏ သဝိညာဏက ကာယ၊
၆။ သူတစ်ပါး၏ သဝိညာဏက ကာယ၊



ဤခြောက်ပါးသောတရားအစုတို့ဖြင့် သန့်ရှင်းစင်ကြယ်အောင် သုတ်သင်ရှင်းလင်း ရမည်။ ဤရှင်းလင်းခြင်းသည် ဆဗ္ဗိသောဓနမည်၏ ဟုမိန့်ကြားပါသည်။

(ဥပရိပဏ္ဏာသဋ္ဌ၊ ဆဗ္ဗိသောဓနသုတ်)

## ရဟန္တာဖြစ် မဖြစ် ဤသို့စစ်

အဘယမထေရ်သည် ပိဋကပါတိကမထေရ်ကို ပုထုဇဉ်ရဟန္တာခွဲခြားမသိ ဖြစ်နေ၍ ပဥ္စင်းငယ်အား အကြောင်းပြ၍ စုံစမ်းစေ၏။ ပဥ္စင်းငယ်သည် ကလျာဏီမြစ် ရေချိုးဆိပ်မှ ရေငုပ်၍ရေချိုးနေသော ပိဋကပါတိကမထေရ်၏ ခြေကိုဆွဲလိုက် ၏။ ထိုမထေရ်သည် မိချောင်းဆွဲသည် ထင်မှတ်၍ ထိတ်လန့်ပြီး ကျယ်စွာအော်လိုက်၏။ ဤသို့ကြောက်ခြင်း ဘယရှိသေးသောကြောင့် ထိုမထေရ်ကို ပုထုဇဉ်ဟုသိရ၏။

စန္ဒမုခတိဿမင်းလက်ထက်က မဟာဝိဟာရကျောင်း၌ ရဟန္တာဖြစ်နေသော သံဃာ့မထေရ်ကြီးသည် မျက်စိနှစ်ကွင်းအလင်းမရ၍ ကျောင်း၌သာ နေခဲ့၏။ ကျန်ရဟန်းများ ဆွမ်းခံကြွနေစဉ် တိဿမင်းကြီးသည် မထေရ်ကြီးအား ရဟန္တာဖြစ်၊ မဖြစ်စုံစမ်းလို၍ မြွေကဲ့သို့ ခြေကိုဆွဲလိုက်၏။ သံဃာ့မထေရ်ကြီးသည် မကြောက်မလန့်ဖြင့် ငါ့ခြေထောက်ဆွဲသူဘယ်သူလဲဟုမေးလိုက်၏။ တပည့်တော် တိဿမင်းပါဘုရားဟု

www.burmeseclassic.com



လျှောက်လေ သော် မထေရ်ကြီးက တိဿမင်း ငါတို့၏ ကောင်းသော အနံ့သည် မွှေးကြိုင်လှိုင်၍နေ၏ဟု မိန့်ကြားတော်မူ၏။ ဤသို့ ရဟန္တာပုဂ္ဂိုလ်သည် ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိပါ။

"မကြောက်တတ်ရဟန်း၊ အချဉ်ဖြင့်စမ်း"

ဝဿဘမင်းသည် ရဟန္တာဟုထင်သော မထေရ်တစ်ပါးကိုရဟန္တာဖြစ်၊ မဖြစ်စုံစမ်းလို၍ နန်းတော်သို့ပင့်ပြီး ထိုမထေရ်၏ အနီး၌ ဆီးသီးဖျော်ရည်နယ်နေသည်ကို မြင်သဖြင့် တံတွေးသွားရည်လုပ်၍လာ၏။ ဤသို့ အချဉ်မြင်လျှင်စားချင်သော တဏှာ အာသာရှိသောကြောင့် မထေရ်အား ပုထုဇဉ်ဟု သိရ၏။

ခိဏာသဝဿဟိ ရသတဏှာနာမ သုပ္ပဟီနာ ဒိဗ္ဗေသု ရသေသု နိကန္တိနာမ နဟောတိ။

ရဟန္တာသည် ရသတဏှာကို ပယ်ထား၏။ နတ်ဩဇာ နတ်အာရုံတို့၌လည်း တွယ်တာကပ်ငြိသော တဏှာဆန္ဒ မရှိတော့ပါချေ။

ဤသို့အကြောင်းအမျိုးမျိုးဖြင့် စုံစမ်းသော် ကြောက်ရွံ့ထိတ်လန့်ခြင်း၊ ကြက်သီးမွေးညင်းထခြင်းမရှိ၊ ခြင်္သေ့မင်း၏ ရဲရင့်ခြင်းကဲ့သို့ရှိ၏။ နတ်၌ဖြစ်သော အာရုံပင်ဖြစ်စေ လိုချင်မှု တဏှာမရှိပါလျှင် ထိုပုဂ္ဂိုလ်မျိုးကို မင်းကြီးသည် လည်းကောင်း၊ မင်း၏အမတ်စသူတို့သည် လည်းကောင်း၊ လျှုအပ်သောပူဇော်သက္ကာရကို ခံယူခြင်းငှာထိုက်သော ရဟန္တာဟု မှတ်ယူရပါမည်၊

(ဥပရိပဏ္ဏာသ၊ ဌ၊ ဆဗ္ဗိသောဓန)



မဟာဝိဟာရကျောင်းတိဿမထေရ်ကြီးသည် ရဟန်းဖြစ်ခါစကပင်လျှင် သမာပတ်ရှစ်ပါး အဘိညာဉ်ခြောက်ပါးတို့ကို ဝင်စားနိုင်၏။

ထိုမထေရ်သည် သမာပတ္တိဝိက္ခမ္ဘနပ ဟာန်ဖြင့် ကိလေသာကို ပယ်ထားနိုင်၏။ ထို့ကြောင့် မိမိကိုယ်ကို ရဟန္တာဖြစ်နေပြီဟုထင်နေ၏။

ထိုအခါ ဓမ္မဒိန္နမထေရ်သည် မဟာတိဿမထေရ်ကြီး၏ ကျောင်းသို့သွား၍ ဤသို့ အာလာပသလ္လာပ စကားပြောဆို၏။

ဓမ္မဒိန္နမထေရ်။ ။အရှင်ဘုရား၊ ဈာန်မဂ်ဖိုလ်တရားကို ဘယ်တုန်းက ရခဲ့ပါသလဲဘုရား။

မဟာတိဿမထေရ်။ ။ အနှစ်(၆၀) လောက်ရှိပါပြီ။

ဓမ္မဒိန္န။ ။ အဘိညာဉ် သမာပတ်ရော ဝင်စားနိုင်ပါသလား၊

မဟာတိဿ။ ။ အဝါးဝစွာ ဝင်စားနိုင်ပါတယ်။

ဓမ္မဒိန္န။ ။ ရေကန်ကြီးတစ်ခု ဖန်ဆင်းပြပါလားဘုရား။

မဟာတိဿ။ ။ ရပါတယ်၊ ဖန်ဆင်းပြပါမယ်။

(မဟာတိဿ မထေရ်ကြီးသည် ရှေ့မှောက်၌ပင် ရေကန်ကြီးတခုကို ဖန်ဆင်းပြလိုက်၏။)

ဓမ္မဒိန္န။ ။ ရေကန်ထဲမှာ ပဒုမ္မာကြာကြီးကို ဖန်ဆင်းပြီး၊ အဲဒီ ပဒုမ္မာကြာပွင့်ကြီးထဲမှာ ၁၆နှစ် အရွယ်အမျိုးသမီးလှလှလေးပါ ဖန်ဆင်းပြပါလား ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



မဟာတိဿ။ ။ ကြည့်ချင်ဖန်ဆင်းပြပါ့မယ် ကြည့်ပါ။

(ကြာရုံကြီးနှင့် ကြာပွင့်ကြီးထဲမှ ၁၆ နှစ်အရွယ်သတို့သမီးငယ်ကို ဖန်ဆင်းပြ၏။)

**ဓမ္မဒိန္န**။ ။ အဲဒီအမျိုးအမီးငယ် အပေါ်၌တင့်တယ်ခြင်း သုဘ**အာရုံကို** နှလုံးသွင်းပါဘုရား။

(တိဿမထေရ်သည် မိမိဖန်ဆင်းထားသော အမျိုးသမီးငယ်ကို သုဘအားဖြင့် ကြည့်ရှုသော် သာယာစုံမက်နှစ်သက်တွယ်တာခြင်း လောဘသည် ဖြစ်ပေါ်၍လာ၏။)

မဟာတိဿ။ ။ သူတော်ကောင်းဖြစ်သော ဓမ္မဒိန္န၊ ငါ၏မှီခိုရာဖြစ်ပါလော့၊ ငါ့အားတရားပေးပါ။

(တိဿမထေရ်သည် လောဘဖြစ်လာသောအခါမှ မိမိကိုယ်ကို ပုထုဇဉ်မှန်းသိ၏။ ထိုကြောင့် ဆောင့်ကြောင့်ထိုင် တရားတောင်းလိုက်၏)

ထိုအခါ ဓမ္မဒိန္နမထေရ်ကအသုဘနှင့် ဝိပဿနာတရားကို နည်းမှန်ပြ၍ ဟောကြားသောအခါမှ မဟာတိဿမထေရ်သည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်သွားလေ၏။

ဤသို့လျှင် အဘိညာဉ်တန်ခိုး အစွမ်းရှိနေသော ပုဂ္ဂိုလ်ပင်ဖြစ်စေကာမူ တဏှာလောဘဖြစ်နေသေးလျှင် ရဟန္တာမဖြစ်သေးကြောင်းသိနိုင်ပါသည်။ မည်သို့ပင် စစ်ဆေး၊ စစ်ဆေး အရည်အသွေးပြည့်ဝရမည်။ ရဟန္တာဟူက ကိလေသာအာသဝကို



ခဝါချသလို ပယ်တော်မူ၊ သတ်တော်မူ၏။ အရဟတ္တဇ တံခွန်တော်ထူနိုင်သော ပုဂ္ဂိုလ်သူမှန်ဖြစ်ပေ၏။

လူနတ်၊ ဦးခိုက်၊ ပူဇော်အထူးကို ခံထိုက်အောင်ကျိုးစားအားထုတ်ကျင့်ကြံနိုင်ကြပါစေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ပူဇော်ခြင်းမော်ကွန်း

### ခန်းဖွင့်ပွဲမှာ ဓမ္မပူဇာ

ဗုဒ္ဓဘာသာဝင် သူတော်စင် တပည့် သံဃာ၊ ဒကာ၊ ဒကာမတို့သည် မိမိတို့ကိုးကွယ် အားထားရာ ဆရာတော်တစ်ပါးပါး ပျံလွန်သွားသော် –

၁။ ခန်းဖွင့်ပွဲ (ဝါ) ထီးဖြူဖွင့်ပွဲ (ဝါ) စံကျောင်းချပွဲ။ (အရပ်ဒေသအားလျော်စွာ အခေါ်အဝေါ် ကွဲပြားကြသော်လည်း သဘောလက္ခဏာ တူကြပါသည်။)

၂။ အန္တိမ အဂ္ဂိဈာပနပွဲ ၊ နောက်ဆုံးမီးသင်္ဂြိုဟ်ပွဲ။ (ဘုန်းကြီးပျံပွဲ) ဟူ၍ နှစ်မျိုး ကျင်းပမြဲ ဖြစ်သည်။ထိုတွင် အန္တိမဈာပနပွဲ ပြီးဆုံးသည့်နောက်ရက်တွင် မြစ် ချောင်း နီးရာအရပ်၌ အရိုးတော် ရေမျှောပွဲ သို့မဟုတ် အရိုးကောက်ပွဲကို လည်းကောင်း။ မြစ်၊ ချောင်း မနီးရာအရပ်၌ အရိုးကောက်ပွဲကို လည်းကောင်း ဒေသ၊ ကာလ၊ ပုဂ္ဂလအားလျော်စွာ တစ်ချို့ ပြုလုပ်ကြပါသေးသည်။ တစ်နည်း ဈာပနနှစ်မျိုး၊ အဂ္ဂိဈာပန၊ ဥဒကဝါဟနဈာပန ဟူ၍ ရှိသည်။ ယခုခေတ်၌ သရီရဓာတူဒက ဈာပန ကိုသာ တချို့ကျင်းပကြသည်။



အထက်ဖော်ပြပါ ကျင်းပပွဲတို့ကို ဓမ္မပူဇော်ပွဲ ပြုလုပ်ကျင်းပခြင်း၊ သာမိဿ ပူဇော်ပွဲ ပြုလုပ် ကျင်းပခြင်း ဟူ၍ပူဇော်ခြင်းနှစ်မျိုးတို့တွင် တစ်ချို့ တစ်မျိုးတည်းဖြင့်သော်လည်းကောင်း တစ်ချို့ နှစ်မျိုးလုံးဖြင့်သော်လည်းကောင်း ကျင်းပ ပူဇော်ကြလေသည်။

ကွမ်းတောဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ခန်းဖွင့်ပွဲ (ထီးဖြူဖွင့်ပွဲ) ကိုဓမ္မပူဇာဖြင့် အောက်ပါအတိုင်းကျင်းပပူဇော်ကြပါသည်။

၁၃၆၁ ခုနှစ်၊ နယုန်လဆန်း (၁၃) ရက်နေ့တွင် ထုံးစံအတိုင်း ရဟန်းသာမဏေများက ပဋ္ဌာန်းဒေသနာတော်တို့ဖြင့် ရွတ်ဆို ပူဇော်ကြပါသည်။

၁၃၆၁ ခုနှစ်၊ နယုန်လဆန်း (၁၄) ရက်နေ့တွင် ဓမ္မစကြာ ဝတ်အသင်းများမှ ဓမ္မစကြာဒေသနာတော်တို့ဖြင့် ရွတ်ဆိုပူဇော်ကြပါသည်။

ဓမ္မစကြာအဖွဲ့များမှာ မအူခုနစ်ပင်ကျောင်း အရှင်ဉာဏိန္ဒဦးစီးသော ဓမ္မစကြာအသင်း၊ ကျောက်တိုင်ရွာ ဓမ္မစကြာအသင်း၊ နိပဆေးတောရွာ၊ ဒေါ်တင်ပိုင်ဦးစီးသော မြသီတာ ဓမ္မစကြာအသင်း၊ ကွမ်းတောရွာအရှေ့ကျောင်း ဓမ္မစကြာအသင်း ၊ တောင်ကျောင်းဓမ္မစကြာအသင်း တို့က လာရောက်ပူဇော်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လဆန်း (၁၄) ရက်၊ (၁၅) ရက်ညများတွင် မန္တလေးမြို့ မစိုးရိမ်တိုက်၊ အဘိဓမ္မနယပဒေသကျောင်း၊ နာယကဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တသာဂရာဘိဝံသ (သ၊ အ ဓမ္မာစရိယ) အရှင်မြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတို့ဖြင့် ချီးမြှင့်ပူဇော်တော်မူသည်။

လဆန်း (၁၅) ရက်နေ့တွင် ပင့်သံဃာတော်တို့အား အရုဏ်ဆွမ်း၊ နေဆွမ်းတို့ဖြင့် ဆက်ကပ် လှူဒါန်းပြီး ဧည့်ပရိသတ်များအား ကျွေးမွေးဧည့်ခံသည်။

နေ့ (၁) နာရီအချိန်တွင် ရဟန်းသံဃာ တပည့်ဒကာဒကာမ ပရိသတ် စုံညီစွာတက်ရောက်ကြပြီး ခန်းဖွင့်ပွဲ ကျင်းပကြသည်။

(ခန်းဖွင့်ပွဲ (ဝါ) ထီးဖြူတော်ဖွင့်ပွဲ (ဝါ) စံကျောင်းချပွဲဟူသည် မိမိတို့ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်နှင့် ပါဝင်လှူဒါန်းကြမည့်၊ ဒါနခန်းတာဝန်တို့ကို နိုင်ရာသင့်လျော်စွာ ခွဲဝေတာဝန်ယူ ထမ်းဆောင်ရန် နီးနှောတိုင်ပင်ဆွေးနွေးခြင်းကို ဆိုလိုသည်။)

ညှိနှိုင်းဆွေးနွေးပွဲမှ ရုပ်ပနကော်မတီအသီးသီးကို ဖွဲ့စည်းအတည်ပြုပေးသည်။

ယင်းကော်မတီတို့တွင် ဆရာတော်များ ဦးဆောင်သော သံဃာတော်များ၏ ရုပ်ပနကော်မတီနှင့် မြို့နယ် မ .ယ .က အဖွဲ့ကဦးဆောင်သော လူပုဂ္ဂိုလ်ရုပ်ပနကော်မတီ တို့ကိုဖွဲ့စည်း



ကြသည်။ အန္တိမပူဇာ ကျင်းပမည့်နေ့ရက်ကို တက်ရောက်ကြသော ရွာသူရွာသားတို့၏ အများသဘောတူ ဆုံးဖြတ်ချက်အရဖြစ်သော ၁၃၆၁ ခုနှစ်၊ တပို့တွဲလဆန်း (၁၁) ရက်၊ (၁၂) ရက်၊ သက္ကရာဇ် ၂၀၀၀၊ ဖေဖော်ဝါရီလ (၁၅) (၁၆) ရက်နေ့တို့ကို တညီတညွတ်တည်း အတည်ပြု သတ်မှတ်ကြသည်။

## အန္တိမပွဲမှာ သာဓုကီဠနပူဇာ

ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် အန္တိမသဘင်ဆင်ယင်ပူဇော်ပွဲကို သတ်မှတ်ကြပြီးသောအခါ ဘုရားရှင်ပရိနိဗ္ဗာန် စံဝင်တော်မူသောအခါ အရှင်အနုရုဒ္ဓါ၊ အရှင်အာနန္ဒာစသော မထေရ်ကြီးတို့သည် သေခြင်းနှင့်စပ်သော တရားသဘောဖြင့် ဆင်ခြင်ကြပြီးနောက် သံဃာတော်တို့၏ ကိုယ်စားအရှင်အာနန္ဒာမှ ဘုရားပရိနိဗ္ဗာန်ပြုခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်တာဝန်မှာ သင်တို့၏အလိုအတိုင်းပင်ဖြစ်သည်ဟူ၍ မလ္လာမင်းတို့အား မိန့်ကြားတော်မူသည့်နည်းတူ –

ခန်းဖွင့်ပွဲသို့ ကြွရောက်တော်မူကြသော ဆရာတော်ကြီးများနှင့်တကွ တပည့်သံဃာများက ဓမ္မာနုဂ္ဂဟဖြင့် သံဃောယူ ပူဇော်ကြပြီးဖြစ်၍။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး ခန္ဓာဝန်စွန့်တော်မူခြင်းနှင့် စပ်လျဉ်း၍ အန္တိမပူဇာသဘင် ကျင်းပရန်တာဝန်မှာ သင်တို့၏အလိုအတိုင်း ပင်ဖြစ်သည်ဟူသော သဘောဖြင့် တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီ အသီးသီးတို့က လမ်းညွှန် ကြီးကြပ် ဦးဆောင်ကျင်းပ ဆောင်ရွက်ရန် ဆန္ဒပြု၍ တာဝန် အပ်နှင်းကြသည်။

သံဃာတော်တို့၏ကိုယ်စား အရှင်အာနန္ဒာ မိန့်ကြားလိုက်သော စကားအရ–

ဘုရားရှင်၏ရုပ်ကလာပ်တော်ကို အားရပါးရ ပူဇော်လိုကြသော မလ္လာမင်းများသည်၊ ပြည်သူပြည်သားတို့အား ကုသိနာရုံပြည်၌ရှိသည့်ပန်းနံ့သာတို့ကို လည်းကောင်း၊ အတီးအမှုတ် အကအခုန် တူရိယာမျိုးစုံတို့ကို လည်းကောင်း စုခဲ့ကြလော့ဟု အမိန့်ပေးစကားပြောကြား၍ အစီအစဉ်ပြုလုပ်ကြပြီး ဥတုဇရုပ် ကလာပ်တော်ရှိရာသို့ စုဝေးကြ၍ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့်လည်းကောင်း၊ ပန်းနံ့သာတို့ဖြင့်လည်းကောင်း ဗိတာန်မျက်နှာကြက်များကို ပြုလုပ်ကာ တန်ဆောင်းဝန်း မဏ္ဍပ်များကို စီမံ၍ အရိုအသေအလေးအမြတ်ပြုကြ၊ မြတ်နိုး ပူဇော်ကြလေသည်။



ထိုမလ္လာမင်းများနည်းတူ ဒုတိယ ဗိုလ်မှူးကြီး တင်စိုး အစရှိသော ပခုက္ကူခရိုင် ခ.ယ.ကအဖွဲ့၏လမ်းညွှန်မှု၊ ဦးမျိုးညီညီစသော မြိုင်မြို့နယ် မ.ယ.ကအဖွဲ့၏ ကြီးကြပ်မှု၊ ဦးဘိုးချော အစရှိသော ကွမ်းတောရွာ ရ.ယ.ကအဖွဲ့၏ ဦးဆောင်မှု၊ ရပ်နီး ရပ်ဝေး (ရွာပန) ကော်မတီ အသီးသီးတို့၏ ကြိုးစားဆောင်ရွက်မှုတို့ဖြင့် ကြီးကျယ်ခမ်းနားစည်ကားသိုက်မြိုက်စွာ အန္တိမပူဇာ သာဓုကီဠနသဘင် ဆင်ယင် ကျင်းပ မြတ်နိုးပူဇော်ကြမည် ဖြစ်ပါသတည်း။

ယင်းသို့ သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည့် အစီအစဉ် အကျဉ်းမှာ –

ဇာတ်သဘင်ကြီးနှစ်ဇာတ်၊ ဆိုင်း၊ အငြိမ့် အပြည့်အစုံနည့်ခံမဏ္ဍပ်၊ ထီးဖြူတော် ကြာကလပ်တို့ဖြင့် ရုပ်ကလပ်တော် အပူဇော်ခံ ထားရှိမည့် ဗဟိုစံကျောင်း မဏ္ဍပ်ကြီး တစ်မဏ္ဍပ်၊ ဘုရားတင်၊ ဆင်ရှင်၊ လောင်တိုက်၊ လိုက်ပြာသာဒ်၊ရထားပျံစသည်တို့ဖြင့် ပြည့်စုံစွာ စီစဉ်ထားရှိပြီး လျှပ်စစ်မီးတို့ဖြင့် ထိန်ထိန်ငြီးငြီး ရှုမငြီးဖွယ်ရာ ကြည်ညိုသဒ္ဓါဖြင့် ပူဇော်ကြမည် ဖြစ်ပါသည်။

ဆရာတော်ကြီး ရုပ်ကလာပ်တော်အား ထာဝရအပူဇော်ခံရာ ဂူဗိမာန်တော်မှ သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပရာ

www.burmeseclassic.com



ယာယီစံကျောင်းဝိဟာသို့ ပင့်ဆောင်တော်မူခြင်း၊ ပြန်လည်ပို့ဆောင်တော်မူခြင်းတို့ကို သဲဖြူရာဇမတ်ခင်း၍ ဘယ်ညာစီပြီး ဒေဝါဝင်း၊ ရာဇာဝင်းတို့ဖြင့် ရဟန်း သံဃာ တပည့်ဒကာ ဒကာမတို့က လက်ဆင့်ကမ်း ပင့်ဆောင်ကာ သာယာ ငြိမ့်ညောင်း သံဝေဂအပေါင်းဖြင့် ဓမ္မပူဇာ ဘာဝနာပွား ကြမည် ဖြစ်ပေသတည်း။

## နိဂုံး ရစနာ ဂါထာ

ဝိသေသ ဂုဏ သမ္ဗုဏ္ဏော၊ တေအဗ္ဘုတ အစ္ဆရိယော။
အရဟာတိ ကိတ္တိသဒ္ဒေါ၊ ထေရုပ္ပတ္တော သုနိဋ္ဌိတော။

အဗ္ဘုတ အစ္ဆရိယော–မဖြစ်ဘူးမြဲ ကြုံရခဲစွာ ထူးကဲဝေဆာ အံ့သြဖွယ်ရာ ဖြစ်တော်မူပါပေသော။ ဝိသေသ ဂုဏသမ္ဗု ဏ္ဏော –ထူးခြားစွမ်းရည် ဂုဏ်အလီလီတို့ဖြင့် စုံညီတော်မူပါပေသော၊ အရဟာတိ ကိတ္တိသဒ္ဒေါ– တောရထေရ်မော် ရဟန္တာဆရာတော် ရဟန္တာ ဆရာတော်ဟု ထင်ပေါ်ကျော် ကြားသော အသံရှိတော်မူပေထသော။ တေ – ဘဒ္ဒန္တ ပညာသိရီ ရွှေဘွဲ့ချီသည့် မဟာထေရ်ကြီး၏ . . . .



ထေရုပ္ပတ္တော၊ ဘဝဖြစ်ရပ် တွေ့ကြုံအပ်သော ထေရ်မြတ်ကြီး၏ အတ္ထုပ္ပတ္တိသည်၊ သုနိဋ္ဌိတော-ဂုဏ်တော်အထုံ အာရုံပြုလျက် ပေါင်းစုသီကုံး ကောင်းစွာဆုံး၍ နိဂုံးကမ္ပတ် အပြီးသတ် အပ်ပါသတည်း။

တပည့်ရင်း
အရှင်ပညာဓိကသိရီ
(မဟာဂန္ထဝါစကပဏ္ဍိတ
(ပဓာန နာယက)
ဖွဲ့မစိုးရိမ်စာသင်တိုက်
ဝေါမြို့၊ ပဲခူးတိုင်း၊
(၂၀.၁.၂၀၀၀)

www.burmeseclassic.com

www.burmeseclassic.com



## စာအုပ်ဖြစ်မြောက်ရန် ဓမ္မဒါနအလှူရှင်များ

၁။ အရှင်ပညာဓိကသိရီ၊ ဖွဲမစိုးရိမ်စာသင်တိုက်၊
ဝေါမြို့၊ ပဲခူးတိုင်း ၅၀,၀၀၀ိ/

၂။ မိုင်းဖြတ်မြို့၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြုကျောင်း
ဆရာတော် အရှင်နန္ဒောဘာသနှင့် ပဲခူးမြို့၊
သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊
အရှင် သုနန္ဒတို့အား အမှူးထား၍ . . .
ကွမ်းတောရွာ ခမည်းတော်ကြီး ဦးစံဖေ၊
မယ်တော်ကြီး ဒေါ်ခင်ရွှေ၊
ကိုစိုးတင့် - မသန်းနွဲ့
ကိုစိန်မြင့် - မတင်ပု
ကိုခင်မောင်ဝင်း - မနန်းမြိုင်
ကိုတင်ရှိန် - မမြင့်
ကိုသိန်းစိုး၊ ကိုစန်းလှိုင် - မခင်မာစိန်
မိသားစုတို့ကောင်းမှု ၆၀,၀၀၀ိ/

၃။ ဦးဖိုးလုံ+ (ဒေါ်ကောင်း)မိသားစု
တောင်ဦးရွာ၊ ရေစကြိုမြို့နယ်။ ၁၀,၀၀၀ိ/

၄။ ဦးကုလား+ ဒေါ်ဝဲမိသားစု
ကွမ်းတောရွာ၊ မြိုင်မြို့နယ်။ ၁၀,၀၀၀ိ/

www.burmeseclassic.com

www.burmeseclassic.com

၅။ (ဦးတင်အေး)+ ဒေါ်ကျင်ဉ မိသားစု
အေးချမ်းသာယာရပ်၊ ဝေါမြို့။ ၁၀,၀၀၀ိ/

၆။ ကိုဝင်းနိုင်+ မခိုင်ခိုင် သား ဇော်နိုင်ထက်
သလ္လာရပ်၊ မုံရွာမြို့။ ၂,၀၀၀ိ/

၇။ (ကိုစန်းယု)+ မရီဝင်းခိုင် မိသားစု
အေးချမ်းသာယာရပ်၊ ဝေါမြို့။ ၂,၀၀၀ိ/

၈။ ဦးမောင်မောင် + ဒေါ်အုန်းကြည်
သမီး မလှဲလှဲမောင်၊
အေးချမ်းသာယာရပ်၊ ဝေါမြို့။ ၂,၀၀၀ိ/

၉။ ဦးအောင်မြင့် + ဒေါ်သန်းသန်းဝင်း
မိသားစု၊ ရွှေပြည်ရတနာရွှေဆိုင်၊ ဝေါမြို့။ ၂,၀၀၀ိ/

၁၀။ ဦးစိုး+ ဒေါ်မူမူအောင် မိသားစု
အောင်ချမ်းသာရပ်၊ ဝေါမြို့။ ၂,၀၀၀ိ/

၁၁။ ဦးချစ်ခင်+ (ဒေါ်စန်းမြင့်) မိသားစု
ညောင်ခါးရှည်ရွာ၊ ဝေါမြို့နယ်။ ၂,၀၀၀ိ/

၁၂။ ဦးထွန်းရှိန်+ ဒေါ်နုမိသားစု
စိုင်တီစုရွာ၊ ဝေါမြို့နယ်။ ၂,၀၀၀ိ/

၁၃။ ဦးတင်စိုး+ ဒေါ်စန်း မိသားစု
စိုင်တီစုရွာ+ ဝေါမြို့နယ်။ ၂,၀၀၀ိ/

www.burmeseclassic.com